စိတ်ကူးချိုချိုအနုပညာ

## ကျော်ခိုင်

# အင်္ဂါရုပ်ပညာ




စတုတ္ထအကြိမ်

အင်္ဂလိပ်ပညာ၊ ကျော်နိုင်
စာမျက်နှာ ၃၃၇+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၈၅ သုတမြင့်ဦးစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

စိတ်ကူးချိုချိုစာအုပ်

# အင်္ဂါရုပ်ပညာ

ကျော်ခိုင်

စတုတ္ထအကြိမ်၊ ၂၀၁၇

# မာတိကာ


– အမှာစာ က
၁။ အင်္ဂါရုပ်ပညာ ၁
၂။ အပိုင်းကိုးပိုင်းပြချက် ၂၃
၃။ ပုံ (က) ၃၄
၄။ ကလေးကြည့်လက်ာ ၄၁
၅။ ခက်ခဲသောပြချက်များ ၄၂
၆။ ကောင်းမွန်သော အရေးကြီးသည့်ပြချက် ၄၃
၇။ မကောင်းသော အရေးကြီးသည့်ပြချက် ၄၄
၈။ အရေးကြီးသော ပြချက်များ ၄၅
၉။ မျက်နှာပြင်ပေါ်မှ ၁၃၅ နေရာ ပြချက်များ ၄၈
၁၀။ ပုံ (ခ) ၅၂
၁၁။ ပုံ (ဂ) ၅၈
၁၂။ ပုံ (ဃ) ၇၂
– မျက်ခုံး အမျိုးမျိုး
၁၃။ ပုံ (င) ၈၅
– မျက်စိ အကြောင်း

| | | |
|---|---|---|
| ၁၄။ | နားရွက် | ၁၀၅ |
| ၁၅။ | ပုံ (စ) | ၁၀၉ |
| | – နားရွက်တွင် အမျိုးပေါင်း ပြောက်မြားစွာ ရှိရာတွင် . . . | |
| ၁၆။ | နှာခေါင်း | ၁၁၄ |
| ၁၇။ | ပုံ (ဆ) | ၁၂၄ |
| | – နှာခေါင်းအမျိုးမျိုးရှိရာတွင် . . . | |
| ၁၈။ | နှုတ်ခမ်း | ၁၂၉ |
| ၁၉။ | သွား | ၁၃၆ |
| ၂၀။ | လျှာ | ၁၄၁ |
| ၂၁။ | နောက်စေ့ | ၁၄၃ |
| ၂၂။ | ပုံ (ဇ) | ၁၄၆ |
| | – နှုတ်ခမ်း | |
| ၂၃။ | ဆံပင် | ၁၅၁ |
| ၂၄။ | နှုတ်ခမ်းမွေး | ၁၅၄ |
| ၂၅။ | လည်ပင်း | ၁၅၆ |
| ၂၆။ | နောက်ကျောနှင့် ပခုံး | ၁၅၈ |
| ၂၇။ | ခါးရိုး | ၁၆၀ |
| ၂၈။ | ရင်ဘတ် | ၁၆၂ |
| ၂၉။ | နို့အုံ | ၁၆၄ |
| ၃၀။ | ချက်နှင့် ဝမ်းဗိုက် | ၁၆၇ |
| ၃၁။ | ယောကျ်ား မိန်းမ ကျင်ကြီး ကျင်ငယ် | ၁၇၀ |
| ၃၂။ | လက်နှင့် ခြေ | ၁၇၁ |
| ၃၃။ | စကားအသံ | ၁၈၀ |

၃၄။ ခြေသံနှင့် လမ်းလျှောက်သည့်အမူအရာ ပြချက် ၁၈၃
၃၅။ ထိုင်နေပုံကို လေ့လာကြည့်ရန် ၁၈၆
၃၆။ ပုံ (ဈ) ၁၈၈
– သွား ပုံများ
– လျှာ ပုံများ
၃၇။ စားသောက်ပုံကို ကြည့်ရန် ၁၉၂
၃၈။ အိပ်နေပုံကို ကြည့်ရန် ၁၉၄
၃၉။ အသားအရေ ၁၉၉
၄၀။ အသံအကြောင်း ၂၀၁
၄၁။ အဆင့်အတန်းငါးမျိုးကို ခွဲခြားထားသော ပြချက်များ ၂၁၅
၄၂။ အသက်ရှည်နိုင်သည့် အင်္ဂါရုပ်ပုံစံ ၂၁၉
၄၃။ အသက်တိုမည့် အင်္ဂါရုပ်ပုံစံများ ၂၂၁
၄၄။ ဆင်းရဲသည့် ပြချက်များ ၂၂၈
၄၉။ လုပ်ငန်းအကြံအစည်များ အောင်မြင်မည့်ပြချက် ၂၃၁
၅၀။ လူဆိုး သူခိုးများကို ကြည့်ရန် ပြချက်များ ၂၃၉
၅၁။ ကျန်းမာရေးချို့ယွင်းပြီး သေဆုံးမည့်ပြချက်များ ၂၄၃
၅၂။ လက္ခဏာ၏ ပြချက်များ ၂၄၅
၅၃။ ပုံ (ည) ၂၅၇
– ယောကျ်ားမျက်နှာပြင်ပေါ်မှ မှဲ့များ
၅၄။ ပုံ (ဋ) ၂၆၂
– မိန်းမ မျက်နှာပြင်ပေါ်မှ မှဲ့များ
၅၅။ ပုံ (ဠ) ၂၆၇
– ယောကျ်ား၊ မိန်းမ ရှေ့ပိုင်းပုံမှ မှဲ့များ
၅၆။ ပုံ (ဋ) ၂၇၀

– ယောကျ်ား၊ မိန်းမ နောက်ကျောပုံမှ မှဲ့များ
၅၇။ ပုံ (ဃ) ၂၇၃
– ယောကျ်ား – မိန်းမ ဘေးစောင်းပုံမှ မှဲ့များ
၅၈။ မှဲ့အကြောင်း ၂၇၅
၅၆။ ပုံ (ဏ) ၂၇၈
– မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများ
၅၇။ မျက်ခွန်းမှ ငါးအမြီးခွနေရာ၏ ရှင်းလင်းချက်များ ၁၉၅
၅၈။ မျက်ရည်ခံအကြောင်း ၂၉၇
၅၉။ သားသမီးမရနိုင်သော နားထင်ရိုးအကြောင်း ၂၉၉
၆၀။ ညီအစ်ကို မောင်နှမများကို
ခိုက်တက်သည့်ပြချက်များ ၃၀၁
၆၁။ နဖူးပြင်ကို သေချာစွာ ခွဲခြားကြည့်ပါ ၃၀၃
၆၂။ မိန်းမများတွင် ကိုးမျိုး လုပနေရမည် ၃၀၇
၆၃။ မိန်းမများတွင် (ကိုး) မျိုး မကောင်းသော ပြချက်များ ၃၀၈
၆၄။ မကောင်းသော ပြချက် ၃၁၁
၆၅။ ကလေးအင်္ဂါရုပ် ၃၁၇
၆၆။ ရှစ်မျိုးကြီးသော ပြချက် ၃၂၁
၆၇။ ရှစ်မျိုးသေးသော ပြချက် ၃၂၃
၆၈။ ကိုယ်ခန္ဓာငါးမျိုးပြည့်စုံနေရမည် ၃၂၄
၆၉။ ငါးမျိုးထက် အဆင့်အတန်းသာ သူ ၃၂၅
၇၀။ အရေးကြီးသော ပြချက် ၃၂၆
၇၁။ ငါးမျိုးတိုသော ပြချက် ၃၂၇
၇၂။ ငါးမျိုးအပြင်သို့ ပေါ်နေသောပြချက် ၃၂၈
၇၃။ ငါးမျိုး သေးသည့်ပြချက် ၃၂၉

၇၄။ ငါးမျိုးသေးသော အဓိကအချက် ၃၃၀
၇၅။ ခြောက်မျိုးညွှံ့သော ပြချက် ၃၃၁
၇၆။ ခြောက်မျိုးစလုံး မကောင်းသူ အကြောင်း ၃၃၂
၇၇။ ဆယ်မျိုးခိုက်တတ်သော ပြချက် ၃၃၃
၇၈။ မျက်နှာပြင်ပေါ်တွင် ဆယ်မျိုး
ကောင်း မကောင်း အင်္ဂါရုပ် ၃၃၄
၇၉။ မျက်နှာပြင်ပေါ်မှ ဆယ်မျိုးပြချက် ၃၃၆

❒

## အမှာစာ

စာရေးသူအား ဤပညာကို ကျွမ်းကျင်တတ်မြောက်စေရန် သွန်သင် ပြသလေ့ကျင့်ပေးသော ကျေးဇူးရှင်ဖခင်ကြီးအား ဤစာအုပ်နှင့် ရိုသေစွာ ကန်တော့လိုက်ပါသည်။

ဤအင်္ဂါရပ်ပညာကို ရှေးလွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်မှ တရုတ်ပညာရှင်ကြီးများသည် ကောင်းကင်မှ နက္ခတ်နှင့် လူ၏ အင်္ဂါရပ် တို့ကို နှိုင်းယှဉ်ပြီး တီထွင်ကြံဆခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ဖခင်ဖြစ်သူမှာ ဆန်စက်ပိုင်ရှင် သူဌေးတစ်ဦး ဖြစ်ပါသည်။ ၄င်းသည် ရန်ကုန်မြို့၏ တစ်ဖက်ကမ်းတွင်ရှိသော ဒလမြို့နယ်တွင် ဆန်စက်ရှိပါသည်။

ဤပညာရပ်ကို အလွန်ဝါသနာပါသူ တစ်ဦးဖြစ်သဖြင့် နှစ်ပေါင်း ငါးဆယ်ကျော်မျှ လေ့လာခဲ့သူဖြစ်ပါသည်။ ၄င်းမှာ ဤပညာနှင့် ပတ်သက်၍ မည်သူ့ကိုမျှ ဟောပြောခြင်း မရှိဖူးသော်လည်း ကျွန်ုပ်ကိုမူ မကြာခဏ သင်ကြားပေးလေ့ရှိသဖြင့် ဤပညာရပ်ကို တတ်မြောက် ခဲ့ရပါသည်။ ထို့ကြောင့် မိမိကိုယ်တိုင်လည်း နှစ်ပေါင်းမြောက်များစွာ လေ့လာခဲ့ရာ မွေးသက္ကရာဇ်ကိုပင် မေးနေစရာမလိုဘဲ လူတစ်ယောက်ကို

အချိန်အနည်းငယ်အတွင်း ကြည့်ရှုလေ့လာရုံမျှနှင့် ထိုသူ၏ ကောင်းကျိုး၊ ဆိုးကျိုးများနှင့် အကျင့်စရိုက်များသာမက စိတ်နေသဘောထားကိုပါမကျန်ချက်ချင်း လွယ်ကူစွာ သဘောပေါက်သိရှိရပါသည်။

စိန်ကဲ၊ မြကဲ၊ ပတ္တမြားကဲ ထက် လူကဲ ခတ်က ပို၍ခက်၏ဟု ဆိုရိုးစကားကို ဆန့်ကျင်ကာ လွန်စွာမှ တန်ဖိုးမဖြတ်နိုင်သော ဤပညာရပ်ကို စာရှုသူသည်လည်း လေ့လာတတ်မြောက်ထားခြင်းအားဖြင့် လူ့ကဲခတ်နိုင်ယုံမျှမက မိမိ၏ မကောင်းသောညံ့သော အပိုင်းများကိုပါ ကြိုတင်သိရှိ ကာကွယ်ထားနိုင်ကာ နီးစပ်ရာ မိတ်ဆွေအပေါင်းအသင်းများအားလည်း ကြည့်ရှုကူညီ၊ သွန်သင်၊ ပြသပေးနိုင်ပေလိမ့်မည်။

ဤကဲ့သို့ နားလည် တတ်မြောက်ပြီး အင်္ဂါရုပ်ပညာဖြင့် လူလူချင်း ရိုင်းပင်းကူညီ၍ ပြေပြစ်စွာ ပေါင်းသင်းဆက်ဆံနေထိုင်ကြလျှင် ဤစာအုပ်ကို ပြုစုရေးသားရကျိုးနပ်ပြီဟု ယူဆမိပါကြောင်း။

**ကျော်ခိုင်**

□

## အင်္ဂါရုပ်ပညာ

'အင်္ဂါရုပ်အတတ်ပညာ' သည် လွန်စွာ နက်နဲခက်ခဲကျယ်ပြန့်သည် ဖြစ်၍ ၎င်းပညာရပ်ကို လေ့လာလိုက်စား တတ်မြောက်ထားပါလျှင် မွေးသက္ကရာဇ်ကိုပင် မေးစရာ မလိုအပ်ဘဲ၊ မှန်တစ်ချပ်ကို ကြည့်မြင်နေရဘိသကဲ့သို့ တိကျမှန်ကန်စွာဖြင့် ဟောပြောနိုင်သော ပညာရပ် ဖြစ်ပါသည်။

လူတစ်ယောက်၏ မျက်နှာပြင်၊ ကိုယ်ခန္ဓာ၊ အသားအရေ၊ အသားအရောင်၊ ပြောဆို ဆက်ဆံတတ်သော အသံ၊ ထိုင်ထ သွားလာစားသောက်သည့် အမူအရာများနှင့် အိပ်ပျော်နေသည့် ပုံစံများထဲမှ အချက်တစ်ချက်တည်းကိုသာ ကြည့်ရှုလေ့လာရုံနှင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးနှင့် လူ့သဘာဝတွင် ဖြစ်ပေါ်လေ့ရှိသော ကောင်းကျိုးဆိုးမွေများပါမကျန် လွယ်ကူစွာဖြင့် ချက်ချင်း သိရှိနိုင်ပါသည်။

မျက်စိနှစ်ဖက်စလုံး အရောင်တောက်ပပြီး ကိုယ်ခန္ဓာမှအသားအရေနူးညံ့ချောမွေ့နေသူသည် အစိုးရအမှုထမ်းသူတစ်ယောက် ဖြစ်ခဲ့လျှင် အရာရှိကြီးတစ်ယောက် ဖြစ်တတ်သည်။

စိတ်ဓာတ်ကောင်းမွန်နေသော်လည်း အသားအရေ ကြမ်းတမ်းလွန်းသော သူသည် အသက် ၃၀ ထိသာ နေရတတ်၏။

မျက်စိ နှစ်ဖက်စလုံး အရောင်တောက်နေကာ ကြည့်ရှု၍မကောင်း အောင်ပင် အပြင်သို့ ပြူးထွက်နေသော သူသည် အလုပ်ကြိုးစား၍ လုပ်ကိုင်သူပင် ဖြစ်၏။

ဆံပင်သည် အမျှင်သေးငယ်နေသော်လည်း ကြမ်းတမ်းပြီး အလွန် ရှုပ်ထွေးနေသူဖြစ်လျှင် ဆင်းရဲသောသူ ဖြစ်၏။

စကားပြောလျှင် ရယ်မော၍ ပေါးလားဝါးလားနှင့် ပြောဆိုတတ် သူသည် တန်ဖိုးမရှိသော သူပင် ဖြစ်၏။

ချစ်ခင်ရင်းနှီးချင်စရာ ကောင်းသော မျက်နှာပိုင်ရှင်သည် ၎င်းနှင့် လက်တွဲ၍ အတူတူလိုက်သွားလျှင် အပျော်အပါးလိုက်စားလိမ့်မည် ဖြစ်၏။

တစ်ယောက်ကို တစ်ယောက် လည်ပင်းဖက်ပြီး အတူတူ သွားလာ နေသူများသည် လူပွေ လူရှုပ်များပင် ဖြစ်၏။

စားသောက်ရင်းနှင့် အမြဲတမ်း စကားပြောတတ်သော အကျင့် ပါနေသူ တစ်ယောက်သည် ဝင်ငွေထက်ထွက်ငွေက ပို၍များ၏။

အတူတကွပင် ခရီးသွားလာကြသော်လည်း တစ်ယောက်တစ်မျိုးစီ စကားပြောဆိုကြ၍ ခြေနှင့် လက်ပါ ခါယမ်း၍ လမ်းလျှောက်ကြသူ များသည် ဈေးသည်များပင် ဖြစ်၏။

နောက်စေ့တွင် ဝိုက်၍ ညီညာလှပစွာ ထွက်နေသူသည် အေးဆေး သက်သာစွာဖြင့် စီးပွားဖြစ်ထွန်းမည့်သူပင် ဖြစ်၏။

လမ်းလျှောက်ရင်း အမြဲတမ်း ခေါင်းစောင်း၍ လျှောက်တတ်သော သူသည် စီးပွားရေး အဆင်မပြေသောသူ ဖြစ်၏။

တည့်မတ်စွာ လမ်းလျှောက်တတ်သူမှာ အသက်အရွယ်ကြီးလာ ချိန်တွင် ချမ်းသာနိုင်၏။

မေးစေ့ အနည်းငယ်သေး၍ တိုနေပြီး ဆံပင်များသည် နဖူးပြင်ပေါ်

သို့ အိကျနေသောသူသည် ငယ်ရွယ်စဉ်က အဖေဖြစ်သူ သေဆုံးနိုင်၏။

နားထင်ရိုး အပြင်သို့ ငေါထွက်နေသူ၏ အမေသည်လည်း ငယ်ရွယ်စဉ်ကပင် သေဆုံးတတ်၏။

မျက်ခွံး၏ ငါးအမြီးခွ နေရာတွင် နိမ့်ချိုင့်၍နေလျှင် ဇနီးသည် သေဆုံးလိမ့်မည်။

မျက်ရည်ခံ နေရာတွင် နိမ့်ချိုင့်နေသော သူသည် အသက်ကြီးလာလျှင် သားဖြစ်သူ သေဆုံးလိမ့်မည်။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းများ နိမ့်ချိုင့်နေပြီး ပခုံးပါနိမ့်ချိုင့်နေသူသည် ဇနီးဖြစ်သူ အသက် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးတတ်၏။

မျက်နှာပြင် အသားအရည်ပေါ်တွင် အစိမ်းရောင်၊ အမည်းရောင်များ ပေါ်ပေါက်နေခဲ့လျှင် ဖျားနာလိမ့်မည်။

ကျယ်ပြန့်၍နေသော မျက်နှာပိုင်ရှင်သည် မင်္ဂလာရှိ၏။

ငေးငိုင်၍ နေတတ်သော မျက်နှာပုံစံပါရှိသော သူသည် အလုပ်လုပ်ရာတွင်လည်း ပျင်းရိလေးတွဲတတ်၏။

စကားပြောလျှင် အသံပြတ်သားမှု မရှိဘဲ၊ လုံးထွေးစွာ စကားပြောတတ်သောသူသည် အလုပ်လုပ်ရာတွင်လည်း မသေချာသော လူပင်ဖြစ်၏။

ကြည့်လိုက်လျှင် ဟိုလိုလို ဒီလိုလိုနှင့် မသေချာ၊ မရေရာသော လူသည် လောဘကြီးသူပင် ဖြစ်၏။

ဦးခေါင်းဝိုင်းနေသော သူသည် စိတ်သဘောထားကောင်း၏။

မေးစေ့လေးထောင့်ဖြစ်နေလျှင် ထိုသူသည် အသက်ရှည်၏။

မျက်စိနှစ်ဖက် အရောင်တောက်နေ သူသည် စိတ်သဘောထားကောင်းမွန်၏။

ကိုယ်ခန္ဓာ အနေအထားကောင်းပြီး စကားပြောဆိုဆက်ဆံရာတွင် ပြေပြစ်သူသည် လူတိုင်းနှင့် ပေါင်းသင်းဆက်ဆံ၍ ရ၏။

အလွန် စိတ်သဘောထားကောင်းသော လူတစ်ယောက်သည် ၄င်း၏ မျက်လုံးမှာ ရှည်ပြီး နဖူးပြင်မှာ မြင့်ကာ ညီညာ၍ စိတန်းစွာ ပေါက်နေသော သွားများ ရှိလိမ့်မည်။

နာခေါင်းမှ အသားရေများ နိမ့်ရှိုင့်နေပြီး မျက်နှာပြင်မှ အသား အရေများ ပါးနေသောသူဖြစ်လျှင် လူတစ်ဖက်သားအား မနာလိုစိတ် ပွားများသော သူပင်ဖြစ်၏။

မျက်စိသည် အပြင်ဘက်သို့ ထွက်နေသယောင် ထင်ရပြီး အပေါ် သို့ အမြဲတမ်း မော့ကြည့်တတ်သော အကျင့်ပါရှိနေပြီး အပေါ်နှုတ် ခမ်းလန်၍ သွားပေါ်နေသူသည် စကားပြောဆိုရာတွင် မျှတမှုမရှိဘဲ မိမိကိုယ်ကိုသာ ကြွားဝါပြီး ပြောတတ်သူပင် ဖြစ်သည်။

စိတ်ဓာတ် ညံ့ဖျင်းသော လူတစ်ယောက်သည် မျက်ခုံးမွေးများ၊ အပေါ်သို့ ထောင်နေပြီး၊ စကားပြောဆိုရာတွင် လေသံမာနေကာ၊ မျက်နှာအသားအရေပါ ပါးနေတတ်၏။

နှာခေါင်း ထိပ်ဖျား ချွန်၍ ကောက်နေသော လူဖြစ်လျှင်လည်း စိတ်ထားကောင်းသူပင် ဖြစ်၏။

မျက်စိ အောက်ဘက်သို့သာ စိုက်ကြည့်ပြီး စကားပြောလျှင် အသံ မပွင့်တပွင့်နှင့် ပြောဆို ဆက်ဆံတတ်သော လူမျိုးများသည် စိတ်ထား ပျော့ညံ့၍ တစ်ပါးသူအား အကူအညီ တောင်းခံလိမ့်မည်။

လမ်းလျှောက်လျှင် ဦးခေါင်းမော့၍ လျှောက်တတ်ပြီး နှုတ်ခမ်းမွေး ကိုလည်း လက်နှင့် မကြာခဏကိုင်တွယ်ပွတ်သပ်လေ့ရှိကာ၊ မိမိကိုယ်ကို ငွေကြေး ပြည့်စုံသူဟု အထင်ကြီးနေလျှင် ထိုအင်္ဂါရပ် ပိုင်ရှင်မှာ လူညံ့၊ လူရှော် တစ်ဦးပင် ဖြစ်၏။

မျက်စိ သေးငယ်နေပြီး စိတ်အလွန် မြန်ဆန်တတ်သူသည် စိတ်ဓာတ် ကြမ်းတမ်းသော သူပင် ဖြစ်၏။

မတော်လောဘများ သူသည် ဖွေးဖောင်းသော ပါးစပ်ရှိပြီး နားထင်မှ အသားအရေ ပြည့်ဖောက်နေကာ မျက်စိအပေါ်သို့ မော့ကြည့်၍ လမ်းလျှောက်တတ်သူပင် ဖြစ်၏။

နဖူးပြင်ပေါ်နှင့် မျက်ရည်ခံနေရာတွင် အဝါရစ်များ ပါရှိလျှင် ကြီးပွားနိုင်၏။ သို့သော်...ထိုအရစ်များ အနည်းငယ် သေးနေသောသူ ဖြစ်လျှင် စီးပွားရေး အနေအထားကောင်းသူ ဖြစ်နိုင်၏။

မျက်နှာပြင်သည် ဖြူ၍နေပြီး အရောင်စိမ်းများ ပေါ်ပေါက်နေလျှင် ရေဘေး အန္တရာယ် စိုးရိမ်ရ၏။ အဝါရောင် ဖြစ်ပေါ်နေလျှင် မီးဘေး စိုးရိမ်ရ၏။ အလွန့်အလွန် ဝါနေသော သူဖြစ်လျှင် သေနိုင်၏။

မျက်ရည်ခံနေရာတွင် အသားအရေ အရောင်ခြောက်ကပ်နေပြီး နဖူးပြင်ပေါ်တွင်လည်း အမည်းကွက်များ ပေါ်နေလျှင် ၃ နှစ်အထိ ညှိုးတတ်၏။ အမည်းကွက်များ အလွန်များပြားနေလျှင်မူ ၅ နှစ်မှ ၈ နှစ်အထိ ညှိုး၏။

သို့သော် သင်သည် လူတစ်ယောက်ကို ကြည့်ရှုဟောပြော မည်ဆိုပါက သေချာကျနစွာလေ့လာပြီးမှ ဟောကြားပါ။ အလွန်အကျွံ မဟောရန်လည်း အထူး သတိပြုပါ။

စကားပြောဆိုလျှင် ထစ်ငေါ့နေသောသူသည် တစ်ကိုယ်ကောင်းဆန်တတ်၍ တစ်ကိုယ်တည်းသမား ဖြစ်နိုင်၏။

ဦးခေါင်းမဝိုင်းဘဲ မျက်လုံးအရောင် မှေးမှိန်နေကာ နားရွက်သည် နိမ့်နေ၍ ခြေဆစ်လက်ဆစ်များ ကြီးပြီး မညီညာဘဲ ကောက်ကွေးလျှင် ထိုသူသည် လူဆိုးသူခိုးပင် ဖြစ်၏။

နဖူးပေါ်တွင် အဝါရောင် ဖြစ်ပေါ်နေလျှင် မျက်ရည်ခံအောက်တွင်

လည်း အဝါရောင်ဖြစ်ပေါ်နေရမည်။ ငှင်းပြင် မျက်ရည်ခံနေရာတွင် လည်း သေးငယ်သော အရေးအကြောင်းပါ ပေါ်လွင်နေရမည်။ ထိုသို့ သော အင်္ဂါရပ်ပိုင်ရှင်သည် ချမ်းသာကြွယ်ဝလိမ့်မည်။ ထိုပြချက်များ ပါရှိသူသည် တခြားပြချက်များ မပြည့်စုံဘဲ ညှံ့နေလျှင်လည်း ချမ်းသာ နိုင်၏။ တချို့သည် မျက်နှာပြင်ပေါ်သို့ အရောင်လက်လာသော်လည်း တချို့သည် အရောင်မှိန်၍ နေကြသည်။ ထို့ကြောင့် နဖူးပြင်နှင့် နား ထင်ထောင့်တို့ကိုပါကြည့်ပါ။ ဥပမာ...မိဘခိုက်သူ၊ သားမယားခိုက် သူဆိုလျှင် မခိုက်ခင်အချိန်တွင် မျက်နှာပြင်ပေါ်တွင် မည်သည့် အရောင် ရှိနေသည်ကို လေ့လာပါ။ မျက်စွန်းမှ ငါးအမြီးခွ နေရာကို ကြည့်ပါမှ ခိုက် မခိုက် ပေါ်လာနိုင်၏။ ခိုက်ဖို့အချိန် လိုသေးသလား သို့မဟုတ် ခိုက်ဖို့အချိန် နီးကပ်နေပြီလားဆိုသည်ကို သေချာစွာ သိနိုင်၏။ ထို့ကြောင့် နားထင်ပေါ်တွင် အဝါရောင် ပေါ်လွင်လာလျှင် သာယာ ချမ်းမြေ့လိမ့်မည်။ ငါးအမြီးခွ နေရာတွင် အစိမ်းရောင် ပေါ်လာလျှင် သားမယား ခိုက်သည်။ အရောင်များစွာ ပေါ်ပေါက်လျှင် အလွန် ခိုက် တတ်၍ အနည်းငယ် ပေါ်လာလျှင် အနည်းငယ်သာ ခိုက်တတ်၏။

နဖူးပြင်ပေါ်တွင် ဖြူနေသော အရောင်ထွက်ပေါ်လာလျှင် မိဘခိုက် ၏။ အဝါရောင်သည် အတွင်းထဲမှ ငုပ်၍နေလျှင် ဝမ်းနည်းပြီးမှ ဝမ်းသာ ရတတ်၏။ အဝါရောင် လုံးဝပေါ်ထွက်လာလျှင် စိတ်ချမ်းသာမှု ရတော့ မည် ဖြစ်၏။ အဖြူရောင်သည် အတွင်းထဲမှ ငုပ်နေလျှင် ဝမ်းသာ ပြီးမှ မျက်ရည်ကျရလိမ့်မည်။ ထို့ကြောင့် အရောင်ကို အတွင်းအရောင်၊ အပြင်အရောင် စသည်တို့ကို သေချာကျနစွာ ခွဲခြား ကြည့်ရှုမှသာ သိမြင် နိုင်၏။

လူတစ်ယောက်သည် ကျန်းမာရေး ကောင်းမွန်နေသော်လည်း အမြဲတမ်း အိပ်ငိုက်နေသည့်ပုံ ပေါ်လွင်နေ၏။ အိပ်ငိုက်နေသည့် ပုံစံ

သည် အိပ်ရေးမဝ၍ ဖြစ်နေသော်လည်း ၎င်းသည် လိုအင်ဆန္ဒ မပြည့်စုံ၍ ဖြစ်၏။

အိပ်ပျော်နေရင်း သွားကြိတ်ပြီး စကား ယောင်ပြောတတ်သူနှင့် နှာခေါင်းမှ အသံတရှူးရှူး မြည်ထွက်ကာ အိပ်တတ်သော သူများမှာ စိတ်ထားမကောင်း၍ တစ်ဖက်သားအား ရန်ပြုတတ်သော သူပင် ဖြစ်၏။

အိပ်ပျော်နေရင်းနှင့် စိတ်ဆိုးနေသကဲ့သို့ အမူအရာ ဖြစ်ပေါ်နေလျှင်လည်း မကောင်းပါ။

အိပ်ပျော်နေစဉ် အင်္ဂါရုပ်ပညာဖြင့် ကြည့်ရှုဝေဖန်ရသော အကြောင်းကို နောက်ပိုင်းတွင် ဆက်လက် ဖော်ပြထားပါသည်။

အလှူအတန်းပေးရသည်ဟု မက်သော အိပ်မက်သည် ကောင်း၏။

ဖျားနာနေသည်ဟု မက်သော အိပ်မက်လည်း ကောင်း၏။ အိပ်မက်ထဲတွင် သေနေသည်ဟု အိပ်မက် မက်သည်လည်း ကောင်း၏။

ဘုရားဖူးရသည်ဟု မက်သော အိပ်မက်သည်လည်း ကောင်း၏။ နေအိမ်ပေါ်သို့ အဆိပ်ရှိသော သတ္တဝါတက်သည်ဟု မက်လျှင်လည်း ကောင်း၏။

နောက်စေ့သည် ကောင်းမွန်၍ မျက်ရိုးနှစ်ဖက်မှာ မာနေကာ နားထင်နှစ်ဖက် ညီညာစွာရှိနေပြီး နားရွက်များမှာ အသားအရေ ထူနေ၍ မျက်နှာပြင် ကျယ်ပြန့်ကာ ချက်ပါ ကြီးနေသူဖြစ်လျှင် ထိုသူသည် တစ်သက်လုံး ဘေးအန္တရာယ် မဖြစ်နိုင်ပေ။

ဦးခေါင်းကြီး၍ လည်ပင်းသေးသော လူမျိုး၊ ချက်အပြင်သို့ စူထွက်နေသော လူမျိုး၊ နားထင်ချိုင့်၊ နောက်စေ့ရိုး မပေါ်လွင်သော လူများနှင့် နားထင်ကြောများ ပြတ်နေသယောင်ထင်ရသော လူမျိုးများ ဖြစ်လျှင် အထိအခိုက်များတတ်၏။

ကလေးများ နားထင်ပေါ်တွင် အစိမ်းရောင်များ ဖြစ်ပေါ်လျှင် ဖျားတတ်၏။

ကလေးများ နဖူးထောင့်တွင်လည်း စိမ်းမည်းရောင် ပေါ်နေပါက ဖျားနာရှိ၏။

စိမ်းပြီး ဝါနေသော အရောင်များ ပါးစပ်နားထိရောက်နေသော ကလေးများဖြစ်လျှင် ဒုက္ခရောက်တတ်၏။ (၁၄) ရက် အတွင်းသေဆုံးနိုင်၏။

ကိုယ်ခန္ဓာ အပေါ်ပိုင်း မြင့်၍အောက်ပိုင်း (ခြေထောက်) တိုနေသော အင်္ဂါရုပ် ရှိသူသည် ငွေကြေး ပြေလည်နေမည်။ သို့သော်လည်း သားသမီးများအား ထိခိုက်တတ်သည်။

ခြေထောက်ပိုင်း ရှည်၍ ကိုယ်ခန္ဓာအပေါ်ပိုင်းတိုနေသော အင်္ဂါရုပ် ရှိသူသည် အိမ်ထောင်ပြုသောအခါတွင် အဆင်မပြေမှုများကြောင့် ပြဿနာပေါ်တတ်၏။ ထိုလူမျိုးသည် နှာခေါင်း ချွန်၍နေလျှင် လိမ်ညာလှည့်စားတတ်၏။

သေးသွယ်သော ကိုယ်ခန္ဓာရှိပြီး မျက်နှာပြင်မှာလည်း ပြည့်ပြည့်တင်းတင်း ဖြစ်နေလျှင် ငယ်ရွယ်စဉ်အခါတွင် ဆင်းရဲတတ်၏။

ကိုယ်ခန္ဓာ အလွန်ဝဖြိုးပြီး မျက်နှာပြင် ပေါ်တွင်လည်း အဆီပြန်နေသကဲ့သို့သော အရောင်များ ပေါ်နေပါမူ လူ့ပြည်တွင် ကြာကြာနေရတော့မည် မဟုတ်ပါ။

မျက်ခုံးမွေးနှစ်ဖက်၏ အစွန်းများသည် အောက်ဘက်သို့ ကွေ့ဝိုက်၍ ခွေကျနေလျှင် ညီအစ်ကိုမောင်နှမ များလိမ့်မည်။ ထို့ပြင် လူချစ်လူခင် ပေါများတတ်၍ လူအများ၏ ချစ်ခင်လေးစားမှုကို ခံရတတ်၏။ ငယ်ရွယ်စဉ်အခါတွင် အရာရာတွင် လုပ်ဆောင်အောင်မြင်နိုင်သော်လည်း အသက် ၃၀ အရွယ်ရောက်လျှင် အောင်မြင်မှု ကျဆုံးလိမ့်မည်။

တန်း၍နေသော မျက်ခုံးမွေးရှိလျှင် လူချစ်လူခင်များပြီး နဖူးပေါ်တွင်လည်း အရေးအကြောင်းများ ရှုပ်ထွေးစွာ ပါရှိနေလျှင် အမှုအခင်းများနှင့် မကြာခဏ ရင်ဆိုင်နေရတတ်၏။

လေးထောင့်ပါးစပ် ပုံသဏ္ဍာန်ရှိသော အင်္ဂါရုပ်ပိုင်ရှင်မှာ ပင်ပန်းကြီးစွာ မရှာမဖွေရဘဲ ငွေကြေး ပြည့်စုံတတ်ပြီး လူအများကို အုပ်ချုပ်နိုင်သော ဩဇာအာဏာရှိသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။ ပညာပါရမီ ပြည့်စုံနိုင်၏။

နဖူးပေါ်တွင် အစိမ်းရောင်အကွက်ပါရှိ၍ ရင်ဘတ်ပေါ်တွင်လည်း မှဲ့တစ်လုံးပါရှိလျှင် လူအများနှင့်အပြိုင်အဆိုင် အတိုက်အခံ စကားပြောရလျှင် မအောင်မြင်တတ်ပေ။

ငှက်၏ အသံကဲ့သို့ စူးရှစွာ စကားပြောသော လူများသည် ထာဝစဉ် ပျော်ရွှင်ချမ်းမြေ့မှု ရနိုင်၏။

လူတချို့တို့သည် ၎င်းတို့၏အသံကို ကြားနာရုံမျှနှင့် စီးပွားရေး မပြေလည်နိုင်ဟု သိရှိနိုင်၏။ ယင်းပုဂ္ဂိုလ်မှာ အသံနှင့် ရုပ်ဆင်းအင်္ဂါပါ ကိုက်ညီလျက် ရှိကြသည်ကို တွေ့ရှိရသည်။ ထိုပုဂ္ဂိုလ်မျိုးသည် အသက်ပါ တို၏။

ပင်ကို စကားပြောသောအသံ မကြည်လင်ပါက တစ်သက်လုံး စိတ်ဆင်းရဲရပြီး မကြာခဏ ပြဿနာပေါ်တတ်သည်။

ဝိုင်းစက်နေသော မျက်လုံးနှစ်လုံး အပြင်ဘက်သို့ အနည်းငယ် ထွက်နေသယောင် ထင်ရလျှင် အရာရာတွင် ထူးချွန်အောင်မြင်သောသူ ဖြစ်နိုင်၏။ အများအကျိုးကိုလည်း စိတ်ပါဝင်စားစွာ ဆောင်ရွက်တတ်၏။ အမျိုးသမီးဖြစ်မှု အဆင့်အတန်း မြင့်သောသူ ဖြစ်နိုင်၏။

မျက်နှာပြင်သည် ပြည့်ဖြိုး၍ ဝိုင်းနေသော မျက်ခုံးမွေးများပါ ကောင်းနေလျှင် ယောကျ်ားကောင်းတစ်ယောက် ဖြစ်နိုင်၏။

အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ ပါးစပ်ထူနေလျှင် ချစ်ခင်

စိတ်ဝင်စားသူ ပေါများတတ်သည်။ ထို့အပြင် ရည်းစားပါ များတတ်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာသည် ကြီးပြီး ဆံပင်မှာလည်း ကျဲ၍ များစွာ ပေါက်နေလျှင် ဘဝအကျိုးပေး ကုသိုလ်ကောင်း၍ စီးပွားရေး ပြေလည်နေသူပင် ဖြစ်၏။

ကိုယ်ခန္ဓာပေါ်တွင် အမွေးအမှင် မရှိသူမှာ တဏှာရာဂကြီးသူပင် ဖြစ်၏။

မျက်ခုံးမွေးနှစ်ဖက် ဆက်၍နေလျှင် သားသမီး နည်းလိမ့်မည်။

နဖူးထိပ်တွင် ပြောင်ပြီး လိုသည်ထက် ပို၍ ပြည့်မောက်နေလျှင် စီးပွားရေး အဆင်မပြေဖြစ်ကာ ဆင်းရဲဒုက္ခ ရောက်တတ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းပါ မောက်ကြွပြီး မျက်စိနှစ်ဖက်ပါ အတွင်းသို့ ချိုင့်ဝင်နေလျှင် အသက်တိုတတ်ပြီး စိတ်ဓာတ်ရေးရာတွင် အလွန်တရာမှျ ခက်ထန်ကြမ်းတမ်းတတ်၏။ သားသမီးများကိုပင် ချစ်ခင်ကြင်နာမှု မရှိတတ်ဘဲ မတော်လောဘလည်း ရှိတတ်၏။

အရောင်တောက်ပနေသော မျက်စိရှိလျှင် အသက်ရှည်ပြီး ကိုယ်ခန္ဓာပါတောင့်တင်းထွားကျိုင်းနေလျှင် အကြံအစည်များ အောင်မြင်နိုင်၏။

ကိုယ်ခန္ဓာ အလွန်ကြီးမားနေလျှင် တစ်ချိန်တွင် စားဝတ်နေရေး ကျပ်တည်းနိုင်၏။ မိမိတို့ ကိုယ်တိုင်လည်း စိတ်တိုင်းမကျ ဖြစ်တတ်သည်။

မျောက်၏ မျက်နှာပုံစံရှိလျှင် မိဘနှင့် ဆွေမျိုးသားချင်းများ အတွက် အမြဲ စိတ်ဆင်းရဲရလိမ့်မည်။ မိဘများနှင့်လည်း အတူတကွမနေရတတ်ပေ။ ချစ်ခင်ကြင်နာစိတ်လည်း မပေါ်ပေါက်တတ်ပေ။ စာပေပညာနှင့် ပတ်သက်လျှင်မူ စိတ်ရှည်စွာ ကြိုးစားတတ်သည်။

လူတကာ၏ အကြောင်းအရာများကို ကဲ့ရဲ့ပြစ်တင် ဝေဖန်ခြင်း၊ ချီးကျူးခြင်းများကို အစဉ်အမြဲ ပြုလုပ်တတ်လျှင် မရေမရာ၊ မသေချာ

သော လူပင်ဖြစ်၏။

အပေါ်နှုတ်ခမ်းပါး၍ လျှာပါပါးလျှင် လူတစ်ဖက်သား၏ ခိုင်းစေခြင်းကို လုပ်ကိုင်မည်လူပင် ဖြစ်၏။

ဦးခေါင်းညီညာမှုမရှိဘဲ မျက်လုံးဝါပြီး သူငယ်အိမ်မှာ အပြာရောင်ရှိနေလျှင် ထွင်းဖောက်ခိုးယူမည့်သူ ဖြစ်၏။

နဖူးပြင်သည် နိမ့်ချိုင့်နေလျှင် လူတကာ၏ ပြဿနာများကို ဝင်ရောက် ဖြေရှင်းပေးရတတ်၏။

နှာခေါင်းကောက်နေ၍ မျက်စိအောက်ဘက်သို့ စိုက်ကြည့်တတ်လျှင် စိတ်ထားကောင်းမွန်မည့်လူ ဖြစ်၏။

စကားပြောဆိုနေစဉ် အမြဲတမ်း ဦးခေါင်းငိုက်စိုက်၍ ပြောတတ်သော သူသည် စိတ်ထားညံ့တတ်၏။

တစ်နေကုန် စိတ်ကူးယဉ်ပြီး ကွယ်လွန်ပြီးသော သူများကိုသာ မကြာခဏ အိပ်မက်မြင်မက်တတ်သူသည် အပျော်အပါး အလွန်လိုက်စားသူပင် ဖြစ်၏။ ၎င်း၏လက်ကို ဆုပ်ကိုင်ကြည့်လျှင် အေးစက်၍ နေတတ်၏။

လမ်းလျှောက်လျှင် စာကလေးကဲ့သို့ ခုန်၍လှမ်းတက်ပြီး မြွေကဲ့သို့ သွားတတ်ကာ လူတစ်ယောက်ကို ကြည့်လျှင်လည်း မျက်လုံးခိုး၍ ကြည့်တတ်သည့် အကျင့်ပါနေသော အမျိုးသမီးကို အိမ်ထောင်မပြုပါလေနှင့်။

နားဝင်မခံသာအောင် ပြောဆိုသောအသံနှင့် ကွဲအက်သောအသံရှိသော အင်္ဂါရုပ်ပိုင်ရှင်နှင့် အပေါင်းအသင်း မလုပ်ပါနဲ့။

အကြောင်းအရာတစ်ခုကို အစမှအဆုံးတိုင်အောင် ပြောဆိုတတ်သော သူသည် စိတ်ဓာတ်ရေးရာတွင် ကောင်းမွန်သူတစ်ယောက်ပင် ဖြစ်၏။

မည်မျှလောက်ပင် ပြော၍ မကုန်နိုင်သော စကားများသူသည် စီးပွားရေး အဆင်မပြေသူပင် ဖြစ်၏။ ထိုအင်္ဂါရုပ်ပိုင်ရှင်သည် အလွန် ဆင်းရဲနိုင်၏။

ဦးခေါင်းသည် မညီညာ၊ လုံးဝန်းမှု မရှိဘဲ ပြားပြီး စွေစောင်းနေလျှင် ဖနီးဖြစ်သူနှင့်ပင် သင့်မြတ်မှု မရှိတတ်ပေ။

မျက်ခုံးမွေးနှစ်ဖက်၏ အစွန်းများသည် အောက်ဘက်သို့ စိုက်၍ စွေကျနေလျှင် ညီအစ်ကိုချင်း ရန်ပွားတတ်၏။

နားထင်နှစ်ဖက်သည် ချိုင့်နေပြီး ကိုယ်အမူအရာမှာ ငေးငိုင်နေလျှင် ထိုလူမျိုးသည် ဈေးသည်များပင် ဖြစ်၏။

မည်သည့် အတွက်ကြောင့် ချမ်းသာပြီး ဆင်းရဲသလဲ၊ ဆင်းရဲပြီး ဘာကြောင့် ချမ်းသာရသလဲ ဟုဆိုလျှင် ပြောဆိုသော အသံကိုနားထောင်ပါ။ (အသံအကြောင်းကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်) ထိုသူ၏ မျက်နှာအနေအထား၊ အသားအရောင် ကောင်း မကောင်း စသည်တို့ကို ပါ သေချာစွာကြည့်ပါ။ ထိုကဲ့သို့ ကြည့်ရှုခြင်းအားဖြင့် သိရှိရပါလိမ့်မည်။

လူအများကို ရိုသေ လေးစားစွာ ပြောဆို ဆက်ဆံတတ်သူသည် ဆင်းရဲပြီးမှ ချမ်းသာ၏။

ချမ်းသာသော သူသည်လည်း လေသံမာမာနှင့် မတူမတန်သဘော ထားနှင့် ပြောဆိုဆက်ဆံလျှင် ဆင်းရဲသွားတတ်၏။

အင်္ဂါရုပ်ပညာ ဆိုသည်မှာ အချက်အလက်များကို ပြောလျှင် မကုန် နိုင်ပါ။ ထို့ကြောင့် တစ်ချက်တည်းကိုသာ အဓိကထား၍ တိတိကျကျ ဆုံးဖြတ်၍သာ ဟောပြောပါ။

လူတစ်ယောက်သည် ယဉ်ကျေးသိမ်မွေ့မှုတော့ရှိ၏။ သို့ပေမဲ့ ၎င်း၏နဖူးပြင်သည် သေး၍ ကျဉ်းနေပြီး လမ်းလျှောက်သံမကြား၊ စကားပြောလျှင်လည်း အသံအလွန်တိုးသူဆိုလျှင် မည်ကဲ့သို့ ချမ်းသာ

နိုင်ပါတော့မည်နည်း။ ချမ်းသာသောသူ ဖြစ်နေလျှင်လည်း ကြာရှည်စွာ မခံစားရပါ။

အရုပ်ပုရှိနေသော်လည်း အလွန် ယဉ်ကျေးသိမ်မွေ့ပြီး ကိုယ်ခန္ဓာ ကြည့်လိုက်လျှင် အချိုးအစား ညီနေကာ စကားပြောသော အသံများ ဟိန်း၍နေလျှင် ထိုလူမျိုးသည် မချမ်းသာဘဲ မနေနိုင်ပါ။

ကိုယ်ခန္ဓာကောင်းပြီး မျက်ခုံး၊ မျက်စိများသည် အရောင်တောက်ပြီး ကြည်လင်၍ နေသော်လည်း လက်ချောင်းများ မလှပခဲ့လျှင် ရသေ့ရဟန်း ဖြစ်နိုင်၏။

လက်ပုံစံ မလှပသော်လည်း စကားပြောလျှင် အသံတိုးလွန်းနေလျှင် လည်း ဘာသာရေးလိုက်စားသူ ဖြစ်နိုင်၏။

အမျိုးသမီး ဖြစ်သူသည် ယောကျ်ားကိုယ်ခန္ဓာ ဖြစ်နေလျှင် ဘုန်းကံ ရှိ၍ မဆင်းရဲတတ်ပေ။

ယောကျ်ားဖြစ်သူသည် မိန်းမ ကိုယ်ခန္ဓာကဲ့သို့ ဖြစ်နေလျှင် အလွန် ကောင်းစား၏။

ယောကျ်ားလေး မွေးဖွား၍ မိခင်နှင့်တူလျှင် ကောင်း စား၏။

မိန်းကလေးမွေးမူ ဖခင်နှင့် တူလျှင် ကောင်းစား၏။

မျက်နှာပြင် မည်းမှဲ ချောမောစေကာမူ ခါးပျော့နေလျှင် ထိုသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ညံ့တတ်၏။

သွေးအရောင်ကဲ့သို့ နီရဲနေသော လက်ဖဝါးပြင်ရှိမူ ချမ်းသာနိုင်၏။

ကောင်းမွန်သော အင်္ဂါရုပ် ရှိသူသည် နဖူးပြောင် နေရမည်။ မျက်ခုံး လည်း ကောင်းရမည်။ မျက်စိ အရောင်တောက်နေရမည်။ ထိုသူသည် ငွေကြေးနှင့် ပတ်သက်လျှင် အလွန်အဆင်ပြေ နိုင်၏။

အဝါရောင်ရှိသော မျက်ခုံးမွေးနှင့် တန်းနေသော ပါးစပ်ရှိသူသည် အလုပ်လုပ်ရာတွင် ဖြောင့်တန်းစွာ လုပ်မည့်သူ မဟုတ်ပေ။

အမြဲတမ်း ကိုယ်ခန္ဓာ လှုပ်နေတတ်သူသည် ရှိသမျှ စည်းစိမ် ကုန်ဆုံးနိုင်၏။

နှာခေါင်းပေါက်ကျယ်၍ ပါးစပ်က မီးပြောင်းမှုတ် သဏ္ဍာန်ပုံစံမျိုး ရှိသူသည် ငွေရေး၊ ကြေးရေး ကျပ်တည်းသောသူ ဖြစ်၏။

လမ်းလျှောက်လျှင် ခြေဖနောင့် မကျဘဲ လျှောက်တတ် သူသည် ရှိသမျှ စည်းစိမ်ကုန်ဆုံးတတ်၏။

မျက်နှာပြင်ကြီးပြီး နှာခေါင်း သေးငယ်နေလျှင်လည်း သားမရှိ ဖြစ်တတ်၏။

ခြေထောက်ရှည်ပြီး ကိုယ်ခန္ဓာ သေးငယ်နေလျှင် တစ်နယ်တစ်ကျေး တွင် သွားရောက်နေထိုင်ရတတ်၏။

နှာခေါင်းသေးပြီး လက်သန်း မလှသည့်အတွက်နှင့် နားရွက် ကလည်း ချိုင့်နေသည့် လူသည် အင်္ဂါရုပ်ပုံစံ ကောင်းသော်လည်း သူများ ခိုင်းတာ လုပ်ရသည့် လူစားမျိုးပင်ဖြစ်၏။

တချို့ဆင်းရဲသော သူများသည် မျက်လုံးအရောင်တောက်ပနေ သည်ကို တွေ့ရှိရ၏။ ဘာကြောင့် ဆင်းရဲသနည်းဟု အဖြေရှာလိုက် လျှင် ၎င်း၏ မျက်နှာပြင်သည် အရောင်အဆင်းမရှိသည့် အတွက်ကြောင့် ပင် ဖြစ်သည်။

မျက်စိနှစ်ဖက်သည် သာမန်ထက်ပို၍ အတွင်းသို့ ချိုင့်ဝင်နေလျှင် လိမ်လှည်လှည့်ဖြားသော စိတ်ထားရှိပြီး မိတ်ဆွေ အပေါင်းအသင်းများ အပေါ်တွင် ခင်မင်ရင်းနှီးသော စိတ်ထားမျိုးလည်း မရှိတတ်ပေ။

မျက်စိ အပြင်ထွက်နေသယောင် ထင်ရသော လူမျိုးများသည် ကြီးပွားချမ်းသာစိတ်ကို အမြဲတမ်း မျှော်ကိုးတောင့်တနေတတ်၏။

ချမ်းသာ ကြွယ်ဝသည့် လူများကိုကြည့်လျှင် နှာခေါင်းကို ဦးစားပေး ၍ ကြည့်ရမည်။

မျက်တောင် မကြာခဏ ခတ်တတ်သောအကျင့် ပါရှိနေသော လူမျိုးများသည် အသက်ရှည်ကြ၏။

ကြည်လင် သာယာနာပျော်ဖွယ် ကောင်းသောအသံရှိလျှင် ချမ်းသာနိုင်၏။ အသံမကောင်းလျှင်မူ စားဝတ်နေရေး ပြေလည်ရုံသာ နေထိုင်နိုင်၏။

မျက်စိ အမည်းရောင်နည်းပြီး အဖြူရောင်များနေသူများကို မယုံကြည်ပါနှင့်။ မျက်စိ သူငယ်အိမ်၏ အောက်ဘက်တွင် အဖြူရောင်များနေလျှင် မကြာခဏ အမှုအခင်းများ ဖြစ်ပွားလိမ့်မည်။

တည်ငြိမ်၍ မလှုပ်ရှားဘဲ နေသော မျက်စိပိုင်ရှင်သည် လူတော်လူကောင်းတစ်ယောက် ဖြစ်နိုင်၏။

မျက်စိ နှစ်ဖက်စလုံး၏ အဖြူရောင်ထဲတွင် အနီရောင် ဝိုင်းနေပါက အမြဲတမ်း စိတ်သောက ရောက်နေရတတ်၏။ မကြာခဏ စိတ်မချမ်းသာမှုဖြစ်ကာ ဘေးအန္တရာယ်များပြီး မိတ်ဆွေ အပေါင်းအသင်းများ အပေါ်တွင်လည်း ယုံကြည်မှု ကင်းမဲ့နေတတ်၏။

မျက်စိတစ်ဖက်တည်း၏ အဖြူရောင်ပေါ်တွင် အနီရောင်ဝိုင်းထားသကဲ့သို့ ပေါ်ပေါက်ပါမူ ရေနစ် သေဆုံးတတ်သည်။ ဤကဲ့သို့ အနီရောင် ပေါ်ပေါက်နေသော သူသည် ကြိုတင်၍ ရေလမ်းခရီးကို ရှောင်ရှားသင့်၏။

နဖူးပြင်ပေါ်တွင် အနီရောင် ပေါ်လာပြီး နားထင် နှစ်ဖက်ပေါ်တွင်လည်း အဖြူရောင် ပေါ်နေပါက မကြာမီ သေဆုံးနိုင်၏။

ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်း၍ မျက်နှာပြင်၏အရောင်သည် နီရဲနေပါမူ အပျော်အပါး အလွန်လိုက်စားလိမ့်မည်။

စကားပြောလျှင် မျက်နှာ တခြားတစ်ဖက်သို့ လွှဲ၍ ပြောဆိုတတ်သူများမှာ လူ့ပြည်တွင် ကြာကြာမနေရပါ။ အလုပ်အကိုင်ပါ အဆင်မပြေဖြစ်တတ်၏။

စိတ်မရှင်လန်းဘဲ ငေးငိုင်၍နေသော ပုံစံရှိသူသည် ဆင်းရဲသော လူပင် ဖြစ်၏။

လူတစ်ယောက်ကို အသက်ရှည်မည့်သူ၊ အသက်တိုမည့်သူ စသည် တို့ကို ခွဲခြားလေ့လာ ကြည့်ရှုမည်ဆိုပါက အပေါ်၊ အလယ်၊ အောက် အပိုင်းသုံးပိုင်းကိုသာ အဓိကထား၍ ကြည့်ရှုရပါမည်။

အပေါ်၊ အလယ်၊ အောက် ဆိုသည်မှာ အပေါ်ပိုင်းသည် နဖူး၊ အလယ်ပိုင်းသည် မျက်ခုံး၊ မျက်စိ၊ နှာခေါင်းနှင့် နှုတ်ခမ်းတို့ဖြစ်ပြီး အောက်ပိုင်းသည် မေးစေ့ပင် ဖြစ်ပါသည်။ ထိုအပိုင်း သုံးပိုင်းသည် ဉာဏ်ပညာရပ်တွင် အလွန်အရေးပါ အရာရောက်၍ အထူးသတိပြု မှတ်သားထားဖို့ လိုအပ်၏။

နဖူးပြင်ပေါ်မှ အသားအရေ ကျဲ၍နေပြီး မျက်စိသည် အိပ်ရေးဝ နေဘိသကဲ့သို့ ပုံစံမျိုးဖြင့် ပြည့်တင်းစွာ ရှိနေသူသည်လည်း အသက် ရှည်မည့် သူမျိုးများပင် ဖြစ်ကြ၏။

တောင့်တင်း ပြည့်ဝန်းနေသော ခါးရှိပြီး အသံသည်လည်း ကြည် လင်ပြီး သာယာစွာ ရှိနေလျှင် အသက်ရှည်နိုင်၏။

နားရွက်တွင် အမွေးပေါက်နေသူသည်လည်း အသက်ရှည်၏။

ယဉ်ကျေးသိမ်မွေ့ပြီး စာပေပညာထူးချွန် တတ်မြောက်သူဖြစ်လျှင် မျက်နှာပြင် အရောင်စိုပြည်နေပြီး အသားအရောင် နူးညံ့နေကာ သွားများ သည်လည်း ကြည်လင်ဖြူဖွေး၍ လက်ချောင်းကလေးများသည် အရင်း တုတ်ပြီး အဖျားရှူး၍နေသော လူမျိုးများသည်လည်း ထူးခြားအံ့သြ ဖွယ်ကောင်းသော အင်္ဂါရပ်ရှိသူများပင် ဖြစ်၏။

လူတစ်ယောက်ကို အပိုင်းသုံးပိုင်းခွဲခြား၍ ကြည့်ရှုလျှင် အပေါ် ပိုင်းသည် ချမ်းသာမည့်ပုံ၊ အလယ်ပိုင်းသည် အကြံဉာဏ်ရှိမည့်ပုံ၊ အောက်ပိုင်းသည် အသက်ရှည်မည့်ပုံများပင် ဖြစ်ပါသည်။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့သည် သေးနှစ်ဖက် ထိပ်ဖျားများပေါ်သို့ ကော့၍ တက်နေသူ၊ အသံကြီး၍ ဝမ်းဗိုက်ပူနေသူ၊ ကြီးမားသော နားရွက်ရှိပြီး ထိုင်လိုက်လျှင် အလေးဆွဲထားသလို၊ ထလိုက်လျှင် လေကဲ့သို့ လျင်မြန်သူများသည် အသင့်အတင့် ငွေကြေးချမ်းသာသူများပင် ဖြစ်၏။

မျက်နှာပြင်အပေါ်ပိုင်းကြီးပြီး အောက်ပိုင်း ရှုံး၍နေကာ ပြည့်မောက်နေသော ကျောကုန်းနှင့် တောင့်တင်းသော ခါးရှိသော လူမျိုးများနှင့် မျက်နှာလေးထောင့်ပုံစံနှင့် ပါးစပ် လေးထောင့်ရှိကာ ဟိန်း၍နေသော အသံ၊ ကိုယ်ခန္ဓာတောင့်တင်းပြီး လက်နှစ်ဖက်တွင် အသားအရေ ပြည့်ဝနေကာ လက်ချောင်း ခြေချောင်းများ စေ့၍နေသော လူမျိုးများသည်လည်း အနည်းငယ်သာ ချမ်းသာသူများပင် ဖြစ်၏။

အလယ်အလတ်တန်းစား ငွေကြေး ချောင်လည်နေသူမျိုးများသည် ဦးခေါင်းရှုံးပြီး မျက်စိကြည်၍ အရောင်တောက်နေကာ အသားအရေမှာ စိုပြည်ပြီး ပြည့်ဖြိုးကာ အသံပါ ကြည်လင် ကောင်းမွန်နေတတ်၏။

လက်၊ ခြေထောက်နှင့် ကျောကုန်းတို့တွင် အသားအရေ နူးညံ့ပြည့်မောက်နေသူမျိုးများသည်လည်း အသင့်အတင့် စားဝတ်နေရေး ပြေလည်ကြသူများ ဖြစ်၏။

ဤပညာရပ်တွင် လူတစ်ဦး၏မျက်နှာပြင်ပေါ်မှ ထူးခြားသော ပြချက်များစွာ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရလျှင် များသောအားဖြင့် ချမ်းသာ၍ နေကြသော သူများသာလျှင် ဖြစ်သည်။

အသံ ကျယ်လောင်ပြီး ဟိန်း၍နေကာ မျက်စိ အရောင်အဆင်း ကြည်လင်တောက်ပနေပြီး နားထင်နှစ်ဖက်မှ အသားအရေများ ပြည့်မောက်နေသူများသည် ကုသိုလ်ကံ အလွန်ကောင်းကြသူများပင် ဖြစ်၏။

မွေးကြိုင်နေသော ပန်းရနံ့ကဲ့သို့ ကိုယ်ခန္ဓာတွင် ရှိနေကာ လက်သီး

တစ်ဆုပ်စာမျှ ဝင်နိုင်ပြီး ကြီးမားသော ပါးစပ်ရှိသူများ သည်လည်း ငွေကြေး ပြည့်စုံလိမ့်မည်။ ချက် အပေါက်ဝကျယ်၍ နေလျှင်ပို၍ပင် အဆင်ပြေစွာ နေထိုင်ရလိမ့်မည်။

နဖူးပြင်ပေါ်တွင် အသားအရေ အနည်းငယ် ပြည့်နေပြီး မျက်စိနှစ်လုံးသည်လည်း လျှပ်စီးလက်နေသကဲ့သို့ ဝင်းလက်၍နေကာ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းများသည် ဆေးနီရောင် ဆိုးထားဘိသကဲ့သို့ မျက်ခုံးမွေးသည် ရှည်လျားစွာဖြင့် နားထင်နားထိ ပေါက်ရောက်ပြီး ပခုံးရိုးနှစ်ဖက်သည် တောင့်တင်းခိုင်မာစွာ ရှိနေမည်။ ကိုယ်ခန္ဓာသေးငယ်သော်လည်း စကားပြောသောအသံ ကျယ်နေရပေမည်။ အပေါ်ပိုင်းရှည်ပြီး အောက်ပိုင်းတိုသောသူ စသည့် လူမျိုးများသည် ထူးခြားစွာ အလုပ်အကိုင် အဆင်ပြေတတ်၏။

နဖူးပြင် တည့်မတ် ညီညာနေသူမျိုးများ၊ မျက်ခုံးမွေး အမှင်သည် တံမြက်စည်းကဲ့သို့ ကြီး၍နေသူ၊ လည်ပင်းရှည်၍ မျက်နှာဝိုင်းပြီး ခြေထောက်တိုသူ၊ လေးထောင့် ပါးစပ်ရှိ၍ ထိုင်နေလိုက်လျှင် တောင်ကဲ့သို့ မတ်နေပြီး ထ လိုက်လျှင်လည်း လေကဲ့သို့ လျင်မြန်သူ၊ နဖူးကျဉ်း၍ လက်ချောင်းရှည်နေသူများသည် အများအကျိုးကို ကူညီဆောင်ရွက်တတ်သော စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်မျိုးပင် ဖြစ်၏။

မည်သည့်အလုပ်ကိုမဆို စိတ်ပါဝင်စားစွာဖြင့် လျင်မြန်စွာ လုပ်ဆောင်တတ်သော သူများသည်လည်း စိတ်သဘောထား ဖြူစင်ရိုးသားကြ၏။

နှာခေါင်း ဘေးနှစ်ဖက်မှ အရေးအကြောင်း နှစ်ကြောင်းသည် ပါးစပ်တွင်းသို့ ကွေ့ဝိုက်ပြီးဝင်သွားလျှင် အစာငတ်၊ ရေငတ်ဖြင့် သေဆုံးရလိမ့်မည်။

ခြေဖဝါးပြင်ပေါ်တွင် မှဲ့တစ်လုံး ထင်ရှားစွာ ပါရှိနေလျှင် ဌာနကြီး

တစ်ခုတွင် အရာရှိတစ်ယောက် ဖြစ်လိမ့်မည်။ သို့မဟုတ်ပါက ငွေကြေး ပြည့်စုံလိမ့်မည်။

စိတ်သဘောထား မကောင်းသူကို လေ့လာလျှင် ဦးစွာ ပထမ ဦးခေါင်းကို ကြည့်ရှုရမည်။ ထိုလူမျိုးများသည် ဦးခေါင်းညီညာမှု မရှိဘဲ အနည်းငယ် နိမ့်ချိုင့်နေတတ်၏။

စကားပြောချင်သလို မပြောချင်သလို ပြောဆိုဆက်ဆံတတ်သူ သည် ပညာရှိပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်၏။

ကိုယ်ဟန် အမူအရာမကောင်းသော လူသည် စီးပွားရေး မကြာခင် ကျဆုံးမည့် ပုံပင် ဖြစ်၏။

စိတ်သဘောထား မှုတပြီး ချိုသာ ယဉ်ကျေးစွာ ပြောဆိုတတ် သူသည် အဆင့်အတန်း မြင့်စွာ နေထိုင်ရသော အရာရှိတစ်ဦးပင် ဖြစ်၏။

လက်နှစ်ဖက်ကားပြီး လမ်းလျှောက်တတ်သော လူမျိုးများသည် လည်း မိမိစိတ်တိုင်းကျ ငွေကြေးအဆင်ပြေနေသည့် လူမျိုးများပင် ဖြစ်၏။

လူချစ်လူခင် ပေါများမည့် မျက်နှာပုံစံရှိသူများသည် လူ့သက်တမ်း တစ်ဝက်မှ စားဝတ်နေရေး အဆင်ပြေ၏။ ထိုလူမျိုးများသည် လမ်း လျှောက်လျှင် ဦးခေါင်း အနည်းငယ် လှုပ်တတ်သည်။

လူအများ အထင်ကြီးအောင် ဟိတ်ဟန်များသော လူမျိုးများသည် မည်သည့်အလုပ်ကိုမှ အတည်တကျ လုပ်ကိုင်ခြင်း မရှိကြပေ။

ဦးခေါင်းချွန်ပြီး နေသူများသည် မိမိ ကောင်းစားဖို့အတွက် သူ တစ်ပါးကို ကဲ့ရဲ့ပြစ်တင် ရှုတ်ချ ဝေဖန်တတ်၏။ စိတ်သဘောထား ညံ့သူများပင် ဖြစ်၏။

စကားပြောသော် လေသံတိုး၍ တခြားသူများက မိမိနာမည်ကို ခေါ် လိုက်လျှင် အသံမထွက်ချင် ထွက်ချင်နှင့် ပြန်ထူးတတ်သောသူများ

သည် စိတ်ထားညံ့ဖျင်းသော သူများပင် ဖြစ်၏။

စကားပြောနေစဉ်အတွင်း မျက်စိပါအရောင်တောက်နေသူသည် ကျောင်းဆရာများပင် ဖြစ်လိမ့်မည်။ ထိုလူမျိုးများသည် စာပေပညာတွင် ထူးချွန်ကြ၏။

ကိုယ်ခန္ဓာ အသားအရေ ချောမွေ့ပြီး အရေးကြောင်းများ ကန့်လန့် ရှိနေလျှင် အလေးမ အားကစား လေ့ကျင့်သူပင် ဖြစ်၏။

မျက်စိ အရောင်အဆင်းမတောက်ဘဲ မှေးမှိန်၍ နေသောကလေး ဖြစ်နေပါက အသက် ၃ နှစ်၊ ၄ နှစ်အရွယ်မရောက်မီ သေဆုံးနိုင်၏။

သင်သည် လူတစ်ယောက်၏ အင်္ဂါရုပ်ကို ကြည့်ရှု ဟောပြောလျှင် ကောင်းမွန်သောအပိုင်းကို ဟောပြော၍ မကောင်းသော၊ ညံ့သော အပိုင်းများကို အနည်းငယ်သာလျှင် ဟောပြောပါ။

လူအများ၏ မျက်နှာပြင်သည် တစ်ဦးနှင့်တစ်ဦး လုံးဝမတူညီကြ သလို တစ်ယောက်နှင့် တစ်ထောင်၊ တစ်ထောင်နှင့် တစ်သောင်း တို့လည်း လုံးဝ မတူညီကြသည်ကိုလည်း အထူး သတိပြုပါ။

လူတစ်ယောက်၏ မျက်စိကို ဦးစွာပထမ ကြည့်ရှုလိုက်လျှင်ပင် ထိုသူ၏ စိတ်နေသဘောထား မည်ကဲ့သို့ ရှိမည်ကို သိနိုင်၏။ ထို့အပြင် အမျိုးသမီးများ၏ ချစ်ရေး၊ ကြိုက်ရေး၊ အိမ်ထောင်ရေး စသည်တို့ကိုပါ သိရှိနိုင်ရန်လည်း သင်သည် အလေ့အကျင့်များ ပြုလုပ်ပေးလျှင် ဟော ပြောနိုင်ပါလိမ့်မည်။

လူတစ်ယောက်၏ မျက်နှာပြင်ပေါ်တွင် အမည်းကွက် များစွာပေါ် ပေါက်နေလျှင် စီးပွားရေး အဆင်မပြေဖြစ်ကာ အလွန်ဒုက္ခ ရောက် တတ်၏။

အမျိုးသမီးဖြစ်သူသည် နဖူး ဝိုင်းနေရမည်။ ယောကျ်ား ဖြစ်သူသည် နဖူးပြင်ကျယ်၍ လေးထောင့် ဖြစ်နေရမည်။ ထိုမှသာ ပညာရေး၊

စီးပွားရေး အဆင်ပြေနိုင်၏။ ၄င်းအပြင် ထမင်းစားသည့်အခါတွင် တံထွေး မကြာခဏ ထွေးတတ်သော အကျင့်ပါနေသူများကို သတိပြုပါ။ ၄င်းသည် မည်သည့် လုပ်ငန်းကိုမဆို အစအဆုံး မရှိဘဲ မရေရာသော လူမျိုးဖြစ်၏။ မနာလို ဝန်တိုစိတ်များပြီး ကျေးဇူးကန်းတတ်၏။

လူ၏အနေအထားကို ဂရုစိုက်ကြည့်ပါ။ အိပ်ရေးဝသည့်ပုံစံ (သို့မဟုတ်) အိပ်ငိုက်နေသည့်ပုံစံ စသည်တို့ကိုပါ သေချာစွာ ကြည့်ရှုပြီး အရေးအကြောင်းများ၊ မှဲ့များ၊ အသားပေါ်တွင် အဖုအထစ်များ၊ ချိုင့်ခွက်နေသည့် နေရာများ စသည်တို့ကိုပါ ကြည့်ရှုပါ။ နှုတ်ခမ်းမွေး၊ ဆံပင်တို့သည်လည်း အရောင် ပြောင်းလဲနိုင်၏။ နှာခေါင်းနှင့် နားထင်တို့သည် ချိုင့်၍ မနေလျှင်၊ ချွန်ထွက်၍မနေလျှင်၊ ၄င်းပြင် အရောင်များ မမည်းကွက်ခဲ့လျှင်၊ ဝိုင်းပြီး အသားအရေ ပြည့်ဝနေလျှင် ကောင်း၏။ ချိုင့်ကွက်နေလျှင် အသက် ၃၀ အရွယ်တွင် ညံ့သော အပြောင်းအလဲ ဖြစ်နိုင်၏။

သွားများ ကျဲစွာ ပေါက်နေသူသည်လည်း ညံ့တတ်၏။ မျက်စိ အရောင်သည် အသက် ၂၀၊ ၃၀ တွင် တစ်မျိုးဖြစ်၍ အသက် ၄၀၊ ၅၀ အရွယ်တွင် အရောင်တစ်မျိုး ပြောင်းလဲ၍သွားတတ်သည်။ ထို့အတူ လူ၏ စိတ်ထားသည်လည်း ပြောင်းလဲတတ်၏။ ငွေကြေးကို လိုချင်တပ်မက်စိတ် ပြင်းထန်စွာဖြင့် လိုက်လံရှာဖွေနေသူသည် တစ်ချိန်တွင် ရှာဖွေချင်စိတ် မရှိတော့ပေ။ အလွန် စိတ်သောကများသည့် လူ တစ်ယောက်သည်လည်း တစ်ချိန်တွင် စိတ်အေးချမ်းမှု ရှိလိမ့်မည်။ ထို့အတူ ငယ်စဉ်က စိတ်ထားညံ့သောသူသည်လည်း အသက်အရွယ်ကြီးလာလျှင် စိတ်ထားကောင်းမွန် နေတတ်၏။ ထို့ကြောင့် မျက်နှာပြင်မှ အရေးအကြောင်းများနှင့် မှဲ့များ၊ ဖုထစ်များသည် ထိုအချက်များကြောင့် ပြောင်းလဲ၍ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ အသားအရေသည်လည်း

ပြောင်းလဲတတ်၏။ တစ်ချိန်က အသားကြမ်းသူ သည်လည်း နူးညံ့၍ လာတတ်၏။ တချို့သည်လည်း အသက် ငယ်ရွယ်စဉ် ၁၈ နှစ်နှင့် ဆံပင်ဖြူ၏။ တချို့ကျ ပြန်တော့လည်း အဖြူရောင်မှ အမည်းရောင်သို့ ပြန်ဖြစ်၏။ ဖြူပြီး ဝါသောအရောင် ပေါ်လာသည်လည်း ရှိ၏။ ထို အချက်များကြောင့် မကောင်းသူကို ကောင်းသူဖြစ်စေ၍ ကောင်းသောသူ ကို မကောင်းသူ မဖြစ်ပါစေနှင့်။ လူအများ၏ စိတ်ဓာတ်သည် သိန်း သန်း ကုဋေမျှသော လူများလည်း တစ်ဦးနှင့် တစ်ဦး မတူညီကြပါ။ လူသည် စိတ်ထားကောင်းမွန်ရန်သာလျှင် အဓိက ဖြစ်၏။ အလုပ်တစ်ခု ကို မဖြစ်မနေ ကြိုးစား၍လုပ်ကိုင်ချင်သော စိတ်ဆန္ဒ ရှိမှသာ အရာရာ တွင် အောင်မြင်ပေလိမ့်မည်။ စိတ်ထားကောင်းမှသာ မျက်နှာပြင်ပေါ်တွင် လည်း ကောင်းပေမည်။ ထို့ကြောင့် မကြာခဏ စိတ်ဆိုးတတ်သောသူ ဆိုလျှင် နှလုံးနှင့် ကျောက်ကပ်ကိုပင် ထိခိုက်၏။ ကောင်းမွန်သော စိတ်ထားရှိသူသည် လူအများ၏ ချစ်ခင်ခြင်းကို ခံရ၏။

လူတစ်ယောက်သည် စိတ်နေစိတ်ထား ကောင်းမွန်သူ စသည်ဟု မပြောသော်လည်း မျက်ခုံးကောင်း၍ နားရွက် နှစ်ဖက်ပါ မြင့်တက်နေသူ သည် ပညာရှိပြီး စိတ်သဘောထားကောင်းသူပင် ဖြစ်၏။

လူကြည်ညိုလေးစားခံရသော ပုဂ္ဂိုလ်ဖြစ်နိုင်မဖြစ်နိုင်ကို သိလိုလျှင် လည်း နဖူးကိုပင်ကြည့်ရ၏။ ၎င်းသည် ကျယ်ပြန့်ပြီး ညီညာ ပြည့်တင်း နေမှသာ ဖြစ်နိုင်၏။ လမ်းလျှောက်လျှင်ခြေသံပြင်းသော လူ၏ မျက်စိ နှစ်လုံးသည်လည်း လျှပ်စီးလက်သကဲ့သို့ ဝင်းလက်နေမှု အလွန်ကောင်း၏။

ထိုင်လိုက်လျှင်လည်း ကျောက်ခဲ ဆွဲထားသလို၊ ထလိုက်လျှင်လည်း လေကဲ့သို့ မြန်ဆန်သူသည် ရာထူးကြီးသူပင် ဖြစ်၏။

❐

## အပိုင်းကိုးပိုင်းပြချက်

(က) ဂုဏ်ကျက်သရေ ပြချက်
(ခ) ညီအစ်ကို မောင်နှမ ပြချက်
(ဂ) ရာထူးအဆင့်အတန်း ပြချက်
(ဃ) သားသမီး ပြချက်
(င) မယားကြီး၊ မယားငယ် ပြချက်
(စ) အိုးအိမ် အပြောင်းအရွှေ့ ပြချက်
(ဆ) ကုသိုလ်ကံ ပြချက်
(ဇ) မိဘနှစ်ပါး ပြချက်
(ဈ) အခြွေအရံ ပြချက်

### ဂုဏ်ကျက်သရေ ပြချက်

နဖူးပြင်၏ ထိပ်ဆုံး ဆံစနေရာတွင် အသားအရေ ကြည်လင်ပြောင်လက်နေသော အရောင် ရှိနေရမည်။ ထိုသို့ရှိမနေဘဲ၊ အရောင်မည်းနေလျှင် အိမ်ထောင်ရေး ပြဿနာပေါ်တတ်၏။

အရေးအကြောင်းများသည် မျက်ခုံးပေါ်မှ အပေါ်သို့ ထောင်တက်၍

ပေါ်နေမှု သားသမီးများကို ထိခိုက်နိုင်သည်။

နဖူးပြင်ပေါ်တွင် အရေးအကြောင်းများ လှိုင်းသဏ္ဌာန်ကဲ့သို့ ပေါ်နေလျှင် ကျန်းမာရေးကောင်းမည်။

နဖူးပြင်ပေါ်တွင် အသားအရေ စိုပြည်၍ အရောင်အဆင်း ကြည်လင်နေလျှင် စိတ်ချမ်းသာလိမ့်မည်။ အရောင်မည်းကွက်နေလျှင်မူ စိတ်ဆင်းရဲရတတ်၏။

နဖူးပြင်အရောင်ကြည်လင်၍ ကောင်းမွန်သော လူသည် နားထင်နှစ်ဖက်ပါ အရောင်အဆင်း ကြည်လင်ပြောင်လက်နေလျှင် ပညာဉာဏ်ပြည့်စုံကာ နှာခေါင်းတွင်လည်း အသားအရေ ပြည့်စုံပြီး အရောင်ပါတောက်နေမှု ချမ်းသာသော သူတစ်ယောက် ဖြစ်လိမ့်မည်။ ၎င်းသည် မျက်စိများပါ ကြည်လင်၍ နေရမည်။

လခြမ်းပုံစံကဲ့သို့ (သုံးရက်လ) ခုံး၍နေသော မျက်ခုံးသည် ချမ်းသာနိုင်၏။ သို့သော် မျက်လုံးသည် အတွင်းဘက်သို့ ချိုင့်၍ ဝင်နေလျှင် မည်မျှပင် ပညာရှိ ဖြစ်စေကာမူ အသုံးမဝင်တော့ပေ။

နားထင်ပေါ်တွင် မှဲ့ပေါက်နေလျှင် မသန့်ရှင်းသော နားထင်ဟုခေါ်၏။ ယင်းမှဲ့ရှိသူသည် အမှုအခင်းများဖြစ်၍ စိတ်သောက ရောက်တတ်၏။

နဖူးပြင်၏ ဆံစထိပ်နားတွင် ကြက်သွေးရောင်တန်းကလေး အနည်းငယ် ပေါ်လာလျှင် သုံးနှစ်ကြာမျှ အမှုအခင်းဖြစ်နိုင်သည်။ သို့မဟုတ် ပါက ထောင်ကျနိုင်၏။ ထိုနေရာတွင် အမည်းရောင် ပေါ်လာပြီး အရောင်အဆင်းခြောက်သွေ့နေလျှင်မူ သေဆုံးတတ်၏။

၎င်းနေရာတွင် အစိမ်းရောင် သို့မဟုတ် ကြေးပြားရောင် ပေါ်လာပါက ခြောက်လအတောအတွင်း စီးပွားရေး ကျဆင်းကာ ဒုက္ခရောက်တတ်၏။ အိမ်ထောင်ရေး သာယာမှုမရှိဖြစ်ကာ အကြံအစည်များ အောင်

မြင်မှု မရတတ်ပေ။ အဖြူရောင်ပေါ်၍ လာလျှင်မူ မိဘများအား ထိခိုက်တတ်၏။ မိဘမရှိသူဆိုလျှင် ဇနီးသားသမီးနှင့် ညီအစ်ကို မောင်နှမများကို ထိခိုက်တတ်၏။ ဝမ်းနည်းကြေကွဲမှုနှင့် ကြုံရတတ်၏။ သို့မဟုတ်ပါက တစ်မြို့တစ်နယ်မှ စိတ်မချမ်းမြေ့စရာ သတင်းကြားရလိမ့်မည်။

လူတစ်ယောက်၏ စီးပွားရေးကို သိလိုလျှင် အဓိက ကြည့်ရန်မှာ နှာခေါင်းပင်ဖြစ်၏။ သို့သော်လည်း ကောင်းသော နှာခေါင်းနှင့် မကောင်းသော နှာခေါင်းဟူ၍ ခွဲခြားကြည့်ရှုနိုင်ရန် အလွန်အရေးကြီးလိုအပ်၏။ ကောင်းသောနှာခေါင်းဆိုသည်မှာ အသားအရေ ပြည့်ဝ၍ သန့်ရှင်းကြည်လင်တောက်ပနေပြီး မကောင်းသောနှာခေါင်းမှာ အသားအရေနည်းပါးကာ အရောင်အဆင်းများပါ မှေးမှိန်နေကာ ခြောက်သွေ့နေတတ်၏။

နှာခေါင်းပေါ်တွင် အစိမ်းရောင် ပေါ်လာလျှင် အလွန်ကြောက်စရာကောင်း၏။ ကျန်းမာရေးကို များစွာထိခိုက်နိုင်၍ ထိုအရောင်ပေါ်လာသည်ကို ကြိုတင်သိရှိလျှင် များစွာ ဂရုစိုက်ဖို့ လိုအပ်၏။

အဝါရောင်ပေါ်လာလျှင်မူ ပစ္စည်း ဥစ္စာ ရတနာများ ဝင်လိမ့်မည်။ အိမ်ထောင်ရေးသာယာမှု ရှိမည်။ ကျောင်းသူ ကျောင်းသားဖြစ်မူ ပညာရေးကောင်းမည်။ ၎င်းပြင် မိမိကြံစည်ထားသော အကြံအစည်များပါ အောင်မြင်လိမ့်မည်။

အဖြူရောင်ပေါ်၍ လာလျှင်မူ မိဘများသေဆုံးနိုင်၏။

မည်းသောအရောင် ပေါ်လာလျှင် အမှုအခင်းဖြစ်၍ ထောင်ကျလိမ့်မည်။

အလွန်အလွန် မည်းနက်နေလျှင်၊ နံနက်ပိုင်း မည်းနေလျှင် ညနေဘက်တွင် သေဆုံးလိမ့်မည်။

## ညီအစ်ကိုမောင်နှမ ပြချက်

မျက်ခုံးမွေး၏ အပေါ်နား မျက်ရိုးနှင့် မျက်ခုံးမွေးတို့သည် ညီအစ်ကို မောင်နှမများနှင့် သက်ဆိုင်သော ပြချက်ဖြစ်ပါသည်။

ဘယ်ဘက်တွင် ညီအစ်ကိုများနှင့် သက်ဆိုင်၍ ညာဘက်တွင်မူ ညီမ၊ အစ်မတို့နှင့် သက်ဆိုင်၏။

ထိုနေရာ၏ အသားအရေသည် ညီညီညာညာနှင့် အရောင်အဆင်း ကောင်းမွန်နေရပေမည်။ ကောင်းမွန်သော အရောင်နှင့် ညီညာခြင်းမရှိခဲ့လျှင် ဘယ်ဘက်ဖြစ်နေလျှင် အစ်ကို သို့မဟုတ် ညီငယ်၊ ညာဘက်ဖြစ်နေလျှင် အစ်မ သို့မဟုတ် ညီမဖြစ်သူတို့ သေဆုံးတတ်သည်။ သို့မဟုတ်ပါက တသီးတခြားစီ ကွဲပြားပြီး နေထိုင်ရတတ်သည်။

မျက်ခုံးမွေးသည် စိုက်ပြီး ထောင်နေလျှင် ညီအစ်ကို မောင်နှမများလိမ့်မည်။

မျက်ခုံးမွေးပါးနေလျှင်မူ စီးပွားရေး ကျဆင်းတတ်နိုင်၏။

မျက်ခုံးမွေးသည် မရှင်းလင်းဘဲ ရှုပ်ယှက်ခတ်နေလျှင် ညီအစ်ကိုချင်း ချစ်ခင်ကြင်နာမှု မရှိတတ်ပေ။

ရှင်းလင်း၍နေသော မျက်ခုံးမွေးဖြစ်နေလျှင် အလုပ်အကိုင်အလွန်အဆင်ပြေနိုင်၏။

မျက်ခုံးမွေးအရောင် စိုပြည်၍ တောက်ပနေပါက ပစ္စည်း ဥစ္စာ ရတနာများ ပေါများလိမ့်မည်။

မျက်ခုံးမွေး အပြင်သို့ ရှည်ပြီးထွက်၍ နေလျှင် ညီအစ်ကို မောင်နှမများ၏ ချစ်ခင်လေးစား ကြည်ညိုခြင်းကို ခံရလိမ့်မည်။

မျက်ခုံးမွေး တိုဍနေလျှင် ညီအစ်ကို မောင်နှမ နည်းလိမ့်မည်။ ၎င်းပြင် ညီအစ်ကိုချင်းပါ မသင့်မြတ်တတ်ပေ။

မျက်ခုံးမွေးသည် ရှေ့တူရှုသို့ တည့်တည့် ထောင်၍ နေလျှင် တစ်ကိုယ်ကောင်းဆန်လိမ့်မည်။

မျက်နှာပြင် အသားအရေ စိုပြည်သန့်ရှင်း ကြည်လင်နေပြီးမှ အစိမ်းရောင်များ ဝိုင်းနေသကဲ့သို့ ထင်ရလျှင် ညီအစ်ကို မောင်နှမထဲမှ တစ်ဦးဦး ဒုက္ခရောက်လိမ့်မည်။

အသားဝါသော လူမျိုးဖြစ်လျှင်၊ ဘယ်ဘက်ပါးသည် အရောင် မကြည်လင်လျှင် အိမ်ထောင်ရေး မသာယာတတ်ပေ။ ကြည်လင်နေမှ သာယာလိမ့်မည်။

ညာဘက်ပါးနှင့် နားထင်နှစ်ဖက်ပါ ကြည်လင် သန့်ရှင်းနေလျှင် အိုးသစ်အိမ်သစ်နှင့် နေရလိမ့်မည်။ သားရှိမှု သားဖြစ်သူ အိမ်ထောင် ကျနိုင်သည်။

အရောင်အဆင်း မည်းသွားလျှင်မူ ညီအစ်ကို မောင်နှမများ ထိခိုက်တတ်၏။ တခြားလူများနှင့်လည်း ခိုက်ရန်ဒေါသ ဖြစ်တတ်၏။

အဖြူရောင် ပေါ်လာလျှင်မူ ငွေရေး ကြေးရေးနှင့် ပတ်သက်၍ တခြားလူများနှင့် အမှုအခင်း ဖြစ်လိမ့်မည်။ ညီအစ်ကိုမောင်နှမချင်း လည်း အဆင်မပြေ ဖြစ်တတ်သည်။

## ရာထူးအဆင့်အတန်း ပြချက်

၎င်းရာထူးအဆင့်အတန်း ပြချက်သည် နှာခေါင်းနှင့် နဖူးကြား ဆက်စပ်ထားသော နေရာနှင့် ပါးပြင်၏ အပေါ်မှ အရိုးပါ သက်ဆိုင်၏။

ထိုနေရာများကို ကြည့်လိုက်လျှင် အသားအရေ စိုပြည်ကြည်လင် ပြောင်လက်၍နေသော သဘောရှိရမည်။ သို့မှသာ အိုးသစ်အိမ်သစ်နှင့် ရာထူးရနိုင်မည်။ သို့ရာတွင် အောက်မျက်ခွံအနီးတွင် အကွက်များ

ပေါ်လာလျှင် ပစ္စည်းဉစ္စာနှင့် ရာထူးပါ ဆုံးရှုံးတတ်သည်။

စီးပွားရေး တိုးတက်မှုသည် မျက်စိနှင့်ပါ သက်ဆိုင်၍ မျက်စိကိုပါ ကြည့်ရှုသင့်သည်။

မျက်စိ အဖြူရောင်ပေါ်တွင် သွေးကြောများ ပေါ် ပေါက်လာပါက ကြောက်စရာအကောင်းဆုံးပင် ဖြစ်၏။ မိဘများပေးထားခဲ့သော အမွေများပင် ကုန်ဆုံးတတ်၏။ မျက်နှာပြင် အသားအရေ ပြောင်လက်နေပြီး အနည်းငယ်မျှသော အစိမ်းရောင်များ ပေါ်ပေါက်နေလျှင် အကြံအစည်များ မအောင်မြင်တတ်ပေ။

မျက်နှာပြင်တွင် အဝါရောင် ပေါ်လာလျှင်မူ ၁၀ နှစ်ခန့် ကောင်းစားလိမ့်မည်။

အမည်းရောင် ပေါ်လာလျှင်မူ မည်မျှ ချမ်းသာသောသူ ဖြစ်စေကာမူ စီးပွား ဉစ္စာကုန်ဆုံးနိုင်၏။

အသားအရောင်ပေါ်လာလျှင် လူတကာနှင့် စကားများရတတ်သည်။

အဖြူရောင်ပေါ်လာလျှင်မူ မိဘများအား ထိခိုက်လိမ့်မည်။ စီးပွားရေးလည်း ဆုံးရှုံးလိမ့်မည်။

အနီရောင်ပေါ်ပေါက်လာလျှင် စီးပွားဉစ္စာတိုးတက်မည်။ အလုပ်အကိုင် အဆင်ပြေကာ ရာထူး တက်နိုင်၏။ မည်မျှပင် အသုံးမကျသူဖြစ်စေကာမူ ထိုအရောင်အဆင်းပေါ်လာလျှင် ကြည့်ရှုစောင်မမည့် သူပေါ်တတ်၏။ စစ်မှုထမ်းဖြစ်မူ တိုက်ပွဲတွင် အောင်မြင်လိမ့်မည် ဖြစ်၏။

သားသမီးပြချက်သည် မျက်လုံး၏ အောက်မျက်ခွံပေါ်တွင် အဓိကထားကြည့်ရန် ဖြစ်သည်။ ဘယ်ဘက်မျက်ခွံသည် သားယောကျ်ားဖြစ်၍ ညာဘက်၏ အောက်မျက်ခွံပေါ်သည် သမီး မိန်းကလေးကို ကြည့်ရှုဝေဖန်ရန် ဖြစ်၏။

ငှင်းအောက်မျက်ခွံပေါ်တွင် အနီရောင်ထွက်ပေါ်လာလျှင်မူ ဘယ်ဘက်ဆိုလျှင် ယောကျ်ားကလေး၊ ညာဘက်ဖြစ်လျှင် မိန်းကလေး ကို မွေးဖွားလိမ့်မည်။

ထိုနေရာများတွင် အသားအရေမရှိဘဲ ချပ်ကပ်၍နေလျှင် ကြောက်စရာကောင်း၏။ ၎င်းသည် လူတစ်ဖက်သားအပေါ်တွင် မကောင်းမှုပြုဖူးသူ တစ်ယောက် ဖြစ်လိမ့်မည်။ သို့မဟုတ်ပါက သားသမီး မမွေးဖွားသူလည်း ဖြစ်နိုင်သည်။

၎င်းနေရာတွင် အရေးအကြောင်းမြင့်တက်နေလျှင် ကိုယ်ကိုယ်တိုင် ထိခိုက်နိုင်၏။ သားသမီးရှိမူ သားသမီးကို ထိခိုက်တတ်၏။

၎င်းနေရာတွင် အဝါရောင်ပေါ်လာပြီး ထိုအရောင်သည် နားထင်ပေါ်သို့ ဝိုက်ပြီး တက်သွားလျှင် လူတော် လူကောင်း ဖြစ်တတ်သည်။ ချမ်းသာ ကြွယ်ဝခြင်းလည်း ရှိနိုင်သည်။

၎င်းနေရာတွင် အရောင်အဆင်းပျက်ကွက်၍ မှေးမှိန်နေလျှင် အလုပ်အကိုင် အဆင်မပြေ ဖြစ်တတ်၏။

ထိုနေရာတွင် အစိမ်းရောင်၊ အနီရောင် ပေါ်ပေါက်လာလျှင် သားသမီး ရနိုင်သည်။

## မယားကြီး၊ မယားငယ် ပြချက်

ထိုမယားကြီး၊ မယားငယ် ပြချက်သည် နားထင်နှစ်ဖက်ကို အမိကထား၍ ကြည့်ရှုဟောပြောရမည် ဖြစ်သည်။

မျက်လုံးအိမ်၏ ဘေးအစွန်းမှာ ငါးအမြီးခွ သဏ္ဌာန်ကဲ့သို့ အရေးအကြောင်းနှစ်ခွ ဖြစ်နေသူသည် လူချစ်လူခင်ပေါများလိမ့်မည်။ ရည်းစားပေါများတတ်၍ မိန်းမ ပေါမည့်သူပင် ဖြစ်၏။

ထိုနေရာ၏ အသားအရေ ကြည်လင်ပြောင်လက် စိုပြည်နေလျှင် ဇနီးသည်၏ ချစ်ခင်ကြင်နာယုယမှုကို ခံရတတ်၏။ မေးစေ့ နှစ်ဖက်တွင်ပါ အရောင်အဆင်းကြည်လင်နေလျှင် လင်မယားနှစ်ဦးစလုံး ချစ်ခင်ကြင်နာမှုရှိမည်။ ပါးနှစ်ဖက်ပါ ပြောင်လက် စိုပြည်နေလျှင် အထက်လူကြီးများ၏ စောင်မ, ကြည့်ရှုခြင်းကိုပါ ခံရလိမ့်မည်။

ဇနီးသည်ဖြစ်သူ ထိုကဲ့သို့ အရောင်အဆင်းများ ကြည်လင်စိုပြေနေလျှင် ဇနီးဖြစ်သူ၏ဆွေမျိုးများဘက်က ကူညီ မစတတ်၍ ယောကျ်ားဖြစ်သူ ထိုကဲ့သို့အရောင်အဆင်းများ ပေါ်လာလျှင်မူ ယောကျ်ားဖြစ်သူ၏ ဆွေမျိုး အသိုင်းအဝိုင်းက ကူညီ မ စတတ်သည်။

ထိုနေရာတွင် အရောင်ခြောက်သွေ့၍ မှေးမှိန်နေသော မိန်းမသည် မိန်းမပျက်ပင် ဖြစ်နိုင်၏။

မျက်နှာပြင်၏အပေါ်ပိုင်း အသားအရေတို့သည် စိုပြည် ကြည်လင်တောက်ပ၍ အောက်ဘက် မေးစေ့နားတွင် အရောင်ဖြူ၍နေလျှင် လူတကာကို စိမ်းအုပ်ချုပ်နိုင်သော မိန်းမမျိုးပင် ဖြစ်၏။

နားထင်ပေါ်တွင် အမည်းရောင် ညစ်နေလျှင် မယားငယ်ဖြစ်၏။

## အိုးအိမ် အပြောင်းအရွှေ့

ထိုနေရာသည် နားထင်နှင့်နဖူးကြားတွင် ဖော်ပြထားသည်။ မိဘများ ထားခဲ့သော အမွေများ မည်မျှပင်များပြားစေကာမူ ထိုနေရာတွင် အရောင်မည်း၍လာလျှင် စီးပွားရေးကျဆင်းတတ်၏။ အကြံအစည်ပျက်ပြားတတ်၏။ အသားအရေစိုပြေပြီး အရောင်တောက်နေမှသာလျှင် အကြံအစည် အောင်မြင်လိမ့်မည်။ မိမိစိတ်တိုင်းကျ အိုးသစ် အိမ်သစ်ကို နေထိုင်ရလိမ့်မည်။

## ကုသိုလ်ကံပြချက်

ထိုနေရာကိုကြည့်ရန်မှာ နဖူးတစ်ပြင်လုံးကို အဓိကထား၍ ကြည့်ရှုရမည်ဖြစ်၏။ အသားအရေ စိုပြည်၍ ညီညာပြည့်တင်းကာ အရောင်အဆင်းပါ ကောင်းမွန်နေလျှင် ကုသိုလ်ကံကောင်းသူ ဖြစ်၏။ စာပေပညာတွင် အောင်မြင်မှုရှိမည်။

သို့သော်လည်း မျက်စိနှစ်ဖက်လုံးမှ အရောင်များ မကြည်လင်မှု မည်မျှပင်ကောင်းသော ၎က်မျက်စိဖြစ်စေ သာယာမှု မရှိတတ်ပေ။

နဖူးပြင်ပေါ်တွင် အရောင်အဆင်း ပျက်ကွက်နေလျှင်မူ ဆင်းရဲဒုက္ခရောက်တတ်သည်။

နဖူးပြင်၏ အလယ်လယ်တည့်တည့်၌ အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့သည် ညီညာနေပါမူ ထိုသူသည် စီးပွားဉစ္စာ တိုးတက်အောင်မြင်လိမ့်မည်။ လူတကာနှင့်မတူ မြင့်မြတ်ကောင်းမွန်သော စိတ်ထားနှင့်ပြည့်စုံပေလိမ့်မည်။ ၎င်းနေရာတွင် အရေးအကြောင်း များနေလျှင်ရန်လိုသောသူ တစ်ယောက်ဖြစ်၏။ မျက်နှာ များတတ်၏။

အသားအရေ ပြောင်လက်စိုပြည်ပြီး အရောင်အဆင်း ကောင်းမွန်သော နဖူးပိုင်ရှင်သည် ကြီးပွားတိုးတက်နိုင်၏။ ရာထူးအဆင့်အတန်းလည်း မြင့်၏။

ထိုနေရာတွင် အနီရောင် သို့မဟုတ် အဝါရောင်ပေါ်ပေါက်လာပါကဆုငွေများပင် ချီးမြှင့်ခြင်း ခံရတတ်၏။ ရာထူးလည်း တိုးမြှင့်ခြင်းခံရတတ်၏။

ထိုနေရာတွင် အစိမ်းရောင် ပေါ်ပေါက်လာပါလျှင်မူ ရသေ့ ရဟန်းပင် ဖြစ်စေကာမူ စိုးရိမ်ရတတ်၏။

လူပုဂ္ဂိုလ်ဖြစ်မူ အမှုအခင်းများနှင့် ရင်ဆိုင်ရတတ်၏။ ပလိပ်ရောဂါ

ဖြင့်လည်း သေဆုံးတတ်၏။

အမည်းရောင် ပေါ်လာလျှင် သေဆုံးလိမ့်မည်။

## မိဘနှစ်ပါး ပြချက်

ထိုနေရာသည် နဖူးပြင်၏ ဘယ်ဘက်နှင့် ညာဘက်တို့တွင် တည်ရှိ၏။ ဘယ်ဘက်သည် ဖခင်ဖြစ်သူနှင့်သက်ဆိုင်၍ ညာဘက်သည် မိခင်ဖြစ်သူနှင့် သက်ဆိုင်၏။ ထိုနေရာများသည် မြင့်မြင့်ထင်ထင်ရှိမှသာ မိဘနှစ်ပါးအသက်ရှည်နိုင်၍ မြင့်မြင့်ထင်ထင် မရှိခဲ့ပါဘဲ နိမ့်ချိုင့်နေမူ ငယ်ရွယ်စဉ်အခါကပင် မိဘများ ဆုံးပါးတတ်၏။ ထိုနေရာတွင် နိမ့်ဆင်းနေသောဘက်တွင် ခိုက်တတ်၏။

ငှင်းပြင် နှာခေါင်းထိပ်မှ နှာသီးဖျားသည် ဘယ်ဘက်က ပြား၍နေလျှင် အဖေ၊ ညာဘက်က ပြား၍နေလျှင် အမေ အရင်ကွယ်လွန်တတ်၏။

ဘယ်ဘက်က နားရွက်သည် ညာဘက်က နားရွက်ထက် တို၍သေးနေလျှင် အဖေ အရင်သေ၏။

ညာဘက်က နားရွက်သည် ဘယ်ဘက် နားရွက်ထက် တို၍ သေးနေလျှင် အမေ အရင် သေနိုင်၏။

ဘယ်ဘက်က မျက်ခုံးမြင့်၍ ညာဘက်ကမျက်ခုံး နိမ့်နေလျှင် အမေ အရင်ဆုံး၏။

ညာဘက်က မျက်ခုံးမြင့်ပြီး ဘယ်ဘက်က မျက်ခုံး နိမ့်နေလျှင်မူ အဖေ အရင်သေဆုံးတတ်၏။ မိခင်ဖြစ်သူ နောက်အိမ်ထောင်ပြုရလိမ့်မည်။

ဦးခေါင်းထိပ် ချိုင့်၍ မျက်ခုံးပါ ချိုင့်ဝင်နေမူ မိဘနှစ်ပါး စောစီးစွာ

သေဆုံးတတ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းနှစ်ခုစလုံးချွန်၍ ဆံပင်တို နေပါကလည်း မိဘနှစ်ပါး စောစီးစွာ သေဆုံးတတ်၏။

နဖူးပြင်သည် မြင့်၍ တက်နေလျှင် မိဘနှစ်ပါး အသက်ရှည်နိုင်၏။

ထိုမျှလောက် မမြင့်မူလည်း စောစီးစွာ သေဆုံးတတ်၏။

နဖူးပြင်၏ အလယ်တည့်တည့်မှ ဆံစထိပ်တွင် ချွန်နေပါကလည်း ကံမကောင်းတတ်ပေ။

နားထင်နှစ်ဖက် မည်းနေလျှင်ဖြစ်စေ၊ ဖြူနေလျှင် ဖြစ်စေ မိဘနှစ်ပါး သေဆုံးတတ်၏။ ဘယ်ညာ ခွဲကြည့်ရ၏။

## အခြွေအရံ ပြချက်

ထိုပြချက်သည် မေးစေ့ နေရာတွင်ပြထားသော အချက်ပင်ဖြစ်၏။ ၎င်းနေရာ မချိုင့်ကွက်ဘဲ အသားအရေ ပြည့်ဖြိုးပြီး ပြောင်လက် စိုပြည်နေမှသာလျှင် အခြွေအရံ ပေါများနိုင်၏။

ဘယ်ဘက်မေးစေ့ နေရာတွင် ယောကျ်ားအခြွေအရံဖြစ်၍ ညာဘက်မေးစေ့နေရာတွင်မူ အမျိုးသမီး အခြွေအရံပင် ဖြစ်၏။

❐

## ပုံ (က)

က– ၁။ ချမ်းသာကြွယ်ဝသည့် သူများ ဖြစ်ကြ၏။

က– ၂။ အသက်ရှည်စွာ နေထိုင်ရမည့်သူများ ဖြစ်၏။

က– ၃။ ဩဇာအာဏာရှိသည့် လူများ ဖြစ်၏။

က– ၄။ အသက်တိုသူများ ဖြစ်၏။

က– ၅။ ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရသူများ ဖြစ်၏။

က– ၆။ စားဝတ်နေရေး အဆင်ပြေသူများ ဖြစ်၏။

က– ၇။ ဆင်းရဲ၍ ဒုက္ခရောက်နေသူများ ဖြစ်၏။

က– ၈။ အစေအပါးဖြစ်၏။

က– ၉။ တစ်ကိုယ်တည်းသမားများ ဖြစ်၏။


က–၁၀။ ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရသူများ ဖြစ်၏။

က–၁၁။ လူဆိုး သူခိုးများ ဖြစ်၏။


က–၁၂။ ပင်လယ်ဓားပြ ဖြစ်၏။

က–၁၃။ ခါးပိုက်နှိုက်များ ဖြစ်၏။


သင်သည် အထက်ဖော်ပြပါ ပုံများကို သေချာကျနစွာ လေ့လာကြည့်ရှုခြင်းဖြင့် ခွဲခြား ပြောဆိုနိုင်ရန်မှုများစွာ မခဲယဉ်းနိုင်ပါ။




ပုံ (က)



ပုံ (က)



ပုံ (က)

လူတစ်ယောက်သည် လှပပြီး အရောင်အဆင်း ကောင်းမွန်ကာ ပြည့်ဖြိုးစိုပြည်နေသော နှာခေါင်းရှိကာ ပြောင်လက်၍ သန့်ရှင်းကြည်လင်နေသော နားထင် ပါရှိမှသာလျှင် ချမ်းသာ ကြွယ်ဝလိမ့်မည် ဖြစ်၏။

နှာခေါင်းသည် တည့်မတ်ဖြောင့်စင်း၍မနေဘဲ အနည်းငယ် နိမ့်ဆင်း၍ နေမှသာ ကောင်းမည်ဖြစ်၏။ ထို့အတူ နားထင်သည်လည်း စိုပြည်နေကာ အရောင်အဆင်းပါ တောက်ပနေရပေမည်။ ရှေ့ပိုင်းတွင် ပုံနှင့်တကွ ဖော်ပြပါရှိခဲ့ကာ ပြချက်များတွင် နှာခေါင်းသည် ရွှေ ငွေ ရတနာပစ္စည်း ဥစ္စာပင်ဖြစ်သည်။ နှာခေါင်းကောင်းနေသော သူတစ်ယောက်သည် မည်သည့် နေရာတွင်မဆို အလုပ်အကိုင် အဆင်ပြေနေပေလိမ့်မည်။ ဦးခေါင်းမှာလည်း ညီညာပြီး ပြည့်ဝစွာရှိရပါမည်။ အသက်ရှည်ခြင်း၊ အသက်တိုခြင်းများသည်လည်း နှာခေါင်းနှင့်ပါ သက်ဆိုင်အကျုံးဝင်ပါသည်။ နားထင်မှာလည်း ပြောင်လက်စိုပြည်နေလျှင် ပို၍ပင် အဆင်ပြေပါလိမ့်မည်။

နှာခေါင်းတွင်လည်း ပုံစံအမျိုးပေါင်း မြောက်မြားစွာ ရှိ၏။ ချွန်၍နေသော နှာခေါင်း၊ အသားအရေပါးသော နှာခေါင်း၊ အသားအရေထူနေသော နှာခေါင်း၊ ကောက်နေသော နှာခေါင်း၊ အတွင်းသို့ နိမ့်ချိုင့်ဝင်နေသော နှာခေါင်း၊ အသားအရေပြည့်ဝနေသော နှာခေါင်း၊ အလွန်ကြီးလွန်းသော နှာခေါင်း၊ အလွန်သေးငယ်လွန်းသော နှာခေါင်း၊ အရစ်များ ပါရှိသော နှာခေါင်းနှင့် မှဲ့များပါရှိသော နှာခေါင်းအစရှိသည်တို့ဖြင့် ပုံစံမတူညီသော အမျိုးပေါင်းများစွာ ရှိပါသည်။

အောက်ဘက်သို့ အနည်းငယ်ရှည်ကျနေပြီး အသားအရေ ပြည့်ဝစိုပြည်နေသော နှာခေါင်းပိုင်ရှင်သည် အလုပ်အကိုင် အကြံအစည်များအောင်မြင်၍ စီးပွားရေး ပြေလည်နေတတ်၏။

ထို့အတူ နဖူးပြင်သည်လည်း မြင့်ပြီး ညီညာ၍ ကျယ်နေရပါမည်။ (နဖူးပြင်မြင့်သည်ဟုဆိုရာ၌ အလွန်မြင့်မောက်နေခြင်းကို မဆိုလိုပါ။)

အသားအရေပါထူ၍ စိုပြည်နေသော နဖူးပိုင်ရှင်သည် အကောင်းဆုံးပင် ဖြစ်၏။ ထိုနဖူးကို ကြည့်ခြင်းအားဖြင့် ပညာရေးကောင်းသူ၊ ကျန်းမာရေးကောင်းသူဟု အဓိကထား၍ ချက်ချင်း အကဲခတ် ဆုံးဖြတ်နိုင်၏။ ထိုပြင် နဖူးပြင်သည် အရောင်အဆင်းပါ ကြည်လင်သန့်ရှင်းနေရပါမည်။

နှုတ်ခမ်းမွေး များစွာပေါက်နေလျှင်လည်း ကောင်းစားလိမ့်မည်။ နားထင်ပါကျယ်၍ ပြောင်လက် ကြည်လင်နေလျှင် ပို၍ပင်အဆင်ပြေနိုင်၏။

မျက်ရည်ခံနေရာ အရေးအကြောင်းနှင့် အပေါ်နှုတ်ခမ်း အလယ်ချိုင့်နေရာတို့တွင် ကျယ်၍ ကြီးပြီး စောက်နက်နေကာ နဖူးနှင့် နားထင်နှစ်ဖက်ပါ ကြီးပြီးနေလျှင် အလုပ်အကိုင်များ အောင်မြင်ပြီး စီးပွားရေးအဆင်ပြေနေတတ်သည်။ ထို့ပြင် ကြီးပွားချမ်းသာနိုင်၏။ ထိုအချက်များသည် လူတစ်ယောက်၏ မျက်နှာပြင်ပေါ်တွင် အလွန် အရေးပါအရာရောက်သော အချက်များဖြစ်၍ အဓိကထား၍ မှတ်သားထားလျှင် အသုံးဝင်နိုင်သော ပြချက်ပင်ဖြစ်၏။ သင်သည် လူတစ်ယောက်၏ မျက်နှာပြင်ကို သေချာကျနစွာ ခွဲခြားကြည့်ရှုလျှင် ဘယ်ဘက်နှင့် ညာဘက်ပုံစံမှာ မတူညီကြပေ။ ထို့ကြောင့် ဘယ်ဘက်နှင့် ညာဘက်တို့ကို သေချာကျနစွာ ခွဲခြားကြည့်ရှုခြင်းအားဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေး အပါအဝင် အခြားအကြောင်းအရာများစွာတို့ကိုပါ သိရှိဟောပြောနိုင်ပေလိမ့်မည်။

လူတစ်ယောက်၏ နဖူးပြင်သည် အလွန်အရေးကြီးသော နေရာဖြစ်ပါသည်။ ထို့ကြောင့် နဖူးပြင်၏ဘယ်ဘက်ကို 'နေ' ဟူ၍ လည်း

ကောင်း၊ ညာဘက်ကို 'လ' ဟူ၍ လည်းကောင်း ထို့အတူ ဘယ် ဘက် မျက်စိကို နေမင်းကြီး၊ ညာဘက်မျက်စိကို လမင်းကြီး ဟူ၍ လည်း ကောင်း တင်စား ခေါ်ဝေါ်ထားပါသည်။

လူတစ်ယောက်သည် အသက်အရွယ်ကြီး၍လာလျှင် မျက်နှာပြင် ပေါ်တွင် မှဲ့များအဓိက ရှိနေရမည်။ အသားအရောင်ပါ စိုပြည်ကြည် လင်နေလျှင် အသက် ၉၀ ထိ နေရလိမ့်မည်။ မျက်နှာပြင်သည် ပြောင် လက် ကြည်လင်နေပြီး အပေါ် အလယ်အောက် သုံးမျိုးစလုံး ညီညွတ် စွာ ရှိနေခဲ့လျှင် အသက် ပို၍ပင် ရှည်နိုင်သည်။

□

## ကလေးကြည့် လက်ာ

၁ နှစ်က ၃ နှစ်၊ လွန်စွာကောင်း

၄ နှစ်က ၅ နှစ်၊ ထိပ်နဖူးကိုကြည့်

၂ နှစ်က မသေချာ။

သူ့မွေးသက္ကရာဇ်က မမှန်ပါ

၃ နှစ်မှာ အောင်မြင်သွား

၄ နှစ်မှာ အောက်ခြေရောက်

၅ နှစ်ကို ထပ်မံကြည့်

မျက်နှာပြင် အင်္ဂါရပ် ပုံစံကောင်းနေမှသာ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးများပါ အောင်မြင်နေမည် ဖြစ်၏။

□

## ခက်ခဲသောပြချက်များ

၃ နှစ်မှ ၅ နှစ်
၁၉ နှစ်ရောက်လျှင် တစ်ခါပြချက်ခက်၏
၂၅ နှစ်မှ ၃၅ တွင် တစ်ခါခက်
နဖူးပေါ် ၁၉ နှစ်မှာတစ်ခက်
၃၆ နှစ်တစ်ခက်
နေနှင့်လ၊ ၄၁ နှစ်မှာ နှာခေါင်း
၅၁ နှစ်က တစ်ခါခက်
၆၂ နှစ် ၇၃ နှစ်က တစ်ခက်

လူတစ်ယောက်ကို ကြည့်ရှုဟောပြောလျှင် ထိုခက်ခဲသော ပြချက်များသည် ကြည့်ရှုဟောပြောနိုင်ရန် အလွန်ခက်ခဲပါ၍ သေချာကျနစွာ လေ့လာရန် အထူးလိုအပ်ပါသည်။

❐

## ကောင်းမွန်သော အရေးကြီးသည့်ပြချက်

အပေါ်နှုတ်ခမ်းအထက်မှ အလယ်ချိုင့်ရာသည် အရေးကြီးဆုံးသော နေရာဖြစ်ပါသည်။ ၎င်းသည် ကျယ်ပြန့်၍ နက်ရှိုင်းနေမည်ဆိုပါက လူအများကို အုပ်စိုးနိုင်သောသူ ဖြစ်နိုင်၏။ နဖူးပြင်၏ အသားအရေပါ လှပစိုပြည်ပြီး ညီညာနေမည် ဆိုလျှင်မူ အလွန်ဩဇာအာဏာနှင့် ပြည့်စုံနိုင်၏။ အပေါ်ပိုင်းနှင့် အောက်ပိုင်းများပါ ညီညွတ်ပြီး နှာခေါင်းပါ ကောင်းနေခဲ့လျှင် မိမိကြံစည်ထားသော အလုပ်အကိုင်များ အောင်မြင်ပေလိမ့်မည်။ (ဤအင်္ဂါရုပ် ပညာရပ်ကို လေ့လာရာတွင် အပေါ်၊ အလယ်၊ အောက် ဆိုသည်တို့သည် အထူးအရေးပါ အရာရောက်သော အချက်များဖြစ်၍ သိမှတ်ထားဖို့ လိုအပ်၏။ ၎င်းအပိုင်း ၃ ပိုင်းတို့မှာ နဖူးပြင်သည် အပေါ်ပိုင်း၊ မျက်ခုံး၊ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့သည် အလယ်၊ မေးစေ့သည် အောက်ပိုင်းတို့ ဖြစ်ပါသည်။)

□

## မကောင်းသော အရေးကြီးသည့်ပြချက်

ဦးခေါင်းသေး၍ မျက်နှာပါငယ်နေလျှင် ညီအစ်ကို မောင်နှမနှင့် ဇနီးသည်တို့နှင့်ပါ တကွဲတပြားစီ နေရတတ်၏။ ကျန်းမာရေးပါ ချွတ်ယွင်းတတ်၏။

လူကို ကြည့်လိုက်လျှင် ဟုတ်သယောင် မဟုတ်သယောင်နှင့် အထင်ခံရသူသည်လည်း လူအများ၏နှိမ့်ချခြင်းကို ခံရလိမ့်မည်။

❒

## အရေးကြီးသော ပြချက်များ

လူတစ်ယောက်သည် စီးပွားရေးနှင့် ကံကြမ္မာများကို ခွဲခြားကြည့်နိုင်ရန် အလွန် အရေးကြီး၏။

မျက်နှာပြင်ပေါ်တွင် အမည်းရောင်အကွက်များ မပါရှိဘဲ နားထင်ရိုးနှစ်ဖက်သည် ပြောင်လက်စိုပြည်နေမှသာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်လိမ့်မည်။

အပေါ်မျက်ခွံပြောင်လက်၍နေသော ကလေးငယ်သည် လိမ္မာယဉ်ကျေးသော ကလေးပင်ဖြစ်၏။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ အသားအရေများ စိုပြည်ကြည်လင်နေရပေမည်။ အသားအရေ မမွဲမခြောက်ရပါ။ မှဲ့များလည်း မရှိရပါ။ ထိုမှသာ သားသမီးပေါများပေလိမ့်မည်။ မေးစေ့အောက်ပိုင်းသည်လည်း အသက်ရှည်ကြောင်း၏ အဓိက ပြချက်တွင် ပါဝင်၏။

(မေးစေ့သည် အသားအရေ ပြည့်ဝပြီး အနည်းငယ် ရှည်ကျကာ အပြင်ဘက်သို့ ကောက်တက်နေမည်ဆိုလျှင်လည်း ထိုသူသည် အသက် ၇၀ ကျော်အထိ အနည်းဆုံးနေရပေလိမ့်မည်။) ပစ္စည်းဥစ္စာ ရတနာ ပြည့်စုံကြွယ်ဝသူသည် အသားအရေထူရမည်။ ကျန်းမာရေး ကောင်းမွန်သူတစ်ယောက်ဖြစ်နေလျှင် ဘယ်ညာ နားရွက် ကောင်းရမည်။ သို့

မဟုတ်ပါက ဆင်းရဲဒုက္ခရောက်နိုင်၏။ အသက်လည်း မရှည်ပါ။ ၂၅ နှစ် ၃၀ နှစ်တွင် သေဆုံးတတ်၏။

မျက်စိပုံစံ ပျက်နေလျှင်လည်း အသက်မရှည်ပါ။ နားထင် သေးငယ်လျှင်လည်း ၃၆ နှစ် ၃၉ နှစ်တွင် သေဆုံးနိုင်၏။ သို့မဟုတ်ပါက ၁၂ နှစ် ၁၆ နှစ် ဖြစ်၏။ အစိမ်းရောင် ပေါ်လာခဲ့လျှင် ၈ နှစ် ၉ နှစ်၊ နောက်စေ့ရိုးကိုပါ ကြည့်ပါ။

၈ နှစ်မှ ၁၆ နှစ်အထိ မျက်ခုံးကို ကြည့်ရမည်။ ၂၀ နှစ်မှ ၂၅ နှစ်အထိ မျက်ခုံးကို ကြည့်ရမည်။ ၃၂ နှစ်တွင်မူ မြင့်သောမျက်ခုံးမွေးနှင့် ကြမ်းသော မျက်ခုံး စသည်တို့ကို ကြည့်ရှုဝေဖန်ဟောကြားပါ။

အသက် ၂၅ နှစ်ဆိုလျှင် နဖူးပြင်၏ အလယ်ဗဟိုတည့်တည့်ကို ကြည့်ပါ။ ၂၅ နှစ် ၂၀ နှစ်တွင် မျက်လုံးကို ကြည့်ရပါမည်။ မျက်ရိုး မြင့်တက်နေလျှင် ၄၆ နှစ် ၄၇ နှစ်တွင် ကြည့်ရှုရပါမည်။ မျက်ခုံး ကြမ်း၍ နေလျှင်မူ ၆၀၊ ၆၁ နှစ်တွင် ဆင်းရဲဒုက္ခရောက်တတ်၏။ နှုတ်ခမ်းတိုပြီး မရှည်လျားဘဲနေလျှင် ၅၃ နှစ်တွင် အလွန်ညံ့တတ်၏။ နှုတ်ခမ်းတိုပြီး အနည်းငယ်သေးငယ်နေလျှင်မူ ၅၀ နှစ်တွင် သေဆုံးတတ်၏။ နှုတ်ခမ်းတိုပြီးပါး၍ မေးစေ့ရှည်နေလျှင် ၅၁ နှစ်သို့ ၆၁ နှစ်တွင် အလွန်ညံ့၏။

ထိုအချိန်များတွင် အလုပ်အကိုင် အကြံအစည်များ ပျက်စီးဆုံးရှုံး၍ ဆင်းရဲဒုက္ခရောက်တတ်၏။ မေးစေ့အလွန်တို၍နေမူ ၄၁ နှင့် ၅၁ နှစ်အတွင်း စီးပွားရေးနှင့် ကျန်းမာရေးတို့တွင်ပါ ညံ့၏။ ဖနီးသည်တွင် မေးစေ့အလွန်တိုနေလျှင် သားသမီးမွေးဖွားချိန်တွင် သေဆုံးတတ်၏။

နှာခေါင်းသည် မြင့်နေပြီး နဖူးပြင်ကျဉ်းကာ ဘယ်ဘက်နားထင်မှ အသားအရောင်မည်းနေလျှင် အသက် ၆၅ နှစ်တွင် သေဆုံးနိုင်၏။

မျက်နှာပြင် အသားအရေသည် မစိုပြည်ဘဲ အရောင်မွဲခြောက်နေ

လျှင်လည်း အသက် ၃၅ နှစ်အထိသာ အသက်ရှင်နိုင်၏။

မျက်နှာပြင်တွင် ပန်းသီးရောင်ကဲ့သို့သော အရောင်ရှိပြီး အသား အရေပါးနေလျှင် အသက် ၁၉ နှစ် ၂၀ နှစ်၊ သို့မဟုတ် ၂၅ နှစ်တွင် သေနိုင်၏။ သို့သော်လည်း ခါးကုန်း၍ ခန္ဓာတစ်ခြမ်းစောင်း၍ နေသော သူဆိုလျှင်မူ အသက် ၅၄ နှစ်အထိ အသက်ရှည်နိုင်၏။

ကျောကုန်းမှ အသားအရေ ပါးနေပြီး ချက်အပြင်သို့ စူထွက်နေလျှင် ဆင်းရဲဒုက္ခရောက်ပြီး အသက် ၅၂ နှစ် အထိသာ နေထိုင်ရတတ်၏။

ကျောကုန်းအသားအရေထူပြီး ဝမ်းဗိုက်ပူထွက်နေလျှင် စောစီးစွာ ချမ်းသာလိမ့်မည်။ သို့သော် အသက် ၄၇ နှစ် အထိသာလျှင် နေထိုင် ရလိမ့်မည်။

ကိုယ်ခန္ဓာ ဝဖြိုးပြီး လည်ပင်းသေးနေလျှင်လည်း အသက် ၅၀ နှစ် အရွယ်တွင် သေနိုင်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာသည် တိမ်ပြီးတို၍နေလျှင် အသက် ၄၉ နှစ်ထိသာ နေရမည်။

ကိုယ်ခန္ဓာ ဝဖြိုးပြီး လည်ပင်းတိုလျှင်လည်း အသက် ၄၄ နှစ် တွင် သေဆုံးတတ်၏။

နှာခေါင်း အပေါက်ဝ နှစ်ဖက်သည် ကပ်၍နေပြီး မညီမညာဘဲ ဖြစ်နေလျှင် ထိုသူသည် အသက် ၄၀ တွင် သေဆုံးနိုင်၏။

အပေါ်နှုတ်ခမ်းပါးပြီး ရှည်နေလျှင် အသက် ၅၆ နှစ်တွင် သေ နိုင်၏။

နဖူးပြင်မှ အသားအရေများထူပြီး ကြမ်းတမ်းစွာ ရှိနေကာ အပေါ် နှုတ်ခမ်းပါ ပြားချပ်နေလျှင် အသက် ၅၂၊ ၅၄၊ ၅၆ နှစ်တို့တွင် သေ နိုင်၏။

□

## မျက်နှာပြင်ပေါ်မှ ၁၃၅ နေရာ ပြချက်များ

ဤ အင်္ဂါရုပ်ပညာကိုတရုတ်ပြည်မှ အင်္ဂါရုပ်ပညာရှင်ကြီးများသည် ကောင်းကင်ပေါ်မှ နက္ခတ်များနှင့် လူများ၏အင်္ဂါရုပ်ကို ကြည့်ရှုနှိုင်းယှဉ်ပြီး တီထွင်ကြံဆခဲ့ကြခြင်း ဖြစ်ပါသည်။

လူတစ်ယောက်၏ အင်္ဂါအစိတ်အပိုင်းများကို သေချာကျနစွာ ကြည့်ရှုလေ့လာမည်ဆိုပါက တစ်ဦးနှင့်တစ်ဦး လုံးဝ မတူညီကြပါ။ ဤအကြောင်းအရာများကြောင့် အင်္ဂါရုပ်ပညာသည် ဖြစ်မြောက် ပေါ်ထွက်လာ၍ တိကျမှန်ကန်စွာဖြင့် ဟောပြောနိုင်ခြင်း ဖြစ်ပါသည်။

နဖူးပြင်၏ထိပ်သည် အသားအရေ စိုပြည်နေပြီး ကြည်လင်ပြောင်လက်ကာ ပြည့်မောက်နေမည် ဆိုလျှင် ထိုသူသည် ပစ္စည်းဥစ္စာ ရတနာပေါများ၍ ခေတ်ပညာတတ်တစ်ယောက် ဖြစ်ပြီး အရာရာတွင် ထူးချွန်အောင်မြင်မှုရသော လူတစ်ယောက် ဖြစ်လိမ့်မည်။ လူအများ၏ ချီးမြှင့်မြှောက်စားခြင်းကိုလည်း ခံရကာ ဩဇာအာဏာရှိသူလည်း ဖြစ်နိုင်၏။

လူတစ်ယောက်၏ နားထင်မှ အရောင်အဆင်းသည် မှေးမှိန်ခြောက်သွေ့နေခဲ့ပါလျှင် အသွားအလာ အနေအထိုင် ဆင်ခြင်သင့်၏။ အသက်အန္တရာယ် စိုးရိမ်ရ၍ ကြိုတင်ပြီး သတိပြုအပ်၏။

နဖူးပြင်ပေါ်မှ အချက်အလက်များသည် လူတစ်ယောက်တွင် အလွန် အရေးကြီးဆုံးသော အချက်အလက်များ ဖြစ်ပါသည်။ နဖူးပြင် အသားအရေ စိုပြေ၍ အပေါ်သို့ပြည့်ဝနေသူသည် နားထင်မှ အသား အရေပါ စိုပြည် ပြည့်မောက်၍ နေရပေမည်။ ၄င်းနားထင်သည် မြင့်လည်း မြင့်၊ ကျယ်လည်း ကျယ်နေကာ အရောင်အဆင်းပါ ကြည်လင်တောက်ပ နေမည်ဆိုပါက တစ်သက်လုံး ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့ စွာ နေထိုင်ရပေလိမ့်မည်။

နဖူးပြင်အသားအရေမြင့်နေလျှင် ငယ်ရွယ်စဉ်ကတည်းက ကောင်း ကျိုးကို ခံစားရပြီး ညီညာ၍ အသားအရေ ပြည့်နေလျှင်မူ မကြာခဏ ခရီးသွားလာရမည်။ နားထင်အရိုး နှစ်ဖက်စလုံး ချိုင့်ဝင်နေပါက အလုပ် အကိုင်အကြံအစည်များ ပျက်ပြားတတ်၍ စီးပွားရေး ကျဆင်းလိမ့်မည်။ ဘေးအန္တရာယ် အလွန်များတတ်ပြီး ထိခိုက်သေဆုံးနိုင်၏။ အမှုအခင်း များ မကြာခဏဖြစ်ကာ ထောင်လည်းကျနိုင်၏။ ၄င်းနားထင်ရိုး နှစ်ဖက် သည် ပြောင်လက်၍ စိုပြည်နေမှသာ ကောင်းစားနိုင်သည်။

နားထင်ရိုးအနားတွင် အကြော ပေါ်လွင်နေလျှင် ထိုသူသည် လူ အများက လေးစားကြည်ညိုခံရမည့် ပုဂ္ဂိုလ်ပင် ဖြစ်၏။ အလွန်ဩဇာ အာဏာရှိသူလည်း ဖြစ်နိုင်၏။ အမျိုးသမီးတွင် ထိုကဲ့သို့ နားထင်ရိုး အနားတွင် အကြောပေါ်လွင်နေလျှင်မူ မင်းကတော် သို့မဟုတ် သူဌေး ကတော်တစ်ယောက်ပင် ဖြစ်လိမ့်မည်။ ထိုနေရာများတွင် အသား အရေ့ငမ်းမည်း၍နေလျှင်မူ မိဘနှစ်ပါးကို ထိခိုက်နိုင်၏။

နဖူးပြင်ပေါ်မှ ဘယ်ဘက်နှင့် ညာဘက်တို့တွင် ရှိသော အရိုးနှစ်ဖက် တို့သည် အပေါ်သို့ ထင်မြင်ပေါ်လွင်စွာ မြင့်တက်နေပြီး မျက်စိနှစ်ဖက်ပါ အရောင်တောက်နေလျှင် ထိုသူသည် ဩဇာအာဏာရှိသူတစ်ယောက် ဖြစ်သည်။

ဘယ်ဘက်က အရိုး တက်နေမှု အုပ်ချုပ်ရေးပိုင်းတွင် အာဏာရှိ၍ ဝန်ကြီးတစ်ဦးဖြစ်နိုင်ကာ ညာဘက်က အရိုးမြင့်တက်နေလျှင် စစ်ဘက်တွင် အုပ်ချုပ်နေသော ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီး စသည်တို့ ဖြစ်နိုင်၏။ ထိုပြချက်များ ပါရှိမှသာလျှင် ဖြစ်နိုင်၍ ထိုပြချက်များ မပါရှိမူ မဖြစ်နိုင်ပါ။

မျက်ရိုးမှအသားများ အလွန်ပြည့်မောက်နေသူသည်လည်း အကြံအစည်များ မအောင်မြင်နိုင်ပါ။

မျက်စိအောက်နားမှ အရိုးနှစ်ဖက်ကြီးပြီး ကျယ်၍ နေလျှင်လည်း ရာထူးကြီး ရရှိနိုင်၏။

ထိုနေရာများတွင် မှဲ့ပါရှိနေလျှင် မိဘများကို ထိခိုက် နိုင်၏။

လူတစ်ယောက်၏ မျက်နှာပြင်ပေါ်မှဲ့ပါရှိလျှင်လည်း မကောင်းပါ။ မျက်နှာပြင် အရောင်အဆင်းမည်းနေလျှင်လည်း အလုပ်အကိုင်အကြံအစည် အဆင်မပြေ ဖြစ်တတ်သည်။

မျက်နှာပြင်၏အသားအရည်ပေါ်တွင် လိမ္မော်ရောင် ပေါ်နေပါကလည်း ထိုသူသည် မိမိလုပ်ကိုင်နေသော လုပ်ငန်းကို တခြားလူများနှင့် အပြိုင်အဆိုင် လုပ်ရလေ့ရှိသည်။

နဖူးပြင်မှ အသားအရေပေါ်တွင် အစိမ်းရောင်ပေါ်လာလျှင်မူ သေဆုံးနိုင်၏။

မျက်စိသည် လူတစ်ယောက်၏ အလုပ်အကိုင်နှင့် စီးပွားရေးနှင့် စိတ်ဓာတ်ရေးရာတို့တွင် များစွာ တည်ရှိ၏။

မျက်စိအရောင်အဆင်း ကောင်းနေလျှင် အလုပ်အကိုင် အကြံအစည်များ ထမြောက်အောင်မြင်နိုင်၍ အရောင်အဆင်း မကောင်းလျှင် အဆင်မပြေ ဖြစ်တတ်၏။

မှတ်ချက်။ သင်သည်မျက်စိအရောင် မကောင်းသူတစ်ဦး ဖြစ်နေမူ ခရီးသွားလျှင် ဆင်ခြင်၍ သတိနှင့် သွားလာပါ။ ဘေးအန္တရာယ် ဖြစ်နိုင်၏။

မျက်စိသည် အရောင်အဆင်းကောင်း၍ အလွန်ကြည်လင်တောက်ပနေပါမူ တစ်သက်လုံး ချမ်းသာပျော်ရွှင်မှု ရလိမ့်မည်။ နဖူးပြင်မှ အရိုးများပါ မြင့်ပြီး နောက်စွေပါ ကောင်းမွန်နေသူတစ်ဦး ဖြစ်လျှင် အရာရာတိုင်းတွင် လူတကာထက် အောင်မြင်ကျော်ကြားနေသူ ဖြစ်နေပေလိမ့်မည်။


❐

## ပုံ (ခ)

နံပါတ် ၁ ပုံကို ကြည့်ပါ။ ထိုသူ၏အင်္ဂါရုပ်သည် အလွန်ကောင်းမွန်သူတစ်ယောက် ဖြစ်ပါသည်။ ၎င်း၏နဖူးရိုးများသည် မြင့်တက်၍နေ၏။ လူအများ၏ ရိုသေလေးစားခြင်းကို ခံရသည့် ဩဇာအာဏာရှိသော ပုဂ္ဂိုလ်ကြီး တစ်ယောက်ပင် ဖြစ်၏။ ၎င်း၏ နောက်စေ့ရိုးပေါ်နေလျှင် လက်ရှိရာထူးထက်ပင် ပို၍ အဆင့်မြင့်သော ရာထူးကို ရရှိနိုင်၏။ နောက်စေ့ရိုး သေးငယ်နေပါက ရာထူးအဆင့်အတန်းပို၍သေးငယ်နိုင်၏။ နားထင်ရိုး ချိုင့်နေပြီး နောက်စေ့ရိုးများပါ ချိုင့်သောသူဖြစ်လျှင် လူကြည်ညိုလေးစားခြင်း မခံရတတ်ပေ။ နဖူးပြင်တွင် နိမ့်ဆင်းသွားလျှင်မူ ရက် ၁၀၀ အတွင်း သေဆုံးနိုင်၏။

နံပါတ် ၂ ပုံကို ကြည့်ပါ။ ထိုသူ၏ နားထင် ကောင်းမွန်နေလျှင် ရာထူးကောင်း ရရှိလိမ့်မည်။ နဖူးပြင်မှ အရိုးလည်း မြင့်၍နေရမည်။ မျက်နှာပြင်အောက်ပိုင်းလည်း ကောင်းနေလျှင် ရာထူးကြီး ရနိုင်၏။ အသားအရောင် မည်းသွားလျှင်မူ သေဆုံးနိုင်၏။

နဖူးပြင်နှင့် နားထင်ကြားတွင် ပန်းနုရောင် အနည်းငယ်ပေါ်ပေါက်လာလျှင် သူများ လုပ်ကြံခြင်းခံရတတ်သည်။ ထိုနေရာ၏ အသားအရေမှာ အရောင်အဆင်း တောက်ပနေလျှင် လူချစ်လူခင်ပေါများ၍ အသွား



ပုံ (ခ)

အလာရှိကာ အရောင်အဆင်း မရှိခဲ့လျှင် အသွားအလာ မရှိတတ်ပေ။

မှတ်ချက်။ ။နဖူးရိုးအပေါ်သို့ ထောင်တက်နေလျှင် တစ်သက်လုံး ကောင်းစားလိမ့်မည်။ မျက်ခုံးအပေါ်သို့ မြင့်မောက်နေလျှင် အသက်ငယ်ရွယ်စဉ်အခါတွင် ကြီးပွားလိမ့်မည်။

မျက်ခုံးအရိုးသည် အထစ်ထစ်များရှိနေခဲ့လျှင် အလုပ်အကိုင်အကြံအစည်များ ပျက်ကွက်လိမ့်မည်။

မျက်ခုံးအရိုးအရောင်မှေးမှိန်၍ နေပါလျှင် မိမိကိုယ်ကို စိတ်မချပါနှင့်။

နံပါတ် ၃ မှ ပုံကိုကြည့်ပါ။ ထိုသူသည် နဖူးထိပ်ပြောင်၍နေပြီး ကုသိုလ်ကံအလွန်ကောင်းကာ အလုပ်အကိုင်အလွန်အဆင်ပြေ၍ စားဝတ်နေရေး ဖူလုံနေသူတစ်ဦးပင်ဖြစ်၏။

သို့ရာတွင် မျက်နှာပြင်ပေါ်မှ အရောင်အဆင်းများမည်းလာလျှင်မူ စီးပွားရေး ကျဆုံးရလိမ့်မည်။

ထိုသူ၏ မျက်ခုံးနှစ်ဖက်သည်ရှည်ကျနေလျှင် ကျန်းမာရေးအလွန်ကောင်းမည်။ ထိုသူသည် စိတ်ဓာတ်တည်ကြည်ကာ အလုပ်လုပ်ရာတွင် တိကျပြတ်သားစွာဖြင့် လုပ်ဆောင်လေ့ရှိသည်။

အကယ်၍ မျက်ခုံးရိုးများမြင့်နေလျှင်မူ လူဆိုးလူမိုက် ဖြစ်နိုင်၏။ သို့မဟုတ်ပါက ဆင်းရဲဒုက္ခရောက်လိမ့်မည်။

နံပါတ် ၄ ပုံကိုကြည့်ပါ။ နားထင်ကောင်းမွန် ကြည်လင်နေလျှင် ချမ်းသာနိုင်၏။ နားထင်အပေါ်နားမှ အရိုးသည်ကြည့်လိုက်လျှင် အပြင်သို့ ထွက်နေသယောင် မြင်နေရလျှင် ကူညီမ စမည့်သူ ပေါ်နိုင်၏။ ထိုနေရာတွင် အရောင်မှေးမှိန်သွားလျှင် ဖြစ်စေ၊ မှဲ့ပါရှိလျှင်ဖြစ်စေ စိတ်သောက များတတ်၏။

နံပါတ် ၅ ပုံကို ကြည့်ပါ။ ထိုလူသည် ကျန်းမာရေးနှင့် ပြည့်စုံသူ

တစ်ယောက်ပင် ဖြစ်၏။ လူကြီးများ၏ မ စကြည့်ရှုခြင်းကို ခံရမည့် သူပင်ဖြစ်၏။

မှတ်ချက်။ ။ နဖူးပြင်မှ အရိုးမြင့်နေလျှင် ဉာဏ်ပညာကြီးသူ ဖြစ်၏။ နားထင်အသားအရေ ပြည့်မောက် စိုပြည်နေလျှင် ရာထူးရနိုင်၏။ နားထင် ရိုးမြင့်နေလျှင် ကူညီမ, စမည့်သူ ပေါ်များ၏။ နားထင်ပေါ်တွင် အနီရောင်၊ အဝါရောင် အစိုင်းကလေးများ ပေါ်နေလျှင် သူတော်ကောင်းများနှင့် တွေ့လိမ့်မည်။ ဆံပင်ရောင်မည်းပြီး စိုပြည်ပြောင်လက်နေလျှင် အေးဆေးစွာ နေထိုင်စားသောက်ရလိမ့်မည်။

နံပါတ် ၆ ပုံကို ကြည့်ပါ။ ထိုလူ၏ နှာတံသည် နဖူးပြင်ထိ ရောက်ရှိပေါ်လွင်နေပြီး နဖူးထိပ်မှ ထောင့်နှစ်ဖက်သည် ပြောင်လက်ကောင်းမွန်နေသော်လည်း သတိနှင့် နေရမည်။ လူအများ၏ မလိုမုန်းတီးခြင်းကို ခံရတတ်သည်။

နံပါတ် ၇ ပုံကို ကြည့်ပါ။ နှာတံအလယ်တည့်တည့် ညီညာနေလျှင် ကိုယ့်အထက်အရာရှိများ၏ ချစ်ခင်နှစ်သက်ခြင်းကို ခံရလိမ့်မည်။ ၄င်း၏ နောက်စေ့နှင့် နဖူးပြင်ပါ ကောင်းမွန်၍နေလျှင်မူ အဆင့်အတန်းမြင့်သော ရာထူးကို ရရှိနိုင်သည်။ မျက်နှာပြင်ပေါ်မှ အသားအရေနှင့် အရောင်အဆင်းပါ စိုပြည်၍ တောက်ပနေလျှင်မူ ပို၍ပင် အဆင့်အတန်းမြင့်စွာနေထိုင်ရလိမ့်မည်။

နံပါတ် ၈ ပုံကို ကြည့်ပါ။ နားထင်၏အထက်နားတွင် အသားအရေ စိုပြည် ကြည်လင်ပြောင်လက်တောက်ပ၍ သြဇာအာဏာရှိသော ပုဂ္ဂိုလ်ပင် ဖြစ်သည်။ ထိုသူသည် မိတ်ဆွေ အပေါင်းအသင်းများနှင့် ဆွေမျိုးညီအစ်ကို မောင်နှမများ၏ မှီခိုအားကိုးခြင်းကို ခံရသူပင် ဖြစ်၏။

သို့သော်လည်း ၄င်းနားထင်၏ အထက်နားတွင် အသားအရေ အရောင် ပျက်ပြယ်သွားလျှင် ရာထူး ကျဆုံးနိုင်၏။

နံပါတ် ၉ ပုံကို ကြည့်ပါ။ ထိုသူ၏ မျက်စိသည် ကျားမျက်စိနှင့် တူသော လူဖြစ်၏။ စာပေပညာ တတ်မြောက်သူ တစ်ယောက် ဖြစ်၏။ ထိုလူသည် မကြာခဏ ခရီးသွားရလိမ့်မည်။ နားထင်ပေါ်တွင် မှဲ့ပါရှိ ခဲ့လျှင်မူ အဆင်မပြေ ဖြစ်တတ်၏။

နံပါတ် ၁၀ ပုံကို ကြည့်ပါ။ ထိုသူ၏ မျက်နှာပြင်ပေါ်တွင် အသား အရေ နည်းပါးကာ အရိုးများ ပြည့်စုံထင်ရှားစွာ ပေါ်လွင်လျက်ရှိ၏။ ထိုလူသည် ဩဇာအာဏာရှိသောသူ (သို့မဟုတ်) အလွန်ချမ်းသာသော သူဖြစ်၏။ သို့သော်လည်း အရိုးများ ထွက်နေသယောင် ပေါ်နေလျှင်မူ ရာထူး မရနိုင်ပေ။ ကျန်းမာရေးနှင့် ပတ်သက်လျှင် အလွန်ကောင်း၏။

အရိုးများ အပြည့်အစုံ ပေါ်လွင်ထင်ရှားနေသည်ဟု ဆိုရာတွင် ၄င်း အရိုးများမှာ နှာခေါင်းရိုး၊ နဖူးရိုး၊ နောက်စေ့ရိုးနှင့် နားထင်ရိုးများ ဖြစ်ကြပါသည်။

နံပါတ် ၁၁ ပုံကို ကြည့်ပါ။ ထိုသူသည် အဆင့်အတန်း မြင့်မား သော အစိုးရ အမှုထမ်းသူတစ်ယောက်ပင် ဖြစ်၏။ အလုပ် လုပ်ရာတွင် ကြိုးစားစွာ လုပ်ကိုင်သော သူပင် ဖြစ်၏။ ဩဇာအာဏာလည်း ရှိ၏။ သို့သော်လည်း မျက်နှာပြင်ပေါ်တွင် အသားအရောင်များ မှေးမှိန် ပျက် ကွက်ခဲ့ပါလျှင်မူ စီးပွားရေးနှင့် အလုပ်အကိုင်များ ကျဆင်းနိုင်၏။

မျက်နှာပေါ်မှ အရိုးများနှင့် နောက်စေ့မှ အရိုးများပါ ကောင်းမွန်စွာ ရှိနေမှသာ ချမ်းသာလိမ့်မည်။ ထိုသူသည် အင်္ဂါရုပ်ပုံစံ မကောင်းသော် လည်း ချမ်းသာကြွယ်ဝနိုင်၏။ ထိုလူ၏ပုံစံ အနေအထားမှာ အလွန် ကောင်းမွန်၏။

သို့သော် အရောင်အဆင်းမကောင်းဘဲ မျက်နှာပြင်ပေါ်တွင် အမည်း

ကွက်များ ပေါ်ပေါက်လာမည် ဆိုပါက သေဆုံးနိုင်၏။

နံပါတ် ၁၂ ပုံကို ကြည့်ပါ။ ထိုသူ၏ ပုံကို ကြည့်လျှင် မျက်နှာပြင်ပေါ်မှ အရိုးများမှာ အလွန်ကောင်းမွန်နေ၏။ ဆွေမျိုးအသိုင်းအဝိုင်းများ ပေါများလိမ့်မည်။ စိတ်သဘောထား အလွန်ကောင်းသူ တစ်ယောက်ပင် ဖြစ်၏။ ၄င်း၏ မျက်နှာပြင်ပေါ်တွင် တခြား အချက်အလက်များဖြင့် မပြည့်စုံသော်လည်း ကြီးပွားတိုးတက်နိုင်၏။ မျက်စိနှစ်ဖက်စလုံး အရောင်အဆင်းပါ ကောင်းနေလျှင်မူ မွေးဖွားစဉ်ကတည်းက ချမ်းသာကြွယ်ဝမည့် သူပင် ဖြစ်၏။

နံပါတ် ၁၃ ပုံကို ကြည့်ပါ။ ထိုသူ၏ နဖူးပြင်မှာ အသားအရေ ကောင်းမွန်နေ၍ စိတ်ရှည်ပြီး လူအများ၏ ချစ်ခင်လေးစားခြင်းကို ခံရကာ ကူညီမ စချင်သူ ပေါများနိုင်၏။ မျက်စိ အရောင်အဆင်းပါ တောက်ပ၍ ကောင်းမွန်နေလျှင် အကြံအစည်ပါ ပြည့်စုံ၏။ ဉာဏ်ဘက်မှ နားရွက်သည် အလွန်မှတ်ဉာဏ်ကောင်းကြောင်းကို ပြ၏။ နှာခေါင်းပါ အသားအရေ စိုပြည် ကြည်လင် ပြည့်မောက်၍ နေလျှင်နာမည်ကြီးနိုင်၏။ပါးစပ်သည်လည်း လေးထောင့်ပုံစံ ဖြစ်နေ၍ အလွန်ကောင်း၏။

နံပါတ် ၁၄ ပုံကို ကြည့်ပါ။ ထိုသူ၏ နဖူးပြင်မှာ လေးထောင့် ဖြစ်နေ၍ လူအများ၏ ချစ်ခင် ရိုသေလေးစားခြင်းကို ခံရမည့်သူပင် ဖြစ်၏။ အသားအရေ အရောင်အဆင်းပါ ကြည်လင် စိုပြည်နေပါလျှင် ငွေကြေး ချမ်းသာကြွယ်ဝနိုင်၏။

နဖူးပြင်ဘေးရှိ အသားအရေ တွန့်တက်နေလျှင် မကောင်းပါ။ ကြည်လင်သန့်ရှင်းနေမှသာ ကောင်း၏။ အိမ်ထောင်ရေးပါ သာယာ စိုပြည် နိုင်၏။ နဖူးပြင်ပေါ်တွင် အရေးကြောင်းများ ရှုပ်ထွေးနေပါလျှင်မူ မကောင်းပေ။


❑

## ပုံ (၈)

နံပါတ် ၁ မှ ပုံကို ကြည့်လိုက်ပါက ဆင်းရဲဒုက္ခရောက်၍ နေသော တစ်ကိုယ်တည်းသမား၏ ပုံပင် ဖြစ်၏။ ထိုသူ၏ နှာခေါင်းသည် အလယ်တွင် နိမ့်ရှိုင့်နေပြီး အရေးအကြောင်းများစွာ ပေါ်လွင်နေ၏။ ထိုအချက်များကြောင့် ထိုလူသည် အလွန် ဒုက္ခရောက်၍ စီးပွားဥစ္စာ ချို့တဲ့၏။

အကယ်၍ ထိုသူ၏ နှာခေါင်းသည် အသားအရေပြည့်ဝပြီး အရောင် အဆင်းပါ ကောင်းမွန်နေခဲ့လျှင် သမီးရှင်များကပင် ထိုသူအား ကိုယ်တိုင် လာရောက်၍ စေ့စပ်ပေးရလိမ့်မည်။ နှာခေါင်းမှ အသားအရေ ကောင်း နေမှု နာမည်ကြီးပုဂ္ဂိုလ်လည်း ဖြစ်နိုင်၏။ လူအများ၏ ရိုသေလေးစား ခံရမည့်သူလည်း ဖြစ်နိုင်၏။ နှာခေါင်း၏ အရင်းပိုင်းနိမ့်ပြီးတိမ်နေ၍ ထိပ်ပိုင်းတွင် ပြန့်၍ မောက်ကြွသွားလျှင်လည်း အရာရှိကြီးတစ်ယောက် ဖြစ်နိုင်၏။

နံပါတ် ၂ ပုံကို ကြည့်ရှုလိုက်လျှင် နှာခေါင်းတစ်ခုလုံးနှင့် မျက်စိ အရောင်အဆင်းပါ ကောင်းမွန်နေကာ မျက်လုံး သူငယ်အိမ်သည် အနက် ရောင်များပြီး အဖြူရောင်နည်းနေသည့်သူပင် ဖြစ်၏။ ထိုလူ၏ အောက် မျက်ခွံကို ကြည့်လိုက်လျှင် သားသမီးများပင် ဖြစ်၏။ ထိုနေရာတွင် အသားရေ စိုပြည်ပြီး ပိုမိုပြည့်ဝနေလျှင်မှု သားရေး သမီးရေး အလွန် ကောင်းလိမ့်မည်။



ပုံ (၈)

နံပါတ် ၃ ပုံကို ကြည့်လိုက်ပါက ရသေ့တစ်ပါး၏ ပုံပင်ဖြစ်၏။ အကယ်၍ လူဖြစ်မှု အိမ်ထောင်ပြုပါက သားသမီးများမည့်သူပင် ဖြစ်နိုင်၏။ မျက်ရည်ခံနေရာတွင် မို့မောက်နေပါက လူတော် လူကောင်းပင်

ဖြစ်၏။ အဝါရောင် ပေါ်နေလျှင် စိတ်မဆင်းရဲရတတ်ပေ။ မျက်စိသည် ဖြူနေသည့် နေရာတွင် အလွန်ဖြူ၍ နေပြီး မည်းနေသည့်နေရာတွင် အလွန်မည်း၍နေလျှင် အလွန်ကောင်း၏။

ကျန်းမာရေး ချို့ယွင်းသောအချိန် ဖြစ်နေလျှင် မျက်စိသည် အရောင်ဝါလာပေလိမ့်မည်။

နံပါတ် ၄ ပုံမှ လူသည် ဦးခေါင်းကို ကြည့်လိုက်လျှင် အလွန်ကောင်းမွန်နေသော်လည်း ဆင်းရဲဒုက္ခ ရောက်နေသူပင် ဖြစ်၏။ သူသည် စိတ်ထားပါ ကောင်းမွန်နေမှသာ ချမ်းသာနိုင်၏။ ၎င်း၏ နဖူးပြင်သည် အသားအရေ ပြည့်ဝစွာနှင့် စိုပြည်ကြည်လင်နေမည် ဆိုပါက ချမ်းသာလိမ့်မည်။

နဖူးပြင်အရောင်အမည်းကွက် ပေါ်လာလျှင်မူ အသက်ဆုံးရှုံးနိုင်၏။

နံပါတ် ၅ ပုံမှ လူသည် အမြဲတမ်း စိတ်ပျော်ရွှင်မြူးထူးလျက် တက်ကြွနေသူပင် ဖြစ်၏။ အပျော်အပါး လိုက်စားသူလည်း ဖြစ်၏။ အမျိုးသမီးများနှင့် ပတ်သက်၍ လူတကာနှင့် ပြဿနာပေါ်တတ်၏။

သို့သော်လည်း ဆွေမျိုးအသိုင်းအဝိုင်းများ၏ မြှောက်စားခြင်းကိုမူ ခံရလိမ့်မည်။

နံပါတ် ၆ ပုံမှ လူသည် ၎င်း၏နားထင်အထက်နားတွင် လုံးဝ အသားအရေ မရှိသော်လည်း စိုပြည်ပြီး ပြောင်လက်၍နေ၏။ မျက်စိထိပ်ဖျားတွင် ငါးအမြီးခွက်ကဲ့သို့ အရေးနှစ်ကြောင်းနှင့် ဖြစ်၏။ ထိုသူတွင် မယားကြီး၊ မယားငယ်ရှိ၏။ သို့သော်လည်း ဒုက္ခရောက်တတ်၏။

နဖူးပြင်ပေါ်မှ အရေးအကြောင်းများသည် မပျက်ကွက်ဘဲနေလျှင် အဆင့်အတန်းမြင့်သော မိန်းမကို ရနိုင်၏။ အရေးအကြောင်းများ ပျက်ကွက်ခဲ့ပါမူ ကျန်းမာရေး အလွန်ညံ့တတ်၏။ အရေးအကြောင်းများပေါ်တွင် မှဲ့ပါရှိခဲ့လျှင်မူ တစ်သက်လုံး ထိခိုက်နိုင်၏။ အမြဲတမ်း ပင်ပန်းကြီး

စွာ လုပ်ကိုင်ရတတ်၏။ သို့မဟုတ်ပါက အမြဲဆင်းရဲ၍ ဒုက္ခရောက်နေရတတ်သည်။ မျက်စိအရောင် ကြည်လင်တောက်ပနေမှသာ အရာရာတွင် အောင်မြင်နိုင်၏။ မျက်စိမှ အရောင်မှေးမှိန်ခဲ့လျှင်မူ မကြာခဏ စိတ်ဆင်းရဲရလိမ့်မည်။ လူအဆင့်အတန်း များစွာနိမ့်ကျနိုင်သည်။ မျက်စိထိပ်ဖျားမှနေရာတွင် အသားအရေ ကြည်လင်စွာ ရှိလျှင်မူ အိမ်ထောင်ရေး ကံကောင်းနိုင်၏။ ထိုနေရာတွင် ရှုပ်ထွေး၍ အရောင် မှေးမှိန်နေပါက ယောက္ခမဖြစ်သူနှင့်ပင် အဆင်မပြေ ဖြစ်နိုင်၏။ (သင် ကိုယ်တိုင်ဖြစ်နေလျှင် သတိပြု၍ရှောင်ကြဉ်ပါ) သို့သော်လည်း ငွေကြေးနှင့်ပတ်သက်လျှင်မူ အဆင်ပြေနိုင်၏။ နဖူးပြင်၏ အလယ်ဗဟို တည့်တည့်တွင် အသားအရောင် မှေးမှိန်နေခဲ့ပါလျှင် ဒုက္ခရောက်နိုင်၏။ အသက်အရွယ် ၅၀ နှစ်ထိ ရောက်နေသော လူကို အသက်ရှည်သူတစ်ယောက်ဟုလည်း ခေါ်ဆိုနိုင်၏။ သူသည် ကျန်းမာရေး ကောင်းမွန်နေ၏။

အကယ်၍မျက်နှာပြင်ပေါ်တွင် အသားအရေများ မည်းကွက်နေလျှင်မူ အလုပ်အကိုင်အခက်အခဲများနှင့် မကြာခဏ ရင်ဆိုင်ဖြေရှင်းနေရတတ်၏။ မှဲ့ပါရှိလျှင်မူ ဆင်းရဲပင်ပန်းကြီးစွာနှင့် လုပ်ကိုင်စားသောက်ရတတ်၏။ မည်းကွက်ပြီး စိမ်းနေသော အရောင်အဆင်း ပေါ်ပေါက်လာပါက ကျန်းမာရေးချို့ယွင်းပြီး သေဆုံးနိုင်၏။ မျက်စိသူငယ်အိမ်၏ အတွင်းတွင် အဖြူရောင်များ ပေါ်ပေါက်လာပါမူ ကောင်းစားနိုင်၏။ နဖူးပြင်ပေါ်တွင် အဝါရောင် ပေါ်ပေါက်နေခဲ့လျှင် သူတစ်ပါးနှင့် စကားအချေအတင် ပြောရတတ်၏။ နဖူးပြင်ပေါ်တွင် အမည်းကွက် (လက်တစ်ထောက်ရာခန့်) ပေါ်ပေါက်လာလျှင်မူ သေဆုံးလိမ့်မည်။

နှာခေါင်းကို လက်နှင့် ကိုင်ကြည့်လိုက်ပါက အလွန်အေးစက်၍နေလျှင်လည်း သေဆုံးနိုင်၏။

ယောကျ်ားဖြစ်သူ၏ မျက်ခုံးပေါ်တွင် မှဲ့ပေါက်နေပါက မိန်းမဖြစ်သူကို နိုက်၏။

ထိုအတူ မိန်းမဖြစ်သူ၏ မျက်ခုံးပေါ်တွင် မှဲ့ပေါက်နေလျှင် ယောကျ်ားဖြစ်သူအား နိုက်တတ်၏။ မိဘဖြစ်သူ၏ မျက်နှာပြင်တွင် သားအကြီး၏ နေရာကိုကြည့်လိုလျှင် ဘယ်ဘက်မျက်ခုံးအထက် နားတွင် ကြည့်ရမည်။ ထိုနေရာတွင် ပြည့်ပြီး ညီနေလျှင် ကောင်း၏။ မှဲ့ပါနေခဲ့ပါလျှင် မကောင်းပါ။ သားသမီးအကြီးဆုံးဖြစ်သူတို့အား နိုက်တတ်၏။ ထိုနေရာ အသားအရောင်မှာ လိုင်းအစင်း သဏ္ဍာန်ကဲ့သို့ ကြည်လင်တောက်ပ၍နေလျှင် အနည်းဆုံး သားသမီး ငါးယောက်၊ ခြောက်ယောက်ခန့် ရလိမ့်မည်။ အရောင်အဆင်း မှေးမှိန်နေခဲ့လျှင်မူ သားသမီး မရရှိနိုင်တော့ပေ။

ဇနီးဖြစ်သူ၏ ဘယ်ဘက် မျက်ခုံးပေါ်တွင် အပြာရောင် ပေါ်၍လာပါမူ သမီးမိန်းကလေး မွေးဖွားလျှင် ထိုကလေးငယ်သည် အရွယ်ရောက်ရှိလာချိန်တွင် မင်းကတော်တစ်ယောက် ဖြစ်နိုင်၏။

မိန်းမဖြစ်သူ မျက်ရည်ခံနေရာတွင် ချိုင့်ကွက်နေခဲ့လျှင် ဝမ်းနည်းပူဆွေးမှုနှင့် ကြုံရတတ်၏။

အသက် ၃၀ အရွယ်ခန့်တွင် ယောကျ်ားဖြစ်သူ အင်္ဂါရုပ်ပုံစံ ကောင်းမကောင်းကို လေ့လာကြည့်ရှုရန်မှာ ထိုသူသည် အသားအရေ ကောင်းမကောင်း၊ မျက်နှာပြင်ပေါ်တွင် မှဲ့ ရှိ မရှိ စသည်တို့ကို ဦးစွာ အကဲခတ်ကြည့်ရှုရပေမည်။ ထိုအချက်များ ပါရှိနေလျှင် ဇနီးဖြစ်သူကို ထိနိုက်နိုင်၏။ မိန်းမဖြစ်သူသည်လည်း ထိုကဲ့သို့သော အချက်အလက်များ ပါရှိနေလျှင် လင်ယောကျ်ားကို ထိနိုက်တတ်၏။ ၄င်းပြင် မိမိ၏ ကိုယ်ပိုင်ပစ္စည်းများ မကြာခဏ အခိုးခံရတတ်၏။

နဖူးပြင်သည် အသားအရေ ပြည့်ဝပြီး မြင့်နေကာ ကြည်လင် စိုပြည်

နေမှသာ ပစ္စည်းဥစ္စာ ပေါများနိုင်၏။ နိမ့်နေသယောင်၊ မှိန်နေသယောင် စသည်တို့ ဖြစ်ပေါ်နေလျှင်လည်း အဆင်ပြေနိုင်ပါသည်။

လုံးဝအရောင်အဆင်း မပေါ်ပေါက်ခဲ့ပါမှ ဆင်းရဲဒုက္ခ ရောက်နိုင်၏။

နဖူးထိပ်မှ နားထင်နားအထိ လှိုင်းတွန့်သဏ္ဌာန်ကဲ့သို့ အရေးအကြောင်း ပေါ်လာပါက ရက်ပေါင်း ၉၀ အတွင်း ဒုက္ခရောက်နိုင်၏။ ထိုနေရာတွင် အစိမ်းရောင်၊ အဖြူရောင် စသည်တို့ ပေါ်ပေါက်၍လာလျှင် ပစ္စည်းခိုးခံရတတ်၏။

ထိုနေရာများတွင် အသားအရောင်များ ညစ်ထေးနေလျှင်မူ ထိုသူသည် သူခိုးဖြစ်လိမ့်မည်။

ထိုနေရာတွင် မိမိကိုယ်တိုင် မကောင်းသော အရောင်များ ပေါ်ပေါက်နေပါလျှင် ခရီးဝေး မသွားပါလေနှင့်။

ငယ်ရွယ်စဉ်အခါတွင် စာပေပညာ ကြိုးစားသင်ယူ တတ်မြောက်မှသာလျှင် အသက်အရွယ် ကြီးလာလျှင် ချမ်းသာပျော်ရွှင်မှုနှင့် ပြည့်စုံနေထိုင်ရလိမ့်မည် ဖြစ်၏။

မျက်နှာပြင်ပေါ်တွင် မှဲ့များစွာ ပေါက်ရှိနေလျှင်မူ စာပေပညာတတ်မြောက်သူတစ်ယောက် မဖြစ်နိုင်တော့ပါ။ အသက်အရွယ် ၂၀ နှစ်သို့ရောက်ရှိလာသည့် အချိန်အခါတွင်မှ သာယာချမ်းမြေ့မှု ရရှိလိမ့်မည်။ မိသားစု အသိုင်းအဝိုင်းနှင့် ပျော်ရွှင်စွာ နေထိုင်ရလိမ့်မည်။ အသက်ပါ ရှည်နိုင်၏။ သို့သော်လည်း မျက်နှာပြင်တွင် အပိုင်းသုံးပိုင်းကို သေချာစွာ စစ်ဆေးပါ။ (အပိုင်းသုံးပိုင်းမှာ နဖူးအပိုင်း၊ မျက်ခုံး၊ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်အပိုင်း၊ မေးစေ့အပိုင်း)

မျက်နှာပြင်သည် အသားအရေပြည့်တင်းပြီး နဖူးပြင်သည်မြင့်နေ၍ အသက်ရှည်နိုင်၏။ အသားအရေများ နိမ့်ရှိုင့်ကွက်နေပါမူ အသက်တိုတတ်၏။ အောက်ဘက်မျက်ခွံပေါ်တွင် အစိမ်းရောင် ပေါ်လာလျှင်မူ

သေဆုံးနိုင်၏။ အဖြူရောင်သည် အပွင့်ပွင့်သဏ္ဍာန်များ မြောက်မြားစွာ ပေါ်လာခဲ့ပါလျှင် ကောင်း၏။ အနည်းငယ်မျှသာ ပေါ်လာပါလျှင် မကောင်းပါ။ အလွန်မှိန်နေလျှင် ခုနစ်ရက်အတွင်း သေနိုင်၏။ မည်းနေလျှင်မူ တစ်နှစ်အတွင်း သေဆုံးနိုင်၏။

အောက်ဘက် မျက်ခွံပေါ်တွင် အဖြူရောင် ကြေးပြားခန့် ပေါ်ပေါက်လာလျှင် တစ်လအတောအတွင်း သေနိုင်၏။

အစိမ်းရောင်၊ အမည်းရောင် ပေါ်ပေါက်လာပါက အိမ်တွင်းရေးအဆင်မပြေ ဖြစ်တတ်၏။

နဖူးပြင်ပေါ်တွင် ထိုအရောင်များ ပေါ်ပေါက်လာခဲ့ပါလျှင် မကောင်းသော ဘေးအန္တရာယ်နှင့် ကြုံကြိုက်နိုင်၏။

မျက်နှာပြင်ပေါ်မှ အသားအရေသည် ကြည်လင်ပြီး စိုပြည်နေလျှင် လိုရာခရီးကို အချိန်မရွေး သွားရောက်နိုင်သည်။ သို့ရာတွင် မျက်နှာပြင်ပေါ်မှ အသားအရေသည် အရောင်အဆင်းမရှိဘဲ ခြောက်ကပ်၍နေလျှင်မူ ခရီးမသွားဖြစ်တော့ပါ။ မည်းကွက်နေသော အရောင်ဖြစ်လျှင်မူ မကောင်းပေ။ မျက်နှာပြင်ပေါ်တွင် နီဝါရောင် ဖြစ်နေခဲ့ပါလျှင် မကြာခင် အချိန်အတောအတွင်း ပျော်ရွှင်ချမ်းမြေ့နိုင်၏။ အဖြူရောင် ဖြစ်ပေါ်လာလျှင် အဆင်မပြေမှုနှင့် ကြုံရတတ်၏။

ဦးခေါင်းပုံသည် တိတိကျကျ ဝိုင်းစက်၍နေပြီး မျက်နှာပြင်ပေါ်မှ အသားအရေများသည် ကြည်လင်စိုပြည်ပြီး တောက်ပနေကာ မျက်စိပါ အရောင်အဆင်း ကြည်လင်တောက်ပနေခဲ့လျှင် ထိုသူတို့သည် များသောအားဖြင့် အောင်မြင်ကျော်ကြား၍ ချမ်းသာကြွယ်ဝမည့်သူများ ဖြစ်ကြသည်။

ဦးခေါင်းချွန်၍ နေသောသူ၏ စိတ်နေစိတ်ထားမှာ နူးညံ့သိမ်မွေ့မှု မရှိဘဲ ကြမ်းတမ်းသော သဘောရှိ၏။ ၄င်းပြင် နှုတ်ခမ်းသည် ၄က်

ပါးစပ်နှင့် တူနေပါကလည်း လူအများ၏မကောင်းသော အကြံအစည်များကို ခံရတတ်၏။ သားမယားမှာမူ ပစ္စည်းဥစ္စာပြည့်စုံနိုင်၏။ ဦးခေါင်း ဝိုင်းစက်၍ မျက်နှာပြင် အသားအရေစိုပြည်ပြီး အရောင်အဆင်းတောက်ပနေခဲ့လျှင် သုံးနှစ်အတွင်း မိမိကို ကူညီစောင်မကြည့်ရှုမည့်သူနှင့်တွေ့နိုင်၏။

နဖူးပြင်ရှိ ဆံစထိပ်နား၏ အသားရေအပေါ်တွင် အဖြူရောင် ပေါ်ပေါက်လာပါက မကြာခင် သေဆုံးလိမ့်မည်။ မသေဆုံးခဲ့လျှင် အမှုအခင်းများဖြစ်ကာ ထောင်ကျနိုင်၏။

ထိုနေရာတွင် အဝါရောင်၊ အပြာရောင် စသည်တို့ပေါ်ပေါက်၍ လာလျှင် အိမ်ထောင်သည် ဖြစ်ခဲ့သော် ရက် ၆၀ အတွင်း သားကောင်း ရတနာ မွေးဖွားလိမ့်မည်။ အိမ်ထောင်မရှိသောသူ ဖြစ်နေလျှင် ရက် ၆၀ အတွင်း ငွေကြေးများ ဝင်နိုင်၏။

အဖြူရောင် အနည်းငယ်ပေါ်ပေါက်လာပါက အမှုအခင်း ဖြစ်တတ်သည်။ မိမိနေအိမ် မီးလောင်ခြင်းလည်း ခံရတတ်၏။

ဦးခေါင်းပုံစံ အလွန်ကောင်းပြီး ညီညာလှပ၍ ပြည့်ဝန်းနေသော လူမျိုးများသည် အလုပ်အကိုင် အကြံအစည်များ အောင်မြင်တတ်ပြီး စီးပွားရေး ပြေလည်နေကြသူများ ဖြစ်သည်။ အကြားအမြင် ဗဟုသုတလည်း လူတကာထက်ပို၍ ထူးကဲစွာရှိတတ်ပြီး ရိုးသားဖြောင့်မတ်သော စိတ်ထားရှိသူများပင်ဖြစ်၏။ ထို့ပြင် အသက်ပါရှည်တတ်ကြ၏။

နှာခေါင်း၊ နဖူး၊ နားရွက်များသည် အလွန်ပေါ်လွင် ထင်ရှားစွာ ရှိနေလျှင် အိုးပိုင်အိမ်ပိုင်နှင့် မိဘ ညီအစ်ကို မောင်နှမများ ကောင်းစားနိုင်၏။ ထိုနေရာများကို ပျက်ကွက်ခဲ့ပါလျှင် အိမ်ရာအတည်တကျ မရှိပေ။

သို့သော်လည်း နဖူးပြင်၏ အသားအရေပေါ်တွင် အပြာရောင် ပေါ်ပေါက်ခဲ့လျှင် မကြာခင် အချိန်အတွင်း ချမ်းသာလိမ့်မည်။

ရက်ပေါင်း ၉၀ အတွင်း နဖူးရိုး နှစ်ဖက်ပေါ်တွင် အပြာရောင် ပေါ်လာလျှင် အစိုးရဌာနများတွင် မြင့်မြတ်သော ရာထူးကြီး ရရှိနိုင်၏။

ထိုနဖူးရိုး နှစ်ဖက်ပေါ်တွင် အဝါရောင် ပေါ်လာခဲ့လျှင် အလုပ်အကိုင် အဆင်မပြေမှုများ ကြုံတွေ့ရကာ ရာထူးကျဆင်းသွားလိမ့်မည်။

နှာခေါင်း၊ နဖူး၊ နားရွက်များ အသားအရေ ပြည့်မောက် စိုပြည်၍ နေသူသည် စီးပွားရေးလုပ်ငန်းတွင် အမြော်အမြင်ကြီးခြင်း၊ လုပ်ရဲကိုင်ရဲသော သတ္တိရှိခြင်းတို့ကြောင့် အလွန်ချမ်းသာ ကြွယ်ဝနိုင်၏။

အင်္ဂါရုပ်ပုံစံ မကောင်းသော်လည်း မျက်နှာပြင် အသားအရေ စိုပြည်နေပြီး မှဲ့များမပါရှိလျှင်လည်း ငွေကြေးပြည့်စုံနိုင်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ ကောင်းနေလျှင် သားသမီးနှင့် မြေးမများ ပေါများလိမ့်မည်။

နိမ့်ချိုင့်ပြီး ကျယ်နေမည်ဆိုပါက အလုပ်အကိုင် အကြံအစည်များ အောင်မြင်ကာ ပစ္စည်းဥစ္စာရတနာ ပေါများလိမ့်မည်။

အကယ်၍အပေါ်နှုတ်ခမ်းအလယ်ချိုင့်ရာ တိုနေလျှင်နိမ့်ချိုင့်ပေးမှ ကောင်း၏။ ဖွေစောင်း၍လည်း မနေရပါ။ သို့မှသာ စီးပွားရေးနှင့် လူမှုရေး အဆင်ပြေလိမ့်မည်။

သေး၍တိုပြီး မကျယ်နေလျှင် ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရ၍ ဆင်းရဲတာရှည်တတ်၏။

ထိုနေရာများ၏ ဘေးမှဘယ်ဘက်သည် ညာဘက်ထက်ပို၍ ပြားကပ်နေလျှင် အဖေအလျင်သေ၍ ညာဘက်သည် ဘယ်ဘက်ထက်ပို၍ ပြားကပ်နေလျှင် အမေအလျင်သေဆုံးနိုင်၏။

ထိုနေရာသည် မညီညာဘဲ ဖွေစောင်း၍ ကောက်နေလျှင် စိတ်ထားပါ ကောက်ကျစ်စဉ်းလဲတတ်၏။

တည့်မတ်ဖြောင့်တန်းပြီး နိမ့်ရှိုင့်၍ကျယ်နေလျှင် အလုပ်အကိုင်ကို ကြိုးစားလုပ်ကိုင်သူ၊ တည်ကြည်ဖြောင့်မတ်သော စိတ်ထားရှိသူများပင် ဖြစ်၏။ ထို့ပြင် သားသမီးများလည်း ပေါများနိုင်၏။

မောက်ကြွပြီး စောင်း၍တိုနေလျှင် အသက်ငယ်ရွယ်စဉ် သေဆုံးနိုင်၏။ သို့မဟုတ်ပါက ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင် စားသောက်ရတတ်ပြီး လူအများ၏ ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းကိုပါ ခံရတတ်သည်။

ငှင်းနေရာတွင် အပေါ်ပိုင်းပြောင်ချော၍နေပြီး အောက်ဘက်တွင် ရှုံ့၍ သေးသွယ်သွားသော လူမျိုးများဖြစ်လျှင် လူအများစိတ်ပါဝင်စားအောင် စည်းရုံးဟောပြောနိုင်ခြင်း၊ လူချစ်လူခင်ပေါများခြင်းနှင့် ငွေရေးကြေးရေးပါ ချမ်းသာသောသူများ ဖြစ်လိမ့်မည်။

ထိုနေရာတွင် မှဲ့ပါရှိနေလျှင် သူတစ်ပါး၏ မွေးစားခြင်းကို ခံရတတ်သည်။

အမျိုးသမီးဖြစ်သူ ထိုနေရာတွင်မှဲ့ ပါရှိနေလျှင် ရည်းစားများသောသူဖြစ်လိမ့်မည်။

ပြချက်အားလုံးကို ခြုံ၍ကြည့်လိုက်လျှင် ထိုနေရာပေါ်တွင် အမည်းရောင် မပါရှိရပါ။ ထိုနေရာပေါ်တွင် အဖြူရောင် ပေါ်ပေါက်နေလျှင် ကိုယ့်ကို မလိုမုန်းတီးသူများ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရတတ်သည်။

အမည်းရောင် ပေါ်ပေါက်လာလျှင်မူ ခုနစ်ရက်အတွင်း သေဆုံးနိုင်သည်။

နဖူးပြင် အသားအရေ ပြည့်မောက်ပြီး စိုပြည်နေမှသာ စားဝတ်နေရေး အဆင်ပြေလိမ့်မည်။

နဖူးပြင် အလွန်ကျဉ်း၍ နဖူးပြင်ပေါ်သို့ ဆံပင်နိမ့်ကျစွာ ပေါက်သောသူသည် ငယ်ရွယ်စဉ်အခါတွင် စီးပွားရေး ချွတ်ယွင်းလိမ့်မည်။

နဖူးပြင်သည် ပြည့်ပြီး ကျယ်ကာ ကြေးပြားစေ့ခန့် အပြာရောင်

ပေါ်ပေါက်နေပါလျှင် မည်သည့်လုပ်ငန်းတွင်မဆို အောင်မြင်ကျော်ကြား၍ နာမည် အလွန် ကြီးသောလူ ဖြစ်နိုင်၏။ ကုသိုလ်ကံလည်း အလွန်ကောင်းသူဖြစ်၏။

သို့သော် ၎င်းအပြာရောင်သည် ပဲကြီးစေ့ခန့် ပေါ်ပေါက်နေလျှင် တစ်လအတွင်း အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နိုင်၏။

နဖူးပြင်အပေါ်သို့ အသားအရေ ပြည့်တက်နေလျှင် အလုပ်အကိုင် အကြံအစည်များ အောင်မြင်၍ စားဝတ်နေရေး ဖူလုံမည်။

ထိုအချက်များပျက်ကွက်ခဲ့လျှင် စီးပွားရေး အဆင်မပြေ ဖြစ်တတ်သည်။

မျက်နှာပြင်ပေါ်တွင် မှဲ့များစွာ ပါရှိသူသည် အလုပ်လုပ်ရာတွင် တည်ငြိမ်မှုမရှိဘဲ ပြေးလွှား၍ ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်စားသောက်ရတတ်၏။

အမျိုးသမီးဖြစ်သူ၏ မျက်နှာပြင်ပေါ်တွင် မှဲ့များစွာ ပါရှိနေလျှင် မယားငယ် ဖြစ်နိုင်၏။

**မှတ်ချက်**

> အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာကို သေချာစွာ ကြည့်ရှုပါ။ မှဲ့ ရှိမရှိကို ကြည့်၍ အရေးအကြောင်းများ ရှုပ်ထွေးနေသည်တို့ကိုပါ ကြည့်ပါ။ ၎င်းပြင် အရောင်အဆင်းကိုပါ ပြည့်စုံအောင် သေချာကျနစွာ ထပ်မံကြည့်ရှု စစ်ဆေးပါ။

ပါးစပ်တည့်မတ်နေပြီး နှုတ်ခမ်းနှစ်ဖက်ဘေးမှ အစင်းကြောင်းများ ညီညာစွာ ရှိနေသော လူမျိုးများဖြစ်လျှင် အလုပ်အကိုင် အကြံအစည်များ အောင်မြင်၍ စားဝတ်နေရေး ဖူလုံသူများပင် ဖြစ်၏။

ပါးစပ် တည့်မတ်၍ နေလျှင်လည်း တည်ကြည် ဖြောင့်မတ်စွာ လုပ်ကိုင်တတ်ပြီး၊ အသက်အရွယ်ငယ်ရွယ်စဉ်အခါတွင် ဆင်းရဲဒုက္ခ ရောက်တတ်ပြီး၊ ပါးစပ်ကြီး၍ နှုတ်ခမ်းပါးနေလျှင်မူ ချမ်းသာသော သူ မဖြစ်နိုင်တော့ပါ။

အမျိုးသမီးဖြစ်သူ ပါးစပ်ကြီးနေလျှင်မူ မုဆိုးမဖြစ်နိုင်၏။

ပါးစပ်တည့်မတ်နေမှသာ ကောင်းစား၏။

ချွန်ပြီး ပါးနေလျှင်၊ နိမ့်ပြီးမှ ပြန့်၍ မောက်တက်နေလျှင် ဆင်ခြေများတတ်၏။ သူများမကောင်းကြောင်း အတင်းပြောဆိုတတ်၏။

အပေါ်နှုတ်ခမ်းပါး၍နေလျှင် မုတ်ဉာဏ်ကောင်း၏။ စကားပြောကြွယ်ဝ၏။ စေတနာကောင်းမွန်ကာ လူတစ်ဖက်သားကို ကူညီတတ်သူ ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းထူနေလျှင် သြဇာအာဏာ ရှိ၏။ စိတ်သဘောထား မြင့်မြတ်၏။

နှုတ်ခမ်းပေါ်တွင် မည်းပြီး အစိမ်းရောင်များ ပေါ်ပေါက်လာသူ ဖြစ်လျှင် သေဆုံးနိုင်၏။

ဦးခေါင်းထိပ် မြင့်မောက်၍ ညီညာ ဝိုင်းဝန်းနေသူမျိုးများသည် မိတ်ဆွေအပေါင်းအသင်း ပေါများသူ ဖြစ်၏။ ထိုလူမျိုးသည် ငွေတိုးချေးစားခြင်း၊ ပစ္စည်းအပေါင်ခံစားခြင်းဖြင့် မတရား စီးပွားများရှာကာ ခေါင်းပုံဖြတ်တတ်၏။

မျက်နှာပြင် အောက်ပိုင်းရှုးနေသူသည် လူအများ၏ လက်အောက်တွင် ခိုင်းစေခြင်း ခံရတတ်၏။

**မှတ်ချက်**

ပါးစပ်ကျယ်၍ အပေါ်နှုတ်ခမ်း အလယ်ချိုင့် ရာရှည်နေလျှင်

ညြစာအာဏာရှိ၍ ချမ်းသာ ကြွယ်ဝနိုင်၏။

ပါးစပ်သေး၍ အပေါ်နှုတ်ခမ်း ပါး၍နေလျှင် အတင်းအဖျင်း ပြောဆိုတတ်၏။

အပေါ်နှုတ်ခမ်းသည် အောက်နှုတ်ခမ်းကိုမထိဘဲ သွား ပေါ် လွင်နေလျှင် အကြံအစည် ပျက်ပြားတတ်၍ အမြဲတမ်း ညည်း ညူနေတတ်သော လူမျိုးပင် ဖြစ်၏။

နှာခေါင်း နားထင်နှင့် နဖူးများမှ အသားအရေ စိုပြည် ကြည် လင်ပြီး ကောင်းမွန်နေကာ ပါးချိုင့်ပါ ပေါ်လွင်နေသူမျိုးများသည် စားဝတ်နေရေး အလွန်အဆင်ပြေ၏။

ထိုနေရာများတွင် မှဲ့ပေါက်နေလျှင် စီးပွားရေးအဆင်မပြေ ဖြစ် နိုင်၏။

နဖူးအရိုး မြင့်တက်၍ နေလျှင် လူအများ၏ ချစ်ခင်လေးစား ကြည်ညိုခြင်းကို ခံရတတ်သည်။

မေးစေ့ အလွန်တိုု၍နေသော လူမျိုးများသည် အနိုင်းအစေများ မရှိနိုင်ပါ။ ခရီးသွားလာလျှင် သတိနှင့် သွားလာပါ။ ဘေးအန္တရာယ် ဖြစ်တတ်သည်။

မေးစေ့သည် အသားအရေပြည့်ဝ ထူပြောမှသာလျှင် ကောင်းမွန်၍ အိမ်ရာများ ပိုင်ဆိုင်နိုင်၏။ အခြွေအရံလည်း ပေါများလိမ့်မည်။

မေးစေ့သည် တည့်တည့်မတ်မတ်ရှိကာ အသားအရေ ထူနေမှသာ လျှင် ခံ့ညား၏။

မေးစေ့သည် သေးငယ်ပြီး အသားအရေ နည်းပါး၍နေလျှင် သူများ လက်အောက်တွင် အလုပ်လုပ်ရလိမ့်မည်။

မေးစေ့ အသားအရေ ထူနေမှသာလျှင် ချမ်းသာကြွယ်ဝနိုင်၏။

မေးစေ့ တိုနေသော လူမျိုးများဆိုလျှင် အသက်အရွယ်ကြီးလာ

သောအခါ စီးပွားရေး ကျဆင်းပြီး ဆင်းရဲဒုက္ခရောက်တတ်၏။

မေးစေ့ပေါ်တွင် အနီရောင်၊ အဝါရောင်များ ပေါ်ပေါက်နေမှသာလျှင် စီးပွားရေး၊ အိမ်ထောင်ရေး သာယာလိမ့်မည် ဖြစ်၏။

မျက်နှာပြင်ပေါ်မှ အသားအရေများ အားလုံး ပြည့်မောက် စိုပြည်နေလျှင် မိတ်ဆွေ အပေါင်းအသင်းများ၍ လူချစ်လူခင်ပေါများကာ အခြွေအရံများစွာရှိသောသူ ဖြစ်နိုင်၏။

အကယ်၍ မျက်နှာပြင်ပေါ်တွင် မှဲ့များ ပါရှိနေလျှင်မူ မဖြစ်နိုင်တော့ပါ။

မျက်နှာပြင်ပေါ်မှ အသားအရေများသည် ရေကန်ထဲမှ ရေကဲ့သို့ ကြည်လင်တောက်ပပြီး စိုပြည်နေလျှင် စိတ်ချမ်းသာ၍ ကျန်းမာရေးပါကောင်းမွန်နေသူပင် ဖြစ်၏။

မျက်နှာပြင်အောက်ပိုင်း မေးစေ့တွင် အသားအရေ ထူပြီး ပြည့်ဝနေလျှင် အိုဇာတာ ကောင်းသည်။

လူတစ်ယောက်သည် မျက်နှာပြင်ပေါ်တွင် တစ်မျိုးတစ်ဖုံ အင်္ဂါရုပ်ပုံစံ ကောင်းမွန်နေမှသာ အကျိုးခံစားရတတ်၏။ (အင်္ဂါရုပ်ပုံစံ မကောင်းလျှင်မူ ဆင်းရဲဒုက္ခ ရောက်နိုင်၏။)

လူတစ်ယောက်၏ ကိုယ်ခန္ဓာ အချိုးအစား၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာ၊ စကားပြောဆိုသော အသံ၊ ကိုယ်ဟန် အမူအရာတို့နှင့် အသားအရောင်စသည်တို့ကို သေချာကျနစွာ ခွဲခြား၍ ကြည့်ရှုရပါမည်။

အင်္ဂါရုပ်ပညာ ဆိုသည်မှာ နေ့စဉ်နေ့တိုင်း အမြဲတမ်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားမှသာလျှင် ခွဲခြား၍ ဟောပြောနိုင်ပါလိမ့်မည်။


□

## ပုံ (ဃ)

**မျက်ခုံး အမျိုးမျိုး**

မျက်ခုံးများကို သေချာကျနစွာ ခွဲခြားကြည့်ရှုပါက အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။

(၁) အလွန် ညီညာလှပသော မျက်ခုံး။
(၂) တိုတောင်း၍ ကောင်းမွန်သော မျက်ခုံး။
(၃) နှာရင်းတွင် ချွန်၍နေသော မျက်ခုံး။
(၄) သဘာဝကျကျ ဖြောင့်တန်းနေသော မျက်ခုံး။
(၅) အပေါ်မြင့်၊ အောက်စွေသော မျက်ခုံး။
(၆) ကိုးကွယ်ထိုက်သော မျက်ခုံး။
(၇) နဂါးမျက်ခုံး။
(၈) တံမြက်စည်းနှင့်တူသော မျက်ခုံး။
(၉) အမွေးပါးနေသော မျက်ခုံး။
(၁၀) ပါးပြီး ဖြက်ထူနေသော မျက်ခုံး။
(၁၁) ဓားကောက်နှင့်တူသော မျက်ခုံး။
(၁၂) အရင်းသေး၍ အလယ်တွင်ထူပြီး အဖျားတွင် သေးသွယ်သော မျက်ခုံး။



ပုံ (ဃ)

(၁၃) လခြမ်းမျက်ခုံး။
(၁၄) ကျားမျက်ခုံး။
(၁၅) တံမြက်စည်း အသေးနှင့် တူသော မျက်ခုံး။
(၁၆) တောက်ပကြည်လင် စိုပြည်နေသော မျက်ခုံး။
(၁၇) ပြတ်တောက်၍ တစ်စစီ ဖြစ်နေသော မျက်ခုံး။
(၁၈) ဖြက်ကြီး၍ တိုနေသော မျက်ခုံး။
(၁၉) နှာဖျားပိုင်း ဖြောင့်စင်း၍ အရင်းပိုင်း ရှုပ်ထွေးနေသော မျက်ခုံး။
(၂၀) ထူ၍ ကြမ်းတမ်း ရှုပ်ထွေးနေသော မျက်ခုံး။
(၂၁) သစ်ရွက်နှင့် တူသော မျက်ခုံး။
(၂၂) ခြသေ့် မျက်ခုံး။
(၂၃) အနည်းငယ် ခုံးနေသော မျက်ခုံး။
(၂၄) နံကောင်နှင့် တူသော မျက်ခုံး။

(၁) အလွန်ညီညာ လှပသောမျက်ခုံးပိုင်ရှင်သည် ညီအစ်ကိုချင်း ချစ်ခင်ရင်းနှီးမှုရှိတတ်၏။ အရောင်အဆင်း တောက်ပနေ၏။ လူကြီးများ၏ ချစ်ခင်ခြင်းကိုခံရကာ အရာရှိတစ်ယောက်ဖြစ်နိုင်၍ အရာရှိမျက်ခုံးဟုလည်း ခေါ်ဆိုနိုင်၏။

(၂) တိုတောင်း၍ ကောင်းမွန်သော မျက်ခုံးပိုင်ရှင်များသည် ရာထူးအဆင့်အတန်း အနည်းငယ်နိမ့်ကျပြီး အိမ်ထောင်ရေးတွင် သာယာမှု ရှိ၏။ ထိုမျက်ခုံးမျိုးသည် ဘုန်းကံရှိပြီး အသက်ရှည်ကာ ကိုယ့်ထူးကိုယ်ချွန် လုပ်ကိုင်ဆောင်ရွက်တတ်သော လူမျိုးများတွင် တွေ့ရှိရတတ်၏။

(၃) နှာအရင်းတွင်ချွန်၍ အဖျားတွင် ဖြက်ကျယ်သွားသော

မျက်ခုံးမျိုး ဖြစ်၏။ထိုလူမျိုးများသည် များသောအားဖြင့် ညီအစ်ကိုချင်း မသင့်မမြတ် ဖြစ်တတ်၏။ ထိုမျက်ခုံးသည် စားနှင့်လည်း တူ၏။ အိမ်ထောင်ရေး အဆင်မပြေနိုင်ကာ ညီအစ်ကိုမောင်နှမ များလိမ့်မည်။

(၄) သဘာဝကျ မျက်ခုံးမျိုးသည် ညီအစ်ကို နည်းသူများ ပင်ဖြစ်၏။ အသက်ရှည်ပြီး အလုပ်အကိုင် အကြံအစည် အောင်မြင်၍ စီးပွားရေးနှင့် ပြည့်စုံ၏။ အပြိုင်အဆိုင် လုပ်ရသော လုပ်ငန်းများတွင် အကျိုး ဖြစ်ထွန်း၏။အပျော်အပါး လိုက်စားတတ်၍ သူတစ်ပါး၏ မွေးစားထားခြင်း ခံရသော သူဖြစ်ပါက ပိုမို၍ပင်ကောင်းစားနိုင်၏။

(၅) အပေါ်မြင့် အောက်စွေသော မျက်ခုံးသည် အမွေးများ ညီညာစွာ ပေါက်နေသည်။ ဖခင်ဖြစ်သူ အသက်ရှည်၏။ အလုပ်အကိုင် အကြံအစည် အလွန်များ၏။ အပြိုင်အဆိုင် လုပ်ရသော လုပ်ငန်းများတွင် အောင်မြင်၏။ လူများအပေါ် တွင် ယုံကြည်နည်းပါးတတ်၏။ ၎င်း မိဘိုအားကိုးခြင်း ခံရ သူသည် ဒုက္ခရောက်၏။

(၆) ထိုမျက်ခုံးရှိသူသည် စိတ်ပင်ပန်း၍ အပြိုင်အဆိုင် လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိမ့်မည်။ အလုပ်အကိုင် အကြံအစည် အလွန်များပြား တတ်သောကြောင့် အိမ်ထောင်စောစီးစွာ မကျနိုင်ပေ။ ညီ အစ်ကို မောင်နှမချင်းလည်း မတည့်။ သေဆုံးခါနီး အချိန် တွင် ၎င်း၏ အနီးတွင် သားတစ်ယောက်သာ ရှိလိမ့်မည်။

(၇) နဂါးမျက်ခုံးသည် ကောက်ကွေး၍လှပ၏။ အမွေးများ သည် အားလုံးပြည့်ဝစွာဖြင့် ရှိကြ၏။ ထိုလူမျိုးသည် ချမ်းသာ

ကြွယ်ဝပြီး အရာရာတွင် အောင်မြင်တတ်၏။

(၈) တံမြက်စည်းနှင့်တူသော မျက်ခုံးသည် ညီအစ်ကိုမောင်နှမချင်း ချစ်ခင်မှုမရှိသောကြောင့် တံမြက်စည်းမျက်ခုံးဟုခေါ်၏။ ထိုမျက်ခုံးပိုင်ရှင်များသည် လက်ဖွာ၍အသုံးအဖြုန်းကြီးသူများပင် ဖြစ်၏။

(၉) ပါးနေသော မျက်ခုံးဖြစ်၍ အလုပ်အကိုင်အကြံအစည်များ အဆင်မပြေပါ။ စီးပွားရေးအဆင်မပြေမှုကြောင့် အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်၏။ မိမိလုပ်ကိုင်သမျှသော အလုပ်များကို အားမလို အားမရ ဖြစ်ပြီး စိတ်တိုင်းမကျ ဖြစ်တတ်၏။

(၁၀) ပါးပြီးပြက်ထူကာ အရောင်မထွက်ပေ။ မျက်ခုံးမွေးများ ပေါက်နေသော်လည်း အမှတ်မထင်ကြည့်လိုက်လျှင် မျက်ခုံးမွေး မရှိသလို ထင်ရ၏။ ထိုလူမျိုးများသည် သူတစ်ပါး၏ လက်အောက်တွင် မှီခိုလုပ်ကိုင် စားသောက်ရတတ်သည်။ စီးပွားရေးကျဆင်းကာ ဆင်းရဲဒုက္ခရောက်တတ်ပြီး ခရီးဝေးသွားရင်း လမ်းပေါ်တွင်ပင် သေဆုံးတတ်၏။

(၁၁) ဓားကောက်နှင့်တူသော မျက်ခုံးပိုင်ရှင်များသည် မိမိကိုယ်ကိုသာ အားကိုးပြီး မည့်သူကိုမျှ အရေးမစိုက်တတ်သော စိတ်ဓာတ်ရှိ၏။ တစ်ယူသန် သမားများလည်း ဖြစ်ကြ၏။ အလုပ်လုပ်ရာတွင် တိကျပြတ်သား၍ ရဲရဲတင်းတင်းစွာ လုပ်ဆောင်နိုင်ခြင်းကြောင့် ဩဇာအာဏာရှိကာ ချမ်းသာကြွယ်ဝကြ၏။

(၁၂) အရင်းသေး၍ အလယ်တွင်ထူပြီး အဖျားတွင် သေးသွယ်သွားသော မျက်ခုံးရှိသူများသည် ညီအစ်ကိုမောင်နှမချင်း တကွဲတပြားဖြစ်ကာ ရန်သူသဖွယ် သဘောထားတတ်

ကြ၏။ စီးပွားရေး အဆင်မပြေမှုများကြောင့် အမြဲတမ်း စိတ်သောက ရောက်နေကြ၏။ အလွန်ဆင်းရဲကြ၍ နေထိုင်စရာ အိမ်ပင် မရှိကြပေ။

(၁၃) လခြမ်းမျက်ခုံးရှိသူများသည် ညီအစ်ကိုများ တစ်ဦးနှင့်တစ်ဦး ချစ်ခင် ကြင်နာမှုရှိကာ ရည်မှန်းချက်များပါ အောင်မြင်၍ ချမ်းသာ ပျော်ရွှင်မှုရှိကြသည်။ အိမ်ထောင်ရေးတွင် ပျော်ရွှင်ချမ်းမြေ့မှုရှိ၏။ မိတ်ဆွေအပေါင်းအသင်းများပေါ်တွင်ပါ ချစ်ခင်ရင်းနှီးမှုရှိကြကာ သဘောထား ပြည့်ဝကြ၏။

(၁၄) အမွေးများ အလွန်ကြမ်းတမ်းစွာ ရှိနေသောကြောင့် ကျားမျက်ခုံးဟု ခေါ်၏။ အလုပ်အကိုင် အကြံအစည်များ အောင်မြင်မှုရှိသောကြောင့် ချမ်းသာကြွယ်ဝ၏။ ဆွေမျိုး ညီအစ်ကို မောင်နှမများ၏ လေးစား ချစ်ခင်ခြင်းကိုပါခံရပြီး၊ အသက်ပါ ရှည်၏။

(၁၅) တံမြက်စည်းနှင့် တူသော မျက်ခုံးသည်ထူသည်ဖြစ်စေ၊ ပါးနေသည် ဖြစ်စေ အတူတူပင် ဖြစ်၏။ အသက်ငယ်ရွယ်စဉ်တွင် မိဘများ၏ ဂုဏ်အရှိန်အဝါများကြောင့် အဆင့်အတန်းမြင့်စွာ နေရတတ်၏။ ညီအစ်ကိုများ တစ်ဦးနှင့်တစ်ဦး သင့်မြတ်မှု မရှိကြသော်လည်း စီးပွားရေးတွင် အောင်မြင်မှု ရရှိကြ၏။

(၁၆) တောက်ပ၍ ကြည်လင်နေသော မျက်ခုံးသည် နားထင် နားထိ ရှည်လျားစွာ ပေါက်ရောက်နေတတ်၏။ စီးပွားရေးနှင့် ပညာရေးတို့တွင် အောင်မြင်မှုရှိပြီး ချမ်းသာခြင်းနှင့် ပြည့်စုံကြကာ ညီအစ်ကို မောင်နှမများပါ အဆင့်အတန်းမြင့်စွာ နေကြရ၏။

(၁၇) ပြတ်တောင်း၍ တစ်စစီဖြစ်နေသော မျက်ခုံးသည် အမွေးများတိုပြီး ကောက်၍နေတတ်၏။ ညီအစ်ကိုများ စည်းရုံးမှုမရှိကြဘဲ ဆွေမျိုးများ၏ မုန်းတီးခြင်းကို ခံရ၏ စီးပွားရေးတွင် အောင်မြင်တတ်၏။ သို့သော် စီးပွားရေး ကျဆင်းချိန်တွင်မူ မိဘများအား ခိုက်တတ်၏။

(၁၈) ဖြက်ကြီး၍တိုနေသောမျက်ခုံးသည် မာ၍မလှပဘဲ ဖြစ်၏။ ထိုလူမျိုးသည် လိမ်လည်ကောက်ကျစ်တတ်သော စိတ်သဘောထား ရှိကြ၏။ မျက်စိအရောင်ပါ မှေးမှိန်နေလျှင် တစ်သက်လုံး ဆင်းရဲဒုက္ခရောက်နိုင်၏။

(၁၉) ရှေ့ပိုင်းတွင်လှပပြီး နောက်ပိုင်းတွင် ပါး၍နေသူသည် ငယ်ရွယ်စဉ်အခါတွင် စီးပွားရေးအောင်မြင်မှုရှိပြီး အကြံအစည် များပြားတတ်သည်။ ညီအစ်ကို မောင်နှမများပေါ်တွင် ခင်မင်မှုမရှိဘဲ ချမ်းသာပြီး အသက်မရှည်သူများပင် ဖြစ်၏။

(၂၀) မျက်ခုံးမွေးများ ကြမ်းတမ်းစွာရှိပြီး ရှုပ်ထွေး၍ နေသည်။ ဖြက်အလွန်ကျယ်၍ မျက်လုံးနားထိ ပေါက်ရောက်နေတတ်၏။ စားဝတ်နေရေး မပြေလည်ကာ သူများအပေါ်တွင် မကောင်းကြံတတ်၍ သူခိုး၊ ဓားပြများ ဖြစ်နိုင်၏။

(၂၁) မျက်ခုံးမွေးများသည် သစ်ရွက်ကဲ့သို့ ကြမ်းတမ်း၍ အရောင်မှာမူ ကြည်လင်တောက်ပနေ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးအောင်မြင်မှုရကာ မိတ်ဆွေ အပေါင်းအသင်းများပေါ်တွင် ချစ်ခင်ရင်းနှီးမှုရှိ၏။ ဆွေမျိုးများအပေါ်တွင် ချစ်ခင်စိတ် မရှိ၊ အသက်အရွယ်ကြီးမှ သားသမီးမွေးဖွားတတ်သည်။

(၂၂) ခြသေ့်မျက်ခုံးသည် ကြမ်းပြီးမို့ မောက်၍ နေသည်။ အသက် ၃၀ ကျော်တွင် စီးပွားရေး ပြေလည်ပြီး ဩဇာ အာဏာရှိမည်။ အိမ်ထောင်ဦး ပျက်တတ်သည်။ သို့မဟုတ် ပါက လူပျိုကြီး၊ အပျိုကြီးများ ဖြစ်နိုင်သည်။

(၂၃) ရှေ့နောက်ညီညာနေသော အမွေးများရှိသည်။ မည် သည့် အလုပ်အကိုင်မဆို တိကျမှန်ကန်စွာ လုပ်တတ်၏။ သူတစ်ပါး၏ ကျေးဇူးတရားကို သိတတ်၏။ အမှုအခင်း များ ဖြစ်နိုင်၍ မိဘကို ခိုက်တတ်၏။ တစ်ကိုယ်တည်းသမား ဖြစ်ကာ အသက်မရှည်သူပင် ဖြစ်၏။

(၂၄) အမွေးများညီညာလှပစွာရှိနေသည့် လူမျိုးများသည် ယဉ်ကျေးသိမ်မွေ့၍ ရာထူးကြီးရရှိနိုင်ကာ နာမည်ကျော် ကြားလိမ့်မည်။ ငွေကြေး ပြည့်စုံမည်။ ညီအစ်ကိုမောင်နှမ များအပေါ်တွင် ချစ်ခင်မှုမရှိပေ။

မျက်နှာပြင်၏ အရေးကြီးဆုံးအချက်ငါးချက်ကို သေချာစွာ ကြည့်ရှု ပါ။ နားရွက်၊ နှာခေါင်းတို့ကို သေချာစွာ ကြည့်ပါ။ ပါးစပ်ကိုလည်း အပေါ်နှုတ်ခမ်း၊ အောက်နှုတ်ခမ်း စသည်ဖြင့် သေချာကျနစွာ တစ်ခုချင်း လေ့လာကြည့်ရှုပါ။ မျက်နှာပြင်ပေါ်မှ အသားအရေသည် ပြည့် မပြည့်၊ အရောင် ကောင်းမကောင်း၊ မျက်ခုံးမွေး အရောင် စို မစို၊ အရောင် ခြောက် မခြောက်၊ နားရွက်နှင့် နှာခေါင်းမှ အသားအရေ ထူမထူ၊ ပါး မပါး၊ ထူးထူးခြားခြား သေချာကျနစွာ စစ်ဆေးကြည့်ရှုလေ့လာပါ။ မျက်စိနှစ်ဖက်သည် အရောင် ကောင်း မကောင်းကိုပါ ကြည့်ပါ။ ထိုသို့ အသေးစိပ် ကြည့်ရှုလေ့လာမှသာလျှင် လူမှုရေး၊ ပညာရေး ၊ စီးပွားရေး၊ ကျန်းမာရေး စသည်များကို အဓိကထား၍ ဟောပြောနိုင်မည်။

မျက်ခုံးသည် မျက်စိနှစ်လုံး အပေါ်တွင် အလွန်လှသော အကာ

အဖြစ်တည်ရှိသည်။ မျက်စိတွင် အဓိကထား၍ စိတ်ထားကောင်း မကောင်း၊ လိမ္မာရေးခြား ရှိ မရှိ စသည်တို့ကို အကဲခတ်သော နေရာပင် ဖြစ်သည်။ ဇနီးမယား၊ ညီအစ်ကို မောင်နှမများက မျက်ခုံးပေါ်တွင် အဓိကထား၍ ကြည့်လျှင် သိနိုင်သည်။ မျက်ခုံးမွေးသည် ထူးကဲစွာ အလွန်ထူနေလျှင် လူရုပ်ဖြစ်၍ စိတ်ထားပါ ကြမ်းတမ်းနိုင်၏။ မရည်ရွယ်ဘဲနှင့်လည်း အောင်မြင်မှု ရရှိနိုင်သည်။ မျက်ခုံးသည် ရှည်ပြီး နားထင်နားထိ ပေါက်ရောက်နေလျှင် ချမ်းသာကြွယ်ဝပြီး အသက်ပါရှည်နိုင်၏။ ထိုသော မျက်ခုံးရှိသူသည် ငွေကြေး မပြည့်စုံနိုင်။

မြင့်၍ တည့်တည့်အပြင်ဘက်သို့ထောင်ပြီး နေသောသူသည် တစ်ဦးတည်း ခံစားမည့်သူ ဖြစ်သည်။ မျက်ခုံးမွေး အားလုံး ထောင်နေသော သူသည် စိတ်သဘောထား ကောင်းသောသူ ဖြစ်သည်။ မျက်ခုံးမွေး ထိပ်ဖျားအောက်ဘက်သို့ စွေ၍ကျနေလျှင် ထိုသူသည် သတ္တိရှိသူ တစ်ယောက် မဟုတ်ပါ။ မျက်ခုံးမွေး နှစ်ဖက်စလုံး နှာခေါင်းပေါ်ထိ လာရောက် ဆက်နေလျှင် ဆင်းရဲတတ်၏။ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းကိုပင် အားကိုး၍မရ ဖြစ်တတ်သည်။ ပြောင်းပြန်ပြန်၍ ပေါက်နေသော မျက်ခုံးသည် သားမယားကို ထိခိုက်တတ်၏။ မျက်ရိုးနှစ်ဖက်သည် မြင့်၍ တက်နေလျှင် လူဆိုးလူမိုက် ဖြစ်နိုင်၏။ မျက်ခုံးမွေး အလယ်တွင် မှဲ့အနက် ရှိနေလျှင် လိမ္မာ၍ အရာရာတွင် အောင်မြင်နိုင်၏။ မျက်ခုံးမွေး အလယ်တွင် အဖြူရောင်အမွေး ပေါက်နေလျှင် လူတကာထက် ပို၍ အောင်မြင်တတ်ပြီး၊ အသက်လည်း ပို၍ရှည်၏။ မျက်ခုံးမွေးများအပြင်သို့ တန်းထွက်နေလျှင် ချမ်းသာနိုင်၏။ မျက်ခုံးမွေး အပေါ်နားတွင် ကန့်လန့် အရေးအကြောင်းများ ရှိနေလျှင် အလွန်ဆင်းရဲဒုက္ခရောက်ရမည့်လူ ဖြစ်သည်။ မျက်စိအလယ်တည့်တည့်တွင် ချိုင့်နေလျှင် ဉာဏ်များ တတ်သည်။ အလွန်ပါး၍နေသော မျက်ခုံးမွေးသည်

ကြည့်လိုက်လျှင် ရှိမည်ဟုပင် မထင်ရသော မျက်ခုံးမွေးပိုင်ရှင်မှာ ကလိန်ကျသူ ဖြစ်နိုင်၏။ မျက်ခုံးမွေးထူ၊ ဆံပင်လည်းထူ၊ နှုတ်ခမ်းမွေးလည်းထူ (သုံးနေရာထူ) သူသည် ကောင်းစား၏။ မျက်ခုံးမွေးလည်းပါး၊ နှုတ်ခမ်းမွေးလည်းပါး၊ ဆံပင်ပါပါး (သုံးနေရာပါး) သူသည် စီမံအုပ်ချုပ်ရသော အာဏာရှိသည့် လူတန်းစား ဖြစ်နိုင်၏။

မျက်ခုံးသည် မထင်မရှားဘဲ ဖြစ်နေလျှင် ကောင်းစား၏။

မျက်စိသည် ကြည့်လိုက်လျှင် အရောင်အဆင်း လှပနေသော်လည်း အတွင်းမှ အရောင်များ ရှုပ်ထွေးနေလျှင် အသက်အန္တရာယ်ကို ထိခိုက်တတ်၏။

မျက်ရိုးသည် ကြီးနေ၍ မျက်လုံးများပါ ကြီးနေသော သူသည် ချမ်းသာကြွယ်ဝ၍ လူအများ၏ လေးစားကြည်ညိုခြင်းကို ခံရကာ ဩဇာ အာဏာရှိသူပင် ဖြစ်၏။

ပြည့်ပြည့်ဖောင်းဖောင်း ရှိနေသော မျက်လုံးပိုင်ရှင်သည် လူတော် လူကောင်းပင် ဖြစ်၏။ ဦးခေါင်းထိပ်ချွန်နေပြီး နောက်စေ့ပါကြီးနေသူသည် လူအများနှင့် မကြာခဏ စကားများတတ်၏။ မျက်ခုံးမွေး ရှည်သော သူသည် အသက်ရှည်၏။ ဘယ်ဘက်မျက်ခုံးမွေး ဝိုက်ပြီး ကုပ်နေလျှင် အဖေ အလျင်သေ၏။ ညာဘက်မျက်ခုံးမွေး ဝိုက်ပြီး ကုပ်နေလျှင် အမေအလျင်သေ၏။ ဘယ်ညာဝိုက်ပြီး ကုပ်နေလျှင်မူ မိဘနှစ်ပါး မရှိနိုင်ပေ။ ပြည့်မောက်၍ ညီညာပြီး တန်းနေသော မျက်ခုံး မွေး ဖြစ်ပါက ညီအစ်ကိုမောင်နှမများ ကောင်းစားလိမ့်မည်။ ဆန့်ကျင် ဘက်ပေါက်နေသော မျက်ခုံးမွေးသည် ညီအစ်ကို မောင်နှမများ ဆုံးရှုံး နိုင်၏။ မိမိကိုယ်တိုင်လည်း ဘေးဒုက္ခ ဖြစ်နိုင်သည်။ မျက်ခုံးမွေးနှစ်ဖက် မှ ထိပ်ပိုင်းတွင်ရှိသောအမွေးများသည် အပေါ်သို့ ထောင်တက်နေလျှင် အများ၏အကျိုးကို ဆောင်ရွက်မည့်သူ ဖြစ်၏။

မျက်ခုံးမွေးသည် ထူပြီး ရှည်ကာ နားထင်နားသို့ပင် ကျရောက်နေလျှင် ထိုလူများသည် အသက်ရှည်၏။ နဖူးချိုင့်နေပါကလည်း အသက် ၃၀ နှစ်အရွယ်တွင် အမှုအခင်း ဖြစ်တတ်၏။

မျက်ခုံးမွေးများ အပေါ်တစ်ဝက်၊ အောက်တစ်ဝက် ဖြစ်နေလျှင် မိဘနှစ်ပါးသေဆုံးနိုင်၏။ အဖေ၊ အမေ နှစ်ခါ ခေါ်ခံရ၏။

မျက်ခုံးမွေးသည် သစ်ရွက်ကဲ့သို့ထူပြီး အမွေးမှင်များသည်ပါး၍ သေးနေကာ ပြတ်တောင်းပြတ်တောင်းပေါ်လျှင် ညီအစ်ကိုသားချင်းများနှင့် တကွဲတပြားစီ နေရလိမ့်မည်။

မျက်ခုံးမွေး အနည်းငယ်သာ ပေါက်မှုညီအစ်ကိုမောင်နှမများကို ထိခိုက်တတ်၏။ မျက်ခုံးကြမ်းပြီး နားထင်နားသို့ ရောက်နေလျှင် ကျန်းမာရေးနှင့် ပြည့်စုံသူ ဖြစ်၏။ မျက်ခုံးမွေးတို၍ သေးသူသည် ဇနီး မယားဘက်မှ ချမ်းသာတတ်၏။ မျက်ခုံးမွေးအပေါ်သို့ ကောက်တက် နေလျှင်လည်း မိဘနှစ်ပါးကို ထိခိုက်တတ်၏။

မျက်ခုံးမွေးအပင်ကြီး၍ မကောက်ဘဲနေလျှင် တဏှာရာဂကြီးသူ ဖြစ်၏။ မျက်ခုံးမွေး အလွန်လှသူသည် စီးပွားရေး အဆင်ပြေသူ ဖြစ်၏။ မျက်ခုံးမွေး ကြမ်းနေလျှင် သူများလက်အောက်တွင် အလုပ်လုပ်ရတတ် ၏။ ဦးခေါင်းသေး၍ နောက်စေ့မြင့်နေသူသည် စိတ်ထားကောင်းသူ ဖြစ်၏။

မျက်ခုံးမွေးအရောင် ပြောင်လက်နေလျှင် ညီအစ်ကိုချင်း ချစ်ခင် ကြင်နာတတ်၏။ မျက်ခုံးမွေးရှုပ်ထွေးနေပါလျှင် ညီအစ်ကိုမောင်နှမများ တကွဲတပြားစီ နေရလိမ့်မည်။ အလုပ်လုပ်ရာတွင်လည်း အဆင်မပြေ ဖြစ်တတ်၏။

ကောင်းမွန်သော မျက်ခုံးမွေးရှိသူသည် နားသယ်နားထိ ရှည်လျား စွာ ရောက်ရှိနေ၏။ ထိုသူမှာ ရာထူးကြီးသူ ဖြစ်နိုင်၏။ မျက်ခုံးမွေး

အပေါ်နှင့် နားရွက်ရိုးပေါ်တွင် အဖြူရောင် ပေါ်လာလျှင် ဝမ်းနည်းရတတ်၏။ မျက်ခုံးမွေးအပေါ်နှင့် နားရွက်ပေါ်တွင် အနီရောင်ပေါ်လာပါက သုံးရက်မှ ခုနစ်ရက်အတွင်း အမှုဖြစ်တတ်၏။ ဝါထိန်၍ ဖြစ်နေမှု မကြာခင် အိုးအိမ်အသစ် ဝင်လိမ့်မည်။

## မှတ်ရန်အချက်များ

မျက်ခုံးမွေးကောက်နေလျှင် စားဝတ်နေရေး ပြေလည်ကာ အလုပ်အကိုင် အောင်မြင်နိုင်၏။ မျက်ခုံးမွေး မြင့်၍ အပေါ်ရောက်လျှင် ဩဇာရှိတတ်၏။ မျက်ခုံးမွေးရှည်ပြီး အောက်သို့ စွေကျနေလျှင် အသက်ရှည်၏။ မျက်ခုံးမွေး အရောင်စိုနေလျှင် ရာထူးရ၏။ လခြမ်းပုံနှင့် တူသော မျက်ခုံးမွေးရှိလျှင် လူတကာထက် ထူးသူဖြစ်၏။ မျက်ခုံးမွေး နားထင်နားထိ ရှည်နေလျှင် စိတ်သဘောထားကောင်းသူဖြစ်၏။ မျက်ခုံးမွေး တိုနေလျှင် စိတ်ထား ညံ့၏။ မျက်ခုံးတစ်ဖက် လခြမ်းနှင့် တူနေလျှင် ကုသိုလ်ကံထူးသူ ဖြစ်၏။

မျက်ခုံးမွေး အဝါရောင် ပေါ်လာလျှင် ချမ်းသာတတ်၏။ ပြတ်တောင်း၍နေသော မျက်ခုံးမွေးရှိလျှင် ညီအစ်ကို မောင်နှမများနှင့် တစ်နယ်တခြားစီ ရောက်နေရ၏။ ကန့်လန့်ရစ်ပါသော မျက်ခုံးမွေးရှိသူသည် မိဘနှစ်ပါး စောစီးစွာ သေဆုံးတတ်၏။

မျက်ခုံးမွေး များပြားစွာ ပေါက်၍ အပင်သေးပြီး နက်နေလျှင် ညီအစ်ကို များမည်။ တံမြက်စည်းနှင့် တူသော မျက်ခုံးမွေးရှိလျှင် ညီအစ်ကို ရစ်ယောက်၊ ကိုးယောက် ရှိမည်။ မျက်ခုံးနှစ်ဖက်ထိပ်ဖျားသေးပြီး မျက်စိထက် မကျော်လွန်လျှင် အမေ မုဆိုးမ ဖြစ်နိုင်၏။

မျက်ခုံးမွေး နှစ်ဖက် အပေါ် ထောင်လျှင် လူကြီးလူကောင်း ဖြစ်၏။ မျက်ခုံးမွေးထိပ်တွင် မှဲ့ရှိလျှင် အမှုဖြစ်မည်ကို မကြောက်နှင့်။ မျက်ခုံးမွေး


အပေါ်နား မျက်ရိုးပေါ်တွင် အမည်းရောင်၊ အစိမ်းရောင် ကြေးပြားစေ့ ခန့်ရှိလျှင် မကြာခင် သေဆုံးနိုင်မည်။ မျက်ခုံးမွေးသည် ခြောက်၍ ဝါနေလျှင် မီးဘေး ရေဘေးနှင့် ကြုံရတတ်၏။ မျက်ခုံးမွေးအလယ်တွင် တစ်စက်မျှသော အဝါရောင် ရှိခဲ့လျှင် လူတကာနှင့် စကားများမည်။ နီပြာရောင် ပေါ်လာလျှင် စီးပွားရေး ကျဆုံးနိုင်၏။ ဦးခေါင်း အစိမ်းရောင် ရှိလျှင် ဇနီးမယား ဓာတာ ညှံ့၏။ မျက်ခုံးမွေး အလယ်တွင် အမွေးရှည် ထွက်လာလျှင် အသက်ရှည်၏။ သို့သော် အဆင်ပြေရုံသာ နေနိုင်၏။ အသက် ၂၀ ကျော်တွင် မျက်ခုံးမွေး အရှည်ထွက်လာလျှင် အသက် ၃၀ ခန့်တွင် သေနိုင်၏။ အသက် ၃၀ ကျော်မှ ထွက်လာလျှင် အသက် ၄၀ တွင် သေနိုင်၏။ အသက် ၄၀ ကျော်မှ ထွက်လာသော် အသက်ရှည်၏။ ရှည်လျားပြီး မြင့်နေသော မျက်ခုံး မွေးပိုင်ရှင်သည် အသက် ၈၀ ထိ နေနိုင်၏။

□


# ပုံ (င)

## မျက်စိအကြောင်း

၁။ ဓာမဏီငှက်မျက်စိ
၂။ မျောက်မျက်စိ
၃။ ဆိတ်မျက်စိ
၄။ လိပ်မျက်စိ
၅။ နဂါးမျက်စိ
၆။ ငှက်မျက်စိ
၇။ ငါးမျက်စိ
၈။ ဆင်မျက်စိ
၉။ ခြင်္သေ့မျက်စိ
၁၀။ မြင်းမျက်စိ
၁၁။ ကျားမျက်စိ
၁၂။ နွားမျက်စိ
၁၃။ ရွှေဥဒေါင်းမျက်စိ
၁၄။ မီးနှင့်တူသောမျက်စိ
၁၅။ ဟင်္သာမျက်စိ
၁၆။ ကြွက်မျက်စိ
၂၀။ မြွေမျက်စိ
၂၁။ တက်ကြွနေသောငှက်မျက်စိ
၂၂။ အိပ်ငိုက်နေသောဗျိုင်းမျက်စိ
၂၃။ ဓာမဏီငှက်နှင့်ပုံစံတူညီသော မျက်စိ
၂၄။ ရေဝမ်းဘဲမျက်စိ
၂၅။ နေလမျက်စိ
၂၆။ မှေးနေသောမျက်စိ
၂၇။ မြေခွေးမျက်စိ
၂၈။ တင်ကျီးငှက်မျက်စိ
၂၉။ မျောက်ဝံမျက်စိ
၃၀။ သမင်မျက်စိ
၃၁။ နိမျက်စိ
၃၂။ ငှက်ကြီးဝန်ပိုမျက်စိ
၃၃။ ရှဉ့်မျက်စိ
၃၄။ ပျားမျက်စိ


၁
ဓာမကတ်
ငှက်မျက်စိ
၂
မျောက်မျက်စိ
၃
ဆိတ်မျက်စိ
၄
လိပ်မျက်စိ
၅
နဂါးမျက်စိ
၆
ငှက်မျက်စိ
၇
ငါးမျက်စိ
၈
ဆင်မျက်စိ
၉
ခြသေ့်မျက်စိ
၁၀
မြင်းမျက်စိ
၁၁
ကျားမျက်စိ
၁၂
နွားမျက်စိ
၁၃
ရွှေဥဒေါင်း
မျက်စိ
၁၄
မီးနှင့်တူသော
မျက်စိ
၁၅
တသ်ာမျက်စိ
၁၆
(C)
ကြွက်မျက်စိ

ပုံ (ဂ)


၁၇
မျိုင်းမျက်စိ
၁၈
ကြက်မျက်စိ
၁၉
အရက်မူးသမား နှင့်တူသောမျက်စိ
၂၀
မြွေမျက်စိ
၂၁
တက်ကြွနေ သောငှက်မျက်စိ
၂၂
အိပ်ငိုက်နေသော ငှက်မျက်စိ
၂၃
ဓာမဏိငှက်နှင့် ပုံစံတူသောမျက်စိ
၂၄
ရေဝမ်းဘဲ မျက်စိ
၂၅
နေလမျက်စိ
၂၆
မှေးနေသော မျက်စိ
၂၇
မြေခွေး မျက်စိ
၂၈
တင်ကျီးငှက် မျက်စိ
၂၉
မျောက်ဝံ မျက်စိ
၃၀
သမင်မျက်စိ
၃၁
ဒိုမျက်စိ
၃၂
ငှက်ကြီးဝံပို မျက်စိ
၃၃
ဂျင့်မျက်စိ
၃၄
ပျားမျက်စိ
၃၅
ဝက်ဝံမျက်စိ
၃၆
ငန်းမျက်စိ
(C)

ပုံ (ဂ)

၁၇။ ဖျိုင်းမျက်စိ ၃၅။ ဝက်ဝံမျက်စိ
၁၈။ ကြက်မျက်စိ ၃၆။ ငန်းမျက်စိ
၁၉။ အရက်မူးသမားပုံစံရှိသော မျက်စိ

၁။ ဓာမဏိငှက် မျက်စိရှိသူသည် စီးပွားရေး ပြည့်စုံသည်။ မိတ်ဆွေပေါများပြီး စာပေရေးရာနှင့် ပတ်သက်လျှင် အောင်မြင်ကျော်ကြားမှုရှိမည်။ ထိုမျက်စိမျိုးရှိသူသည် အလွန်ရှားပါး၍ လူတစ်သောင်းတွင် တစ်ယောက်သာလျှင် ရှိသောမျက်စိမျိုးဖြစ်၏။

၂။ မျောက်မျက်စိရှိသူများမှာ လူတစ်ဖက်သားအပေါ်တွင် ယုံကြည်မှု ကင်းမဲ့တတ်၏။ ဉာဏ်ပညာနှင့်လည်း ပြည့်စုံကာ အများထက်ထူးချွန်သောသူ ဖြစ်နိုင်၏။

၃။ ဆိတ်မျက်စိ ရှိသူများမှာ လူလိမ်၊ လူညာများတွင် တွေ့ရှိရ၏။ မည်းပြီး သေးငယ်နေလျှင်စိတ်နေစိတ်ထားပါ အလွန်ညံ့၏။ အသက် ၃၀ အရွယ်တွင် စီးပွားရေး ပြေလည်ပြီး အသက်ကြီးလာလျှင် ဆင်းရဲဒုက္ခရောက်နိုင်၏။

၄။ လိပ်မျက်စိသည် ကြည်လင်ဝိုင်းနေကာမျက်လုံးအိမ်မှ အသားအရေ ထူ၍ ညီနေရမည်။ ထိုလူမျိုးများသည် စိတ်ထားတည်ငြိမ်တတ်ပြီး စားဝတ်နေရေး အဆင်ပြေ၍ စိတ်ချမ်းသာကာ အသက်ရှည်တတ်၏။

၅။ နဂါးမျက်စိသည် သူငယ်အိမ် အလွန်မည်းနေပြီး အပြင်သို့ ထွက်ရှိနေသည်။ မျက်စိ အလုံးကြီးနေလျှင် ရိုးသား၍ အဆင့်အတန်းမြင့်စွာ နေထိုင်ရပြီး ဂုဏ်ကျက်သရေနှင့် ပြည့်စုံ၏။

၆။ ငှက်မျက်စိရှိသော လူမျိုးများသည် ချမ်းသာ ကြီးပွားနိုင်ကြ၏။ မျက်ခုံးပေါ်တွင် အရေးအကြောင်းများစွာ ပါနေလျှင် သစ္စာသမာဓိရှိမည့်သူပင် ဖြစ်၏။

၇။ ငါးမျက်စိရှိသူများသည် အလွန်ရိုးအ၍ ကျန်းမာရေးချို့ယွင်းကာ အသက် ၂၀ ထိသာ နေထိုင်ရ၏။

၈။ ဆင်မျက်စိသည် သေးပြီး ရှည်နေကာ အောက်မျက်ခွံပေါ်တွင် အရေးအကြောင်းများ ပေါ်နေ၏။ ထိုလူမျိုးသည် ဩဇာအာဏာရှိ၍ စိတ်နေစိတ်ထား အလွန်ကောင်းမွန်ပြီး အသက်ပါ ရှည်တတ်၏။

၉။ ခြင်္သေ့မျက်စိရှိသူသည် ဘုန်းကံရှိ၏။ လူအများ၏ ချစ်ခင်လေးစား ကြည်ညိုခြင်းကို ခံရတတ်၍ စိတ်ထား အလွန်ကောင်း၏။

၁၀။ မြင်းမျက်စိသည် မျက်ခွံများကျယ်နေပြီး အပြင်သို့ အနည်းငယ် ထွက်နေ၏။ ထိုမျက်စိရှိသူများမှာ သူများလက်အောက်တွင် ကျိုးနွံစွာနှင့် အလုပ်လုပ်ကိုင်ရပြီး ဆင်းရဲပင်ပန်းကြီးစွာ ရှာဖွေ စားသောက်ရ၏။ အဆင့်အတန်း အလွန်နိမ့်ကျစွာ နေထိုင်ရ၏။

၁၁။ ကျားမျက်စိသည် မျက်လုံးကြီး၍ အဝါရောင်သည် အထဲမှ သူငယ်အိမ်သေး၍ ဝိုင်းစက်နေသည်။ ထိုလူမျိုးများသည် ဩဇာအာဏာရှိ၍ အလွန်ချမ်းသာ ကြွယ်ဝပြီး အိဇာတာပို၍ ကောင်းကြသည်။

၁၂။ နွားမျက်စိသည် ကြီး၍ ဝိုင်းနေသည်။ အလုပ်အကိုင် အဆင်ပြေ၍ စားဝတ်နေရေးဖူလုံ၏။ လူတစ်ဖက်သား အပေါ်တွင် အဆင့်အတန်းခွဲခြားတတ်သော စိတ်ထားရှိသည်။

၁၃။ ရွှေဥဒေါင်းမျက်စိသည် အမည်းများပြီး အဖြူရောင် နည်း၏။ ထိုလူမျိုးသည် အိမ်ထောင်ရေး သာယာမှုရှိပြီး စိတ်သဘောထား ပြည့်ဝကြသည်။

၁၄။ မီးနှင့်တူသော မျက်စိသည် အနီရောင်ရှိ၏။ ထိုလူမျိုး ကို ကြည့်လိုက်လျှင် အိပ်ငိုက်နေသော ပုံစံမျိုးရှိ၏။ စိတ်နေ စိတ်ထား အလွန်ညံ့ဖျင်း၍ မိဘဆွေမျိုးများအား ထိခိုက် တတ်၏။

၁၅။ ဟင်္သာမျက်စိသည် ကျယ်ဝန်း၍နေကာ သူငယ်အိမ် အပြင်သို့ ထွက်ရှိနေပြီး အလွန်လှပနေ၏။ ထိုလူမျိုးများ သည် ချမ်းသာကြွယ်ဝကြပြီး အပျော်အပါး လိုက်စားကြ ၏။ ယောကျ်ားဖြစ်သူဆိုလျှင် မိန်းမရှုပ်တတ်၍ မိန်းမဖြစ်သူ ဆိုလျှင် ရည်းစားများတတ်၏။

၁၆။ ကြွက်မျက်စိသည် အမည်းရောင်များနေသော်လည်း အရောင် မှေးမှိန်နေ၏။ ထိုလူမျိုးသည် ဦးခေါင်းသေးပြီး လူကိုကြည့်လျှင် ခိုး၍ကြည့်တတ်သော အကျင့်ရှိပြီး စိတ် ထားညံ့ဖျင်းကာ လူများကို မနာလိုစိတ် ပွားများ၏။ လုပ်ကြံ သတ်ဖြတ်ရဲသော စိတ်လည်း ရှိ၏။

၁၇။ ဖျိုင်းမျက်စိသည် အတွင်းမှ အဖြူရောင်နှင့် အမည်း ရောင်တို့မှာ ရှင်းလင်းနေကာ အပြင်သို့ မပေါ်ထွက်ဘဲ ခွဲညား သော မျက်လုံးမျိုးပင် ဖြစ်၏။ စိတ်သဘောထား ကောင်းမွန် ၍ စားဝတ်နေရေး ပြေလည်ရုံသာ ရှိ၏။

၁၈။ ကြက်မျက်စိသည် သေးပြီး ဝိုင်းနေကာ အဖြူပေါ်တွင် အဝါရောင် ကွင်းထားပါသည်။ မယားငယ် ယူထားတတ် သည်။ သူများ သားမယားကိုလည်း စော်ကားတတ်သည်။

အပြောင်းအလဲမြန်၍ သူခိုး၊ ဓားပြများ ဖြစ်နိုင်၏။

သို့သော် လူများကိုလည်း ကူညီတတ်သော စိတ်ထား ရှိ၏။

၁၉။ အရက်မူးသမား မျက်စိသည် မှိန်နေ၍နီဝါရောင်များ ရှိ၏။ ဒေါသ အလွန်ကြီးပြီး စိတ်ထား မဖြူစင်တတ်သော ကြောင့် ဆင်းရဲပြီး အသက်တို၏။ အပျော်အပါးလိုက်စား၍ သားမယား လုံး၀ မရှိကာ တစ်ကိုယ်တည်းသမား ဖြစ်၏။

၂၀။ မြွေမျက်စိသည် သေးငယ်ပြီး အပြင်ဘက်သို့ ထွက် နေသည်။ အကျင့်စာရိတ္တ ပျက်ပြား၍ လိမ်လည်လှည့်ဖျား တတ်၏။ ဘုရား တရားပင် မသိသောသူ ဖြစ်၏။ မည်သည့် အလုပ်အကိုင်ကိုမဆို မစဉ်းစားဘဲ ချက်ချင်း ထ၍ လုပ်ကိုင် တတ်ပြီး သားမယားကပင် သူ့အား မလေးစားကြပေ။

၂၁။ တက်ကြွနေသော ငှက်မျက်စိရှိသူများသည် အဆင့် အတန်း အလွန်မြင့်မားစွာ နေထိုင်ရ၍ ချမ်းသာကြွယ်ဝကြ ၏။ ကုသိုလ်ကံ အလွန်ထူးသူများ ဖြစ်ကြ၍ လူအများ၏ ချစ်ခင်လေးစားခြင်း ကိုပါခံရ၏။ ဘဝတစ်သက်တာတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရ၏။

၂၂။ အိပ်ငိုက်နေသော ငှက်မျက်စိသည် ညီညီညာညာ တည့်မတ်စွာရှိ၏။ အလုပ်အကိုင်၊ အကြံအစည်များအောင် မြင်၍ ဘုန်းကံရှိပြီး အသက်ပါရှည်၏။

၂၃။ ဓာမဏီငှက်နှင့် ပုံစံတူညီသော မျက်စိသည် မျက်ရိုး မှာ ပိုမိုကြီးမား၍ ကျယ်နေ၏။ အဆင့်အတန်းမြင့်မားစွာ နေထိုင်ရပြီး စိတ်ချမ်းသာမှုရှိ၏။ ဓာတာ အလွန်ကောင်း သော သူများတွင် ပါရှိ၏။

၂၄။ ရေဝမ်းဘဲ မျက်စိသည် မည်း၍အဖြူပေါ်တွင် ရွှေရောင် ဝိုင်းနေ၏။ ထိုလူမျိုးသည် ရိုးသား၍ သစ္စာရှိကာ စိတ်သဘောထား ကောင်းကြ၏။ စားဝတ်နေရေး ပြေလည်ကာ အဆင့်အတန်း မြင့်စွာ နေထိုင်ရ၏။

၂၅။ နေလ မျက်စိ နှစ်လုံးသည် တစ်ဖက်နှင့် တစ်ဖက် မတူညီကြဘဲ ကွဲပြား ခြားနား၍နေ၏။ အလုပ်ကြိုးစား ၍ စီးပွားရှာဖွေကာ ကြီးပွားချမ်းသာကြသော်လည်း အသက်ကြီးလာလျှင် ဆင်းရဲဒုက္ခရောက်တတ်သည်။

၂၆။ မေးနေသော မျက်စိသည် ရယ်ပြုံးလိုက်လျှင် မျက်ခွံများသည် လှုပ်ရှု၍ တုန်လှုပ်နေသည်။ လူအများ၏ ချစ်ခင်နှစ်သက်ခြင်းကို ခံရသော်လည်း ဆင်းရဲစွာ နေထိုင်ရတတ်၏။

၂၇။ မြေခွေးမျက်စိသည် အဖြူရောင်မပေါ်ပေါက်ဘဲ အဝါရောင် များပြား၏။ စိတ်ထားညံ့တတ်၍ လူတစ်ဖက်သားကို စောင်းမြောင်း ကြည့်တတ်သော အကျင့်ရှိပြီး ချမ်းသာကြသော်လည်း အသေဆိုးနှင့် သေဆုံးတတ်သည်။

၂၈။ တင်ကြီးငှက်မျက်စိသည် ဝါပြီး ကြည်လင်သန့်ရှင်း၍ နေ၏။ ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင် စားသောက်ရပြီး စိတ်သဘောထား ဖြူစင်သန့်ရှင်း၏။

၂၉။ မျောက်ဝံမျက်စိမှာ အနည်းငယ် ဝါပြီး လိုချင်တပ်မက်စိတ်များ၏။ ရှေ့တွင် တစ်မျိုး၊ နောက်ကွယ်တွင် တစ်မျိုး ဖြစ်၏။ သို့သော်လည်း အသက်ရှည်၏။

၃၀။ သမင်မျက်စိမှာ အဖြူရောင်ပေါ်တွင် အမည်းရောင် ကြည်လင်ပြီး အနည်းငယ် ရှည်နေ၏။ စိတ်မြန်ပြီး သစ္စာ

ရှိသူပင် ဖြစ်၏။ လျှို့ဝှက်ချက်များတတ်၍ စီးပွားရေး အဆင်ပြေ၏။

၃၁။ ခိုမျက်စိသည် အဖြူရောင်ပေါ်တွင် အနီရောင်အဝိုင်း ကွင်းထား၏။ ထိုလူမျိုးများသည် စိတ်သဘောထား ကောင်း မွန်ကြသော်လည်း ပစ္စည်းဥစ္စာ နည်းပါးကြ၏။ တဏှာ ရာဂလည်း အလွန်ကြီး၏။

၃၂။ ငှက်ကြီးဝန်ပိုမျက်စိသည် ဝိုင်း၍ ကြီးပြီး အနည်းငယ် ရှည်နေ၏။ စိတ်ထားကောင်းမွန်ပြီး စာပေပညာတွင် ထူးချွန် ၍ အရာရာတွင် အောင်မြင်ကာ ချမ်းသာကြွယ်ဝပြီး အိုဇာ တာပါ အလွန်ကောင်း၏။

၃၃။ ရှဉ့်မျက်စိသည် ဝါဂွမ်းကဲ့သို့ ဖြူဖွေး၍ နေ၏။ ထို လူမျိုးများသည် များသောအားဖြင့် နတ်ခမ်းကို သွားနှင့် ကိုက်လေ့အကျင့်ရှိပြီး မိမိလုပ်ကိုင်သော အလုပ်ဌာနမှ အထက်အရာရှိကြီးများအား မျက်နှာချို သွေးတတ်၏။

၃၄။ ပျားမျက်စိသည် အပြင်သို့ ထွက်နေပြီး အရောင် တောက်နေ၏။ ထိုလူမျိုးများသည်မဟုတ်မခံ စိတ်ဓာတ် ရှိပြီး သစ္စာရှိ၏။

၃၅။ ဝက်မျက်စိသည် မျက်ခွံများဝိုင်းပြီး မျက်စိပါ ဝိုင်းနေ ၏။ ထိုလူမျိုးများသည် သတ္တိရှိပြီး ဩဇာအာဏာရှိသော လူများပင် ဖြစ်၏။ စိတ်သဘောထား ကောင်းမွန်ပြီး မိမိ လုပ်ကိုင်သော လုပ်ငန်းများတွင် တစ်ဖက်သားနှင့် အပြိုင် အဆိုင် လုပ်ရလေ့ ရှိ၏။ အမှုအခင်းများ နိုင်ကာ အိုဇာတာ အလွန်ကောင်း၏။

၃၆။ ငန်းမျက်စိသည် အဖြူနည်းပြီး အမည်းများ၏။ စိတ်

သဘောထား အလွန်ညံ့ဖျင်း၏။ သို့သော်လည်း အိုဇာတား ကောင်း၏။

မျက်စိသည် လူ၏ခန္ဓာကိုယ်ပေါ်တွင် အလွန် အရေးကြီးသော ပစ္စည်းများပင်ဖြစ်၏။ မိုးပေါ်တွင် နေနှင့်လသည် အဓိကဖြစ်နေသကဲ့သို့ လူ၏ခန္ဓာကိုယ်ပေါ်တွင် မျက်စိသည် အဓိကဖြစ်၍ အလွန်အဖိုးတန်သော အရာဖြစ်ပေသည်။

မျက်စိသည် ကြည်လင်သော အရောင်အဆင်းရှိနေမှသာ အရာရာ အောင်မြင်နိုင်၍ အရောင်မှေးမှိန်နေလျှင်မူ အောင်မြင်မှု မရတတ်ပေ။ ဘယ်ဘက်မျက်စိ၏ နဖူးပြင်ပေါ်တွင် အမေဖြစ်သူနှင့် သက်ဆိုင်သည်။

မျက်စိသည် အရောင်တောက်နေလျှင် ချမ်းသာ၏။ မျက်စိသည် မည်းပြီးသေးနေသူသည် ဝီရိယရှိသူဖြစ်၏။ မျက်စိသည် နိမ့်ပြီးရှည်နေလျှင် အသက်ရှည်၏။ မမြင်တမြင်ဟု ထင်ရသော မျက်စိရှိသူသည် မကြာခင် သေနိုင်၏။ မျက်စိအလုံးကြီးပြီး အပြင်သို့ ပြူးကြည့်နေသယောင်ထင်ရလျှင် ထိုသူမှာ မိန်းမလိုက်စားသူ ဖြစ်၏။ အသက်လည်း မရှည်ပါ။

မျက်စိအဖျားဘက်တွင် ငါးအမြီးခွသဏ္ဍာန်ရှိသော မျက်စိသည် ကောင်း၏။

ဇာမဏိကြောင်၏ မျက်စိနှင့်တူသောလူသည် အရက်အလွန်ကြိုက်၏။ ဝိုင်းပြီးကြည်လင်နေသော မျက်စိကို နဂါး မျက်စိဟု ခေါ်၏။ ဝိုင်းပြီးကြီးနေလျှင် ကျားမျက်စိ ဖြစ်၏။

ပြူးနေသယောင် ထင်ရသော မျက်စိ အပေါ်ဘက်ရှိ မျက်ခွံပေါ်တွင် အရေးအကြောင်းတစ်ကြောင်းနှင့် အောက်ဘက်ရှိ မျက်ခွံပေါ်တွင် အရေးအကြောင်း တစ်ကြောင်း ပါရှိသူသည် မကြာခဏ စကားများသူ ဖြစ်၏။ မျက်စိအိမ်တွင် အဖြူရောင်လေးဖက်စလုံးများပြီး အမည်းရောင်

အနည်းငယ်သာ ရှိသောမျက်စိသည် ဆိတ်မျက်စိဖြစ်၏။ ဓာတာညံ့သည်။ ဆင်းရဲဒုက္ခ ရောက်၏။

မျက်စိသည် သေးငယ်ပြီး ဝိုင်းနေကာ သူငယ်အိမ်ပေါ်တွင် အစိမ်းရောင် ကွင်းနေပါက မြွေမျက်စိဟု ခေါ်၏။ ထိုသူသည် မည်သည့်ကိစ္စကို မဆို လူအများနှင့် အပြိုင်အဆိုင် လုပ်လေ့ရှိ၏။ စိတ်ဓာတ်ရေးရာတွင် အလွန်ညံ့၏။

မျက်စိအိမ်တွင် အဖြူရောင်များသည် အရောင်မှိန်ပြီး မတောက်ပပါက သေနိုင်၏။

အမျိုးသမီးဖြစ်သူ၏ မျက်စိသည် အနည်းငယ် ပင့်ကြည့်လိုက်ရုံသာ ပုံစံရှိနေလျှင် အလွန်စိတ်ထား ညံ့သူ ဖြစ်၏။ ယောကျ်ားတစ်ထောင်ကို ပင်သတ်နိုင်၏။

မျက်စိသည် ဝိုင်း၍ အတွင်းသို့ ချိုင့်ကာ သူငယ်အိမ်ကြီးပြီး အဖြူရောင် နည်းသူ၏ စိတ်ထားသည် ကောင်း၏။

မျက်စိတွင် အနီရောင် သွေးကြောများရှိသူမှာ ချမ်းသာနိုင်၏။ မျက်စိတွင်းမှ အဖြူရောင်မရှိဘဲ အဝါရောင်ရှိသော မျက်စိရှိမူ ဘေးဒုက္ခနှင့် ရင်ဆိုင်၍ သေနိုင်၏။

မည်သူ့ကိုမျှ ဂရုမစိုက် ကြည့်တတ်သော မျက်စိကိုလည်း ဆိတ်မျက်စိဟု ခေါ်၏။

မျက်ပေါက်ကျဉ်း၍သေးသော မျက်စိပိုင်ရှင်မှာ ရိုးသားပြီး စိတ်မြန်တတ်သောတစ်ကိုယ်တည်းသမားပင် ဖြစ်၏။

အောက်ဘက် မျက်ခွံတွင် အရစ်ကြောင်းများပေါ်နေလျှင် သားသမီးရနိုင်၏။

မျက်စိအဝါရောင် ဖြစ်နေသူ အမျိုးသမီးသည် ကလေးမွေးဖွားချိန်တွင် သေဆုံးနိုင်၏။

လူတစ်ယောက်ကို ကြည့်လျှင် ခိုး၍ကြည့်တတ်သော မျက်စိရှိသူမှာ မကောင်းသော လူတစ်ယောက်ပင် ဖြစ်၏။ ထိုသူသည် စီးပွားရေးတွင် အဆင်ပြေ၏။

အရောင်မတောက်သော မျက်စိ၊ အဝါရောင် အဖြူရောင်များသော မျက်စိ၊ အရက်သမား ပုံစံကဲ့သို့သော အဖြူနည်းသော မျက်စိ စသည်တို့ကို မနှစ်သက်ပါနှင့်။ ကြည်လင်တောက်ပသော မျက်လုံးရှိသူကိုသာ ကြိုက်နှစ်သက်ပါ။

ဝိုင်းသော၊ ကျဉ်းလွန်းသော၊ ချိုင့်လွန်းသော၊ အောက်မျက်ခမ်း အနည်းငယ်ခွက်သော စသည်များလည်း မကောင်းပါ။ မျက်ကွင်းချိုင့်နေပါမူ အပေါ်နှင့် အောက် ညီညာ၍ ချိုင့်နေပြီး အရောင်အဆင်းများ ကောင်းနေပါက ကုသိုလ်ကံကောင်းသူ ဖြစ်၏။

အောက်မျက်ခွံနှင့် အပေါ်မျက်ခွံပါ နိမ့်ချိုင့်နေပါမူ သားသမီး မရနိုင်ပေ။ သားသမီးရှိလျှင်လည်း သေဆုံးနိုင်၏။

မျက်ရည်ခံနေရာတွင် အရောင်ခြောက်နေခဲ့လျှင် သားမယားမရှိဘဲ တစ်ကိုယ်တည်းသမား ဖြစ်နိုင်၏။

မျက်စိတွင် အဖြူရောင်များပြီးနေလျှင် အရောင်တောက်နေမှသာ ကောင်းစားမည်။ အရောင်မရှိက ဒုက္ခရောက်တတ်၏။

အပြင်သို့ ထွက်နေသော မျက်စိကို ဆိတ်မျက်စိ ဟုခေါ်၏။ အရောင်ပါ မှိန်တတ်၏။ စိတ်နေစိတ်ထား ညံ့ဖျင်းကာ အသက်ရှည်၏။

မျက်စိ အရောင်တောက်ပြီး အပြင်ထွက်နေလျှင် ဒေါသကြီးသူပင် ဖြစ်၏။

မျက်စိတွင် အဖြူရောင်၊ အဝါရောင်များ ရှိသူမှာ စိတ်ထားမကောင်းပါ။ အပျော်အပါးလိုက်စားမည့် လူပင်ဖြစ်၏။ ယောက်ျားဆိုလျှင် မိန်းမကို ထိခိုက်နိုင်၍ အမျိုးသမီးဖြစ်မူ လင်သားကို ထိခိုက်၏။

အပြာရောင်ရှိသော မျက်စိသည်လည်း စိတ်ထားညွှတ်တတ်၏။

မျက်ရိုးများ ပိုင်းနေသကဲ့သို့ ပေါ်နေလျှင် အမှုအခင်းများ၌ စိတ်ဆင်းရဲရလိမ့်မည်။

မေးမိုန့်ပြီး ငိုမဲ့နေသယောင် ထင်ရသော မျက်စိ ပုံစံရှိသော သူသည် မိဘနှစ်ပါး သေဆုံးမည့် အရိပ်အယောင်ပင် ဖြစ်၏။

မျက်စိအတွင်းသို့ ချိုင့်ဝင် နေသူသည် သူတော်ကောင်း ကြက်သူခိုး ဖြစ်၏။

အပေါ်မျက်ရိုးသည် ပိုမိုမြင့်ကာ အောက်မျက်ရိုးသည် နိမ့်နေလျှင် သားသမီး မရနိုင်ပါ။

အောက်ဘက်မှ မျက်ရိုးထောင်တက်နေသည်ကို တွေ့ရလျှင် ဆင်းရဲ ဒုက္ခရောက်မည်။ သူတစ်ပါး၏ အနိုင်းအစေလည်း ဖြစ်နိုင်သည်။

အောက်ဘက်မှ မျက်ရိုးမည်းပြီး အဖြူရောင်နည်းနေလျှင် ထိုသူမှာ အသက်ရှည်၏။ ဩဇာအာဏာလည်း ရှိ၏။

အပေါ်မျက်ခွံ အရေခွံပါး၍မျက်စိ အပြင်ဘက်သို့ထွက်နေသူသည် ဆွေမျိုးသားချင်းများနှင့် မသင့်မြတ်သူ ဖြစ်သည်။ လူတကာနှင့် လည်း ခိုက်ရန် ဒေါသ ဖြစ်တတ်သည်။ တစ်ကိုယ်တည်းသမားလည်း ဖြစ်၏။

အရောင်တောက်ပြီး မျက်ခွံထူနေလျှင် မဟုတ်မခံစိတ်လည်း ရှိပြီး အပြောင်းအလဲ မြန်ဆန်သူဖြစ်၏။ သေလုမျောပါး ဖြစ်နေရာမှပြန်၍ အသက်ရှင်လာနိုင်သူ ဖြစ်၏။

မျက်စိတစ်ဖက်ကြီး၊ တစ်ဖက်သေး ဖြစ်နေလျှင် ညီအစ်ကို မောင်နှမများကို ထိခိုက်တတ်၏။

မျက်ရည်ခံနေရာတွင် မျက်ရည်ကျသကဲ့သို့ ချိုင့်ပြီး အကွက်ရာထင်နေလျှင် သားဖြစ်သူ အိမ်ထောင်ရေး ပျက်စီးလိမ့်မည်။

မျက်စိသည် နေဝင်ချိန်ကဲ့သို့ မထင်မရှားမြင်ရသော မျက်စိဖြစ်မှု

ထိုလူသည် ပျက်စီးလိမ့်မည်။ သို့သော် သားဖြစ်သူက လာ၍ကယ်ဆယ် လိမ့်မည်။

မျက်စိ၏ အစွန်းမှ ငါးအမြီးခွ နေရာတွင် မှဲ့ရှိလျှင် မကောင်းပါ။

၄င်းနေရာတွင် နိမ့်၍နေလျှင် ဇနီးသည် ကျန်းမာရေး ညံ့တတ်၏။

၄င်းငါးအမြီးခွ နေရာတွင် အရေးအကြောင်း တန်းမတ်နေလျှင် ဇနီးသည်ကို ထိခိုက်နိုင်၏။

မျက်စိအဖျားတွင် ကြက်ခြေခတ် ပုံသဏ္ဌာန်ရှိပြီး အရေးအကြောင်း များ ပြန်ဆက်သလို ဖြစ်နေလျှင် ဇနီးသည်ဖြစ်သူ ကြိုးဆွဲချသေနိုင်၏။

မျက်စိအဖျားတွင် လေးထောင့်အကွက် ပေါ်နေပါက ကိုယ့်ကိုယ် ကိုယ် သတ်သေမည်။

အောက်မျက်ခွံပေါ်တွင် မြွေကဲ့သို့ အရေးအကြောင်းများ ပေါ်နေခဲ့ လျှင် ထိုသူ၏ သားသမီးနှင့် မြေးများကို ထိခိုက်နိုင်၏။ ထိုသူမှာ အသက်ကြီးမှ အောင်မြင်မှု ရနိုင်၏။

မျက်စိတည့်တည့် ရှိသူသည် စိတ်တည်ငြိမ်သူ ဖြစ်၏။ အလုပ် အကိုင်များကို တိကျမှန်ကန်စွာ လုပ်ဆောင်တတ်၏။

မျက်စိ စွေစောင်းနေသူသည် စိတ်ထားမကောင်း၊ မနာလိုစိတ် ပွား များ၏။

လုပဝိုင်းစက်သော မျက်လုံးရှိသူသည် စိတ်ထားကောင်း၏။

အလွန် အကြည့်ရ ရုပ်ဆိုးသော မျက်စိပုံသဏ္ဌာန်ရှိသူသည် လူသတ် သမား ဖြစ်နိုင်သည်။

မျက်စိ အပေါ်သို့ အမြဲတမ်း မော့မော့ကြည့်တတ်သော အကျင့်ပါ နေသူသည် လူအများကို ဂရုမစိုက်တတ်ပေ။ မျက်စိစောင်း၍ ကြည့် တတ်သူသည် စိတ်ထား မကောင်းပါ။

မျက်စိ မငြိမ်သူမှာ အလွန် စဉ်းစားတတ်သူ တစ်ယောက် ဖြစ်၏။

လူတစ်ယောက်ကို ကြည့်လိုက်လျှင် လှစ်ခနဲ ကြည့်တတ်သော အကျင့်ရှိသူသည် အရေးကြီးကိစ္စရှိ၍ ဖြစ်၏။ မျက်စိထောင့်ကပ် ကြည့်ခံရသူသည် ကိုယ့်ကို မုန်းတီးနေသူ ဖြစ်၏။

စကားပြောလျှင် မျက်စိတခြားနေရာကို ကြည့်၍ ပြောတတ်သူမှာ လူများကို ဂရုမစိုက်တတ်သူ ဖြစ်၏။ မျက်စိကို ဘယ်ညာ အမြဲလျှောက်ကြည့်သူမှာ စိတ်သဘောထား ညံ့သူဖြစ်၏။ မျက်ရည်ခံနေရာတွင် ဓောက်နက်နေလျှင် သားရှိလျှင် ငိုရမည်။ ထိုသူသည် ဇနီးမယားကိုပင် ချမ်းသာပေးမည့်သူ မဟုတ်ပေ။ မျက်စိ ပြူးကျယ်စွာ ရှိသူသည် အသက်ရှည်၏။

မကောင်းသောမျက်စိမှာ သေးသေးငယ်ငယ် ဖြစ်၏။ မျက်လုံးသူငယ်အိမ်သည် အရောင်မည်းပြီး အပေါ်မျက်ခွံထူနေလျှင် မတော်လောဘကြီးသူဖြစ်၏။

အောက်မျက်ခွံထူ၍ မျက်ဖျားတွင် မှဲ့ရှိလျှင် ထိုသူ၏ ဇနီးသည် ကျန်းမာရေး ညံ့လိမ့်မည်။

အောက်မျက်ခွံပေါ်တွင် မှဲ့ရှိနေသော သူများသည် သားသမီး မရနိုင်ပေ။

မျက်ခုံးနှစ်ဖက်၏ အလယ်ဗဟိုတည့်တည့် အပေါ်နားတွင် မှဲ့ရှိလျှင် အမှုအခင်းဖြစ်၍ ထောင်ကျနိုင်၏။

မျက်စိအဖျားတွင် တန်းမတ်နေသော အရေးအကြောင်းနှင့် နှစ်ခွဖြစ်နေသော အရေးအကြောင်း ပါရှိနေလျှင် ဇနီးဖြစ်သူ ထိခိုက်တတ်၏။

မျက်စိအဖျားမှ အရေးအကြောင်း စောင်း၍ ဖွေတက်သွားလျှင် လူကြီးလူကောင်း ဖြစ်နိုင်၏။ ဘေးအန္တရာယ်လည်း မဖြစ်နိုင်ပေ။

မျက်စိအဖျားသေးသော သူ၏ဇနီးသည် လင်ငယ်နေတတ်၏။

မျက်စိအဖျားတွင် အပ်တစ်ချောင်းကဲ့သို့ အရာသေးသေး ပေါ်

နေလျှင် သားသမီးကို ထိခိုက်၏။

အောက်မျက်ခွံတွင် အရေးအကြောင်းများ ထပ်နေလျှင် ဇနီးဖြစ်သူအား ထိခိုက်နိုင်၏။

မျက်ကွင်းသည် နိမ့်သယောင် ထင်ရပြီး အမည်းရောင်များစွာ ပေါ်ပေါက်၍လာလျှင် လေး၊ ငါးရက်အတွင်း သေတတ်၏။

မျက်ခွံ၏ အောက်ဘက် နှစ်ဖက်စလုံးပေါ်တွင် အနီရောင်ပေါ်လာလျှင် မီးဘေး သင့်တတ်၏။

၎င်းနေရာတွင် အစိမ်းရောင် ပေါ်လာလျှင် မိဘသေဆုံးနိုင်၏။

ဘယ်ဘက်ပေါ်လာမူ အဖေ သေဆုံးနိုင်၏။

ညာဘက်ပေါ်လာလျှင်မူ အမေ သေဆုံးနိုင်၏။

အမည်းရောင်ပေါ်လာလျှင်မူ ဖျားနာတတ်၏။

မျက်ဖျားတွင် အဖြူရောင် ပေါ်လာလျှင် စီးပွားရေး ကျဆင်းနိုင်၏။

၎င်းမျက်ဖျားနေရာတွင် စိန်ကဲ့သို့ အရောင်တောက်ပနေသူသည် ငွေကြေးမြောက်မြားစွာ ဝင်နိုင်၏။

အပေါ်မျက်ခွံနှင့် အောက်မျက်ခွံပေါ်တို့တွင် အစိမ်းရောင်များစွာ ပေါ်နေသူမှာ သားမယား မပြည့်စုံသူ ဖြစ်၏။ အ,ကုသိုလ်ဝင်နိုင်သည်။ ကျန်းမာရေး ချို့တဲ့ပြီး စီးပွားရေးပါ ကျဆင်းနိုင်၏။

မျက်ဖျားမှ ငါးအမြီးခွသဏ္ဍာန် နေရာ အလွန်တွင် အစိမ်းရောင် အနည်းငယ်မျှပေါ်၍ ကြာရှည်စွာ မပျက်ကွက်ခဲ့မူ အသက်ရှည်၏။ အပေါ်မျက်ခွံအပေါ်တွင် စိမ်းပုပ်ရောင် ဖြစ်နေလျှင် ငွေကြေးကုန်ကျများ၏။ အောက်မျက်ခွံပေါ်တွင် အစိမ်းရောင်များ အလွန်ကျယ်ပြန့်စွာ ရှိနေလျှင် အိမ်မွေး တိရစ္ဆာန်များ သေဆုံးနိုင်၏။ ထိုအရောင်များ ကြာရှည်စွာ ပေါ်ပေါက်နေသူသည် မွေးမြူရေးလုပ်ငန်းတွင် အောင်မြင်မှု မရရှိပါ။ မျက်ခွံ၏ အောက်ဘက်တွင် ခြောက်သွေ့နေပြီး အရောင်မည်း

နေသူသည် သားမယား စိုးရိမ်ရတတ်၏။

အောက်မျက်ခွံနှစ်ဖက်စလုံး မည်းနေမှု သားသမီးဖြစ်သူ ကျန်းမာရေး မကောင်းပါ။ သို့မဟုတ်ပါက အိမ်မွေးတိရစ္ဆာန်များလည်း သေဆုံးနိုင်၏။

မျက်စိ နှစ်ဖက်စလုံး၏ အဖျားမှနေ၍ နားသယ်နားထိ အမည်းရောင် ညာဘက်တွင် ပေါ်နေလျှင် သမီးဖြစ်သူ သေဆုံးနိုင်၍ ဘယ်ဘက်တွင်ပေါ်နေလျှင် သားဖြစ်သူ သေဆုံးနိုင်၏။ မျက်ဖျားတွင် အရောင်မည်းနေမှု မိန်းမဖြစ်သူ ဒုက္ခရောက်၏။ မျက်ဖျားတွင် အရောင်ဝါ၍ မည်းနေသူ၏ ဇနီးသည် လင်ငယ်နေနိုင်၏။

မျက်ခုံးမွေး၏အပေါ်နားတွင် အစိမ်းရောင်၊ အမည်းရောင်များ ပေါ်နေပါက အမှုအခင်း ဖြစ်နိုင်၏။

အနီရောင်၊ အပြာရောင် ပေါ်လာမှု ဇနီးမယားအတွက်နှင့် ဒုက္ခရောက်ရ၏။ မည်းပြီး အရောင်ကျသွားလျှင်မူ အမှုပတ်နိုင်၏။ အဖြူရောင်များလျှင် မိဘ သေဆုံးနိုင်၏။

အောက်မျက်ခွံပေါ်တွင် အစိမ်းရောင် အနည်းငယ်မျှ ရှိသူသည် တက်လမ်းရှိသူ ဖြစ်၏။

အစိမ်းရောင်လိုလို အဝါရောင်လိုလို အကွင်းလေးများ ပေါ်နေပါက ချမ်းသာသော ပုဂ္ဂိုလ်ဖြစ်နိုင်၏။ သို့သော် ကျန်းမာရေးကို အနည်းငယ်သာ ထိခိုက်တတ်ပြီး စိတ်ထားမကောင်းသူ တစ်ယောက်ဖြစ်၏။

အရောင် မည်းနေသော မျက်လုံးပိုင်ရှင်သည် အကြံဉာဏ် ရှိပြီး ကျန်းမာရေးကောင်းကာ နာမည်ကြီးနိုင်၏။

လုပရှည်လျားသော မျက်လုံးပိုင်ရှင်မှာ စိတ်ချရသောသူ ဖြစ်၏။

တစ်လက်မခန့် ကြီးသော မျက်လုံးရှိသူသည် ဩဇာအာဏာရှိသော ပုဂ္ဂိုလ်ဖြစ်၏။

မျက်စိသည် ကြည်ပြာရောင် ရှိမူ ရာထူးကြီးသူ ဖြစ်၏။ ထိုသူသည် လူတစ်သောင်းမျှကို အုပ်ချုပ်နိုင်သူ ဖြစ်နိုင်၏။

မျက်ဖျားမှ အရေးအကြောင်းသည် အပေါ်သို့ ထောင်တက်နေသူ သည် စားဝတ်နေရေး ပြေလည်ကာ ချမ်းသာကြွယ်ဝနိုင်၏။

ကြည်လင်တောက်ပနေသော မျက်စိ (ငါးမျက်စိ) ရှိသူသည် အိမ် ထောင်ရေးတွင် သာယာ၏။

မျက်စိ အလုံးကြီးပြီး အရောင်တောက်နေလျှင် အိမ်ရာများစွာ ပိုင်ဆိုင်သူ ဖြစ်၏။ မျက်လုံးသေးပြီး မျက်ခုံးမွေးရှည်လွန်းသူသည် ကောင်းစား၏။

မျက်စိအတွင်းသို့ ခွက်ပြီး ချိုင့်နေပါမူ ဆင်းရဲနိုင်၏။

အဖြူရောင်များသော မျက်စိသည် အပြင်သို့ထွက်နေလျှင် ထိခိုက် ပြီးသေဆုံးတတ်၏။ ကြက်မျက်စိကဲ့သို့ ရှိသူသည် စိတ်ထားမြန်၏။

မျက်စိ အရောင်မည်းပြီး ပါးစပ်ကျယ်နေလျှင် စိတ်နေစိတ်ထား ကောင်း၏။ စာပေပညာရှိသူလည်း ဖြစ်၏။

သုံးမြှောင့်သဏ္ဍာန်ရှိသော မျက်စိပိုင်ရှင် လူဆိုးလူမိုက် ဖြစ်၏။ ထိုသူသည် မျက်စိအပြင်သို့ ထွက်နေမူ အသက် ၃၀ ကျော်တွင် သေဆုံး လိမ့်မည်။ မသေဆုံးမူ မကြာခဏ အမှုဖြစ်တတ်၏။ သူတစ်ပါး၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံရတတ်၏။

အပြာရောင်သည် မျက်စိ သူငယ်အိမ်ကို လာရောက်ထိခိုက်နေလျှင် အလွန် ဆိုးသွမ်းသောသူ ဖြစ်မည်။ တိုက်ခိုက်နေသော လူဆိုးဓားပြများ ဖြစ်နိုင်၏။

အရောင် အလွန်တောက်နေသော မျက်စိသည် ကြည့်လိုက်လျှင် လျှပ်စီးလက်သကဲ့သို့ ဖြစ်နေသူမှာ ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးပင် ဖြစ်၏။

မျက်စိထဲမှ သွေးကြောများသည် သူငယ်အိမ်၏ အောက်ဘက်တွင် လှိုင်းတွန့်သကဲ့သို့ ပေါ်နေလျှင် ထိုသူမှာ တရားမျှတမှု မရှိသူဖြစ်၏။ လောဘကြီးသူလည်း ဖြစ်နိုင်၏။

ဆိတ်မျက်စိဖြစ်လျှင် သားမယားကို ခိုက်တတ်၏။

ပျားမျက်စိဖြစ်လျှင် ထိခိုက်၍ သေဆုံးတတ်၏။

အရောင်အဆင်းမရှိသော မျက်စိဖြစ်မူ ထိုသူသည် အပြိုင်အဆိုင် လုပ်ပြီးမှ သေဆုံးတတ်၏။

မြွေကဲ့သို့မျက်စိရှိသူမှာ အလွန်ဆိုးသွမ်းသူ ဖြစ်၏။ စိတ်ထားပါ ညံ့၏။

မျောက်မျက်စိသည် အရောင်မတောက်ဘဲ မျက်ဖျားတွင် ဇွေနေမှု ဖနီးသည်နှင့် အတူမနေရ။

သုံးထောင့် မျက်စိသည် အရောင်တောက်နေလျှင် ထိုသူမှာ သူခိုး၊ ဓားပြ ဖြစ်၏။

ဆိတ်မျက်စိဖြစ်မူ သားသမီးနည်းသူ ဖြစ်၏။ စွေ၍ ကြည့်သော မျက်စိ ရှိသူသည် လူလိမ်လူကောက် ဖြစ်၏။ ထိုလူနှင့် အပေါင်းအသင်း မလုပ်ပါလေနှင့်။

အပြင်သို့ မပေါ်ဘဲ အတွင်းသို့ ချိုင့်ပြီးဝင်နေသော မျက်စိရှိသူ မှာလည်း လူလိမ်လူကောက်ပင် ဖြစ်၏။

မျက်စိနှစ်လုံးသည် ကြည့်လိုက်လျှင် မရှင်းလင်းသလို ထင်ရပြီး ငေးငိုင်နေသူသည် မကြာခင်သေဆုံးလိမ့်မည်။

မျက်စိသေးနေသူသည် အလုပ်လုပ်ရာတွင် မရေရာသူဖြစ်၏။ မျက်စိတွင် အဖြူရောင် မရှိသူသည် မကောင်းပါ။ အရာရာတွင်လည်း မအောင်မြင်တတ်ပေ။

မျက်ကွင်းနှစ်ဖက်စလုံး ပြည့်ဝပြီး ထူနေလျှင် ချမ်းသာကြွယ်ဝ၏။

ထိုမျက်စိကို ကျားမျက်စိ ဟုခေါ်၏။

မျက်စိသည် နီ၍နေပြီး ရွှေရောင် ကွင်းထားသလို ဖြစ်နေလျှင် ထိုသူသည် မိဘဆွေမျိုးများနှင့် အတူမနေသူ ဖြစ်၏။

အဝါရောင်မျက်စိရှိသူ စိတ်ထား ညံ့၏။ မျက်စိသည် မည်းပြီး ဖြူနေလျှင် ပျော်ရွှင်တတ်၏။ သို့မဟုတ် မိန်းမဖြစ်မူ ငယ်စဉ်က ဆင်းရဲသူ ဖြစ်နိုင်၏။

မှတ်ချက်။ ။ (မျက်စိနှစ်ဖက်စလုံး ညီညာ၍ အနေအထားကောင်းရမည်။ ညီ မညီ ဘယ်ညာ သေချာစွာကြည့်ပြီး အဖြူအမည်းရောင် ခွဲခြားလေ့လာပါ။)

မျက်စိသည် အရောင်မည်း၍ ကြည်ကြည်လင်လင်ရှိလျှင် သာယာစိုပြည်လိမ့်မည်။

မျက်စိနှစ်ဖက်စလုံး ဟိုကြည့် ဒီကြည့် မျက်စိ ကစားလျှင် မကောင်းပါ။

မျက်စိနှစ်ဖက်စလုံး အပေါ်သို့တက်နေလျှင် မကြာခင် သေဆုံးနိုင်၏။

အနီးသာကြည့်တတ်သော အကျင့်ရှိတတ်ပြီး အဝေးသို့ မကြည့်သူသည် အစိုးရအရာရှိ ဖြစ်၏။

နွားမျက်စိ ရှိသူသည် အဝေးကြည့်ပြီး အနီးမကြည့်သူ ဖြစ်၏။ ထိုသူသည် မကြာခဏ အမှုဖြစ်၍ ဆင်းရဲတတ်၏။

ပုစွန်နှင့် ဝက်ကဲ့သို့ ကြွတက်၍လာသော မျက်စိရှိသူသည် သူခိုး၊ ဓားပြ ဖြစ်၏။

ပြာသော၊ နီသော၊ ဝါသော မျက်စိရှိမှ တိကျစွာ အလုပ်လုပ်သူ ဖြစ်၏။

❐

# နားရွက်

## နားရွက်အကြောင်း

လူ၏ ခန္ဓာကိုယ်ပေါ်မှ နားရွက်သည် အသားအရေပြည့်ဝပြီး ထူနေလျှင် အကောင်းဆုံး ဖြစ်၏။ မပြည့်ဝလျှင်မူ မကောင်းပါ၊ ကြီးသေးနှင့် မဆိုင်ပေ။

နားရွက်အပေါက် ကျယ်နေလျှင် အကြံဉာဏ် ကောင်း၏။ ထိုသူမှာ သင်ပြလိုက်ရုံနှင့် သဘောပေါက် လွယ်တတ်၏။

နားကွင်းနေရာတွင် အသားအရေ ထူနေလျှင် အလုပ်ကြမ်းသမား ဖြစ်မည်။

နားကွင်းနေရာတွင် ပတ္တမြားကဲ့သို့ အရောင်တောက်ပနေလျှင် ချမ်းသာ၏။

နားရွက် ရှည်သောသူသည် အသက်ရှည်၏။

နားရွက်တွင် နားကွင်းနေရာမှ အသားမရှိမူ ဆင်းရဲ၏။

ရှည်လျားလွန်းသော နားရွက် ရှိသူသည်လည်း အသက်ရှည်၏။

နားရွက်မှ အရိုးများ ပေါ်လွင်ထင်ရှားနေလျှင် နာမည်ကြီးနိုင်၏။

နားရွက် အသားအရေ ပျော့ပြီး ပါးနေလျှင် ဆင်းရဲပြီး အသက် မရှည်ပါ။ နားရွက်သည် ထူပြီး ရှည်ကျကာ ပျော့နေလျှင် ချမ်းသာပြီး အသက်မရှည်သူ ဖြစ်၏။

နားရွက်သည် အတွင်းသို့ ချိုင့်ခွက်ပြီး အပြင်သို့ မပေါ်ထွက်လာမှု ဆင်းရဲနိုင်၏။

နားကင်းပေါ်တွင် အသားပိုထွက်နေလျှင် ဒုက္ခရောက်ပြီး လက်အောက်ငယ်သားများ ပြန်၍ တော်လှန်ခြင်းကို ခံရလိမ့်မည်။ ရေဘေးဒုက္ခနှင့်လည်း ကြုံရမည်။

နားရွက်သေးပြီး ပျော့နေလျှင် လူလိမ္မာတစ်ယောက် မဖြစ်နိုင်။ အဖေ အမေ နှစ်ခါ ခေါ်ခံရတတ်သည်။

ဘယ်ညာ နားရွက်နှစ်ဖက်စလုံး မြင့်နေလျှင် ချမ်းသာ၏။

နားရွက် ပုံစံမကျလျှင် ဆင်းရဲ၏။

နားရွက်ပုံစံ အပေါ်မှလှပပြီး အောက်ဘက်မှ မလှပလျှင် ထိုသူသည် အပြောင်းအလဲ မြန်၏။

အရောင်ခြောက်နေသော နားရွက်ရှိသူသည် ကျန်းမာရေး ညံ့၏။

နားရွက် အပေါ်ပိုင်း ချွန်နေလျှင် စိတ်ထားမကောင်းသူပင် ဖြစ်၏။

နားရွက် အပေါက်ကျယ်ပြီး နက်နေလျှင် အကြံဉာဏ် ကောင်း၏။

ပန်းပွင့်သဏ္ဍာန်နှင့်တူသော နားရွက်ရှိသူသည် စိတ်ထား ညံ့၏။ အဆင့်အတန်း အလွန်နိမ့်သူလည်း ဖြစ်၏။

နားရွက်အတွင်းမှ အသားပိုထွက်နေလျှင် ငယ်ရွယ်စဉ် မကြာခဏ ရုံးရောက်တတ်၏။ အမှုအခင်းများ၏။

နားရွက်တွင် အဖြူရောင်၊ အနီရောင် ဖြစ်လျှင် ကောင်းစားနိုင်၏။

နားရွက်သည် အဝါရောင် ဖြစ်ပေါ်နေမှု ဖျားနာတတ်၏။

နားရွက်သည် အစိမ်းရောင်၊ အမည်းရောင်ဖြစ်မှု ကျောက်ကပ် မကောင်းသူ ဖြစ်၏။

နားရွက် အပေါ်ဆုံးတွင် အနီရောင်တောက်ပပြီး ရဲတွတ်နေပါမှု နှစ်ရက်အတွင်း စကားများပြီး ငွေကြေးကုန်ကျလိမ့်မည်။

နားရွက်အပေါ်နှင့် မျက်ခုံး၏အပေါ် အသားအရေတို့တွင်ပါ အဖြူရောင်ပေါ်လာလျှင် ဘယ်ဘက်ဆိုလျှင် အဖေ၊ ညာဘက်ဆိုလျှင် အမေ သေဆုံးနိုင်၏။

နားရွက်အုံတစ်ခုလုံးမြင့်ပြီး အသားအရေပါးနေလျှင် ရှိသမျှအမွေ ပစ္စည်း ကုန်ဆုံးနိုင်၏။

နားရွက်နှင့်နားထင်ပါ အဖြူရောင် ဖြစ်နေလျှင် အိမ်ထောင်ရေး သာယာမည်။

နားရွက်သည် တစ်လက်မခန့် မြင့်တက်ပြီး မျက်စိအပေါ်ထိ ရောက် နေလျှင် ထိုသူအား ဆရာဖြစ်သူက ဆရာဟု ပြန်ခေါ်လိမ့်မည်။ တစ်သက်လုံး မဆင်းရဲနိုင်။ ချမ်းသာကြွယ်ဝသူဖြစ်၏။

နားရွက်သည် ကားပြီးထူနေလျှင် တစ်သက်လုံး ချမ်းသာနိုင်၏။

နားရွက်ပေါ်တွင် အမွေးပေါက်နေလျှင် ကျန်းမာ၍ အသက်ရှည် ၏။ ဘေးဒုက္ခလည်း မရောက်နိုင်ပါ။ နားရွက် အပေါက်ကျယ်၍ ကြီး နေလျှင် အသက်ရှည်၍ စီးပွားရေး အဆင်ပြေနိုင်၏။

နားရွက်သည် စက္ကူကဲ့သို့ ပါးနေလျှင် သေဆုံးနိုင်၏။ ရှိသမျှ စည်းစိမ် ကုန်ဆုံးလိမ့်မည်။

နားရွက်ကားပြီး ပါးနေလျှင် အမွေရပြီးမှ ပြန်၍ ကုန်ဆုံးတတ်၏။

နားရွက်အတွင်းမှ အရိုးမရှိလျှင် ရရှိသော အမွေများပင် ကုန်ဆုံး တတ်ပြီး ဆင်းရဲဒုက္ခ ရောက်တတ်၏။

အလွန့်အလွန်ကျယ်ပြန့်၍ ကြီးမားသော နားရွက်ရှိသူသည် အိမ်ရာ အတည်တကျ မရှိဘဲ ဒုက္ခ ရောက်နိုင်၏။

အနီရောင် နားရွက်သည် အသားအရေပါးနေပြီး အရိုးမပါရှိလျှင် လူ့ပြည်တွင် ခဏလာနေသူ ဖြစ်၏။ သို့မဟုတ်ပါက ဆင်းရဲဒုက္ခ ရောက်သူ ဖြစ်၏။

ဝိုင်းစက်နေသော နားရွက်ပိုင်ဆိုင်သူသည် ချမ်းသာနိုင်၏။

နားရွက်အတွင်းမှ အပေါက်ဝကျဉ်းလွန်း နေမူ ထိုသူသည် အသက်တို၏။

တစ်လက်မခန့် ကျယ်သော နားရွက်အပေါက်ရှိသူသည် လူချစ်လူခင် များလိမ့်မည်။

နားရွက်နှစ်ဖက်သည် ဦးခေါင်းသို့ ကပ်နေသူသည် ချမ်းသာသူဖြစ်၏။

နားရွက်သည် မျက်ခုံးပေါ်သို့ တစ်လက်မခန့်မြင့်နေလျှင် တစ်သက်လုံး မဆင်းရဲပါ။ အသက်လည်းရှည်၏။ အကြံအစည်များပါ အောင်မြင်၏။

နားရွက်မှအရိုး အပေါ်သို့ ပေါ်တက်နေလျှင် စားဝတ်နေရေးပြေလည်၏။

နားရွက်ဝါပြီး အတွင်းပန်းပွင့်သဏ္ဍာန် ရှိပါက ဆင်းရဲဒုက္ခ ရောက်နိုင်၏။ လိမ်ညာသူလည်း ဖြစ်နိုင်၏။

နားကင်းမှ အသားအရေ ပြည့်ဝနေလျှင်မူ အသက်ကြီးလေ ကောင်းစားလေ ဖြစ်၏။

နားကွင်း အလွန်ကျယ်စွာ ရှိနေလျှင် ထိုသူသည် စိတ်ကြမ်း၊ ကိုယ်ကြမ်းသော သူပင် ဖြစ်၏။

❑

## ပုံ (စ)

**နားရွက်တွင် အမျိုးပေါင်း မြောက်မြားစွာ ရှိရာတွင်…**

| | |
|---|---|
| ၁။ ရွှေရောင်နားရွက် | ၅။ မြေကြီးနားရွက် |
| ၂။ သစ်သားနားရွက် | ၆။ ပြောင်ချောသောနားရွက် |
| ၃။ ရေနားရွက် | ၇။ ယပ်တောင်နားရွက် |
| ၄။ မီးနားရွက် | ၈။ သေးငယ်သောနားရွက် |
| ၉။ အတွင်းမှ အသီးလုံး ရှိနေသော နားရွက် | ၁၄။ နွားနားရွက် |
| ၁၀။ မြည်းနားရွက် | ၁၅။ ကျားနားရွက် |
| ၁၁။ ကြွက်နားရွက် | ၁၆။ ပန်းပွင့်နားရွက် |
| ၁၂။ ဝက်နားရွက် | ၁၇။ လှပသောနားရွက် |
| ၁၃။ ကြွံခိုင်သော နားရွက် | ၁၈။ နောက်စေ့ကပ်နေသော နားရွက် |

၁။ ရွှေရောင် နားရွက်ရှိသူများမှာ ကုသိုလ်ကံအလွန် ကောင်းကြ၏။ စိတ်ချမ်းသာစွာဖြင့် နေထိုင်ရပြီး၊ ငွေကြေး ပြည့်စုံ၏။ သို့သော်လည်း အသက်အရွယ်ကြီးလာချိန်တွင်မူ အမှုအခင်းများ ဖြစ်ပွားတတ်၏။


၁
ရွှေရောင်နားရွက်
၂
သစ်သားနားရွက်
၃
ရေနားရွက်
၄
မီးနားရွက်
၅
မြေကြီးနားရွက်
၆
ချောင်ချော်သောနားရွက်
၇
ယပ်တောင်နားရွက်
၈
သေးငယ်သောနားရွက်
၉
အတွင်းမှအသီး
၁၀
မြည်းနားရွက်
၁၁
ကြွက်နားရွက်
၁၂
ဝက်နားရွက်
၁၃
ကြုံ့ခိုင်သောနားရွက်
၁၄
နွားနားရွက်
၁၅
ကျားနားရွက်
၁၆
ပန်းပွင့်နှင့်တူသောနားရွက်
၁၇
လှပသောနားရွက်
၁၈
နောက်ကျောကိုကပ်နေသောနားရွက်

ပုံ (၈)

၂။ သစ်သားနားရွက် ရှိသူများမှာ ဆင်းရဲကြ၏။ ဆွေမျိုး ညီအစ်ကို မောင်နှမများ၏ စွန့်ပစ်ခြင်းကို ခံရကာ ဒုက္ခ ရောက်တတ်၏။

၃။ ရေနားရွက်သည် အသားအရေ ထူပြီး ဝိုင်းနေကာ မျက်စိထက် ကျော်လွန်ပြီး မြင့်နေ၏။ အဖြူရောင် ရှိနေပြီးမှ အနီရောင်ပေါ်လာလျှင် ချမ်းသာနိုင်၏။

၄။ မီးနားရွက်သည် မီးတောက်နေသကဲ့သို့ အပေါ်ပိုင်း ချွန်နေ၏။ ထိုလူမျိုးများသည် ပင်ပန်းကြီးစွာ လုပ်ကိုင် စားသောက်ရပြီး တစ်ကိုယ်တည်း နေထိုင်ရလိမ့်မည်။

ထို့ပြင် စိတ်သဘောထားပါ ညံ့ဖျင်း၏။

၅။ မြေကြီးနားရွက်သည် အသားအရေထူပြီး ကြီးမားစွာ ရှိ၏။ နားရွက်ပေါ်တွင် အနီရောင်၊ အဝါရောင် တောက် လာပါက လိုအင်ဆန္ဒ ပြည့်ဝနိုင်ပြီးဆွေမျိုးများပါ ကောင်း စားနိုင်၏။သြဇာအာဏာရှိပြီး အသက်ရှည်မည့်သူများပင် ဖြစ်၏။

၆။ ပြောင်ချောသော နားရွက်လည်း အပေါ်ပိုင်းမှကြီး၍ နေပြီး မျက်ခုံးထက်ထိ ရောက်နေကာ အောက်ဘက်တွင် မြားကဲ့သို့ ရှူးနေ၏။ မိဘများထံမှ အမွေပစ္စည်းများစွာ ရရှိပြီးမှ ကုန်ဆုံးသွားတတ်၏။

၇။ ယင်ကောင်နှင့် တူသော နားရွက်နှစ်ဖက်မှာ အပြင် ဘက်သို့ ကား၍ ထွက်နေ၏။ ထိုလူမျိုးများမှာ အလုပ် အကိုင် အဆင်မပြေမှုများကြောင့် စီးပွားရေးကျဆင်းကာ ဆင်းရဲဒုက္ခရောက်ပြီး မည်သူ့ကိုမျှ အားကိုး၍ မရပေ။ တစ်မြို့တစ်ရွာတွင် သေဆုံးတတ်၏။

၈။ သေးငယ်သော နားရွက်ရှိသူမျိုးများမှာ မည်မျှပင် ချမ်းသာစေကာမူ ဆင်းရဲနိုင်၏။ ဘေးအန္တရာယ်များ တွေ့ကြုံရတတ်ပြီး ဆင်းရဲဒုက္ခရောက်ကာ လမ်းဘေးတွင် သေဆုံးတတ်၏။

၉။ အတွင်းမှ အသီးလုံးရှိသော နားရွက်ရှိသူများသည် မိမိကိုယ်ကိုသာ အားကိုးပြီး စီးပွားရှာတတ်၏။ အိမ်ထောင်ရေး အဆင်ပြေပြီး ငွေကြေး ပြည့်စုံနိုင်၏။

၁၀။ မြည်းနားရွက်ရှိသူများမှာ ပြေးလွှားပြီး ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင် စားသောက်ရကာ အသက်ရှည်၏။

၁၁။ ကြွက်နားရွက်သည် အပေါ်ပိုင်းချွန်ပြီး အောက်ပိုင်းပါ ချွန်၏။ ထိုပုံများကို လူလိမ် လူကောက်များထဲတွင် တွေ့ရ၏။ မကြာခဏ ကျန်းမာရေး ချို့ယွင်းတတ်ပြီး အမှုအခင်းပါ ပေါ်များတတ်၏။

၁၂။ ဝက်နားရွက်သည် အတွင်းပိုင်းမှာ အသားအရေများပြားပြီး အပြင်ဘက်တွင် အသားအရေ အလွန်နည်းပါး၏။ ထိုလူမျိုးများမှာ ဉာဏ်အမြော်အမြင် မရှိကြဘဲ ဆင်းရဲဒုက္ခရောက်တတ်၏။ လူပေါ် လူချာများပင်ဖြစ်ကာ အသက်တိုတတ်၏။

၁၃။ ကြံ့ခိုင်သော နားရွက်မှာဝိုင်းပြီး မာ၍ တောင့်တင်းနေ၏။ ထိုလူမျိုးများမှာ ဩဇာအာဏာ ရှိပြီး ကြီးပွားချမ်းသာကြ၏။ တစ်သက်လုံး စားသောက်၍ မကုန်ခန်းနိုင်အောင်ပင် ပြည့်စုံကြ၏။

၁၄။ နွားနားရွက်မှာ အလွန်ကြီးမားပြီး ချွန်၍ နေ၏။ ထိုလူမျိုးများမှာ သားသမီးပေါများပြီး အသက်ရှည်၏။ ငွေ

ကြေး ပြည့်စုံကြသည့် လူများတွင် ရှိတတ်၏။

၁၅။ ကျားနားရွက်မှာ နားအတွင်းမှ အရိုးများသည် သေးငယ်ပြီး ကပ်၍နေလျှင် အလွန်ချမ်းသာ ကြွယ်ဝနိုင်၏။ စိတ်သဘောထား ကောက်ကျစ်စဉ်းလဲသူ ဖြစ်တတ်၏။

၁၆။ ပန်းပွင့်နှင့်တူသော နားရွက်မှာ ကြောက်စရာ အကောင်းဆုံးပင် ဖြစ်၏။ မိမိ ပိုင်ဆိုင်သော အိုးအိမ် လယ်ယာများ ကုန်ဆုံးပြီး စားစရာမရှိ၊ နေထိုင်စရာ အိမ်မရှိ ဖြစ်ကာ ဒုက္ခရောက်တတ်၏။

၁၇။ လှပသော နားရွက်သည် အသားအရေ ထူပြီး ပြည့်မောက်နေကာ ပခုံးနားထိပါ ရှည်လျားရောက်ရှိနေ၏။ အပေါ်ပိုင်းသည်လည်း မျက်ခုံးနားထိ မြင့်တက်နေတတ်၏။ ထိုလူမျိုးများသည် ဦးခေါင်းဝိုင်းပြီး နဖူးပြင်ပါ ကျယ်နေလျှင် အလွန်ချမ်းသာ သူများပင် ဖြစ်၏။

၁၈။ နောက်စေ့ကို အလွန်ကပ်၍ နေသော နားရွက်မှာ အလွန်ကြီးမားစွာရှိ၏။ နားရွက်နှစ်ဖက်မှာ အလွန်ကပ်၍ နေသောကြောင့် ရှေ့မှကြည့်လျှင် မမြင်ရပါ။ ထိုလူမျိုးများမှာ ချမ်းသာကြွယ်ဝပြီး သုံးဖြုန်း၍ မကုန်နိုင်အောင်ပင် ပေါများကြ၏။

❐

## နှာခေါင်း

### နှာခေါင်းအကြောင်း

လူတစ်ယောက်၏ မျက်နှာပြင်ပေါ်တွင် နှာခေါင်းသည်လည်း အဓိက အရေးကြီးသော အရာ ဖြစ်သည်။ နှာခေါင်းသည် ညီညာစွာ မြင့်ပြီး မောက်၍ အသားအရေပြည့်ပြည့်ဝဝနှင့် ဖြောင့်တန်းနေရမည်။ နားထင်နှင့် နဖူးသည်လည်း ကောင်းမွန်နေရမည်ဆိုလျှင် ထိုသူသည် အသက်ရှည်၍ ဉာဏ်ပညာ တိုးတက်ကာ ချမ်းသာသူဖြစ်၏။ နှာခေါင်း၏ နှာထိပ်ဖျားမှ အရင်းပိုင်းထိ အဝါရောင် တောက်ပပေါ်လွင် နေသူသည် ကံဇာတာ အလွန်ကောင်း၏။ နှာခေါင်းအပေါက်ဝ နှစ်ဖက်စလုံးသည် အသားထူပြီး ညီနေရမည်။ နှာခေါင်းအပေါက်ဝ သေးလွန်းနေလျှင်လည်း မကောင်းပါ။ အသားအရေပါးနေ ပြန်လျှင် မကောင်းပေ။ နှာခေါင်း အသားအရည်ပါးပြီး ကြီးနေသူသည် ဩဇာအာဏာ မရှိပေ။ ချိုင့်ခွက်နေသော နှာခေါင်းဖြစ်မူ ထိုသူသည် ငွေကြေးစုဆောင်း၍ မရပေ။ ငှက်နှင့်တူသော နှာခေါင်းသည် တစ်ကိုယ်တည်းသမားဖြစ်၏။ (နှာခေါင်းပေါက်များကပ်) နှာခေါင်းသည် နဖူးထိပ်နားထိ ရောက်ပြီး

ကြီး၍ မညီညာဘဲ ဖုထစ်များ ဖြစ်ပေါ်နေလျှင် ထိုသူမှာ အလုပ်ကြမ်း လုပ်၍ ဆင်းရဲသူ ဖြစ်လိမ့်မည်။ အသားအရေပါးသော နှာခေါင်းရှိ၍ စွန်ပါးစပ်နှင့်တူသော ပါးစပ်ရှိသူသည် စိတ်ထားအလွန်ညံ့တတ်၏။ လိုချင်တပ်မက်စိတ်များ၏။ လူတကာကိုလည်း တန်ဖိုး မထားတတ်ပေ။

နှာခေါင်း၏ အသားအရေများသည် အောက်ဘက်သို့ အိကျနေသော (ဝက်နှာခေါင်း) သူသည် မိန်းမအလွန်လိုက်စား၏။

နဂါးနှာခေါင်း ရှိသူသည် ရွှေငွေရတနာ ပေါများကြွယ်ဝသူပင် ဖြစ်၏။

ခြင်္သေ့နှာခေါင်းရှိသူသည် အလွန်ချမ်းသာ၍ အသက်ပါရှည်၏။

ရှည်ပြီး မပေါ်ဘဲနိမ့်နေသော နှာခေါင်းသည် အရောင်တောက်ပ နေသော်လည်း ထိုသူမှာ မချမ်းသာပေ။ သို့သော် အသက်ရှည်၏။

အရောင်မည်း၍ အသားအရေပါးပြီး သေးငယ်နေသော နှာခေါင်း ရှိသူသည် အဆင့်အတန်းနိမ့်ကျသူ မဖြစ်နိုင်ပေ။ သို့သော် အသက် မရှည်ပါ။

နှာခေါင်းအပေါက်ဝသည် သေးပြီး ကပ်နေလျှင် အသက် ၃၀ အရွယ်တွင် ကောင်းစား၏။

အသားအရေ ပြည့်ဝသော နှာခေါင်းရှိမူ ချမ်းသာကြွယ်ဝ၏။

နှာတံ တန်း၍ ထောင်ပြီး ပေါ်နေလျှင် အသက်ရှည်၏။

နှာခေါင်းသည် အပေါ်နှင့် အောက်ဘက် တန်းတူညီမျှစွာ ဖြစ်နေလျှင် အလွန်ချမ်းသာသောသူ ဖြစ်နိုင်၏။

အရိုးပေါ်နေသယောင် ထင်ရပြီး ထောင်၍ နေသော နှာခေါင်း ရှိသူသည် အသက်ရှည်၏။

နှာခေါင်းကောင်းသော်လည်း နဖူးမကောင်းလျှင် စီးပွားရေး အတက် အကျ မြန်၏။

ချွန်ပြီး အသားအရေ ပြည့်ဝနေသော နှာခေါင်းနှင့် အရောင်တောက်ပြီး ပြောင်လက်စိုပြည်နေသော နားထင်ရှိသူသည် ပညာတတ်သူ တစ်ယောက် ဖြစ်၏။

နှာခေါင်းသည် နိမ့်ရှိုင့်ပြီး စင်းနေကာ အရိုးများ ပေါ်နေလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်၏။

ဓားမြှောင်ရိုးကဲ့သို့ အထစ်ထစ်များ ပေါ်လွင်နေသော နှာခေါင်းရှိသူသည် စိတ်ထား ကောင်းမွန်သော်လည်း လက်အောက်ငယ်သား တစ်ယောက် ဖြစ်လိမ့်မည်။ အသက် ၃၀ အရွယ်တွင် စီးပွားရေးနှင့် အလုပ်အကိုင်များ အတက်အကျ မြန်ဆန်တတ်၏။

နှာခေါင်း၏ ဘယ်ဘက်က အသားအရေ ပိုမို များပြားနေလျှင် ကောင်းမွန်သော လုပ်ငန်းမှန်သမျှ ဆုံးရှုံးပျက်စီးတတ်၏။ ညာဘက်က အသားအရေ ပိုမိုများပြားနေလျှင် ညီအစ်ကို မောင်နှမများ ကောင်းစား၏။

ဘယ်ဘက်သို့ နှာခေါင်း ကောက်နေလျှင် မိတ်ဆွေ အပေါင်းအသင်းပေါ် ခင်မင်မှုများတတ်၏။ ညာဘက်သို့ နှာခေါင်းကောက်နေလျှင် စိတ်အပြောင်းအလဲ မြန်၏။ ဇနီးဖြစ်သူ၏ ကျန်းမာရေးကိုလည်း ထိခိုက်၏။

အရောင်ဖြူနေသော နှာခေါင်းကို အဖြူရောင်နှာခေါင်းဟု ခေါ်၍ မှဲ့ပါနေသော နှာခေါင်းကို မှဲ့နှာခေါင်းဟု ခေါ်၏။

နဖူးအထိ ပြည့်၍ မြင့်တက်လာသော နှာခေါင်းရှိသူသည် ချောမောသူ တစ်ယောက် ဖြစ်၏။ အမျိုးသမီးဖြစ်မူ လှပသူ ဖြစ်၏။

အမည်းရောင်များ နားထင်ပေါ်တွင် ပေါ်လွင်နေလျှင် ဇနီး၊ သားသမီးကို ထိခိုက်၏။

နှာခေါင်း၏ဘေးနားတွင် အမည်းရောင်များ ပေါ်လာလျှင် အသက်

အန္တရာယ် ဖြစ်နိုင်၏။ ညီအစ်ကို မောင်နှမများကပင် ထိုသူအား မကယ်တင်နိုင်ပေ။

နဖူးအလယ်တွင် အမည်းရောင်သဏ္ဍာန် ပေါ်နေလျှင် ရာထူးရှိသူဖြစ်၏။ ၄င်းသည် နှာခေါင်း၏ ညာဘက်ပေါ်တွင် မှဲ့ပါရှိမူ အသက်ပါရှည်၏။

မှဲ့မပါရှိသော နှာခေါင်းသည် အဖျားအနာ များတတ်၏။

နဖူးနှင့် နားထင်ကြားတွင် မှဲ့ပါရှိမူ လိပ်ခေါင်းရောဂါရှိနိုင်၏။

နားထင်ပေါ်တွင် မှဲ့ရှိလျှင် ရေဘေး စိုးရိမ်ရတတ်၏။

နဖူးပြင်ပေါ်တွင် အမည်းစက်များသူသည် စီးပွားရေး အဆင်မပြေဖြစ်ကာ စိတ်ချမ်းသာသူ ဖြစ်၏။

ကန့်လန့်အရေးအကြောင်းများ နှာခေါင်းပေါ်တွင် ပေါ်နေလျှင် အမြင့်ပေါ်မှ လိမ့်ကျတတ်၏။

နှာခေါင်း၏ နှစ်ဖက်စလုံးပေါ်တွင် အရေးအကြောင်းများ ပေါ်နေလျှင် သူများ သားသမီးကို ကြည့်ရှုစောင့်မမည့်သူ ဖြစ်၏။

နားထင် အရောင်အဆင်း ကောင်းသူသည် အသက်ရှည်၏။

နားထင်ပေါ်တွင် အရေးအကြောင်းများ ကန့်လန့်ဖြတ်ပေါ်လာပါက အိမ်ထောင်ရေး အဆင်မပြေဖြစ်ကာ လင်မယား ကွဲလိမ့်မည်။

နားထင်ပေါ်တွင် အပ်ချည်ကြိုးမျှင်ခန့် အရေးအကြောင်းများ နှစ်မျှင်၊ သုံးမျှင်ခန့် ပေါ်လာလျှင် ဇနီးဖြစ်သူ ကလေးမွေးဖွားပြီးသေဆုံးနိုင်သည်။

နဖူးပြင်ပေါ်တွင် တန်းမတ်ညီညာနေသော အရေးအကြောင်းများ ပေါ်နေလျှင် စီးပွားရေး အဆင်မပြေဖြစ်ကာ စိတ်ဓာတ် အလွန်ကျပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေလိမ့်မည်။

နဖူးပြင်ပေါ်တွင် အနီရောင်သွေးကြောနှင့် အဖြူရောင်တန်း

ပါရှိနေလျှင် အရက်သေစာနှင့် မိန်းမလိုက်စားသူ ဖြစ်၏။ ထိုသူမှာ အသက်အရွယ် ၄၀ နှစ်အထိသာ နေထိုင်ရလိမ့်မည်။

နဖူးပြင်ပေါ်တွင် အနီရောင်သွေးကြော အမျှင်သေးသေးပေါ်လာလျှင် မကြာခင် ရေနစ်သေဆုံးနိုင်၏။

နှာခေါင်းပေါ်တွင် ဒေါင်လိုက် အစင်းကြောင်း သုံးကြောင်းရှိသူသည် လိမ္မာ၍ ချမ်းသာသူ ဖြစ်၏။

နားထင်နှစ်ဖက်ပေါ်တွင် ခက်ရင်းခွသဏ္ဌာန် အရေးအကြောင်း ပေါ်လာလျှင် ဓနီးသည်ကို ခိုက်တတ်၏။

နားထင်ပေါ်မှ ကန့်လန့်စင်းများ နဖူးပြင်ပေါ်ထိ ပေါ်တက်နေလျှင် ရှိသမျှ အမွေ ကုန်ဆုံးနိုင်၏။ မီးဘေးပါ စိုးရိမ်ရ၏။

နားထင် အရောင်မည်းနေလျှင် ကျန်းမာရေးကောင်းသူ ဖြစ်၏။

နားထင်ပေါ်တွင် အစိမ်းရောင်၊ အမည်းရောင်များ ပေါ်နေလျှင် ဘေးရန်လည်းများသည်။ သေလည်း သေဆုံးနိုင်၏။

နဖူးပြင်ပေါ်တွင် မှဲ့ပေါက်ခဲ့လျှင် ထိုသူသည် လိပ်ခေါင်းရောဂါ ရှိနိုင်၏။

နဖူးထိပ်ဆုံး ဆံပင်နားတွင် မှဲ့ပေါက်လျှင် ပစ္စည်းဥစ္စာ ရှိနိုင်၏။ အရောင်အဆင်း မည်းနေလျှင်မူ စီးပွားရေး ကျဆင်းသွားနိုင်၏။

နဖူးပြင် အသားအရေသည် ဝါပြီး အရောင်လက်နေလျှင် မကြာခင် သာယာမှုနှင့် ပြည့်စုံလိမ့်မည်။

နဖူးပြင်၏ အသားအရေ အရောင်မည်းနေပါက အဖျားအနာရှိ၏။

အနီရောင်၊ အဖြူရောင် ပေါ်လျှင်မူ စီးပွားရေး ဆုတ်ယုတ်နိုင်၏။

ပြာပြီး မည်းနေသော အရောင် ဖြစ်ပေါ်လာလျှင်လည်း ဖျားနာတတ်၏။

နဖူးထိပ်ပိုင်းနားတွင် မည်းနေလျှင် တစ်ကိုယ်တည်း ဆင်းရဲသူ

ဖြစ်၏။

နဖူးထိပ်ပိုင်းနားတွင် အဝါရောင် ပေါ်လာလျှင် မ စမည့်သူရှိ၏။ ထိလည်း ပေါက်နိုင်၏။ သာယာချမ်းမြေ့မှုရှိကာ အိုဇာတာပါ ကောင်းစားတတ်၏။

နဖူးထိပ်ပိုင်း (ဆံစနားတွင်) အမည်းရောင် ပေါ်လာလျှင် ကိုယ့်ရောဂါကို ကိုယ်ပင် သိလိမ့်မည်။ မိန်းမဖြစ်မူ အမည်းရောင်ပေါ်လာလျှင် ဓမ္မတာ ဖောက်ပြန်တတ်၏။ ဆံစနားတွင် အပြာရောင်၊ အနီရောင်ဆိုလျှင်မူ မိမိကိုယ်ပိုင် ပစ္စည်းဥစ္စာများ ပျောက်ဆုံးတတ်၏။

ဆံစနားတွင် အမည်းစက်များပေါ်ပြီး အောက်ဘက် နဖူးပြင်ပေါ်တွင် အနီရောင်၊ အဝါရောင် ပေါ်လာသူသည် နားထင် ကြည်လင်ပါမူ အသက်ရှည်နိုင်၏။

နဖူးဆံစနားပေါ်တွင် အမည်းစက်များ ပဲစေ့ခန့်ပေါ်နေလျှင် မကြာခင် သေဆုံးတတ်၏။ ဆံစနားတွင် အဝါရောင်နှင့် အမည်းရောင်များ ကပ်၍ ပေါ်နေလျှင် စကားများရ၏။

ဆံစနားတွင် အဝါရောင်တောက်နေမူ ကောင်းစားနိုင်၏။

ဆံစနားတွင် ညိုနေသောအရောင် ပေါ်လာလျှင်မူ ဒုက္ခရောက်တတ်၏။

ဆံစနားတွင် အစိမ်းရောင်ပေါ်လာမူ ပစ္စည်းဥစ္စာ ဆုတ်ယုတ်၍ စီးပွားရေး ကျဆင်းတတ်၏။

ဆံစနားတွင် အရောင်ခြောက်သွေ့နေမူ ကြီးကဲသောသူ မ စလိမ့်မည်။

ဆံစနားတွင် အနီရောင်လည်း မဟုတ်၊ အဝါရောင်လည်း မဟုတ် အရောင်ခြောက်နေပါက ကျောက်ကပ်ရောဂါ ဖြစ်နိုင်၏။ မကြာခဏ အိမ်မက်မက်ပြီး စိတ်ချောက်ချား၍ အားငယ်နေရ၏။

ဆံစနားတွင် အစိမ်းမည်းရောင် လိုင်းတစ်လိုင်းပေါ်နေလျှင် စကားများ ရန်ဖြစ်တတ်၏။

နဖူးပြင်ပေါ်တွင် အသားအရေ ကြည်လင်ပြီး ပါးနှစ်ဖက်ပေါ်တွင် အနီရောင်၊ အဝါရောင် ရှိသောသူသည် သားသမီး၊ မြေး များစွာ ရနိုင်၏ ။

ပါးပြင်နှစ်ဖက် အရောင်မည်းပြီး အစိမ်းရောင်၊ အမည်းရောင်ကဲ့သို့ အရောင်ပေါ်နေလျှင် သူတကာနှင့် မကြာခဏစကားများရ၏။ စီးပွားရေးလည်း ဆုတ်ယုတ်နိုင်၏။

နဖူးထိပ်ပိုင်းနားတွင် အမည်းရောင် ပေါ်နေသူသည် ရေဘေးအန္တရာယ်နှင့် သေဆုံးတတ်၏။

နှာခေါင်းပေါ်တွင် အနီရောင်နှင့် အဝါရောင်ကဲ့သို့ အရောင်ပေါ်နေလျှင် ဘေးရန်များ၏။

နှာခေါင်းပေါ်တွင် လက်တစ်ထောက်စာမျှ အစိမ်းရောင်ထင်မြင်စွာပေါ်လာလျှင် ရုတ်တရက်သေဆုံးနိုင်၏။ နည်းနေမူ စကားများ ရန်ဖြစ်တတ်၏။

နှာခေါင်းပေါ်တွင် အစိမ်းရောင် အပ်ချည်တစ်မျှင်မျှ အစင်းလိုက်အပေါ်လာလျှင် ဘေးအန္တရာယ် ရှိနိုင်၏။ ကြိုတင်၍ သိရှိလျှင် သတိကြီးစွာ ရှောင်ရှားသင့်၏။

နှာခေါင်းသည် နဖူးပြင်ပေါ်မှစ၍ တည့်မတ်စွာ ပေါ်နေသူသည် ရာထူးရှိမူ ကောင်း၏။ ရာထူးမရှိမူ အသက်မရှည်ပါ။ ထိုသူသည် အဝါ ရောင်ပေါ်နေလျှင် တစ်နှစ်အတောအတွင်း အဖျားအနာ ရှိနိုင်၍ အဝါရောင် အလွန်ထင်ရှားစွာ ပေါ်လွင်နေမူ နှစ်နှစ်အတွင်း ချမ်းသာလိမ့်မည်။

အသားအရေစိုပြည်ပြောင်လက်သော နှာခေါင်းရှိ၍ အပေါ်ပိုင်းနှင့်

အောက်ပိုင်းကောင်းသူသည် စားဝတ်နေရေး အလွန် အဆင်ပြေ၏။ (အပေါ်ပိုင်းသည် နဖူးဖြစ်၍ အောက်ပိုင်းသည် မေးစေ့ ဖြစ်၏။)

အသားအရေ ပြည့်ဝိုင်းစိုပြည်နေသော နှာခေါင်းရှိလျှင် တစ်သက် မဆင်းရဲပါ။ နှာခေါင်းသည် နဖူးပြင်ပေါ်မှစ၍ ပေါ်ရောက်နေလျှင် နာမည်ကြီးသူတစ်ယောက် ဖြစ်၏။

ဖြောင့်တန်း၍ လှပစွာ ပေါ်လွင်နေသော နှာခေါင်းရှိမူ တစ်သက် ချမ်းသာနိုင်၏။

အပေါ်သေး၊ အောက်ရှူးသော နှာခေါင်းပိုင်ရှင်သည် ဇာတာ ကောင်း၏။ အသက်ကြီးလာလျှင် အေးချမ်းသာယာစွာ နေရတတ်၏။

နှာခေါင်းသေးငယ်ပြီး တို၍နေလျှင် တစ်သက်လုံး ဆင်းရဲပင်ပန်း ကြီးစွာ လုပ်ရပြီး အသက်မရှည်ပါ။

နှာခေါင်းဖြောင့်တန်း၍ အသားအရေ ပြည့်ဝနေသူသည် အရာရှိ ကြီးတစ်ယောက် ဖြစ်၏။

နှာခေါင်း အပေါ်မှသေးပြီး အောက်ဘက်မှကြီး၍ ရှည်နေလျှင် မည်သည့်အလုပ်ကိုမျှ စွဲမြဲစွာ လုပ်ကိုင်မည့်သူ မဟုတ်ပေ။

နှာခေါင်းရိုးသည် မဖြောင့်ဘဲ သေးပြီး ငယ်နေလျှင် ဆင်းရဲဒုက္ခ ရောက်ကာ သူတကာ၏ ခိုင်းစေခြင်းကို ခံရတတ်၏။

နှာခေါင်းရိုးသည် ကိုးလိုးကန့်လန့်နှင့် မညီညာဘဲ ဖြစ်နေမူ အရာရာ တွင် မအောင်မြင်တတ်ပါ။

နှာခေါင်းကောက်ပြီး အပေါ်နှုတ်ခမ်းအရောင် ခြောက်သွေ့နေလျှင် ထိုသူသည် အသက်မရှည်ပါ။

မညီညာဘဲ တွန့်လိမ်နေသော နှာခေါင်းရှိသူသည် တစ်ကိုယ်တည်း သမား ဖြစ်၏။ နေစရာ အိမ်ရာလည်း မရှိပေ။ အပေါ် နှာခေါင်းပေါ် တွင် အချိုင့်သုံးနေရာ ပေါ်နေသူသည် မိဘဆွေမျိုးများ၏ စွန့်လွှတ်ခြင်း

ခံရလိမ့်မည်။

နှာခေါင်း၏ အသားအရေ ပါးနေမှု တစ်သက်လုံး လူများအား မှီခို စားသောက်ရတတ်၏။

နှာတံအရိုး မပေါ်မူ အသက်မရှည်ပါ။ ထိုသူသည် ခရီးသွားရင်း သေဆုံးတတ်၏။

နှာခေါင်းပေါက်မှ အမွေးများ အပြင်သို့ အလွန်ရှည် ထွက်နေသူ သည် သူတစ်ပါး၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရတတ်၏။

နှာခေါင်းအရိုး ပေါ်လွင်နေသူသည် ညီအစ်ကို၊ မောင်နှမ များလိမ့် မည်။

နှာခေါင်းရိုး ယိုင်ပြီး မဖြောင့်မတ်သူသည် လိမ်ညာပြီး မြှောက်စား တတ်သည်။

နှာခေါင်းပေါ်တွင် အရောင်မည်းနေလျှင် ဖျားနာတတ်၏။

နှာခေါင်းပေါ်တွင် ကန့်လန့်စင်းများ ပေါ်နေလျှင် ဆင်းရဲရ၏။

နှာခေါင်းသေးငယ်ပြီး အသားအရေ ပါးနေလျှင် သူများကို မှီခို အားကိုးသူ ဖြစ်ရမည်။

နှာခေါင်းပုံစံဆိုးပြီး ချိုင့်ဝင်နေလျှင်မူ ထိုသူသည် တစ်ကိုယ်တည်း သမား ဖြစ်၍ ဆင်းရဲဒုက္ခရောက်ပြီး သေဆုံးနိုင်၏။

နှာခေါင်းထိပ်သည် ဖိုခနောက် သုံးခုဆိုင်သော ပုံစံမျိုး ကဲ့သို့ဖြစ်နေ လျှင် တစ်သက်လုံး ဆင်းရဲစွာ နေရတတ်၏။

နှာခေါင်းရိုး ပုံစံမပေါ်လျှင် အသက် ၄၀ နှစ်အတွင်းသေဆုံး နိုင်၏။

နှာခေါင်းအပေါ်သို့လန်နေသူသည် စားဝတ်နေရေး မပြေလည်သူ ဖြစ်၏။

နှာခေါင်း ထိပ်ပိုင်း စောင်းပြီး ကောက်နေသူ အသက်ရှည်၏။

နှာခေါင်းထိပ်ဖျားပေါ်တွင် ကန့်လန့်စင်းပေါ်နေမှု သားသမီးနှင့်

မြေးများကိုပါ ထိခိုက်တတ်၏။

နှာခေါင်းထိပ်ပိုင်း နိမ့်နေသော သူသည် ဆင်းရဲ၏။ သို့မဟုတ် ငယ်ရွယ်စဉ်ကပင် ဖျားနာ၍ သေဆုံးနိုင်၏။

လူတစ်ယောက်ကို ကြည့်လိုက်လျှင် နှာခေါင်းပေါက်ဝ ပေါ်နေသည်ကို မြင်ရလျှင် ထိုသူမှာ စီးပွားရေး မပြည့်စုံသူ ဖြစ်၏။ ငွေကြေးစုဆောင်း၍ မရတတ်ပေ။

နှာခေါင်းအပေါက်ဝ ကျယ်ပြီး မျက်နှာရှည်သူသည် လိမ်ညာသောသူ ဖြစ်၏။

နဖူးပြင်ကောင်း၍ နှာခေါင်းပါ ကောင်းမွန်သူသည် ချမ်းသာ၏။ ၎င်းနေရာများသည် အသားအရေ ညီညာ ပြည့်မောက် စိုပြည်နေလျှင် ရာထူးကြီးပါ ရနိုင်၏။

နှာခေါင်း စွေစောင်းနေသူသည် မိန်းမလိုက်စားတတ်၏။

❐


## ပုံ (ဆ)

**နာခေါင်းအမျိုးမျိုး ရှိရာတွင်…**

၁။ သည်းခြေနှာခေါင်း
၂။ ဦးချိုကောက်ပုံနှာခေါင်း
၃။ ကြံ့နှာခေါင်း
၄။ ကျားနှာခေါင်း
၅။ ဆင်နှာခေါင်း
၆။ ခြသေ့်နှာခေါင်း
၇။ တောက်လျှောက်စင်း ကျနေသော နှာခေါင်း
၈။ နဂါးနှာခေါင်း
၉။ ကြက်သွန်ဖြူနှင့်တူသော နှာခေါင်း
၁၀။ နိမ့်ချိုင့်နေသော နှာခေါင်း
၁၁။ စောင်း၍ကောက်နေသော နှာခေါင်း
၁၂။ လူဝံနှာခေါင်း
၁၃။ ခွေးနှာခေါင်း
၁၄။ ငါးခေါင်းနှင့် တူသော နှာခေါင်း
၁၅။ စွန်ပါးစပ် နှာခေါင်း
၁၆။ လိပ်နှာခေါင်း
၁၇။ သမင်နှာခေါင်း
၁၈။ အသားမရှိသော နှာခေါင်း

စသည်တို့ဖြစ်ကြ၏။

၁။ သည်းခြေနှာခေါင်းသည် သည်းခြေချိတ်ထားသော ပုံစံကဲ့သို့ တူညီနေ၏။ ဝိုင်း၍ ညီညာပြီး အသားအရေ ပြည့်ဝ



ပုံ (ဆ)

နေ၏။ ထိုလူမျိုးများမှာ ကုသိုလ်ကံ အလွန်ကောင်းကြပြီး ဩဇာအာဏာရှိပြီး အသက်ရှည်ကာ ချမ်းသာကြ၏။

၂။ ဦးချို့ ကောက်သော ပုံစံနှင့် တူညီသော နှာခေါင်းသည် ကြီးမားပြီး အသားအရေ ပြည့်ဝနေ၏။ ထိုလူမျိုးများမှာ အိမ်ထောင်ရေး ကံကောင်းပြီး ချမ်းသာကြ၏။ နားထင်ကောင်းမွန်မှုသာလျှင် အသက်ရှည်နိုင်၏။

၃။ ကြွံနှာခေါင်းသည်မြင့်ပြီး နဖူးပြင်ပေါ်ထိ ရောက်ရှိနေ၏။ ထိုလူမျိုးများမှာ မိမိလုပ်ကိုင်သမျှသော လုပ်ငန်းအကြံအစည်များ အောင်မြင်လေ့ရှိပြီး အကြီးအကဲများ၏ မြှောက်စားချီးမြှင့်ခြင်းကိုပါ ခံရ၏။ အင်္ဂါရုပ်ပုံစံ အလွန်ကောင်းသူများပင် ဖြစ်၏။

၄။ ကျားနှာခေါင်းသည် ထိပ်ပိုင်းမှ မြင့်တက်ပြီးဝိုင်း၍နေ၏။ ကိုယ့်ထူး ကိုယ်ချွန်သမား ဖြစ်ကြပြီး မိသားစု စီးပွားရေး အဆင်ပြေ၏။ နားထင်နှစ်ဖက်ပါ ကောင်းမွန်နေလျှင် အကြံအစည်အားလုံး အောင်မြင်နိုင်၏။

၅။ ဆင်နှာခေါင်း ရှိသူများမှာ အိမ်ထောင်ရေး သာယာပြီး စီးပွားရေး တိုးတက်အောင်မြင်၏။ ထိုလူမျိုးများမှာ နားထင်မကောင်းသော်လည်း နဖူးပြင်အလယ်တွင် ညီညာ ကောင်းမွန်နေလျှင် အသက်ရှည်၏။ စီးပွားရေးကျဆင်းမှု မရှိဘဲ ရွှေ၊ ငွေ၊ ရတနာပေါများလိမ့်မည်။

၆။ ခြင်္သေ့နှာခေါင်းသည်လည်း အသားအရေ ပြည့်စုံနေ၏။ ထိုလူမျိုးများမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းများပင် ဖြစ်ကြ၏။ အလွန်ချမ်းသာ ကြွယ်ဝကြပြီး အသက်ပါရှည်၏။

၇။ တောက်လျှောက်စင်းကျနေသော နှာခေါင်းသည်

အသားအရေပြည့်ဝပြီး အကွက်များ အချိုင့်များ လုံး၀ မပါရှိပေ၊ အကြံအစည်များ အောင်မြင်ပြီး ချမ်းသာလိမ့်မည်။

၈။ နဂါးနှာခေါင်းသည် မောက်ပြီး ညီညာတည့်မတ်၍နေသည်။ ထိုလူမျိုးများမှာ အသက်ရှည်ပြီး အရာရာတွင်အောင်မြင်မှုရှိ၏။ နဖူးပြင်ပါ ညီညာစွာ ရှိနေခဲ့လျှင်

ယဥ်ကျေးသိမ်မွေ့ပြီး ချမ်းသာ ကြွယ်ဝကာ နာမည်ပါ ကြီးနိုင်၏။

၉။ ကြက်သွန်ဖြူနှင့် တူသော နှာခေါင်းရှိသူများမှာ စိတ်သဘောထား အလွန်ကောင်းမွန်ကြပြီး အလုပ်အကိုင်များ တစ်နေ့တစ်ခြား တိုးတက်အောင်မြင်တတ်၏။ ထိုလူမျိုးများမှာ အသက် ၅၀ အရွယ်အထိသာ နေထိုင်ရတတ်၏။

၁၀။ နိမ့်ချိုင့်နေသော နှာခေါင်းမှာ သုံးဆင့်မျှ ကောက်၍နေ၏။ လူလိမ်လူကောက်များတွင် အများဆုံးတွေ့ရှိရ၏။ စိတ်အပြောင်းအလဲ မြန်တတ်ပြီး မည်သူကိုမျှ ချစ်ခင်ကြင်နာမှု မရှိတတ်ဘဲ တစ်ကိုယ်ကောင်းဆန်စွာ ပြုမူနေထိုင်ကြ၏။

၁၁။ စောင်း၍ကောက်နေသော နှာခေါင်းသည် ဓားပြားကဲ့သို့ ချွန်၍နေသောကြောင့် ညီအစ်ကို မောင်နှမချင်းပင် မသင့်မြတ်ကြဘဲ တကွဲတပြားစီ နေထိုင်ကြ၏။ လိမ်လည်ပြောဆိုတတ်ပြီး ဆင်းရဲဒုက္ခရောက်ကာ ကျန်းမာရေး ချို့ယွင်း၍ သေဆုံးတတ်၏။

၁၂။ လူဝံနှင့်တူသော နှာခေါင်း၏ အရိုးသည်မာပြီး အရင်းပိုင်းတွင် ချွန်၍နေ၏။ ထိုလူမျိုးများမှာ လူတစ်ဖက်သားကို လျစ်လျူရှုတတ်ပြီး နှမြော တွန့်တိုကာ အသက်ရှည်ကြ၏။

၁၃။ ခွေးနှာခေါင်းရှိသူများမှာ မနာလိုဝန်တိုစိတ်များပြားပြီး ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရ၏။ သို့သော်လည်း နားထင်နှစ်ဖက်သည် နိမ့်ချိုင့်၍ နေလျှင်မူ ကတိ တည်ကြည်၏။

၁၄။ ငါးခေါင်းနှင့်တူသော နှာခေါင်းရှိ လူမျိုးများမှာ အဆင့်အတန်း နိမ့်စွာနေထိုင်ပြီး လူတစ်ဖက်သားအပေါ်တွင် အနည်းငယ်မျှ စေတနာ မထားတတ်ပေ။ မိမိကိုယ်ကိုသာ ယုံကြည်စွာ လုပ်ကိုင်တတ်ပြီး ဆင်းရဲဒုက္ခ ရောက်တတ်၏။ ကတိသစ္စာ မတည်ကြည် သူများပင် ဖြစ်၏။

၁၅။ စွန်ပါးစပ်နှင့် တူသောနှာခေါင်းမှာ အရိုးပေါ်လွင်ပြီး ချွန်၍ နေ၏။ လူဆိုးသူခိုးများပင် ဖြစ်ကာ အသက်တို တတ်၏။

၁၆။ လိပ်နှာခေါင်းမှာအပေါ်တွင် ပြောင်လက်၍နေ၏။ ပထမအရွယ်တွင် ဆင်းရဲဒုက္ခရောက်ပြီး အသက် ၃၀ ကျော်မှသာ စီးပွားရေး ဖြစ်ထွန်း၏။

၁၇။ သမင်နှာခေါင်းသည် ထိပ်ပိုင်းမှစပြီး အသားအရေ ပြည့်ဝစိုပြည်နေ၏။ ထိုလူမျိုးမှာ မိမိထက် အဆင့်အတန်း မြင့်သော လူများကိုသာ အိမ်ထောင်ပြုကြရပြီး စိတ်စေတနာ အလွန်ကောင်းကြ၍ ချမ်းသာကြွယ်ဝကြ၏။

၁၈။ အသားမရှိသော နှာခေါင်းရှိသူများမှာ အသက် ၃၀ အရွယ်တွင် စီးပွားရေး ကျဆုံးတတ်၏။ မိဘညီအစ်ကို မောင်နှမများနှင့် သားသမီးများကိုပါ ခိုက်တတ်ပြီး ချစ်ခင်ကြင်နာစိတ်လည်း မရှိပေ။

❒

## နှုတ်ခမ်း

### နှုတ်ခမ်းအကြောင်း

နှုတ်ခမ်းတွင်ကြီးသော နှုတ်ခမ်း၊ သေးသော၊ ချွန်သော နှုတ်ခမ်း၊ ထူသော ပါးသော နှုတ်ခမ်း၊ လေးထောင့် နှုတ်ခမ်း၊ အောက်ဘက်သို့ဖွေကျနေသော နှုတ်ခမ်း၊ ထောင်၍ ကော့တက်နေသော နှုတ်ခမ်းနှင့် အရောင်အမျိုးမျိုးရှိသော နှုတ်ခမ်း စသည်ဖြင့် ရှိကြရာတွင် ညီပြီး အသားထူနေလျှင် ကောင်းသော နှုတ်ခမ်းပင် ဖြစ်၏။ ပါး၍ သေးနေသော နှုတ်ခမ်းရှိသူသည် ဆင်ခြေများတတ်၏။

ညီညာသော သွားများရှိပြီး အပေါ်နှုတ်ခမ်းအလယ် ချိုင့်ရာနိမ့်ပြီး ကျယ်နေလျှင် ရွှေငွေ ရတနာ ပေါများ၏။

အရောင်တောက်၍ စိုပြည်နေသော နှုတ်ခမ်း ရှိသူသည် အကြံအစည် အောင်မြင် တိုးတက်တတ်၏။ ၎င်းသည်သွားများပါ ညီညာနေမည်ဆိုလျှင် စီးပွားဥစ္စာ ပြည့်စုံ၍ ကတိတည်မည့်သူဖြစ်၏။

ကျယ်လွန်းသော ပါးစပ်ရှိသူသည် နှုတ်ခမ်းနှစ်ခုစလုံး အောက်ဘက်သို့ ကုပ်ဆင်းသွားပါမူ ထိုသူသည် အသက် ၅၀ ကျော်အရွယ်တွင် ဆင်းရဲဒုက္ခ ရောက်တတ်၏။

နှုတ်ခမ်းထိပ်ဖျားတွင် အရစ်ကောက်များ ရှိခဲ့လျှင် အသက်ရှည်၍ ချမ်းသာ၏။ အစားအသောက် ချေးများသူလည်း ဖြစ်၏။ ထိုသူသည် ရာထူးကြီးသူလည်း ဖြစ်လိမ့်မည်။

ပါးစပ်ရှည်ပြီး ကျယ်ကာ ထူနေလျှင် ချမ်းသာ၍ စားသောက် မကုန်နိုင်သူ ဖြစ်၏။

တည့်မတ်သော နှုတ်ခမ်းများရှိ၍ အသားအရေ ထူလည်း မထူ၊ ပါးလည်း မပါးသော နှုတ်ခမ်းရှိသူသည် စားဝတ်နေရေး ပြေလည်နိုင်၏။

လေးထောင့်ပါးစပ်ရှိလျှင် ချမ်းသာ၏။ ပြားပြီး ပါးသော နှုတ်ခမ်းရှိလျှင် ဆင်းရဲ၏။ စကားမပြောခင် ပါးစပ် အရင်လှုပ်သူကို မြင်းပါးစပ်ဟုခေါ်၏။ ထိုပါးစပ်ရှိသူသည် ဆင်းရဲ၍ စားစရာပင် မရှိဖြစ်တတ်၏။

သွားပေါ်နေသောသူသည် အကြံအစည် မရှိပါ။ နှုတ်ခမ်း စူထားသယောင်ရှိသော ပါးစပ်ရှိသူသည် ဆင်းရဲသူတစ်ယောက် ဖြစ်၏။

လက်သီးတစ်ဆုပ်ဝင်စာမျှ ကျယ်သော ပါးစပ်ရှိသူသည် ကြီးပွားနိုင်၏။

ကြွက်ကဲ့သို့ ပါးစပ်ရှိသူသည် သူများ အနိမ်ခံရ၏။

မီးပြောင်းမှုတ်နေသယောင် ထင်ရသော ပါးစပ်ရှိသူမှာ တစ်ကိုယ်တည်းသမား ဖြစ်ပြီး ဆင်းရဲဒုက္ခ ရောက်တတ်၏။

ခွေးပါးစပ်နှင့် တူသူလည်း ဆင်းရဲ၏။

ကြွက်ပါးစပ်သည်လည်း စားဝတ်နေရေး ဒုက္ခရောက်၏။

ပါးစပ်ကျယ်သူသည် စားရေးသောက်ရေး ပြေလည်နေတတ်၏။

အစားအစာ ငုံထားသယောင် ထင်ရ၍ ဖောင်းကြွနေသော ပါးစပ်ရှိသူမှာ ချမ်းသာ၏။

ငါးပါးစပ်နှင့် တူသောသူ ဆင်းရဲ၏။

အပေါ်နှုတ်ခမ်းသည် အသားအရေ ထူပြီး ပါးစပ်တွင်းသို့ မရောက်ဘဲ အပေါ်သို့လှန်တက်နေသူသည် ငယ်ရွယ်စဉ်ကပင် အသက်ဆုံးရှုံးနိုင်၏။

အပေါ်နှုတ်ခမ်းပါးပြီး သေးနေလျှင် ဆင်းရဲ၏။

အပေါ်နှုတ်ခမ်းပါးပြီး အပေါ်သို့ လှန်နေသူသည် မိန်းမလိုက်စား၍ စိတ်ထားမတည်ငြိမ်သူ ဖြစ်၏။

အောက်နှုတ်ခမ်းသည် အပေါ်နှုတ်ခမ်းထက် ကြီးနေသူသည် လူတကာကို အထင်သေးသူ ဖြစ်၏။

လှိုင်းတွန့်သဏ္ဌာန်ကဲ့သို့ ရှိသော ပါးစပ်ပိုင်ရှင်သည် အရာရှိကြီး ဖြစ်၏။

ကျယ်ပြီး အသားအရေ ထူသော ပါးစပ်ရှိသူသည် ချမ်းသာကြွယ်ဝ၏။

အပေါ်နှုတ်ခမ်း ပါးနေလျှင် အဖေကို ထိခိုက်၏။

အောက်နှုတ်ခမ်း ပါးနေလျှင် အမေကို ထိခိုက်၏။

ထိုနှစ်မျိုးစလုံးသည် လုပ်မှ စားရသူများ ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ထူနေသူမှာ စိတ်ထား ကောင်းသူ ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း နှစ်ခုစလုံး ပါးနေလျှင် အဆင့်အတန်း နိမ့်ကျသူ ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း နှစ်ခုစလုံး မပြည့်မောက်ဘဲ တည့်တည့်ဖြစ်နေသူမှာ သူခိုးဓားပြပင် ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းသည် ညီညာစွာ ရှိနေပြီး စကား ပြောလိုက်လျှင် ညီညာဖြောင့်တန်းစွာ ပြောသူကို နဂါးပါးစပ်ဟု ခေါ်၏။ ထိုသူမှာ ချမ်းသာ၍ ဂုဏ်သရေရှိသူ ဖြစ်၏။

ဆိတ်ပါးစပ်ရှိသူသည် ဆင်းရဲ၏။

အပေါ်နှုတ်ခမ်းသည် အောက်နှုတ်ခမ်းထက် ပို၍ ရှည်နေပြီး အရေး အကြောင်းများစွာ ရှိခဲ့လျှင် လူပျိုကြီး အပျိုကြီး ဖြစ်နိုင်၏။

ပါးစပ်ကြီးသူသည် ငယ်စဉ်အခါက ကောင်းစား၍ အသက်ကြီးလာ လျှင် ဒုက္ခဖြစ်နိုင်၏။

အပေါ်နှုတ်ခမ်းသည် နှုတ်ခမ်းအထက်မှ အလယ်ချိုင့်ရာကို ထိနေ လျှင် ထိုအမျိုးသမီးသည် သားသမီး မွေးလျှင် သေဆုံးနိုင်၏။

အပေါ်နှုတ်ခမ်းထောင့်တွင် အသီးကဲ့သို့ အသားပိုသည် ရှည်ထွက် နေလျှင် ကိုယ့်ကိုယ်ကိုယ်သတ်သေနိုင်၏။ သို့မဟုတ် မွေးဖွားခါနီးတွင် သေနိုင်၏။

လက်နှင့် ပါးစပ်ကိုပိတ်၍ စကားပြောသူကို အိမ်ထောင်မပြုသင့် ပါ။ ထိုလူနှင့် အိမ်ထောင်ကျမှု ရှိသမျှ ပစ္စည်းဥစ္စာ ကုန်ဆုံးလိမ့်မည်။

အပေါ်နှုတ်ခမ်းပေါ်တွင် မှဲ့ပေါက်နေမှု အစားအသောက် ပေါများ ၏။

ပါးစပ်ထောင့်တွင် မှဲ့ပေါက်နေမှု ရေးဘေးအန္တရာယ် ဖြစ်နိုင်၏။ သို့သော် စားဝတ်နေရေး ပြေလည်ကာ ရာထူးမြဲသူ ဖြစ်လိမ့်မည်။

နိမ့်ပြီး စွေစောင်းသော ပါးစပ်ရှိသူသည် ဆင်းရဲရ၏။

နှာခေါင်းဘေးနှစ်ဖက်မှ အရေးအကြောင်းများသည် ပါးစပ်တွင်းသို့ ဝင်သွားလျှင် အသက်ငယ်ရွယ်စဉ်အခါတွင် စားဝတ်နေရေးပြေလည် ခဲ့သော် အသက်ကြီးလာလျှင် စားဝတ်နေရေး မပြေလည်ကာ သေဆုံး နိုင်၏။

ထိုအရေးအကြောင်း သေးသူသည် စိတ်ထားညံ့၏။

ထိုအရေးအကြောင်း ကျယ်ပြန့်စွာရှိမူ တိကျစွာ အလုပ်လုပ်တတ်သူ၊ ဘက်မလိုက်တတ်သူ ဖြစ်၏။

အပေါ်နှုတ်ခမ်းပေါ်တွင် အရစ်များပါနေသော အမျိုးသမီးဖြစ်မူ ယောကျ်ားလေးများ မွေးဖွားသူ ဖြစ်၏။

အပေါ်နှုတ်ခမ်းပေါ်တွင် ရှုပ်ယှက်ခတ်နေသော အရေးအကြောင်းများပါမူ အိုဇာတာ မကောင်းသူ ဖြစ်၏။

မျက်နှာပြင်ပေါ်မှ အသားအရေနှင့် နှုတ်ခမ်းနှစ်ခုတို့သည် အရောင်များ စိုပြည်နေလျှင် ကောင်းစားလိမ့်မည်။

စိမ်းနေသော နှုတ်ခမ်းရှိမူ မကောင်းသော စိတ်များ၏။

အဖြူရောင်ဆိုလျှင်လည်း မကောင်းသော စိတ်ဓာတ်ရှိသူပင် ဖြစ်၏။

အဝါရောင်ဆိုလျှင် မကျန်းမာသောသူ ဖြစ်၏။

ကြည်လင်တောက်ပသော အရောင်အဆင်းရှိမှသာ ကောင်းစား၏။

အဝါရောင်များသည် ပါးစပ်အတွင်းသို့ ဝင်နေသယောင် ထင်ရလျှင် ဗရုတ်သုတ်ခများသူပင် ဖြစ်၏။

အရောင်မည်းသော နှုတ်ခမ်းရှိသူသည် အဆိပ်မိသူပင် ဖြစ်၏။

နှုတ်ခမ်းနီရဲနေသူသည် ဘုန်းကံရှိ၍ ငွေကြေးအသင့်အတင့် ပြည့်စုံနိုင်၏။

အစိမ်းရောင်၊ အပြာရောင်၊ အဝါရောင်၊ အနီရောင် စသည့် အရောင်များစွာ ပါးစပ်ပေါ်တွင်ပေါ်နေမူ ထိုလူသည် မင်္ဂလာရှိသူဖြစ်၏။

အနီရောင်ဆိုးထားသကဲ့သို့ နီနေသော နှုတ်ခမ်းရှိသူသည် ကောင်းစား၏။

အနီရောင် မရှိလျှင်မူ မကောင်းပါ။

အဝါနှင့် အနီရောင်နှစ်မျိုးရှိနေလျှင် သားကောင်းရတနာ မွေးဖွားလိမ့်မည်။

နွားကျောက်ကပ်နှင့် တူသော နှုတ်ခမ်းရှိသူသည် လူတော် လူကောင်း ဖြစ်၏။ စိတ်ဓာတ်ပါ ကောင်း၏။

လေးထောင့်ပါးစပ်သည် ကျယ်ပြီး မဇွေစောင်းဘဲ တည့်မတ်စွာရှိနေလျှင် ထိုသူသည် ဩဇာအာဏာရှိသူ ဖြစ်၏။

နှုတ်ခမ်းနှစ်ခုစလုံး အပြင်သို့ မထွက်လျှင် ဆင်းရဲ၏။ ထိုလူမှာ စားစရာ မရှိဘဲ သားသမီးကိုပင် သူများကို ပေးလိုက်ရလိမ့်မည်။

နှုတ်ခမ်းထိပ်အဖျားတွင် အပြာရောင်ရှိမူ သူတစ်ပါး၏ ဥစ္စာပစ္စည်းကို တပ်မက်သူ ဖြစ်၏။

စကားမပြောခင် နှုတ်ခမ်းလှုပ်နေလျှင် မိန်းမပျက် ဖြစ်၏။ တန်ဖိုးမရှိသူလည်း ဖြစ်၏။

ကောင်းမွန်သော နှုတ်ခမ်းရှိပြီး သွားမပေါ်လျှင် အိုဇာတာ ကောင်း၏။

ငါးပါးစပ်နှင့်တူသောသူသည် တစ်သက်လုံးဆင်းရဲ၏။

နှုတ်ခမ်းပေါ်တွင် အမှတ်ရာရှိလျှင် လူတကာကို ကဲ့ရဲ့ပြစ်တင်မည့်သူ ဖြစ်၏။

နှုတ်ခမ်းကျယ်ပြီး ပြည့်ဝသူသည် တစ်သက်စားသောက်၍ မကုန်နိုင်အောင် ပေါများ၏။

နှုတ်ခမ်းနှစ်ဖက်ထိပ်မှ အပေါ်သို့ကောက်နေလျှင် မည်သည့်အလုပ်ကိုမဆို မကြောက်သူ ဖြစ်၏။

နှုတ်ခမ်းသည် အရောင်နီပြီးစိုနေလျှင် ရာထူးကြီးရနိုင်၏။ သို့မဟုတ် အိမ်ထောင်ရေး အလွန်ကောင်း၏။

အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်း မထိတထိ ဖြစ်နေပြီး နှုတ်ခမ်း

နှစ်ခုစလုံးပေါ်တွင် အရစ်ကြောင်းများ ရှိလျှင် စီးပွားရေး အလွန်ပြေလည်၏။

အနီရောင် ဆိုးထားသကဲ့သို့သော ပါးစပ်သည် လက်သီးတစ်ဆုပ်စာမျှ ဝင်နိုင်လျှင် ထိုသူမှာ အသက်မရှည်ပါ။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းအရောင်သည် ဝက်သည်းအရောင်ဖြစ်မူ သားသမီးကိုပင် မကြည်ဖြူတတ်ပေ။

❐

## သွား

### သွားအကြောင်း

သွားတွင် သေးသောသွား၊ ကြီးသောသွား၊ ကျဲသောသွား၊ စိပ်၍ စေ့နေသော သွားတို့နှင့် အရောင်အမျိုးမျိုးရှိကြရာ။

သွားသည် မာ၍ ခိုင်မြဲနေရမည်။

စိပ်စိပ်ညီညီရှည်ပြီး ကြီးသောသွား၊ ထူ၍ ဖြူနေသော သွားများ ဖြစ်နေလျှင် ကောင်း၏။

ညီညာနေသော သွားသည် စိပ်ပြီး စောင်းနေလျှင်လည်း ကောင်း၏။

ကွဲ၍နေသော သွားရှိမှု မကောင်းပေ။

ညီညာ၍ စေ့နေသောသွားရှိသူသည် လူတကာ၏ ချစ်ခင်ခြင်းကို ခံရ၏။

လှပသော သွားရှိပြီး ဖြူ၍ညီညာစွာ ရှိနေလျှင် ချမ်းသာ၏။

ညီပြီး တည့်မတ်နေသော သွားရှိလျှင် စိတ်ထားကောင်း၏။ ဘာသာရေးကို လိုက်စားသူလည်း ဖြစ်လိမ့်မည်။

သွားများ ကောက်နေလျှင် မကောင်းကြံစည်တတ်၍ ကျန်းမာရေး လည်း ညံ့၏။

သွားများမည်း၍ ဝါနေလျှင် တစ်နယ်တစ်ကျေးသို့ သွားရောက်နေထိုင်ရလိမ့်မည်။

အစွယ်နှစ်ဖက်စလုံး ကြီးနေသော သွားရှိသူသည် မိဘနှစ်ပါးကို ထိခိုက်၏။

အပေါ်မှ သွားအပြင်သို့ ပေါ်ထွက်နေလျှင် ထိုသူသည် အပြောင်းအလဲ မြန်သည်။

ဘယ်ဘက်ကသွား အစွယ်မထွက်လျှင် အသက် ၃၀ အရွယ်တွင် အမှုအခင်း ဖြစ်နိုင်၏။

ညာဘက်ကသွား အစွယ်အပြင်ထွက်သူသည် ဘာသာရေး လိုက်စားသူဖြစ်၏။

တစ်ချောင်းစီ မညီညာဘဲပေါက်နေသော သွားရှိသူသည် လိမ်ကောက်သူ ဖြစ်နိုင်၏။

ကန့်လန့်ပေါက်နေသော သွားရှိသူသည် ရုတ်တရက် သေဆုံးတတ်၏။

တို၍သေးငယ်ပြီး မပြည့်စုံသော သွားရှိသူသည် အလွန်ရိုးအသူဖြစ်၏။ ဆင်းရဲဒုက္ခပါ ရောက်တတ်၏။

ကြည့်လိုက်လျှင် နတ်ပစ်ချင်စရာ ကောင်းသော သွားရှိသူသည် စကားပြောလိုက်လျှင် သွားမပေါ်မူ ချမ်းသာ၏။ သွားပေါ်လျှင် အသက်တို၏။

အနီရောင်၊ အဖြူရောင် ရှိသော သွားရှိလျှင် ကောင်း၏။

ကြီး၍ ကွဲနေသော သွားဖြစ်မှု မိဘများ တစ်ဆက်တည်းနှင့် သေဆုံးနိုင်၏။

စိန်ကဲ့သို့ အရောင်တောက်နေသော သွားရှိသူသည် ကြံစည်တိုင်းအောင်မြင်တတ်၏။

အဝါရောင် ရှိသောသွားရှိမူ လူကြည်ညို ခံရ၏။ သို့သော် အသက် မရှည်ပါ။

အပေါ်ကြီး အောက်ရှူးနေသော သွားများကို လွှသွားဟု ခေါ်၏။ ထိုလွှသွားသူရှိသူသည် အလုပ်ကြမ်းသမားဖြစ်၍ စိတ်ကြမ်းလူကြမ်း ဖြစ်၏။ အစားအသောက်ပါ ဆင်းရဲတတ်၏။

ခွေးသွားနှင့်တူသောအစွယ်ရှိလျှင် အမှုဖြစ်နိုင်၍ မိဘနှင့် သားမယားကိုပါ ထိခိုက်တတ်၏။ ထိုအစွယ်သွားသည် ကြီးလွန်းနေမူ ကတိတည်တတ်၏။

မကောင်းသော မိန်းမများ၏ သွားများသည် အလွန်အကျဲ ထပ်နေတတ်၏။

ကောင်းသော မိန်းမများ၏ သွားသည် စိပ်၍ သေးနေ၏။

တစ်ချောင်းစီ ကျိုးတိုးကျဲတဲစွာပေါက်နေသော သွားရှိသော မိန်းမသည် လင်ယောကျ်ား ဖြစ်သူအား ခိုက်တတ်၏။

သွားထိပ်များ ချွန်ပြီး ကျဲစွာ ပေါက်နေသူသည် ဆွေမျိုးသားချင်းများကပင် ထိုသူအား လက်မခံချင်ကြပေ။ စိတ်ဓာတ်ပါ အလွန်ညံ့သူ ဖြစ်၏။

ရွှေရောင်၊ အဝါရောင်၊ အဖြူရောင် ရှိသော သွားပိုင်ရှင်မှာ ကုသိုလ်ကံကောင်းသူ ဖြစ်၏။

ငွေရောင်ရှိသော သွားရှိသူသည် ချမ်းသာ၏။ တစ်သက်လုံး မဆင်းရဲပါ။ လူကြီးလူကောင်း ဖြစ်နိုင်၏။

သွားများ ဖြူပြီး စေ့နေလျှင် ရာထူးရှိ၍ ပညာတတ်သူ ဖြစ်နိုင်၏။

မည်း၍ ကျဲစွာ ပေါက်နေသော သွားဖြစ်မူ ဒုက္ခနှင့်ရင်ဆိုင်ရ၏။

တစ်လက်မခန့်ရှည်သော သွားရှိသူသည် အလွန်အဖိုးတန်၍ ချမ်းသာကြွယ်ဝ၏။

ဖွေစောင်း၍ပေါက်နေသော သွားရှိလျှင် လူလိမ်လူကောက် ဖြစ်၏။

ကျောက်ဖြူနှင့်တူ၍ ဝင်းလက်နေသော သွားရှိမူ ချမ်းသာသူ ဖြစ်၏။

နဂါးသွားနှင့်တူသော သွားရှိသူမှာ သားကောင်းရတနာ ရ၏။

သွားထိပ်များသည် တစ်ခုနှင့်တစ်ခုညီနေပြီး စေ့နေကာ အောက်ပိုင်းတွင် ပြန်၍ ကျဲနေလျှင် ပစ္စည်းဥစ္စာ မမြဲပေ။ ထိုလူမျိုးနှင့် တွေ့ရှိမူအတူတကွ မနေသင့်ပေ။

သွားသည်အပေါ် နှုတ်ခမ်းမှ ခေါ်၍ ထွက်လာမူ နှုတ်မလုံသူဖြစ်၏။

ချွန်၍ နေသောသွား ရှိသူသည် မနာလိုစိတ် ရှိ၏။

အပေါ်နှုတ်ခမ်းက သွားကို မဖုံးအုပ်ဘဲနေလျှင် ထိုလူကို လူအများက သဘောမကျတတ်ပေ။

လူတကာက ပြောသောသွားသည် ယောကျ်ားကလေးမွေးဖွားလျှင် ၈ လအရွယ်နှင့် သွားထွက်၍ ၈ နှစ်အရွယ်တွင် သွားလဲလိမ့်မည်။

မိန်းကလေးဆိုလျှင် ၇ လနှင့် သွားပေါက်၍ ၇ နှစ်အရွယ်တွင် သွားလဲလိမ့်မည်။

ကြီးပြီးစိပ်၍ ညီညာသော သွားရှိပြီး ၄င်းသွားအထဲမှ လေဝင်ပေါက်မှုပင် အပေါက်မပေါ်လျှင် ထိုသူမှာ အသက်ရှည်၏။

ချွန်ပြီးစောင်း၍ လေဝင်ပေါက်ရှိကာ အမည်းရောင်၊ အဝါရောင်ရှိလျှင် အသက်ရှည်၏။

ညီညာလှပ၍ စီတန်းနေသော သွားရှိပြီး ငွေရောင်ကဲ့သို့ အရောင်တောက်နေမူ ချမ်းသာသူ ဖြစ်၏။

နွားသွားရှိသူသည် ချမ်းသာ၍ ကုသိုလ်ကံကောင်းသူ ဖြစ်၏။

ကြွက်သွားပေါက်သူသည် ဆင်းရဲကာ အောက်တန်းစား ဖြစ်၏။

နဂါးသွားသည် လူတော်လူကောင်းဖြစ်ကာ ဩဇာအာဏာရှိသူ

ဖြစ်၏။

ကျားသွားရှိသူသည် ချမ်းသာ၍ လူတကာကို အုပ်စိုးနိုင်၏။

သမင်သွားပေါက်သူသည် အသက်ရှည်၏။

မျောက်သွားရှိသူသည် လူလိမ်လူကောက်ပင် ဖြစ်၏။

ခွေးသွားပေါက်နေသူသည် သူခိုးဓားပြ ဖြစ်၏။

ဆိတ်သွားပေါက်နေလျှင် ပင်ပန်းဆင်းရဲတတ်၏။

ဝက်သွားပေါက်နေလျှင် ဆင်းရဲ၍ အသက်တို၏။

ဆင်သွားပေါက်နေလျှင် အခက်အခဲများနှင့် ရင်ဆိုင်ရ၏။

အပေါ်သွားသည် အတွင်းသို့ဝင်၍ အောက်သွားသည် အပြင်သို့ထွက်မှု အသက်ကြီးလျှင် မုဆိုးဖို၊ မုဆိုးမ ဖြစ်နိုင်၏။

❐

# လျှာ

## လျှာအကြောင်း

လျှာတွင် ကြီးသော၊ သေးသော၊ တိုသော၊ ပိုင်းသော၊ ချွန်သော၊ လေးထောင့် ဖြစ်နေသော၊ အရစ်ပါရှိသော၊ ကြမ်းသော၊ နုသော လျှာနှင့် အရောင်အဆင်း အမျိုးမျိုးရှိကြရာတွင်–

အပြာရောင်နှင့် အနီရောင်ပါသော လျှာသည် ဉာဏ်ကောင်းသည်။ ချမ်းသာ၍ အသက်ရှည်၏။

လျှာသည် အဝါရောင်၊ အဖြူရောင်ရှိပြီး ပါးစပ်မှ အပုပ်အနံ့ ထွက်လျှင် ဆင်းရဲဒုက္ခရောက်ရမည် ဖြစ်၏။

အရောင်နီ၍ ချွန်သော လျှာရှိသူသည် ချမ်းသာ၍ အသက်ရှည်၏။

စိမ်းမည်းပြီးထူနေသော လျှာဖြစ်ပေါ်နေလျှင် ထိုလူသည် မကြာခင် သေဆုံးနိုင်၏။

ရှည်သောလျှာရှိပြီး နီရဲနေလျှင် ဉာဏ်ကောင်း၏။ ကြီးပွား တိုးတက်နိုင်၏။

လျှာတိုပြီး ဖြက်ကြီးနေလျှင် လူပေါ်ဖြစ်၏။

သွေးပြာရောင်ဆိုလျှင် ချမ်းသာ၍စားဝတ်နေရေး အလွန်အဆင်ပြေ၏။

ဖြူနေပြီးမှ မည်းသွားသော လျှာဆိုလျှင် ဆင်းရဲဒုက္ခရောက်၏။

မည်းပြာနေသော လျှာရှိသူသည် ပင်ပန်းကြီးစွာ လုပ်ကိုင် စားသောက်ခြင်း ရ၏။

အနီ၊ အပြာရောင် လျှာဆိုလျှင် ချမ်းသာ၏။

လျှာပေါ်တွင် အရစ်ကြောင်းပါရှိလျှင် လူတော်လူကောင်းပင် ဖြစ်၏ ။

ပါးစပ်အတွင်းမှ လျှာသည် လေးထောင့်သဏ္ဍာန်ရှိပြီး ရှည်၍ အနီရောင်ဆိုးထားသကဲ့သို့ နီရဲနေလျှင် ရာထူးကြီးရသူဖြစ်၏။ ၄င်းသည် နှုတ်ခမ်းပါ နီရဲနေရလိမ့်မည်။

ပါးစပ်အပြည့်နီးပါးကြီးသော အနေအထားရှိ၍ ထူသော လျှာပိုင်ရှင်သည် နှုတ်ခမ်းနှစ်ခုပါ နီနေပြီး သွားများဖြူ၍ ဝါသော လျှာရှိမူ အနုပညာလောကတွင် အောင်မြင်ကျော်ကြားနိုင်၏။

❐

# နောက်စေ့

## နောက်စေ့အကြောင်း

လူ့ခန္ဓာကိုယ်မှ ဦးခေါင်း၏ နောက်စေ့ အရိုးသည် အလွန်ထူးခြား လှပနေလျှင်ပင် ထိုသူသည် အလိုအလျောက် အကျိုးကျေးဇူး ခံစားရ တတ်၏။ သို့သော်လည်း နောက်စေ့သည် ကြည့်၍မလှပဘဲ နဖူးပြင်ပါ ချိုင့်နေသူသည် ရုပ်ဆိုးနေသော်လည်း ဇာတာကောင်းသူ ဖြစ်၏။

ဦးခေါင်းကောင်းမှသာလျှင် နာမည်ကောင်းရနိုင်၏။ နဂါးကဲ့သို့ပင် မိုးပေါ်သို့ ပျံနိုင်၏။

နောက်စေ့ အရိုးသည်လည်း အလွန်အရေးကြီး၏။ အရိုးအားလုံး ၏ အချုပ်နေရာပင် ဖြစ်၏။

နားထင်ကောင်းလျှင် ရာထူးကြီး ရနိုင်သကဲ့သို့ မျက်ရိုးနှစ်ဖက် အနည်းငယ်မြင့်၍ နဖူးလည်း ကောင်းမှသာ ရာထူးရနိုင်၏။

မျက်နှာပြင်မှ အရိုးများပေါ်နေမှသာ ထူးခြားစွာ ရာထူးရနိုင်၏။ ထိုအရိုးများကို အသက်ရှည်သော အရိုးဟုလည်း ခေါ်၏။

နဖူးရိုး ဆံပင်ထိပ်နားထိ တက်ရောက်နေလျှင် မုချ ရာထူးကြီး ရရှိနိုင်၏။ နားထင်အရိုးသည် နားထိအရောက် ပေါ်လွင်နေပြီး နဖူးပြင်မှ

အရိုးများသည် ထောင်တက်နေလျှင် ဗိုလ်မှူးကြီး ဖြစ်နိုင်၏။

ဦးခေါင်းသည် မြင့်ပြီး ဝိုင်းဝန်းနေလျှင် ကောင်း၏။ မဝိုင်းဘဲ ဗွေစောင်းနေမှု စိတ်ထားတည်ငြိမ်မှုမရှိသူ ဖြစ်၏။

မေးစေ့သည် ပြည့်ဖြိုးနေမှ ကောင်း၏။ ချမ်းသာနေသော သူသည် ဦးခေါင်းသေး၍ ခြေဖဝါးအသားအရေ ပါးနေသူဆိုလျှင် မကြာခင် ဆင်းရဲနိုင်၏။

နဖူးပြင်လေးထောင့်ဖြစ်နေလျှင် အလွန်ချမ်းသာ၏။ ညာဘက်က ချိုင့်နေလျှင် အမေ၊ ဘယ်ဘက်က ချိုင့်နေလျှင် အဖေကို ထိခိုက်တတ်၏။

ဦးခေါင်းအရိုးတိုပြီး ဝိုင်းဝန်းနေလျှင် ဘုန်းကံရှိမည်။

နောက်စေ့အရိုး ချိုင့်ဝင်သွားသောသူသည် အဖေမရှိသူ ဖြစ်နိုင်၏။ သို့မဟုတ်ပါက တခြားမျက်နှာပြင် နေရာများကိုပါ စစ်ဆေးကြည့်ပါ။

နွားဦးခေါင်းကဲ့သို့ လေးထောင့်ဖြစ်မှု ချမ်းသာသောသူ ဖြစ်၏။

နောက်စေ့မှ အရစ်မရှိဘဲ ပြောင်နေသူ၏ ဦးခေါင်းကို ကျားခေါင်းဟု ခေါ်၏။ ဩဇာအာဏာရှိ၏။

နားရွက်နှစ်ဖက်ထောင်ပြီး ဦးခေါင်းဝိုင်းနေမှု အိုးအိမ် တိုက်တာများစွာ ပိုင်ဆိုင်သူ ဖြစ်၏။

နဖူးပြင်ကျယ်ပြီး ဦးခေါင်း အရေထူနေလျှင် ချမ်းသာသူ ဖြစ်၏။

ဦးခေါင်း ငယ်ထိပ်ချွန်နေသူသည် အင်္ဂါရပ် မကောင်းသူ ဖြစ်၏။

ညီပြီး ပါးသော ဦးခေါင်း (မြွေဦးခေါင်း) ရှိသူဆိုလျှင် ပစ္စည်းဥစ္စာ မရှိသူ ဖြစ်၏။

အလွန့်အလွန် ဦးခေါင်းကြီးသူသည် အလွန်မှတ်ဉာဏ်ကောင်း၏။

ဦးခေါင်းသေးနေသူလည်း အဆင်မပြေသူ ဖြစ်၏။

နားထင်ပေါ်တွင် ကြက်ဥရောင်သဏ္ဍာန် ပေါ်လာလျှင် လုပ်ငန်းများ

အောင်မြင်၏။

ဦးခေါင်းကြီးပြီး နားထင်ထောင့် မရှိဘဲ ဝမ်းဗိုက်ကြီးသူသည် သား
သတ်သမား ဖြစ်နိုင်၏။

နဖူးပေါ်တွင် အဖြူရောင်ပေါ်လျှင် တစ်ကိုယ်တည်းသမား ဖြစ်၏။

အပြာရောင်ပေါ်လျှင် အခက်အခဲနှင့်ရင်ဆိုင်ရ၏။

ဦးခေါင်းတွင် အမိက ထားပြီးကြည့်ရန် အရေးကြီးဆုံး အချက်မှာ
ပြည့်စုံ၍ ဝိုင်းနေမှ ကောင်း၏။ ဦးခေါင်းထိပ် ချိုင့်ကွက်နေမူ လိမ္မာ
ယဉ်ကျေးသောသူ ဖြစ်၏။

ဦးခေါင်းချွန်ပြီး နားထင်သေးနေသူသည် ရာထူးမရနိုင်ပေ။

မျက်ခုံးမွေးနှစ်ဖက်သည် နားသယ်စနားထိ ပေါက်ရောက်နေလျှင်
ထိုသူသည် အလွန် ကြီးကျယ်ခံ့ညားသူပင် ဖြစ်၏။

ဦးခေါင်းကြီး၍ နားထင်ကျယ်ကာ ခါးကျောရှည်သော သူသည်
ရာထူးကြီးသူ တစ်ယောက်ပင် ဖြစ်၏။


❒

## ပုံ (၉)
## နှုတ်ခမ်း

**နှုတ်ခမ်းများအကြောင်း**

| | |
|---|---|
| ၁။ ငါးနှုတ်ခမ်း။ | ၂။ လှေမှောက်ထားပုံ နှုတ်ခမ်း။ |
| ၃။ မီးနှုတ်ခမ်း။ | ၄။ အရေးကြောင်းပါသော နှုတ်ခမ်း။ |
| ၅။ ခရုသီးနှုတ်ခမ်း။ | ၆။ မျောက်နှုတ်ခမ်း။ |
| ၇။ လေးထောင့် နှုတ်ခမ်း။ | ၈။ လေးဖက်လှနှုတ်ခမ်း။ |
| ၉။ ပစောက်ပုံနှုတ်ခမ်း။ | ၁၀။ နွားနှုတ်ခမ်း။ |
| ၁၁။ နဂါးနှုတ်ခမ်း။ | ၁၂။ ကျားနှုတ်ခမ်းတို့ဖြစ်၏။ |

၁။ ငါးနှုတ်ခမ်းရှိ လူမျိုးများသည် ငယ်ရွယ်စဉ်အချိန်တွင် အလွန်ဆင်းရဲတတ်ပြီး ပင်ပန်းကြီးစွာ လုပ်ကိုင်စား သောက်ရ၏။ နှုတ်ခမ်း မပြည့်မောက်ဘဲ နေလျှင် စီးပွားရေးပါ ပျက်ပြားတတ်ပြီး အပြောင်းအရွှေ့များပြီး ဆင်းရဲဒုက္ခရောက်


၁ ငါးနှုတ်ခမ်း
၂ လှေမှောက်ထားပုံ နှုတ်ခမ်း
၃ မီးနှုတ်ခမ်း
၄ အရေးကြောင်းပါ သောနှုတ်ခမ်း
၅ ရေသီးနှုတ်ခမ်း
၆ မျောက်နှုတ်ခမ်း
၇ လေးထောင့်နှုတ်ခမ်း
၈ လေးဘက်လှ နှုတ်ခမ်း
၉ ပဒေါက်ပုံနှုတ်ခမ်း
၁၀ နွားနှုတ်ခမ်း
၁၁ နဂါးနှုတ်ခမ်း
၁၂ ကျားနှုတ်ခမ်း
(ခ)

ပုံ (၈)

ကာ ဘေးအန္တရာယ်ပါ အလွန်များလေသည်။

၂။ လှေမှောက်ထားပုံ နှုတ်ခမ်းမှာ နှုတ်ခမ်းဘေး အဖျား နှစ်ဖက်သည် အောက်ကို ကုပ်၍ဖွေပြီး ကျနေသည်။ ထို နှုတ်ခမ်းရှိ လူမျိုးများမှာ ငယ်ရွယ်စဉ်မှ အသက်ကြီးသည် အထိ စိတ်ထားညံ့ဖျင်းတတ်ပြီး ဆင်းရဲဒုက္ခရောက်တတ်၏။

၃။ မီးနှုတ်ခမ်းမှ အောက်နှုတ်ခမ်းသည် အပေါ်သို့ တက်နေ၏။ ထိုနှုတ်ခမ်းမျိုးရှိသူများမှာ သူတစ်ပါးထံတွင် မှီခို လုပ်ကိုင်ရ၏။ တစ်ကိုယ်တည်း နေထိုင်ရကာ ဆင်းရဲ ပင်ပန်းကြီးစွာ လုပ်ကိုင်ရ၏။ သို့သော်လည်း အသက် အရွယ်ကြီးလာချိန်တွင်မှ ကောင်းစားနိုင်၏။

၄။ အရေးအကြောင်းပါသော နှုတ်ခမ်းသည်အပေါ် နှုတ်ခမ်းမှ အောက်နှုတ်ခမ်းကို မထိဘဲ အရေးအကြောင်းများ ပါရှိ၏။ အလုပ်အကိုင် အကြံအစည်များ အောင်မြင်မှု မရရှိဘဲ စိတ်သဘောထားပါ ညံ့ဖျင်းတတ်၍ ပထမအရွယ်တွင် ငွေကြေးအဆင်ပြေတတ်သော်လည်း အသက်ကြီးလျှင် ဒုက္ခ ရောက်တတ်၏။

၅။ ဓနုသီးနှုတ်ခမ်းမှာ နှုတ်ခမ်းနီ ဆိုးထားသကဲ့သို့ နီရဲ နေ၏။ ထိုနှုတ်ခမ်းပိုင်ရှင်များမှာ များသောအားဖြင့် မိန်းမ လိုက်စားတတ်၏။ မိန်းမဖြစ်သူ ဓနုသီး နှုတ်ခမ်းဖြစ်လျှင် လည်း ရည်းစားများတတ်၏။ အကောင်းနှင့်အဆိုးပါ ဒွန်တွဲ နေတတ်ပြီး စိတ်သဘောထား ကောင်းမွန်သော်လည်း အသက်မရှည်ပါ။

၆။ မျောက်နှုတ်ခမ်းသည် အပေါ်သို့ မောက်၍ နေပြီး

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ မပါရှိပါ။ တစ်သက်လုံး စားဝတ်နေရေး ပြေလည်တတ်ပြီး အသက်ပါရှည်၏။

၇။ လေးထောင့် နှုတ်ခမ်းရှိသူမျိုးများမှာ နဖူးပြင်ပါ ညီညာ၍နေပြီး မေးစေ့ပါ အသားအရေပြည့်နေလျှင် တစ်သက်လုံး ကောင်းစားနိုင်၏။ ဩဇာအာဏာရှိကာ လူအများကို အုပ်ချုပ်ရသော လူတန်းစားတွင် ပါဝင်နိုင်၏။

၈။ လေးဖက်လှ နှုတ်ခမ်းမှ နှုတ်ခမ်းနှစ်ဖက် ဘေးစွန်းများသည် ညီညာစွာဖြင့်ရှိကာ နှုတ်ခမ်းနီဆိုးထားသကဲ့သို့ နီရဲနေ၏။ ချမ်းသာကြွယ်ဝပြီး အကြီးအကဲတစ်ဦး ဖြစ်နိုင်၏။ တစ်သက်လုံး စားသောက်၍ မကုန်နိုင်ဘဲ အိုဇာတာ ပို၍ပင် ကောင်း၏။

၉။ ပဓောက်ပုံသဏ္ဌာန် နှုတ်ခမ်းမှာ အရောင်လက်၍ နေပြီး ဘေးနှစ်ဖက်မှ အပေါ်သို့ ကော့၍ တက်နေ၏။ ထိုနှုတ်ခမ်း ရှိသူမျိုးများမှာ စီးပွားရေး အဆင်ပြေပြီး အရာရာတွင် ပြည့်စုံအောင်မြင်နိုင်၏။

၁၀။ နွားနှုတ်ခမ်းသည် အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းသားများ ထူပြီး ညီညာပြည့်ဝစွာဖြင့် ရှိ၏။ ထိုလူမျိုးများမှာ တစ်သက်လုံး ချမ်းသာကြွယ်ဝပြီး သုံးဖြုန်း၍ မကုန်ခန်းနိုင်အောင်ပင် ငွေကြေး ပေါများလိမ့်မည်။

၁၁။ နဂါးနှုတ်ခမ်းသည်အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ညီညာနေ၍ နဂါးနှုတ်ခမ်းဟု ခေါ်၏။ ထိုနှုတ်ခမ်းရှိသူမျိုးများမှာ လူတကာထက် ပို၍ အောင်မြင်တတ်၏။

တန်ဖိုး မဖြတ်နိုင်သော နှုတ်ခမ်းမျိုးပင် ဖြစ်၏။

၁၂။ ကျားနှုတ်ခမ်းမှ အောက်နှုတ်ခမ်းသည် အပေါ်သို့

အနည်းငယ် ကွေး၍ တက်သွားသည် လက်သီးတစ်ဆုပ် စာမျှ ကျယ်သော ပါးစပ်ဖြစ်၍ ဂုဏ်သိက္ခာရှိကာ ဩဇာ အာဏာရှိပြီး လူကြည်ညိုလေးစားခံရ၏။ ထို့ကြောင့် အလွန် ကောင်းသော နှုတ်ခမ်းပင် ဖြစ်၏။

❐

## ဆံပင်

### ဆံပင်အကြောင်း

ဆံပင်သည်အမျှင်သေးသေးပါးပါးညီညီရှိ၍ ရှည်လျားပြီး မည်းပြောင်နေသော အရောင်ရှိမှ ထိုသူသည် ဩဇာအာဏာ ရှိသူပင် ဖြစ်၏။

အဝါရောင်ရှိပြီး မိုန်၍ ခြောက်သွေ့နေသော ဆံပင်ရှိပါက သားမယားကို ထိခိုက်၏။ ထို့ပြင် လူတစ်ဖက်သားကို ဂရုမစိုက်သူဖြစ်၍ ဆင်းရဲစွာ နေရ၏။

ဆံပင် အလွန်အကျွံများစွာပေါက်သူသည် အခိုင်းအစေ ဖြစ်နိုင်၏။

နဖူးပြောင်၍ ဆံပင်ရှိသူသည် သဘောကောင်း၍ အသက်ရှည်၏။

ဆံပင်သည် နဖူးပြင်ပေါ်သို့ နိမ့်စွာ ပေါက်မှု ထိုလူသည် ရိုးအလွန်း၍ အသုံးမကျ ဖြစ်၏။

လည်ပင်း ရှည်ပြီး နဖူးပြင် ပြောင်လက်နေသူသည် အလွန်လိမ္မာယဉ်ကျေးသော သူပင်ဖြစ်၏။

နားနှစ်ဖက်မှ ဆံပင်များသည် နားရွက်နှင့် [illegible]ဝေးစွာ ပေါက်ပါက ထိုသူမှာ စိတ်ဓာတ်ကြမ်းသူ ဖြစ်၏။

ဖြူကောင်နှင့် တူသော ဆံပင် ကြမ်းတမ်းစွာ ပေါက်နေသူသည်

လူကြီးများအား ရိုသေကိုင်းရှိုင်းမှု မရှိဘဲ ရိုင်းစိုင်းစွာ ဆက်ဆံသူ ဖြစ်၏။

ဆံပင်သည် မရှင်းလင်းဘဲ ရှုပ်ယှက်ခတ်၍ မျက်ခုံးနားထိ ကပ်၍ ကျနေမှု ထိုသူသည် အကြံအစည်မအောင်မြင်နိုင်ဘဲ အသက်တိုနိုင်၏။

စိတ်သောကများသူ၊ အဆုတ်ရောဂါရှိသူတို့၏ ဆံပင်သည် စောစီးစွာ ဖြူတတ်၏။

အသက် ၁၈ နှစ် အရွယ်တွင် ဆံပင်ဖြူနေလျှင် အသက် ၃၀ အရွယ်တွင် သေဆုံးတတ်၏။

ထို့နောက် ဆံပင်သည် ကြည်လင်၍ ပြောင်လက်ပြီး စိုပြည်လှပ နေရပေမည်။

အရောင် ခြောက်သွေ့လျှင်လည်း မကောင်းပါ။ ဦးခေါင်းသေးပြီး ဆံပင်ရှည်၍ ကျဲစွာပေါက်နေလျှင် တစ်နယ် တစ်ကျေးတွင် နေရသူ ဖြစ်၏။

ဆံပင် ဝါခြောက်နေမှု ထိုသူဆင်းရဲ၏။ မဆင်းရဲလျှင် အသက်တိုတတ်၏။

လက်သီးဆုပ်မျှ တိုသော ဆံပင်ရှိသူသည် စိတ်ထားကောင်း၏။ တစ်ကိုယ်တည်း သမားလည်း ဖြစ်၏။

အပြာရောင်၊ အဖြူရောင် ဆံပင်ပေါက်နေသူဆိုလျှင် ဆင်းရဲဒုက္ခရောက်တတ်၏။

ဆံပင်အမျှင် သေးပြီး အရောင် တောက်ပနေသူသည် အရာရှိ တစ်ယောက်ဖြစ်၏။

ဆံပင်အမျှင်သေးပြီး အလွန်ရှည်နေသူသည် အလွန်ချမ်းသာသူ ဖြစ်၏။

နဖူးစပ်နှင့် နားသယ်စပ်နားတွင် ရှုပ်ယှက်ခတ်နေသော ဆံပင် ရှိသူသည် လူလိမ်လူကောက်ဖြစ်ပြီး သူတစ်ပါးကို မနာလိုစိတ် များ၏။

ဆံပင်၏အလယ်တွင် အဝါရောင်ဆံပင်ရှိမူ တိုက်ပွဲတွင် ကျဆုံးတတ်၏။

နားထင်ထောင့်တွင် ဆံပင် ရှုပ်ယှက်ခတ်နေမူ မိခင်ဖြစ်သူအား ထိခိုက်တတ်၏။

အရှည်အတို မညီညာဘဲ ပေါက်သော ဆံပင်ရှိနေမူ သားမယားကို ခိုက်တတ်၏။

ဆံပင် အမျှင်သေး၍ ကျဲစွာပေါက်နေသူသည် နာမည်ကြီး၍ ပစ္စည်းဥစ္စာပြည့်စုံသူပင် ဖြစ်၏။

ဆံပင် အလွန်ကြမ်းတမ်းစွာ ပေါက်နေမူ ဆင်းရဲဒုက္ခရောက်သူဖြစ်၏။

အမျိုးသမီးဖြစ်သူ ဆံပင် လက်သီးဆုပ်ခန့် ပေါက်နေလျှင် လင်သားကို ထိခိုက်၏။ အနည်းဆုံး လင်ခုနစ်ဆက် ရနိုင်၏။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဝါသော ဆံပင်ရှိမူ တစ်နယ် တစ်ကျေးတွင် သွားရောက် နေထိုင်ရတတ်၏။

ကျဲ၍ အမျှင်သေးပြီး မည်းသော၊ အရောင်တောက်နေသော ဆံပင်ပေါက်နေသူသည် အကြံဉာဏ်ကောင်းပြီး အရာရာတွင် အောင်မြင်ပြည့်စုံကာ ကုသိုလ်ကံကောင်း၍ အသက်ပါ ရှည်၏။

ဖြူကောင်ကဲ့သို့ ချွန်၍ မာသော ဆံပင် ရှိသူသည် သားသမီးဖြစ်သူများကပင် ထိုသူအား မကြည်ဖြူတတ်ပေ။

ထိပ်ပြောင်၍ အမျှင်သေးသော ဆံပင်ရှိသူသည် လိမ္မာ၍ အကြံဉာဏ်ကောင်း၏။

❑

# နှုတ်ခမ်းမွေး

## နှုတ်ခမ်းမွေးအကြောင်း

နှုတ်ခမ်းမွေးကို တောင်ပေါ်က သစ်ပင်ဟု တင်စားခေါ်ပါရစေ။

လူ၏ ခန္ဓာကိုယ်ပေါ်တွင် နှုတ်ခမ်းအပေါ်မှ နှုတ်ခမ်းမွေးနှင့် မေးစေ့အပေါ်မှ မုတ်ဆိတ်မွေးများရှိရာတွင် အပေါ်နှုတ်ခမ်းမွေးသည် စားသောက်ရေးကိုဖော်ပြကာ အောက်ဘက်မှ မုတ်ဆိတ်မွေးသည် ပညာရေးနှင့် ရာထူးရာခံကို ဖော်ပြပါသည်။

အပေါ်နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးပါ နှစ်မျိုးစလုံး ကိုက်ညီစွာပေါက်၍ အရောင်အဆင်းပါ တူညီနေလျှင် ထိုသူသည် ရာထူးရှိ၍ အကြံအစည်ကောင်းသူ ဖြစ်၏။

နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးပါ မပေါက်သူသည် ဆင်းရဲ၏။

နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေး အရောင်များ စိုပြီး မည်းပြောင်နေလျှင် ချမ်းသာ ကြွယ်ဝတတ်၏။

အရောင် ခြောက်ကပ်နေလျှင်မူ စိတ်ထားကောင်းသော်လည်း ဆင်းရဲတတ်၏။

အရည်ထွက်နေသကဲ့သို့ စိုပြည်၍ အလွန်မည်းနေသော အရောင်ရှိသော နှုတ်ခမ်းမွေးရှိသူသည် အလွန်ချမ်းသာ၏။

နှုတ်ခမ်းမွေး ခြောက်နေသူသည် တစ်ကိုယ်တည်းဖြစ်၍ သားမယားဖြစ်သူကိုပင် ထိခိုက်တတ်၏။

နှုတ်ခမ်းမွေး လုံးဝ မပေါက်သူသည် ငယ်စဉ်အခါက ဆင်းရဲတတ်၏။ အိုဇာတာလည်း မကောင်းပါ။

မုတ်ဆိတ်မွေး ရှည်ပြီး ဝမ်းဗိုက်ထိ ရောက်ရှိနေမှု ရွှေငွေရတနာ ပေါများ၏။ မုတ်ဆိတ်မွေး အရောင်လက်နေမှု တစ်သက်လုံး နာမည်ပျက် မရှိပေ။

နှုတ်ခမ်းမွေးသည် အပေါ်နှုတ်ခမ်းပေါ်သို့ မထိဘဲ ပေါက်နေလျှင် ဆွေမျိုးများ၏ မလိုမုန်းတီးခြင်းကို ခံရသူဖြစ်၏။

နှုတ်ခမ်းမွေးသည် အမျှင်ကြီးနေလျှင် လူအများနှင့် ရန်များတတ်၏။

❐

# လည်ပင်း

## လည်ပင်းအကြောင်း

လူ၏ လည်ပင်းသည် အပေါ်မှ ဆက်လိုက်လျှင် ဦးခေါင်းဖြစ်၍ အောက်ဘက်မှ ဆက်လိုက်လျှင် ကိုယ်ခန္ဓာဖြစ်၏။

ဦးခေါင်းကြီး၍ ခန္ဓာကိုယ် ခံ့ညားနေမှသာလျှင် တင့်တယ်၏။

ပြည့်ဝသော လည်ပင်း၊ တိုသော လည်ပင်း၊ ပိန်သော လည်ပင်း၊ ရှည်သော လည်ပင်း၊ မရှည်မတိုသော လည်ပင်း စသည်ဖြင့် အမျိုးမျိုး ရှိကြရာတွင် ဝပြီးတိုသော လည်ပင်းရှိသူသည် အသက်ရှည်၏။ လည်ပင်း ရှည်မှု ထိုသူသည် မဆင်းရဲပေ။

သေးပြီး ပိန်သော လည်ပင်းရှိသူသည် ပုံစံမကျသော လည်ပင်းပင် ဖြစ်၏။

သေးပြီး ပိန်၍ တိုသော လည်ပင်းရှိသူသည် အသက်တို၏။

ငန်းကဲ့သို့ အလွန်ရှည်သော လည်ပင်းနှင့် ဝက်ကဲ့သို့သော လည်ပင်းရှိသူများသည် မရေရာ မသေချာ လူများပင် ဖြစ်တတ်၏။

လည်စလုတ်သည် ပိန်ပိန်သေးသေး ရှိနေလျှင် ဝသူပင် ဖြစ်၏။ လည်စလုတ်ပေါ်လွင် ထင်ရှားသူသည် ရန်စများသူပင် ဖြစ်၏။

လည်ကုပ်ပိုးမှ အသားများသူသည် ဘေးဒုက္ခ မဖြစ်နိုင်ပါ။

လည်ကုပ်ပိုးမှ အသားအရေ ထူပြီး တွန့်တက်နေသူသည် အသက် ၅၀ ထိသာ နေရတတ်၏။

လည်ကုပ်တိုပြီး အရေခွံသည် လေးထောင့်သဏ္ဌာန်ရှိသောသူမှာ စားဝတ်နေရေး အဆင်ပြေ၏။

လည်ပင်းတွင် အကွက်များရှိသူသည် စိတ်သဘောထား ညံ့၏။ သို့သော် စားဝတ်နေရေး ပြေလည်နိုင်၏။

လည်ပင်းတွင် အကွက်အနည်းငယ်သာ ပေါ်နေလျှင် မြင်းလည်ပင်း ဟု ခေါ်၏။ ထိုသူသည် သားမယား ဆွေမျိုးများအား ထိခိုက်တတ်၏။

ပြည့်ဖြိုး၍ ဝိုင်းဝန်းသော လည်ပင်းရှိသူသည် ချမ်းသာပြည့်ဝ၏။ ထိုလည်ပင်းကို ကျားလည်ပင်း ဟု ခေါ်သည်။ အလွန် ကောင်း၏။

အရောင် ကြည်လင်နေပြီး စိုပြည်နေသော လည်ပင်း ရှိသူသည် သာယာမှုနှင့် ပြည့်စုံ၏။

အရည်များထွက်နေသယောင်ထင်ရသော လည်ပင်းရှိသူမှာ စားဝတ်နေရေး ဖူလုံသူ ဖြစ်၏။

ဦးခေါင်းကြီးပြီး လည်ပင်းသေးမှု ငယ်စဉ်ကပင် သေဆုံးနိုင်၏။

လည်ပင်းတွင် အဖြူရောင်ပေါ်နေပြီး ထို အရောင်သည်မျက်နှာပြင်သို့ တစ်ဆက်တည်း ရောက်ရှိနေလျှင် ထိုသူမှာ တစ်နယ်တစ်ကျေးသို့ သွားရလိမ့်မည်။

ကိုယ်ခန္ဓာဝပြီး လည်စလုတ် မြင်နေရသူသည် အသက်တို၏။

ကိုယ်ခန္ဓာပိန်သော သူသည် လည်စလုတ်ပေါ်ရှိနေမှု ကောင်းစားနိုင်၏။

လည်ပင်းတွင် အရေးအကြောင်းပါရှိသော သူသည် အသက် ၅၀ ထိသာ နေရတတ်၏။

❐

## နောက်ကျောနှင့် ပခုံး

**နောက်ကျောနှင့် ပခုံးအကြောင်း**

နောက်ကျောကောင်းလျှင် သားမယားနှင့် မြေးများ စိတ်ချမ်းသာနိုင်၏။ အသက်ရှည်၏။

ပခုံးသည် အသားအရေထူပြီး မာ၍နေလျှင် တစ်သက်လုံး ကောင်းစား၏။

ပခုံးတွင် အသားအရေထူသော ပခုံးနှင့် အသားအရေပါးသော ပခုံးရှိရာသေချာစွာ ခွဲခြားကြည့်မှ သိနိုင်၏။ ပခုံး အထူအပါးကို ကြည့်၍ ဆင်းရဲချမ်းသာ၊ အသက်တို အသက်ရှည် စသည့်ဖြင့် ခွဲခြားကြည့်နိုင်၏။

ပခုံးအသားအရေ ပါးပြီး ချိုင့်နေလျှင် ဆင်းရဲ၍ အသက်မရှည်ပါ။

ကျောပြင်မှ အရိုးများ မောက်တက်နေသူသည် စားဝတ်နေရေး ပြေလည်ပြီး အသက်ရှည်၏။

နောက်ကျောပြင်မှ အသားအရေသည် အလွန်ပြည့်ဖြိုး၍ မြင့်မောက်နေမှု အလွန်ကောင်း၏။

အနည်းငယ် မောက်နေလျှင် အနည်းငယ်သာ ကောင်းစားနိုင်၏။

လက်ပြင်ကုန်းပြီး လည်ပင်း မော့နေသူသည် ဇာတာမကောင်းသူဖြစ်၏။

ပခုံးရိုး ထောင်နေသူသည် ဆင်းရဲပြီး အသက်တိုတတ်၏။

ပခုံးမှ အသားအရေသည် အရောင်ထွက်နေ၍ စိုပြည်နေမူ အလွန်ကောင်းစားနိုင်၏။ ဘေးအန္တရာယ်မပါ ကင်းဝေးနိုင်၏။

ပခုံးတွင် အရိုးကြောင်းကြီးများနေသူသည် ဆင်းရဲဒုက္ခ ရောက်တတ်၏။

ပခုံး လေးထောင့်ကျကျရှိသူသည် အကြံအညာဏ်ကောင်း၍ ချမ်းသာ၏။

ပခုံးနှစ်ဖက်စလုံး အောက်သို့လျှောကျပြီး အသားအရေ ပါးနေမူ ဆင်းရဲတတ်၏။

လုံးဝန်း ပြည့်ဖြိုးနေသော ပခုံးရှိမူ အလွန်ကောင်း၏။

ပခုံးသည် အပေါ်သို့တက်နေ၍ ချိုင့်ခွက်များ ပါရှိသူ၏ ပခုံးကို နဂါးပခုံးဟု ခေါ်၏။

ကိုယ်ခန္ဓာ ကျယ်ပြန့်ပြီး ပခုံးသေးနေလျှင် ကျားပခုံး ဖြစ်၏။ ချမ်းသာနိုင်၏။

ပခုံးသည် ပြည့်ဝပြီး ထူနေလျှင် ချမ်းသာ၏။

သေးပြီး ရှူးနေသော ပခုံးသည် ဆင်းရဲ၏။

ပခုံးနှစ်ဖက်မှ ထောင့်များ ညီညာနေလျှင် အလွန်ချမ်းသာသူဖြစ်၏။

နောက်ကျောပြင်မြင့်တက် နေလျှင်လည်း ချမ်းသာ ကြွယ်ဝ၏။

အသားအရေစိုပြည်ပြီး ဖြူ၍နေသော ချိုင့်များ ရှိသူသည် ပြေးလွှား ရှာဖွေစားသောက်ရသူ ဖြစ်၏။

ပခုံးနှင့် လက်မောင်းရင်း တူညီစွာရှိနေလျှင် အလွန် ချမ်းသာသူဖြစ်၏။

❒

## ခါးရိုး

### ခါးရိုးအကြောင်း

ခါးရိုးသည်လည်း လူ၏ ခန္ဓာကိုယ်တွင် အလွန်အရေးပါ အရာရောက်၏။ ၎င်းသည် အရိုးခုနှစ်ဆက်အဖြစ် တည်ရှိ၏။

ရှေ့မှာဆိုလျှင် ချက်၊ နောက်မှာဆိုလျှင် ကျောကုန်း၊ အပေါ်မှာဆိုလျှင်ကုပ်ပိုး၊ အောက်ပိုင်းမှာ ဆိုလျှင် ခါးဆစ်ရိုးတို့မှာ အလွန် အရေးကြီးသော နေရာများပင် ဖြစ်၏။

လုံးဝန်း၍ အသားအရေ၊ ပြည့်ဖြိုးသော ခါးရှိမူ ချမ်းသာ၏။

မညီညာသော ခါးရှိမူ ထိုလူသည် ဆင်းရဲသူပင် ဖြစ်၏။

ကိုယ်ခန္ဓာသည် ဖြောင့်တန်း၍ ထူသောခါးရှိသူသည် အသက်တို၏။

ခါးကျောရှည်ပြီး လက်မောင်းရင်း မြင့်တက်နေသူသည် ဆင်းရဲ၏။

ပခုံးကြီးပြီး ခါးသေးသူသည် ချမ်းသာ၏။

ပခုံးသေးပြီး ခါးကြီးသူသည် အနည်းငယ်သာ ခံစားရ၏။

ကိုယ်ခန္ဓာ ဝဖြိုးပြီး ခါးပါကြီးနေလျှင် ချမ်းသာ၏။

ခါးကျောရှည်၍ ဝိုင်းနေလျှင် ဩဇာအာဏာ ရ၏။

အသားအရေ ထူပြီး တန်းမတ်နေသော ခါးရှိမူ ဇာတာ ကောင်း၏။

ခါးကျော ရှည်ပြီး ချိုင့်ခွက်နေသူသည် ပြေးလွှား၍ ပင်ပန်းကြီးစွာ ရှာဖွေ စားသောက်ရသူ ဖြစ်၏။

ခါးမှာ အသားအရေပါးလျှင် အသက် ၂၀ ထိသာ နေရတတ်၏။

ခါးစောင်းနေသူသည် ဆင်းရဲသူ (သို့မဟုတ်) ရိုးအလွန်းသူပင် ဖြစ်၏။

❒

# ရင်ဘတ်

## ရင်ဘတ်အကြောင်း

ရင်ဘတ်သည် ပုံစံ တည်ဆောက်မှု ကောင်းမှသာအတွင်းမှ အသည်းနှလုံး စသည်တို့ကို ခိုင်လုံစွာ တားရှိနိုင်မည် ဖြစ်၏။

ရင်ဘတ်အနည်းငယ်မောက်နေသူသည် ဆင်းရဲတတ်၏။ ချိုင့်ခွက်နေမှုလည်း ဆင်းရဲ၏။

တစ်ဖက်သေး တစ်ဖက်ကြီးနှင့် မညီမညာသော ရင်ဘတ်ရှိသူသည်လည်း ဆင်းရဲ၏။

ရင် မောက်တက်နေပြီး တစ်ဖက်ရှုူးနေသူသည်လည်း ဆင်းရဲ၏။

ကျယ်ပြီး အသားအရေ ပြည့်မောက်တက်နေသူသည် လူတော်လူကောင်းဖြစ်၏။ ချမ်းသာနိုင်၏။

ခါးသေး၊ ရင်သေးရှိသူသည် လူပွေလူရှုပ် ဖြစ်နိုင်၏။ ထိုသူ၏ ရင်ဘတ်မှ အရိုးသည် မာတောင့်နေသူ ဖြစ်၏။

ကိုယ်ခန္ဓာ အရိုးအသား အားလုံးပြည့်စုံစွာ ဝဖြိုးနေသူသည် လူတော်လူကောင်း ဖြစ်၏။

ကိုယ်ခန္ဓာ အရိုးအသား ချိုင့်ခွက်နေသူသည် စိတ်ထားညံ့တတ်၏။

ရင်ဘတ်ပေါ်တွင် မှဲ့ရှိလျှင် ကြီးကဲသော သူဖြစ်နိုင်၏။

ရင်ဘတ်ပေါ်တွင် အမွေးအမှင် တစ်ချောင်း၊ နှစ်ချောင်းမျှသာ ပေါက်နေသူသည် အကြံဉာဏ်ကြီးသူဖြစ်၏။ အရောင်ပါစိုပြည် တောက်ပနေလျှင် နာမည်ကြီးသူပင် ဖြစ်၏။

ရှေ့ဘက်သို့ အနည်းငယ် ရှူးပြီး ထွက်နေသော ရင်ရှိသူသည် ရာထူးကြီးရနိုင်၏။ ရင်ဘတ်ရိုး မြင့်မောက်နေလျှင်မူ ဆင်းရဲ၏။

ရင်ဘတ်သည် အပေါ်မှ အောက်ဘက်သို့ ဖိနေသယောင် ပုံစံရှိသူသည် ချမ်းသာသူ ဖြစ်၏။

ညီညာပြီး အသားအရေပြည့်၍ မောက်နေလျှင် စီးပွားရေး ကောင်း၏။

ရင်ဘတ်မွေး ၁၂ ပင်မျှ ရှိသူသည် အသက်ရှည်၍ ကောင်းစား၏။

ရင်မောက်ပြီး နောက်ကျောပြင်ကပ်နေသူသည် (ကြက်ရင်ဘတ်) တစ်သက်လုံး ဆင်းရဲရ၏။

ရင်ဘတ်သည် ညီညာပြီး ဖြောင့်ရှည်ကာ ကျယ်၍နေလျှင် ဘုန်းကံရှိ၍ ဉာဏ်ပညာရှိသူပင် ဖြစ်၏။

ရင်ဘတ် အသားအရေထူပြီး ကျယ်၍နေလျှင် စိတ်ထားကောင်းသူ ဖြစ်၏။ လေမှုတ်ထားသလို ဖောင်း၍ မောက်ကြွနေသော ရင်ဘတ်ရှိသူသည် သားမယားပါ ကောင်းစား၏။

အပေါ်မောက်ပြီး အရိုးမြင်လျှင် ဆင်းရဲ၍ အရိုးမမြင်ရလျှင် ချမ်းသာ၏။

❑

## နို့အုံ

### နို့အုံအကြောင်း

နို့အုံကို ကြည့်လိုက်လျှင် အပြင်သို့ အနည်းငယ် ထွက်နေရမည်။ အိမ်ထောင်သည် အမျိုးသမီးဖြစ်လျှင် ကြီး၍ ရှည်နေရမည်။

ယောကျ်ားဖြစ်မူ နို့အုံကို ကြည့်၍ သွေးသား ကောင်း မကောင်းပါ သိရှိနိုင်၏။ ဆင်းရဲချမ်းသာ အကြောင်းကိုပါ သိရှိနိုင်ပါသည်။

အမျိုးသမီးဖြစ်မူ ပြည့်ဖြိုးသော နို့အုံရှိနေမှသာ သားသမီး မွေးနိုင်မည်။

နို့ရည် အလွန်များစွာထွက်သော အမျိုးသမီးသည် အိုဇာတာ မကောင်းပါ။

နို့ရည် အထွက်နည်းပြီး နို့အုံကြီး၍ ရှည်ကာ နီပြာရောင် ဖြစ်နေလျှင် သားသမီးများစွာ မွေးဖွားမည့်သူ ဖြစ်၏။

နို့ရည်အထွက်နည်းပြီး တိုစ၍သေးကာ အဝါရောင်၊ အဖြူရောင်ရှိသော နို့အုံပိုင်ရှင်သည် သွေးသား မကောင်း၍ သားသမီးနည်းသူပင် ဖြစ်၏။

အလွန်ကြီး၍ စွေကျနေသော နို့အုံ (၇ လက်မ–၈ လက်မ) ရှိသူသည် ဘုန်းကံရှိသူ ဖြစ်၏။

ခန္ဓာကိုယ် ဝဖြိုးနေလျှင် နို့အုံလည်း ကြီးမားနေရပေမည်။

ကိုယ်ခန္ဓာဝဖြိုးပြီး နို့အုံသေးနေလျှင် လူအများ အခိုင်းအစေ ဖြစ်နိုင်၏။

အပြာရောင်ရှိသော နို့အုံသည် ကြီးပြီး ဇွေ၍ ကျနေကာ အဖြူရောင်ပါ အနည်းငယ်ရှိမူ စီးပွားဥစ္စာ မမြဲတတ်ပေ။

တစ်တောင်လောက်ကြီးသော နို့အုံရှိသူသည် အလွန်ကောင်းစား၏။

နူးညံ့သော နို့အုံရှိသော အမျိုးသမီးသည် အဆင့်အတန်းမြင့်၏။

နို့အုံကြီးပြီး မာတောင့်နေသော အမျိုးသမီးသည် ဆင်းရဲရ၏။

အမျိုးသမီးဖြစ်သူ နို့သီးခေါင်းကြီးနေလျှင် အကြံကြီး၏။

နို့သီးခေါင်းသေးနေလျှင် အကြံဉာဏ်မရှိ၊ သားသမီးလည်း မရှိပေ။

နို့သီးထိပ်ဝမှာ ကြီးပြီး အလယ်သေးနေလျှင် ဆင်းရဲ၏။

နို့သီးခေါင်းထိပ်မှ တွန့်ဝင်နေလျှင် သားဖွားလျှင် ခဲယဉ်းစွာ မွေးဖွားရတတ်၏။

နို့သီးခေါင်းရှည်ပြီး အပြာရောင်ရှိသူသည် လိမ္မာယဉ်ကျေး၍ သားသမီးများ၏။

နို့သီးခေါင်းဖြူပြီး ဝါ၍နေလျှင် ဆင်းရဲပြီး အစေခံဖြစ်တတ်၏။ သို့သော် သားသမီး မွေးဖွားနိုင်၏။

အပြာရောင်ရှိသော နို့သီးခေါင်းသည် လှပ၍နေလျှင် ချမ်းသာပြီး သားသမီးများ ရနိုင်၏။

နို့သီးခေါင်းထိပ်မှ အပေါက်ဝသည် အပ်တစ်ချောင်းမျှလောက်သာ ကျယ်၍နေလျှင် စီးပွားရေးမပြေလည်သူ ဖြစ်၏။

နို့သီးခေါင်းထိပ်ပါးပြီး အသားအရေမရှိမူ စီးပွားရေး အဆင်မပြေတတ်၏။

နို့သီးခေါင်းထိပ်ပါးပြီး အသားအရေရှိမူ ချမ်းသာ ကြွယ်ဝ၏။

နို့သီးဘေးတွင် အမွေးများ ရှိသူသည် လူတကာနှင့် မကြာခဏ စကားများတတ်၏။

နို့သီးထိပ်တွင်မည်းနေလျှင် သားကောင်းရတနာ မွေးဖွားနိုင်၏။

တစ်တောင်မျှလောက် ကျယ်သော နို့အုံရှိမူ စောစီးစွာ ကြီးပွားချမ်းသာ နိုင်၏။

နို့သီးခေါင်းထိပ်တွင် လေးထောင့်သဏ္ဌာန်ရှိနေလျှင် ဘုန်းကံရှိ၍ အသက်ရှည်၏။

နို့အုံအသားအရေပါးနေသူသည် ဆင်းရဲ၏။

နို့အုံအတွင်းမှ မာတောင့်ပြီး အသားအရေများသူသည် ချမ်းသာ တတ်၏။

နို့သီးထိပ်တွင် အမွေးပေါက်နေလျှင် အကြံဉာဏ်ကောင်း၏။ စာပေ ပညာတတ်သူ ဖြစ်၏။

နို့သီးခေါင်းသည် အပ်တစ်ချောင်းမျှ လောက်သာ ထူ၍နေလျှင် စီးပွားရေး အဆင်မပြေသူ ဖြစ်၏။

နို့သီးခေါင်းသေးနေလျှင် သားသမီးဖြစ်သူ ညံ့၏။

နို့သီးခေါင်း အပေါ်သို့ထောင်နေမူ ကလေးမွေးဖွားလျှင် ခက်ခဲပြီး အသက်အန္တရာယ် များတတ်၏။

ယောကျ်ားဖြစ်သူ ကိုယ်ခန္ဓာ ဝဖြိုးပြီး နို့အုံကြီးနေလျှင် ကိုယ့်ကိုယ် ကိုယ် အထင်ကြီးသောသူ ဖြစ်၏။

မိန်းမဖြစ်သူ နို့အုံသေးပြီး ဖြူနေလျှင် မကြာခဏ ကျန်းမာရေး ချို့ယွင်းတတ်၏။

မိန်းမဖြစ်သူ နို့အုံ အလွန့်အလွန် သေးနေခဲ့လျှင် အသက်မရှည်ပါ။

❐

## ချက်နှင့် ဝမ်းဗိုက်

ဝမ်းဗိုက်သည် ချိုင့်၍ နေမှသာ ကောင်း၏။

ချက်အပြင်သို့ ထွက်နေသူသည် အကြံဉာဏ်များသူ ဖြစ်၏။

ချက်အတွင်းမှာဆိုလျှင် ဉာဏ်ပညာမရှိသူ ဖြစ်၏။

ဝမ်းဗိုက် အပြင်ဘက်သို့ အသားအရေခွဲထူ၍ ထွက်နေသူသည် ဉာဏ်ကောင်း၍ ချမ်းသာ၏။

ဝမ်းဗိုက် အရေခွံပါးနေလျှင် မကြာခဏ ဖျားနာတတ်၏။

သူတစ်ပါး၏ အခိုင်းအစေလည်း ဖြစ်တတ်၏။

ကျောကုန်းတွင် သုံးနေရာ အနည်းငယ်ကုန်းနေ၍ ဝမ်းဗိုက်တွင်လည်း သုံးနေရာ အနည်းငယ် ကုန်းနေသူသည် အနည်းငယ်သာ ကောင်းစားတတ်၏။

ချက်သည် အတွင်းသို့နက်ဝင်နေပြီး အရောင်စိုပြည်နေမှ ဉာဏ်ရှိသူ၊ ဘုန်းကံရှိသူ ဖြစ်နိုင်၏။

ကျဉ်းလွန်းသော ချက် ရှိသူသည် ဉာဏ်ပညာမရှိဘဲ အလုပ်ကြမ်းလုပ်ရတတ်၏။

ချက်သည် အပေါ်သို့ ထောင်တက်နေမှ ကံကောင်းသူ ဖြစ်၏။

ချက်သည် အောက်ဘက်သို့ စိုက်နေမှ ဆင်းရဲ၏။

ချက်သေးသောသူသည် အလွန်စဉ်းစားသူ ဖြစ်၏။

ချက်အပြင်ဘက်သို့ ထွက်၍ အရောင်အဆင်းမရှိသူသည် အကြံဉာဏ်မရှိသူပင် ဖြစ်၏။

ဝမ်းဗိုက်ပူလျှင် ချမ်းသာ၏။

ယောကျ်ားဖြစ်သူ ဝမ်းဗိုက်သည် ကိုယ်ဝန်ဆောင်ထားသကဲ့သို့ ရှိမူ နာမည်ကြီးနိုင်၏။

သေး၍ ငယ်သော ဝမ်းဗိုက်ရှိသူသည် စားဝတ်နေရေး မဖူလုံသူ ဖြစ်၏။

ယောကျ်ားဖြစ်သူ၏ ဝမ်းဗိုက်သည် အပေါ်ပိုင်းက ပူ၍ထွက်နေပြီး အောက်ပိုင်းတွင် အနည်းငယ်လျှောကျနေလျှင် ထိုသူသည် ကမ္ဘာပေါ်တွင်ပင် နာမည်ကြီးမည့် ပုဂ္ဂိုလ်ပင် ဖြစ်၏။

စာကလေး ဝမ်းဗိုက်ကဲ့သို့ ရှိမူ ထိုသူသည် ဆင်းရဲ၍ အိမ်ရာမရှိ ဖြစ်တတ်၏။

ဝမ်းဗိုက်ကော ချက်ပါ အပြင်သို့ စူထွက်နေသူသည် အသက်မရှည်ပါ။

ချက်နိမ့်နေသောသူ ဆိုလျှင်ဆရာဖြစ်ပါက တပည့်များမည့်သူပင် ဖြစ်၏။

လေထည့်ထားသော ဝမ်းဗိုက်နှင့် တူသူသည် တစ်သက်စားသောက်၍ မကုန်နိုင်ပါ။ နာမည်ကျော်သူလည်း ဖြစ်၏။

ဝမ်းဗိုက် ဝိုင်း၍ အသားအရေ ထူပြီး အပေါ်တွင် အသားတင်ထားသကဲ့သို့ ဖြစ်နေလျှင် ချမ်းသာ၍ အသက်ရာကျော် နေရမည့်သူ ဖြစ်၏။

ဝမ်းဗိုက် အသားကြမ်းသူသည် ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးတတ်သူ ဖြစ်၏။

ကျယ်၍ညီညာသော ဝမ်းဗိုက်ရှိကာ အသားအရေပါ ထူ၍နေလျှင်

စိတ်ထားမြင့်မြတ်သူဖြစ်၏။

ဝမ်းဗိုက်ကျဉ်းပြီး ကျုံ့၍ အသားအရေပါ ပါးနေရာသည် မည်သူ့ကိုမျှ အားကိုး၍မရ ဖြစ်တတ်၏။

ချက်အပေါက်ကျယ်နေလျှင် ပို၍ ကောင်းစား၏။ ဘုန်းကံရှိ၏။ ချမ်းသာနိုင်၏။

ဝမ်းဗိုက်သေးပြီး အပေါ်နှင့် အောက်ဘက်ပါ ပြည့်နေမှ ကောင်း၏။

❒

## ယောကျ်ား မိန်းမ ကျင်ကြီး ကျင်ငယ်

**ယောကျ်ားမိန်းမ ကျင်ကြီး ကျင်ငယ် အကြောင်း**

အမွေးအမှင်များသော ယောကျ်ားသည် ယောကျ်ားပီသ၏။

ကျင်ကြီးသွားလျှင် လေးထောင့်သဏ္ဍာန် ဖြစ်နေသူသည် ဘုန်းကံရှိ၍ အလွန်ချမ်းသာ ကြွယ်ဝသူ ဖြစ်၏။ ထို့ပြင် အသက်ပါရှည်၏။

ကျင်ကြီးသွားလျှင် အပုံသေးသေးနှင့် ရှုပ်ယှက်ခတ်နေသူသည် အသက်အရွယ်ကြီးမှ ကောင်းစား၏။

စအိုဝကျယ်၍ ဝိုင်းနေမူ ဆင်းရဲဒုက္ခ ရောက်တတ်သည်။

ကျင်ကြီးသွားလျှင် မျောက်ကဲ့သို့ တစ်တုံးချင်းသွားသူသည် လေးလံပျင်းတွဲသူ ဖြစ်၏။

ကျင်ငယ်သွားလျှင် ကျယ်ပြန့်စွာ ထွက်၍ နေပြီး ပုလဲလုံးလေးများ စီထွက်နေသယောင် ရှိသူသည် တစ်နေ့တွင် မုချအကြံအစည်အောင်မြင်ပြီး ချမ်းသာနိုင်၏။

ကျင်ငယ်ရည်သည် တန်းမတ်၍ သွားပါမူ တံငါသည် ဖြစ်၏။ သို့မဟုတ် ထင်းခုတ်သမား ဖြစ်၏။

ကျင်ကြီးသွားလျှင် အတုံးအရှည်ကြီး သွားသူသည် လူတကာ၏ ချစ်ခင်လေးစားခြင်းကို ခံရတတ်၏။

❐

# လက်နှင့် ခြေ

## လက်နှင့်ခြေအကြောင်း

လက်ဖမိုးပေါ်တွင် အကြောများပေါ်လွင်နေသူသည် စီးပွားရေး အဆင်မပြေသူ ဖြစ်နိုင်၏။

ခြေကောလက်ပါ အသားအရည်နူးညံ့ပြီး သွယ်တန်းဖြောင့်စင်း၍ အရိုးအဆစ်မပေါ်ဘဲ ဖြူဖွေးနေသော သူသည် ချမ်းသာ ကြွယ်ဝ၏။

ခြေနှင့် လက်သည် ကြီးမားပြီး ကြမ်းတမ်း၍ မာတောင့်ကာ အရိုးများပါ ပေါ်ထွက်နေသူသည် နဂါးရိုး ဟုခေါ်သည်။ ရှည်လျှင်မူ ကျားရိုးဟု ခေါ်၏။

အရိုးသေးပြီး ကြမ်းတမ်း၍ အကြောများပေါ်နေသူသည် ဇာတာ ညံ့သူ ဖြစ်၏။

တို၍သေးပြီး စိန်ရောင်ကဲ့သို့ တောက်ပလျှက်ရှိသော လက်သည် အလွန်ချမ်းသာသူ ဖြစ်၏။

လက်ချောင်းများ သေး၍ သွယ်ပြီး ထွက်နေသူသည် အလုပ်ကြမ်း မလုပ်ရသူ ဖြစ်၏။ ထိုလက်ပိုင်ရှင်သည် ကောင်းစားနိုင်၏။

လက်အသားအရေပါးပြီး တိုနေမူ (ခါးထိမရောက်လျှင်) ဆင်းရဲ၏။

ကိုယ်ခန္ဓာသေးပြီး လက်ကြီးနေသူသည် ကောင်းစား၏။

လက်ဖဝါးပြင်ပါးပြီး ရှုံးထွက်နေသူသည် ဆင်းရဲ၏။

လက်ဖဝါးပြင်ညီပြီး ထူသောသူသည် စိတ်ချမ်းသာ၏။

လက်ဖဝါးပြင် အမြဲတမ်း ပူနွေးနေသူသည် အကြီးအကဲ ဖြစ်နိုင်၏။

လက်ဖဝါးပြင် ချွေးအမြဲတမ်းထွက်နေသူသည် စိတ်ဆင်းရဲသူ ဖြစ်၏။

လက်ဖဝါးပြင် သေးပြီး ရှည်နေသူသည် ကောင်းစား၏။

လက်ချောင်းများတိုပြီး ထိပ်တွင် အဖုကလေးများ ပါရှိသူသည် ဆင်းရဲပြီး ရိုးအသူပင် ဖြစ်၏။

လက်ချောင်းများသည် အသားအရေ နူးညံ့ပြီး စေ့၍နေသူသည် ပစ္စည်းဥစ္စာရှိသူ ဖြစ်၏။

လက်ချောင်းများသည် မာပြီး ကျဲနေသူသည် ဇာတာမကောင်း။

လက်ချောင်းများသည် အရင်းပိုင်းမှ ကြီး၍ နေပြီး ထိပ်ဖျားသို့ သေးသွယ်နေမူ နာမည်ကြီးသူ ဖြစ်၏။

တုတ်နှင့်တူသော လက်ချောင်းများ ကြီးနေမူ ထိုသူသည် အကြံ ဉာဏ်မရှိသူပင် ဖြစ်၏။

သို့အတွက်ကြောင့် လက်ဖဝါးသည် စားသောက်ရေးကို ဦးစားပေး၍ ကြည့်ရမည်ဖြစ်၏။

ခြေထောက်သည် မာတောင့်၍ ဝက်ခြေထောက်နှင့်တူသော သူသည် နုံအသူဖြစ်ပြီး တစ်ဇွတ်ထိုးသမားလည်း ဖြစ်၏။

ခြေထောက်သည် အသားအရေ အရောင်အဆင်း ကောင်းမူ ချမ်းသာနိုင်၏။

ခြေထောက် အရောင်အသွေးခြောက်သွေ့နေမူ ဆင်းရဲ၏။

ခြေလက်များတွင် အနီရောင်ရှိမူ ချမ်းသာပျော်ရွှင်နိုင်၏။ အဝါရောင်ရှိလျှင်မူ ဆင်းရဲ၏။

လက်ဖဝါးတွင် အမည်းရောင်ရှိမူ ထိုသူသည် ဉာဏ်ပညာရှိ၍

ချမ်းသာကြွယ်ဝ၏။

လက်ဖဝါးအလယ်တွင် လေးထောင့်သဏ္ဌာန်ရှိမူ ချမ်းသာ၏။

လက်ဖဝါးပြင်သည် ဝါဂွမ်းကဲ့သို့ နူးညံ့ပြီး ပျော့ချွဲနေလျှင် ချမ်းသာ၏။

လက်ဖဝါးပြင်တွင် အစိမ်းရောင်ရှိမူ ဆင်းရဲ၏။

လက်ဖဝါးပြင်တွင် အဖြူရောင်ရှိမူ မကောင်းပါ။

လက်ဖမိုးပေါ်တွင် အရစ်များ ရှိသူသည် ရိုးအ၍ ဆင်းရဲ၏။

လက်ဖမိုးပေါ်တွင် အရစ်ရှိပြီး နဖူးပြင်ပေါ်တွင် အရစ်မပါရှိမူ ထိုသူသည် စိတ်ထားညံ့၏။ ၄င်းအပြင် ဘေးအန္တရာယ်အလွန် များ၏။

လက်ဖမိုးပေါ်မှအရေးအကြောင်းများသည် ထောင်လိုက်ဖြောင့်တန်းစွာ ထင်ရှိနေသူသည် အရာရာတွင် အောင်မြင်၏။

လက်ဖဝါးပြင်ပေါ်မှ အရေးအကြောင်းသည် လက်ဖမိုးပေါ်ထိရောက်ရှိနေမူ ထိုသူသည် မည်သည့် အလုပ်အကိုင် အကြံအစည်ကိုမျှ မအောင်မြင်တတ်ပေ။

ခြေဖဝါးအောက်တွင် အရစ်ရှိလျှင် ကောင်းစား၏။ သားသမီးများနိုင်၏။

ခြေဖဝါးအောက်တွင် မှဲ့ရှိပါလျှင် အကြံဉာဏ်ကြီး၏။

ခြေဖဝါးအောက်တွင် ငါးကြင်းကွက်ရာများရှိလျှင်လည်း ကောင်းစား၏။ ကြီးလျှင်ကြီးသလို သေးလျှင်သေးသလို အကျိုးခံစားရ၏။

ခြေဖဝါးအောက်တွင် အဝိုင်းအကွက်များပါရှိမူ ထိုသူအား လူတကာက ချီးမြှင့်မြှောက်စားကြလိမ့်မည်။

ခြေဖဝါးအောက် အလယ်တွင် လိပ်သေးတစ်ကောင်မျှလောက် ချိုင့်နေသူသည် ချမ်းသာကြွယ်ဝ၏။

ခြေဖဝါးသည် မာပြီး အရေးအကြောင်းမရှိလျှင် အလုပ်ကြမ်း

လုပ်ရ၏။

တိရစ္ဆာန်ရုပ်ပုံသဏ္ဌာန် အရေးအကြောင်းပါရှိသူသည် ရာထူးကြီး သူပင်ဖြစ်၏။ အမျိုးသမီးဖြစ်မူ မင်းကတော်၊ သူဌေးကတော် ဖြစ်၏။

ခြေဖဝါးပြင်မှ အရေးအကြောင်းများ ထင်မြင်နေလျှင် စီးပွားရေး ကောင်း၏။

ခြေဖဝါးမှ အရေးအကြောင်းတွင် သစ်ရွက် သစ်ခက် ပုံသဏ္ဌာန် ရှိသူသည် ငွေကြေးချမ်းသာသူ ဖြစ်၏။

ခြေဖဝါးတွင် ကတ်ကြေး ပုံသဏ္ဌာန်ရှိသော အရေးအကြောင်း ပါရှိမူ အလွန်ချမ်းသာသူ ဖြစ်၏။

ခြေဖဝါးတွင် လူတစ်ယောက်၏ ပုံသဏ္ဌာန် အရေးအကြောင်း ပါရှိသူသည် အလွန် ဩဇာအာဏာ ရှိသူဖြစ်၏။

လက်ချောင်း ၁၀ ချောင်း ထိပ်များတွင် ခရုပတ် ၁၀ ခုပါသူသည် ကပ်စေးနှဲသူဖြစ်၏။

ခြေဖဝါးပြင်လည်းပြည့်၊ ကျောပြင်လည်း ပြည့်မောက်နေသူဆိုလျှင် ကောင်းစား၏။

ခြေထောက် အသားအရေ ပါးပြီး ကျောကုန်းပါ ပါးနေလျှင် စီးပွားရေး အဆင်မပြေသူ ဖြစ်သည်။

လက်ဖမိုး နှစ်ဖက်စလုံးပေါ်တွင် အရေးအကြောင်းများ ရှည်လျားစွာ ပေါ်လွင်နေလျှင် လူတော်လူကောင်း ဖြစ်နိုင်၏။

လက်ဖဝါးပြင်သည် ဂွမ်းကဲ့သို့ ပျော့၍ နူးညံ့နေလျှင် ချမ်းသာ၏။

ခြေဖဝါးအောက်မှ အရေးအကြောင်းများသည် တခြားသူများထက် ထင်ရှားစွာရှိပြီး မှဲ့ပါရှိလျှင် ချမ်းသာကြွယ်ဝ၏။ အစိုးရအရာရှိကြီးလည်း ဖြစ်နိုင်၏။

လက်တံနှစ်ဖက်သည် ဒူးခေါင်းထိ ရောက်နေသူသည် လူ့ပြည်တွင်

အကြီးအကဲပင် ဖြစ်၏။

ခြေဖဝါးပြင်အောက်တွင် မှဲ့ပေါက်နေလျှင် ဩဇာအာဏာရှိ၏။

ခြေဖျားများ တိုနေသူသည် အလွန်မှတ်ဉာဏ်ကောင်းသူ ဖြစ်၏။

ခြေတံရှည်ပြီး လက်တံတိုနေသူသည် သူတစ်ပါး၏ အခိုင်းအစေ ဖြစ်၏။

ဆံပင် လုံး၇ မပေါက်သော သူသည် ဩဇာအာဏာ မရှိပါ။

ခြေထောက်တွင် အမွေးမပေါက်သူသည် ဆင်းရဲတတ်၏။

ခြေထောက် အသားအရေ ကြမ်းပြီး အရောင် မွဲခြောက်နေလျှင် သူများ မကောင်းကြံသူ ဖြစ်၏။ ၄င်းသည် ဝမ်းနည်းပူဆွေးမှုနှင့်ပါ ကြုံရတတ်၏။

ခြေဖဝါးအောက်တွင် တန်းပြီး အရစ်တစ်ရစ် ပါရှိမူ စာပေပညာတွင် အောင်မြင်လိမ့်မည်။

ခန္ဓာကိုယ်သည် အပေါ်နှင့်အောက် ညီမျှနေမှသာ အရာရာတွင် ပြည့်ဝအောင်မြင်နေပေလိမ့်မည်။

အသားအရေများပါ ကြည်လင်စိုပြည်နေမှသာ သူတကာထက် အဆင့်အတန်းမြင့်မားစွာ နေထိုင်ရလိမ့်မည်။

အသားအရေသည် ကန့်လန့်အသားအရေ သို့မဟုတ် ဝိုင်းသော အသားအရေစသည်တို့ကို သေချာကျနစွာ စစ်ဆေးကြည့်ပါ။ အသားအရေ ကြမ်းပြီး ပိန်ခြောက်ကပ်နေသည်ကို မနှစ်သက်ပါ။

အရိုးမြင်ပြီး ဝနေသူကိုလည်း မနှစ်သက်ပါ။

အသားအရေသည် မွေးကြိုင်သော အနံ့ရှိပြီး အဖြူရောင်ရှိကာ စိုပြည်၍ လှပနေရမည် ဖြစ်၏။ မျက်လုံးအရောင်ပါ ကြည်လင်၍ အသံပါသာယာနေလျှင် ပို၍ ကောင်း၏။ ထိုသော အသားအရေ၊ ပါးသော အသားအရေ ကြည့်လိုက်လျှင် ဟုတ်သလိုလို မဟုတ်သလိုလို

ထင်ရပုံ၊ပိန်သော ဝသော ပုံစံ စသည်တို့ကို သေချာစွာ စစ်ဆေးကြည့်ပါ။ ၎င်းအပြင် ကြောက်ရွံ့ထိတ်လန့်သော ပုံကိုလည်း အကဲခတ်ပါ။ အသံသည် ကြည်လင်၍ သာယာမှ ကောင်းသည်။ နှာခေါင်းသည် တည့်မတ်၍ ကြီးကာ မို့မောက်နေပြီး စိုပြည်လှပသော ဆံပင်နှင့် နှုတ်ခမ်းမွေး၊ လေးထောင့် ပါးစပ်၊ အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းသည်လည်း အနီရောင် ဆိုးထားသကဲ့သို့ လည်းကောင်း၊ မျက်နှာသည်လည်း လေးထောင့် သို့မဟုတ် ဘဲဥပုံစံ၊ ပခုံးသည်လည်း အသားအရေ ပြည့်ဝ၍ ဝမ်းဗိုက်သည်လည်း အသားတင်ထားသကဲ့သို့ ပြည့်ပြည့်မောက်မောက်၊ လက်ပြင်သည် ကုန်းထနေသကဲ့သို့၊ ထိုင်လိုက်လျှင် သစ်ပင်တစ်ပင်စိုက်ထားသကဲ့သို့ မတ်မတ်ရှိပြီး ထလိုက်လျှင်လည်း ကိုယ်အနည်းငယ်ကိုင်းနေသကဲ့သို့၊ အိပ်လိုက်လျှင် ခွေနေသကဲ့သို့၊ အသံသည်လည်း ကြေးစည်သံကဲ့သို့၊ လမ်းသွားလျှင် လေကဲ့သို့မြန်စွာ၊ စားသောက်လိုက်လျှင်ကျားစားသကဲ့သို့၊ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာပါ ကြီးနေရမည်။ ထိုအချက်များ ရှိသူများသည် ကြီးပွား၍ ချမ်းသာသူ ဖြစ်ရမည်။ ထို့ကြောင့် ကိုယ်ခန္ဓာအားလုံးကို သေချာကျနစွာ တစ်မျိုးချင်းခွဲခြားစစ်ဆေးကြည့်ရှုရပါမည်။ လူတော်လူကောင်း တစ်ယောက် ဟုတ်မဟုတ်၊ ဆင်းရဲသူလား၊ ချမ်းသာသူလားဟု ကြည့်လိုက်လျှင်ပင် ထူးခြားစွာ ထင်ရှားပေါ်လွင် နေပါလိမ့်မည်။ တချို့သည် အလွန်ကောင်းစား၍ တချို့သည် အလွန် စားဝတ်နေရေး ဒုက္ခရောက်နေသည်ကိုပါ ခွဲခြားနိုင်ရပါမည်။

မျက်နှာပြင် အပေါ်ပိုင်းရှည်၍ အောက်ဘက် မေးစေ့တိုလျှင် ချမ်းသာနိုင်၏။

မျက်နှာပြင် အပေါ်ပိုင်းတို၍ အောက်မေးစေ့ ရှည်နေမူ ပြေးလွှား ရှာဖွေစားသောက် နေထိုင်ရတတ်၏။

မျက်နှာပြင် အရောင်မည်းပြီး ကိုယ်ခန္ဓာဖြူနေလျှင်လည်း ထိုသူမှာ အိမ်ရာများစွာ ပိုင်ဆိုင်သူ ဖြစ်၏။

ကိုယ်ခန္ဓာအရောင် မည်းပြီး မျက်နှာအရောင် ဖြူနေလျှင် ရှိသမျှ စည်းစိမ် ကုန်ဆုံးတတ်၏။

မျက်နှာအသားအရေ ကြမ်းပြီး ကိုယ်လုံးသေးနေလျှင် တစ်သက် ချမ်းသာနိုင်၏။

မျက်နှာသေးပြီး ကိုယ်လုံး ကြမ်းနေလျှင် ဆင်းရဲဒုက္ခ ရောက်ပြီး တစ်ကိုယ်တည်း နေထိုင်ရတတ်၏။

ဦးခေါင်းကြီးနေလျှင် အသက် ၅၀ ထိသာ နေရတတ်၏။

အင်္ဂါရုပ်ကောင်းသူသည် အပေါ်အလယ်အောက် အားလုံးပြည့်စုံမှသာ အလွန်ကောင်း၍ အကျိုးထူးခံစားရမည်ဖြစ်၏။

ကိုယ်ခန္ဓာသေးပြီး အသံကြီးသူသည် မည်သူနှင့်မဆို ယှဉ်ပြိုင်ရလျှင် သုံးဆခန့် အောင်မြင်နေတတ်၏။

ကိုယ်ခန္ဓာကြီးပြီး အသံသေးနေသူသည် အသက်မရှည်ပါ။ အလွန်ရုပ်ဆိုးသော မျက်နှာပုံကို ရှိသူသည် မိဘဆွေမျိုးများအား အလွန်ခိုက်တတ်၏။

ငိုမဲ့နေသကဲ့သို့ မျက်နှာပုံရှိသူသည် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်၏။

ရုပ်ရည်ချောမောသောသူသည် လူအများကို လှည့်စားတတ်၏။

ကိုယ်ခန္ဓာတစ်ခုလုံး နီရဲနေသော အသားအရေ ရှိသူသည် ချမ်းသာ ကြွယ်ဝ၏။

နားထင်အရိုးတွင် အရောင်ခြောက်ကပ်နေလျှင်မူ ဝမ်းနည်းပူဆွေးမှုနှင့် ကြုံရတတ်၏။

နဖူးပြင်နှင့် နားထင်ပါ အသားအရေ နည်းပါးသူနှင့် အတူတကွ

မနေသင့်ပါ။

ခြေထောက်နှင့် ပခုံးအသားအရေ ကြမ်း၍ အောက်မျက်ခွံပါ အသားမရှိသူသည် သားသမီးနှင့် မြေးများ မပြည့်စုံသူ ဖြစ်၏။

ပခုံးနှင့် ခါးတွင် အသားအရေမရှိလျှင် ဆင်းရဲပင်ပန်းသူဖြစ်၏။

ပါးစပ်တွင်လည်း အသားအရေမရှိ၊ နားထင်တွင်လည်း အသားအရေ နည်းပါးသူသည် အိုဇာတာညံ့၏။

လက်ဖဝါးနှင့် ခြေဖဝါးတွင် အသားအရေမရှိသူသည် စားစရာပင် မရှိ ဖြစ်တတ်၏။

ခြေထောက် နှစ်ဖက်စလုံးတွင် အမွေးမပေါက်လျှင် ထိုသူအား မဆက်ဆံသင့်ပေ။ အချေးအငှားများမည့်သူပင် ဖြစ်၏။

လက်ဖမိုးပေါ်တွင် အမွေးများ ပေါက်နေလျှင် စားဝတ်နေရေး ပြေလည်၏။

ယောကျ်ားကိုယ်ပေါ်တွင် အမွေးမရှိလျှင် တဏှာကြီး၏။

မိန်းမကိုယ်တွင် အမွေးများလျှင် စိတ်ထားမြင့်မြတ်၍ စိတ်သဘောထား ကောင်းတတ်၏။

မိန်းမကိုယ်တွင် အမွေးအလွန်အကျွံများပြီး ကိုယ်ခန္ဓာပေါ်ထိ မြင့်တက်ပြီး ပေါက်နေလျှင် ရုတ်တရက် သေဆုံးတတ်၏။

မျက်နှာပြင် အသားအရေသည် နီနေပြီး ကိုယ်ခန္ဓာအသားအရေမှာ ရေလိုအေးမြနေကာ လက်သီးဆုပ် တစ်ဆုပ်စာမျှ ကျယ်ဝန်းသော ပါးစပ်နှင့် အပေါက်ဝကျယ်သော ချက်ရှိသူသည် အလွန်အဆင့်အတန်း မြင့်၍ ခံ့ညားလွန်းသော ပုဂ္ဂိုလ်ကြီး ဖြစ်၏။

အကြောအသားပါစိုပြည်တောက်ပနေသူသည် ကြီးပွားလိမ့်မည်။

ကြေးစည်သံကဲ့သို့ သာယာသော အသံရှိသူသည် ကျက်သရေ မင်္ဂလာရှိသူပင် ဖြစ်၏။

ထိုင်နေလျှင် မတ်မတ်ထိုင်နေသူသည် အရာရာတွင် အောင်မြင်တတ်၏။

နဖူးပြင်ကျယ်၍ ဦးခေါင်းကြီးနေလျှင် လူတကာထက်၊ လူအများထက် အစစအရာရာ သာနေတတ်၏။

မျက်နှာမည်း၍ ကိုယ်လုံးဖြူသူသည် ဆင်းရဲသူမဟုတ်ပါ။ ချမ်းသာသူ တစ်ယောက် ဖြစ်၏။

ကိုယ်ခန္ဓာနှင့် ရင်ဘတ်တွင် အမည်းစက်ရှိသူသည် သူများထက် ထူးချွန်သော ပုဂ္ဂိုလ်ဖြစ်၏။

❐

## စကားအသံ

မည်သည့်အကြောင်းအရာတွင်မဆို အရည်အချင်း ပြည့်ဝသူသည် စကားပြောလျှင် အရမ်းမပြောတတ်ပေ။ ထို့ကြောင့် ထိုလူသည် ကြီးပွား ချမ်းသာနိုင်၏။

ထို့ကြောင့် စကားပြောသည့်အခါတွင် ယဉ်ကျေး သိမ်မွေ့၍ ချိုသာ သောအသံဖြင့် ပြောဆိုဆက်ဆံ ရမည်။

သင့်တင့်မျှတစွာ ပြောဆိုဆက်ဆံတတ်သူသည် လူတော်လူကောင်း ဖြစ်၏။

မသင့်မတင့် ကြမ်းတမ်းစွာ ပြောဆိုဆက်ဆံတတ်သူသည် စရိုက် ကြမ်းသူတစ်ယောက် ဖြစ်၏။

စကားအလွန် ချိုသာစွာ ပြောတတ်သူသည် ထိုသူ၏ဝမ်းဗိုက်တွင် ဓားတစ်ချောင်း ပါလာ၏။

ဟေးလားဝါးလားနှင့် စကားပြောဆိုတတ်သူသည် မည်သည့် အလုပ်မျှ အောင်မြင်မှုမရတတ်ပေ။ အကြံအစည်များ ပျက်ပြားတတ်၏။

မြှောက်ပင့်၍ စကားပြောဆိုတတ်သောသူသည် အလကားလူပင် ဖြစ်၏။

မပွင့်တပွင့် စကားပြောတတ်သော သူသည် ပြောလိုက်တိုင်း ဟုတ်မှန်နေတတ်၏။

ကောင်းမွန်သော စကားပြောဆိုတတ်သူသည် ကတိတည်သူဖြစ်၏။

ခံ့ညားး၍ ဥပမိရုပ်ကောင်းသော ပုံစံရှိသူသည် သင့်တင့်မျှတစွာနေထိုင်တတ်သူပင် ဖြစ်၏။

အတင်းအဖျင်း ပြောဆိုတတ်သောသူသည် ဆင်းရဲ၏။

လူတစ်ဖက်သားကို မြှောက်ပင့်ပြောဆိုတတ်သူသည် ဝမ်းထဲတွင်အကြံရှိ၏။

တောင်မြောက် ထွေရာလေးပါး စကားပြောဆိုသူသည် အကြံဉာဏ်ကြီးသူ ဖြစ်၏။

စကားပြော တိုတောင်းပြီး အသံကြည်လင်ပြတ်သားစွာ ပြောဆိုတတ်သူသည် လူတကာ၏ ကြည်ညိုခြင်းကို ခံရတတ်၏။ မိန်းမဖြစ်မူထို့အတူ အကျိုးခံစားရသူပင် ဖြစ်၏။

ထို့ကြောင့် ပါးစပ် အတည်ပြု ပြောဆိုနိုင်သော သူသည် အလွန်ဩဇာအာဏာရှိသူပင် ဖြစ်၏။

စကားအလွန် ပြောဆိုတတ်သူသည် စိတ်ထား ကောင်းမွန်၏။ စကားပြော ချိုချိုသာသာနှင့် ကိုးလိုးကန့်လန့် ပြောဆိုတတ်သူသည် အသိုင်းအဝိုင်း အားကိုးနှင့် ပြောသူဖြစ်၏။ လူမိုက် အားကိုးသူပင်ဖြစ်၏။

စိတ်ဆိုးနေသော အချိန်အခါတွင် စကားပြောသောသူသည် မရည်ရွယ်ဘဲနှင့် ပြောဆိုသူပင်ဖြစ်၏။

စိတ်အလွန်မြန်ပြီး ပြောဆိုသောသူ၏ စကားသည် မပြောသင့်သောစကားကို ပြောတတ်သူပင် ဖြစ်၏။

နှုတ်ခမ်းပါးပြီး လျှာပါပါးသော သူသည် အဓိပ္ပာယ်မရှိသော စကားကို ပြောတတ်သူ ဖြစ်၏။

အရင်းမရှိ အဖျားမရှိ စကားများ ပြောဆိုတတ်သူသည် အသုံးမကျသူပင် ဖြစ်၏။

ရယ်လားမောလား စကားပြောသူသည် ဥစ္စာမရှိသူပင် ဖြစ်၏။

စကား မြန်မြန်ဆန်ဆန် ပြောဆိုတတ်သောသူသည် စိတ်မပါသူ ဖြစ်၏။

စကားမပြောခင် ရှက်နေတတ်သူသည် အသက်မရှည်ပါ။

စကားကို အတိုချုပ် သေချာစွာ ပြောသူသည် နာမည်ကောင်း ရ၏။

လူတကာ ချစ်ခင်စရာကောင်းလောက်အောင် စကားပြောဆိုတတ်သူသည် အမြဲပျော်ရွှင်နေတတ်သောလူတစ်ယောက်ပင် ဖြစ်၏။

❒

## ခြေသံနှင့် လမ်းလျှောက်သည့်အမူအရာ ပြချက်

ရေစီးသံကဲ့သို့ လည်းကောင်း၊ ကောင်းကင်မှ တိမ်လွင့်ပါးနေသကဲ့သို့ လည်းကောင်း အားမလို အားမရဖြင့် လမ်းလျှောက်နေသူသည် လူတော်လူကောင်းပင် ဖြစ်၏။

ရှေ့တစ်လှမ်းတိုးပြီး နောက်တစ်လှမ်းဆုတ်သော သူသည် ချမ်းသာ၏ ။

လူတော် လူကောင်း ဖြစ်မှု နဂါးကဲ့သို့ ခံ့ညားစွာ လျှောက်၍ ကျား၏ခြေသံကဲ့သို့ရှိသောသူသည် အလွန်ချမ်းသာ၏။

ငန်းကဲ့သို့ တစ်ရှူးထိုးသွား၍ ဘဲကဲ့သို့ လျှောက်သောသူသည်လည်း အလွန်ချမ်းသာကြွယ်ဝသူ ဖြစ်၏။

မြင်းကဲ့သို့ မြန်ဆန်စွာ လမ်းလျှောက်သူသည် ပင်ပန်းကြီးစွာ အလုပ်လုပ်ရ၏။

ခြေသံပြင်းသော အသံရှိသူသည် ချမ်းသာကြွယ်ဝ၏။

ခြေတစ်လှမ်းချင်း လျှောက်နေသူသည် စိတ်သဘောထားကောင်းသောသူ ဖြစ်၏။

ကိုယ်လက်မလှုပ်ရှားဘဲ လမ်းလျှောက်သူသည် ချမ်းသာ၏။ နွားကဲ့သို့ လျှောက်သူလည်း ချမ်းသာ၏။

ဆင်ကဲ့သို့ လမ်းလျှောက်သောသူသည် အသက်ရှည်၏။

မြွေကဲ့သို့ လမ်းလျှောက်သောသူသည် စိတ်ထား မကောင်းပါ။

စာကလေးကဲ့သို့ ခုန်၍ သွားသောသူသည် ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရ၏။

ကိုယ်ခန္ဓာ တည့်မတ်ပြီး လမ်းလျှောက်သူသည် ချမ်းသာ၏။

ခြေဖျားထောက်ပြီး လမ်းလျှောက်သူသည် စီးပွားရေး ကျဆုံး၏။

လမ်းသွားလျှင် ခေါင်းငိုက်စိုက်၍ လျှောက်သူသည် စိတ်ထားညံ့၏။

ကျားလို လမ်းလျှောက်၍ နဂါးလိုသွားသူသည် အာဏာရှိသူပင်ဖြစ်၏။

လေးလေးမှန်မှန် တစ်လှမ်းချင်း မတ်မတ်လျှောက်သူ ချမ်းသာနိုင်၏။

လိမ်ဖည် လိမ်ဖည် လမ်းလျှောက်သူသည် ချမ်းသာ၏။

လက်ကား၍ လမ်းလျှောက်သူသည် တာရှည်စွာ ချမ်းသာတတ်၏။

လက်ကော ဦးခေါင်းပါ ယမ်း၍ လျှောက်သူသည် အကြံသမားဖြစ်၏။

ဘဲကဲ့သို့ လမ်းလျှောက်သူ ချမ်းသာ၏။

ကိုယ်စောင်းပြီး သွားသူ အိုးအိမ် မတည်မြဲ။

ရှေ့တိုးနောက်ဆုတ်နှင့် တောင်လိုလို မြောက်လိုလို လျှောက်သွားသူသည် အခက်အခဲနှင့် ကြုံတွေ့နေရသူပင် ဖြစ်၏။

စိတ်ထား မကောင်းသောသူဖြစ်မူ ခေါင်းစောင်းပြီး ကိုယ်ယမ်း၍

လမ်းလျှောက်သူ ဖြစ်၏။

ဦးခေါင်း လက်နှင့် ခြေ သုံးချက်စလုံး ဟန်ချက်ညီစွာ လျှောက်သူ ချမ်းသာ၏။

လမ်းလျှောက်ချင်သလိုလို မလျှောက်ချင်သလိုလို လျှောက်သူသည် ဆင်းရဲတတ်၏။

ခြေလှမ်းခုန်၍ လျှောက်သူ ဆင်းရဲ၏။ မိန်းမဖြစ်မူ မယူသင့်ပေ။ ယောကျ်ားဖြစ်မူ မိန်းမဖြစ်သူက မယူသင့်ပေ။

❐

## ထိုင်နေပုံကို လေ့လာကြည့်ရန်

လူတစ်ယောက်သည် လမ်းလျှောက်လျှင် လမ်းလျှောက်ပုံကို မြင်ရသော်လည်း ထိုင်နေလျှင် ထိုင်နေသည့် ပုံစံတည်ငြိမ် မတည်ငြိမ်၊ လှုပ်ရှားမရှား စသည်တို့ကို ကြည့်ရှုရမည် ဖြစ်၏။ ထို့ကြောင့် တည်ငြိမ်စွာထိုင်နေသူသည် ကမ္ဘဌာန်း ထိုင်တတ်သူပင် ဖြစ်၏။

ခြေလှုပ်လက်လှုပ် ထိုင်သူသည် စီးပွားဥစ္စာ မတည်မြဲသူ ဖြစ်၏။

အကြာကြီးထိုင်၍ ခွေးကဲ့သို့ ခွေအိပ်နေသူသည် အလွန်ဆင်းရဲ၏။

ပုံပျက်ပန်းပျက်နှင့်ကြည့်၍ မကောင်းအောင် ထိုင်နေသူသည် ထူးဆန်းသူတစ်ယောက် ဖြစ်၏။ ထိုသူသည် စီးပွားရေး အဆင်ပြေ၍ စိတ်ထားမွန်မြတ်သူ ဖြစ်၏။

ကမ္ဘဌာန်းထိုင်သကဲ့သို့ ထိုင်နေသူသည် ကြီးပွားတိုးတက်နိုင်၏။

ထလိုက်လျှင် မြင်းလိုလျှင်မြန်၍ ထိုင်လိုက်လျှင် တောင်လိုမတ်မတ်နှင့် ကြံ့ခိုင်သော ကိုယ်ခန္ဓာရှိသူသည် အစိုးရ အရာရှိတစ်ယောက်ပင် ဖြစ်၏။

စိတ်ထားမွန်မြတ်ပြီး ကြီးမားသော ကိုယ်ခန္ဓာရှိ၍ ထိုင်လိုက်လျှင် တောင်လို၊ ထလိုက်လျှင် မတ်မတ်ဖြစ်သူသည် အကြီးအကဲလူ ဖြစ်၏။

ထိုင်နေလျှင် အလေးဆွဲထားသကဲ့သို့ လည်းကောင်း၊ ထလိုက်လျှင် လေကဲ့သို့ မြန်ဆန်သူသည်လည်း ချမ်းသာသူပင် ဖြစ်၏။

ထိုင်လို့မရ၊ ထလို့မရ ဖြစ်နေသူသည် အလွန်ဆင်းရဲ၏။

ကျားကဲ့သို့ ထိုင်တတ်လျှင် ချမ်းသာ၏။

ထလိုက်လျှင် ဦးခေါင်းညွတ်နေသူသည် စိတ်ထားအလွန် ညံ့၏။

ထိုင်လိုက်လျှင် တောင်ကဲ့သို့ ဓိမ်နှင့် ထိုင်နေသူသည် အိုဇာတာ ကောင်း၏။

ပေါ့ပါးလျင်မြန်စွာ မတ်တတ်ရပ်သူသည် မိမိနေထိုင်ရာဒေသတွင် အုပ်ချုပ်ရသော လူကြီးဖြစ်၏။

ကိုယ်ခန္ဓာခါယမ်းပြီး ထသူသည် ဆက်ဆံရေး မကောင်းသူပင် ဖြစ်၏။

❒

## ပုံ (၅)

### သွား ပုံများ

၁။ နဂါးသွား။ ၂။ နွားသွား။ ၃။ ကျားသွား။


၄။ သရဲတစ္ဆေသွား ၅။ ကြွက်သွား။ ၆။ မျောက်သွား

များ ရှိကြရာတွင် –

၁။ နဂါးသွားသည် ရှည်ပြီး ကြီး၏။ အပေါ်နှုတ်ခမ်းမှာ ရှည်ပြီး ကျယ်၍ နဂါးပုံစံ ဖြစ်၏။ ထိုသွားမျိုးရှိသူများမှာ ကြီးပွားတိုးတက်ချမ်းသာ၍ ဩဇာအာဏာပါရှိကာ အရာရာတွင် အောင်မြင်နိုင်၏။

၂။ နွားသွားသည် ညီညာတည့်မတ်ပြီး တို၍စိပ်နေကာ အဖြူရောင် တောက်နေ၏။ ထိုသွားရှိသူမျိုးများမှာ သားသမီးများပြားတတ်ပြီး ချမ်းသာကြွယ်ဝ၍ ကျန်းမာရေး ကောင်းမွန်ကာ အသက်ပါရှည်၏။

၃။ ကျားသွားသည် ဖြူ၍ စိပ်နေ၏။ ကျားသွားရှိသူများသည် မိမိပြောဆိုလုပ်ကိုင်သမျှသော အကြံအစည်များ အောင်မြင်တတ်ပြီး လူကြည်ညိုလေးစားခံရသော အကြီးအကဲတစ်ဦး ဖြစ်နိုင်၏။



ပုံ (ဈ)

၄။ သရဲတစ္ဆေသွားသည် ညီညာမှု မရှိဘဲ ရှုပ်ယှက်ခတ်၍ နေကာ အပြင်သို့ ထွက်နေသယောင် ထင်ရ၏။ စိတ်သဘောထား ညံ့ဖျင်း၍ လိမ်ညာတတ်ပြီး ဆင်းရဲဒုက္ခရောက်နိုင်၏။

၅။ ကြွက်သွားသည် ထိပ်တွင် ချွန်၍ နေ၏။ ထိုသွားမျိုးများမှာ များသောအားဖြင့် သူခိုးဓားပြများထံတွင် တွေ့ရှိရ၏။ အိုးအိမ် အတည်တကျ မနေထိုင်ရပေ။

၆။ မျောက်သွားသည် သေးငယ်၏။ ထိုသွားရှိသူမျိုးများမှာ သေးငယ်သော ကိစ္စကို ပုံကြီးချဲ့၍ ပြောဆိုတတ်၏။

## လျှာ ပုံများ

၁။ ရှည်ပြီး ထူသော လျှာ
၂။ ရှည်ပြီး လေးထောင့်လျှာ
၃။ ရှည်ပြီး ချွန်သောလျှာ
၄။ တိုပြီး လေးထောင့်လျှာ
၅။ တိုပြီး ဝိုက်သောလျှာ
၆။ တိုပြီး ပါးသောလျှာ
တို့ပင် ဖြစ်၏။

၁။ ရှည်ပြီးထူသောလျှာ ရှိသူများသည် ချမ်းသာကြွယ်ဝပြီး အသက်ပါ ရှည်၏။ ရာထူးကြီး ရရှိနိုင်ကာ ဘေးအန္တရာယ် မဖြစ်နိုင်ပေ။

၂။ ရှည်ပြီး လေးထောင့်လျှာမှာ အရောင်တောက်နေ၍ အရေးကြောင်း ကန့်လန့်စင်းပါရှိ၏။ ထိုလူမျိုးများမှာ ထူးကဲစွာ ရာထူးရရှိနိုင်၏။

၃။ ရှည်ပြီးချွန်သော လျှာသည် ကြီးမားသော်လည်း အပြင်သို့ ထွက်ခဲ့လျှင် စိတ်ထားအလွန်ညံ့ဖျင်းတတ်၏။ စကားပြောချိုသာသော်လည်း လူအများက မယုံကြည်တတ်ပေ။

၄။ တိုပြီး လေးထောင့်လျှာ ရှိသူမျိုးများမှာ ငယ်ရွယ်စဉ်တွင် ဆင်းရဲဒုက္ခ ရောက်တတ်၏။ ဒုတိယအရွယ်ရောက်ရှိမှသာ အလုပ်အကိုင် အကြံအစည်များ အောင်မြင်တတ်ပြီး အိုဇာတာ ကောင်း၏။

၅။ တိုပြီးဝိုက်သော လျှာသည် တို၍ ငယ်နေကာအရေးကြောင်း မပါရှိခဲ့လျှင် အလွန်ဆင်းရဲဒုက္ခ ရောက်တတ်၏။ မိဘများ၏ အမွေမည်မျှပင် ရရှိစေကာမူ မကြာခင် ကုန်ဆုံးတတ်၏။

၆။ တိုပြီး ပါးသောလျှာရှိသူများမှာ လူတစ်ဖက်သားကို ကဲ့ရဲ့ပြစ်တင်ရှုတ်ချတတ်သော သူများပင် ဖြစ်၏။ စိတ်သဘောထားပါ အလွန်ညံ့ဖျင်းတတ်၍ ငွေကြေး မပြည့်စုံတတ်ပေ။

❒

## စားသောက်ပုံကို ကြည့်ရန်

အစားအသောက်သည် လူတစ်ယောက်၏ အသက် ကိုယ်ခန္ဓာ တည်ဆောက်ရာတွင် အလွန် အရေးကြီးဆုံးပင် ဖြစ်၏။ မစားမသောက်နိုင်လျှင်မူ အသက် ဆုံးရှုံးမည် ဖြစ်၏။ အင်္ဂါရုပ်ပညာတွင် လူတစ်ယောက်၏ စားသောက်ပုံကို ကြည့်ခြင်းအားဖြင့်လည်း ဝေဖန်ပြောကြားနိုင်၏။

ဖြည်းဆေးစွာ စားသောက်သူ၊ လု၍ စားသောက်သူ၊ လျင်မြန်စွာ စားသောက်သူ၊ စားသောက်ရင်း စကား အမြဲတမ်း ပြောသူ စသည်ဖြင့် များစွာ ရှိ၏။

လျင်မြန်စွာ စားသောက်တတ်သူသည် ကိုယ်ခန္ဓာ ပိန်တတ်၏။

ဟိုတွေးဒီတွေးနှင့် ဖြည်းညင်းစွာ စားသောက်တတ် သူသည် ဝဖြိုး၍ စိတ်ထားကောင်း၏။

မတရား စားသောက်သူသည် စိတ်ထားညံ့၏။

စားပြီး အပေါ်သို့ မော့ကြည့်တတ်သူသည် ဆင်းရဲ၏။

အသံမြည်စွာ စားသောက်သူသည် ဆင်းရဲ၏။

စားသောက်ပြီး ပါးစပ်တွင် ပေကျံနေမှု ထိုလူသည် ပင်ပန်းကြီးစွာ အလုပ်လုပ်ရပြီး အသက်တို၏။

စားသောက်နေစဉ် အောက်ဘက်သို့ဖိတ်ကျနေလျှင်လည်း ဝော်ပြတ်ပြီး သေတတ်၏။

ကြွက်ကဲ့သို့ အသံမြည်စွာ စားသောက်သူသည် ဝော်ပြီး သေတတ်၏။

မြင်းကဲ့သို့ စားသူသည် ဆင်းရဲတာရှည်၏။

နွားကဲ့သို့ တစ်လုတ်ချင်း ဖြည်းညင်းစွာ စားသောက်သူသည် ချမ်းသာ၏။

ဆိတ်ကဲ့သို့ စားသောက်သူသည် ကြီးပွားချမ်းသာ၏။

စားသောက်နေစဉ် စကားပြောဆိုတတ်သူသည် ဆင်းရဲတတ်၏။

လျှာထိပ်ပေါ်တွင်သာ အစာတင်၍ စားသောက်သူသည် တစ်နယ်တစ်ကျေးတွင် သေဆုံးလိမ့်မည်။

စားသောက်နေစဉ် အောက်ဘက်သို့ ဖိတ်ကျသူသည် သေလျှင်လမ်းပေါ်တွင် သေဆုံးတတ်၏။

စားသောက်ပြီး ဟိုဘက်ဖိတ်ကျ ဒီဘက်က ဖိတ်ကျသူသည် ဝော်ပြတ်၍ သေတတ်၏။

ဝက်လိုစားသောက်သူသည် ဘုန်းကံရှိသော်လည်း စီးပွားရေးတွင် အဆင်မပြေ ဖြစ်တတ်၏။

အစားအသောက် ဖြည်းညင်းစွာ စားသောက်တတ်သူသည် အဆင့်အတန်းမြင့်စွာ နေထိုင်ရသူ တစ်ယောက်ဖြစ်၏။

ဟိုရွေးသည်ရွေးနှင့် အစားအသောက် ကြေးများသူသည် ချမ်းသာသောသူ ဖြစ်၏။

တဝတပြဲ စားသောက်သူသည် ထမင်းဝော်နေသူဖြစ်၏။

❐

## အိပ်နေပုံကို ကြည့်ရန်

လူတစ်ယောက်၏ အိပ်နေသည့် အချိန်သည် နေဝင်မှသည် နေထွက်ချိန်ထိ ဖြစ်၏။ ထိုအချိန်များတွင် အိပ်ပါမှ ကျန်းမာရေးနှင့် ညီညွတ်နိုင်၏။

တည်ငြိမ်စွာ အိပ်နေမှု ဘုန်းကံရှိ၏။ အသက်ရှည်၏။

ခွေးကဲ့သို့ ခွေအိပ်နေသူသည်လည်း အသက်ရှည်၏။

နဂါးကဲ့သို့ ကိုယ်ခန္ဓာ တွန့်လိမ်နေပြီး အိပ်သူသည် ဩဇာအာဏာ ရှိသူ ဖြစ်၏။

မကြာခဏ အိပ်ရာမှ နိုးနေတတ်သူသည် ဘုန်းကံရှိ၏။

အိပ်နေစဉ် ယောင်ပြီး စကားပြော၍ ပါးစပ်ဖွင့်ဟပြီး အိပ်တတ်သူ သည် ဆင်းရဲဒုက္ခ ရောက်၏။

ဝက်ကဲ့သို့ အသံမြည်စွာထွက်၍ အိပ်နေသူ ဆင်းရဲ၏။

လိပ်ကဲ့သို့ အိပ်သူသည် အသက်ရှည်၏။

အိပ်နေရင်း ယောင်၍ စကားပြောသော အကျင့် ပါနေသူသည် အသက်တိုတတ်၏။

အိပ်နေစဉ် သွားကြိတ်ပြီး စကားယောင်ပြောသူသည် ထိခိုက်ပြီး သေဆုံးတတ်၏။

မျက်စိဖွင့်၍ အိပ်သူသည် အသေဆိုးနှင့် သေတတ်၏။

အမြဲတမ်း စကားပြောဆိုပြီးမှ အိပ်တတ်သူသည် ဆင်းရဲ၏။

အိပ်နေရင်းနှင့် တဟင့်ဟင့် ဖြစ်နေသူသည် အသက်မရှည်ပါ။

အမြဲတမ်း မှောက်၍ အိပ်သူသည် အိပ်ရာ ဝင်ဝင်ချင်း ချက်ချင်း အိပ်ပျော်တတ်သောအကျင့်ရှိနေလျှင် ဆင်းရဲပြီး လူအများကို အနိုင်ကျင့်ချင်သူ ဖြစ်၏။

အိပ်နေစဉ် ဟိုဘက်လှည့် ဒီဘက်လှည့် အိပ်တတ်သူသည် စိတ်ထားမကောင်းသူပင် ဖြစ်၏။

အအိပ်အနေနည်းပါးလျှင် ကောင်းစား၍ဘုန်းကံရှိ၏။

အလွန်အအိပ်ကြီးသူသည် စိတ်ထားညံ့ပြီး စီးပွားရေးပါ အဆင်မပြေ ဖြစ်တတ်၏။

စာဖတ်ပြီးမှ အိပ်ပျော်တတ်သူသည် လိမ္မာယဉ်ကျေးသော သူပင်ဖြစ်၏။

လူသေကဲ့သို့အိပ်သူသည် ဟန်ဆောင်ကောင်းသူ ဖြစ်၏။ ဟန်ဆောင်ကောင်းသူသည် နှိုး၍မရ။

အိပ်ရာမှ မကြာခဏ ထ သူသည် အပိုင်ကြံသူ ဖြစ်၏။

အိပ်ရေးမဝသောသူသည် လူဆိုးသူခိုးပင် ဖြစ်၏။

လူဆိုသည်မှာ ကိုယ်ပိုင်ဉာဏ်စွမ်းဖြင့် ကိုယ့်ကိုယ်ကိုယ်သာ ဆုံးဖြတ်နိုင်ရမည်ဖြစ်၏။ ကျားဆိုလျှင် ကျားကဲ့သို့သွားမှသာ ကောင်း၏။ ခါယမ်း၍ သွားလျှင် ကျားနှင့် မတူတော့ပေ။ ထိုမှသာ ခွဲခြား၍ ရပေလိမ့်မည်။ လူတစ်ယောက်သည်လည်း ကိုယ်ခန္ဓာခံ့ညား၍ ဥပဓိရုပ်ကောင်းမှသာလျှင် အရာရာတွင် အောင်မြင်မှု ရှိနိုင်၏။

စိတ်စေတနာကောင်းသည့် သူသည် လူတစ်ဖက်သားကို ငွေကြေးများ မ စမည့်သူဆိုလျှင် စိတ်ထားအလွန်ကောင်းသူပင် ဖြစ်၏။

## အိပ်နေစဉ် အရေးကြီးချက်

ဟောပြောမည့်သူသည် အိပ်နေသူတစ်ယောက်အား အသံထွက် မထွက်၊ အိပ်သည့် ပုံစံကောင်း မကောင်းနှင့် အနံ့အသက်များပါ ကြည့်ရှု စစ်ဆေးရပါမည်။

## လူ၏ စိတ်ထား

လူတစ်ကိုယ်လုံးတွင် စိတ်ထားသည် အရေးကြီးဆုံး ဖြစ်၏။ သင့်မြတ်သော လူတစ်ယောက်သည် စိတ်ဓာတ် ကောင်း၏။ မသင့်မြတ်သော လူတစ်ယောက်သည် စိတ်ထားညံ့၏။ လူတကာကို စိတ်ထား ကောင်းမှသာလျှင် ကိုယ်ကိုယ်တိုင်လည်း ကောင်းကျိုးကို ခံစားရ၍ စိတ်ထားကြည်လင်လာမည်။ စိတ်ထားတည်တံ့ ခိုင်မြဲစွာ ရှိနေလျှင် ကျန်းမာရေးပါ ကောင်း၏။ စိတ်ထားကောင်းလျှင် ပျော်ရွှင်ရမည် ဖြစ်၏။ မကောင်းသော ဒုစရိုက် ကျူးလွန်မိသူသည် ကိုယ်တိုင် စိတ်ချောက်ချားရတတ်၏။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် မိမိကိုယ်ကို တစ်နေ့လျှင် သုံးခါမျှ ဆန်းစစ်ဝေဖန်ရပေလိမ့်မည်။ တစ်နေ့တာ၏ လုပ်ရပ်များကို မှန်ကန်စွာ စစ်ဆေးနိုင်ရပေမည်။ တစ်ဦးတစ်ယောက်က ကိုယ့်ကို မကောင်းကြံစည်ခဲ့၍ ပြန်ပြီး တောင်းပန်လျှင် ကိုယ်က ခွင့်လွှတ်သည်းခံနိုင်စိတ်ရှိလျှင် အလွန်မွန်မြတ်သော စိတ်ထားပင် ဖြစ်၏။ စိတ်သဘောထားကောင်းလျှင် နေရာတကာတွင် လူချစ်လူခင် များမည်။ သူများအကြိုက် ကိုယ့်အကြိုက် သဘောထားနိုင်လျှင် စိတ်ဓာတ်ကောင်းသူဖြစ်၏။ တွေတွေ့ချင်း ခင်မင်ရင်းနှီးစိတ် ရှိလျှင်လည်း ကောင်းသော စိတ်ထားပင် ဖြစ်၏။ စားသောက်ပြီးမှ ခင်မင်တတ်လျှင်မူ စိတ်ထား

မကောင်းသူဖြစ်၏။ စားသောက်ရေးကို အဓိကမထားဘဲ ဆက်ဆံသူသည် စိတ်ထားရိုးဖြောင့်၏။ သူများ မကောင်းကြောင်း ကိုယ်က ပြောလျှင်လည်း ကိုယ့်ကိုပြန်၍ မုန်းတီးနိုင်သည်။ ထို့ကြောင့် ညီအစ်ကိုချင်းကဲ့သို့ လည်းကောင်း၊ လက်နှင့်ခြေကဲ့သို့ လည်းကောင်း သဘောထား၍ ပေါင်းသင်းဆက်ဆံရ၏။ ၄င်းပြင် ဓနီးဖြစ်သူ၏ စကားကို ချင့်ချိန်ပြီးမှသာ နားထောင်သင့်၏။ သားသမီးများအား ကောင်းမွန်စွာ ပညာသင်ကြားပေးပါမှ လူကြီးလူကောင်း ဖြစ်နိုင်မည် ဖြစ်၏။

ကိုယ့်ထက်ကြီးသူကို ရိုသေလျှင် အရာရာအောင်မြင်လိမ့်မည်။ ဆဲဆိုတိုင်းထွာခြင်းသည် ယဉ်ကျေးသောသူ မဖြစ်နိုင်ပါ။ ထို့ကြောင့် မဆဲဆိုသူသည် စီးပွားဥစ္စာ အဆင်ပြေနိုင်၏။ တစ်နယ်တစ်ခြားစီ နေရသော်လည်း စိတ်ထားမခွဲခြားပါနှင့်၊ စည်းရုံးညီညာမှသာ ပြည်သာယာမည် ဖြစ်၏။

လူတစ်ယောက် နာမည်ကြီး၍ လာမည် ဆိုလျှင်လည်း အဓိကမှာ စိတ်ထားပင် ဖြစ်၏။ ထို့ကြောင့် မည်သည့် အလုပ်ကိုမဆို တိကျမှန်ကန်သေသပ်စွာ လေးလေးစားစား လုပ်ရပေမည်။ မကောင်းမှု အလုပ်သည်လည်း စိတ်ပင်ဖြစ်၏။ လူများ မတရားကြံလည်း စိတ်၊ သူများမှီခိုလျှင်လည်း စိတ်ပင်ဖြစ်၏။ ထို့ကြောင့် စိတ်ဓာတ်ကောင်းမှသာလျှင် အရာရာအောင်မြင်လိမ့်မည်။ အသက်ခန္ဓာကိုယ်ရှိနေလျှင် ရွှေငွေ မရှားပါ။ စိတ်ထားညံ့၍ နာမည်ပျက်သွားလျှင် တန်ဖိုးမရှိသူ တစ်ယောက် ဖြစ်ပေလိမ့်မည်။

စိတ်ထားကောင်းမွန်မှသာ အရာရာတွင် အောင်မြင်လိမ့်မည်။
သူများ မကောင်းကြံလျှင် ကိုယ်အလျင်ခံရတတ်၏။
ဒုက္ခရောက်နေသည့်သူကို အပြစ် ထပ်မရှာပါနှင့်။
လူတစ်ဖက်သားကို ကူညီစိတ်ရှိလျှင် ငွေထက်ပင် တန်ဖိုးရှိသည်။

သူများဒုက္ခရောက်နေသည့်အခါတွင် ကိုယ်က ကြင်နာသနားတတ်ရမည်။

စိတ်ကောင်းတစ်ခု ပြုခဲ့ဖူးလျှင် လူအများ၏ ချီးကျူးခြင်းကို ခံရမည်။

စိတ်ထားယုတ်မာသူကို မကြောက်ပါနှင့်။

လူတစ်ဖက်သားကို သဘောမကျသော စိတ်ဓာတ်ရှိသူသည် စိတ်ထားညံ့သူပင် ဖြစ်၏။

တစ်ကိုယ်ကောင်းဆန်သော စိတ်ထားရှိနေလျှင် လူအများ၏ မုန်းတီးခြင်းကို ခံရလိမ့်မည်။

သူများ ကိုယ့်ကိုမုန်းနေလျှင် မသိချင်ယောင်ဆောင် နေပါ။

စကားပြောလျှင် စာဖတ်သလို ပြောတတ်သူသည် မကြာခင် သေဆုံးတတ်သည်။

သူများအတွက် ကောင်းတာကို မသိ၊ ဆိုးတာကိုလည်း နားမလည်လျှင် ဆင်းရဲသူ ဖြစ်၏။

ကိုယ့်ကို မှီခိုအားကိုးနေသူကို မတရားခိုင်းလျှင် အပြစ် ဖြစ်လိမ့်မည်။

သူများ မျက်ရည်တစ်ပေါက်ကျမှ ကိုယ်အသာရသူသည် စိတ်ထားမကောင်းသူ ဖြစ်၏။

မကောင်းသော လုပ်ရပ်ကို မြှောက်ပေးသောသူသည်လည်း နောက်ပိုင်းတွင် ဒုက္ခရ၏။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေလျှင် လူများကို ကြောက်ရွံ့ရလိမ့်မည်။

❐

## အသားအရေ

### အသားအရေအကြောင်း

နဖူးနှင့် မေးစေ့ အပါအဝင် အပေါ်၊ အလယ်၊ အောက် အားလုံး အင်္ဂါရုပ်ကောင်းမှသာ လူတော်လူကောင်း ဖြစ်၏။

ထိုနေရာများ ပျက်ကွက်ခဲ့လျှင် စီးပွားရေးမပြေလည်၍ ကျန်းမာရေးပါ ချွတ်ယွင်းနိုင်၏။

လူတချို့တွင် အသားအရေသည် ကျယ်ပြန့်စွာရှိ၏။ အလုပ်ကြမ်းလုပ်ရသူ၏ အသားအရေနှင့် အေးဆေးစွာ နေထိုင် စားသောက်ရသောသူ၏ အသားအရေသည် လွန်စွာမှ ကွာခြားနေ၏။ အရောင်တွင်လည်း အတွင်းအရောင်နှင့် အပြင်အရောင်ရှိရာ တချို့သည် အပြင်ရောအတွင်းပါ အရောင်ကောင်းကြ၏။ အသားအရောင် တောက်နေသူသည် လူကြီးလူကောင်း ဖြစ်၍ အသားအရောင်မှေးမှိန်နေသူသည် လူညံ့ပင်ဖြစ်ကြောင်းကို မျက်နှာပြင်ကို ကြည့်လိုက်လျှင်ပင် သိရှိနိုင်၏။

ငယ်စဉ်အခါက ဝဖြိုးနေသောသူသည် ကြီးလာလျှင် ကျန်းမာရေး ချွတ်ယွင်းတတ်၏။

လူတစ်ယောက်သည် အလုပ်လုပ်ကိုင်ရာတွင် စိတ်လက်ပါ လုပ်ကိုင်မှသာ မျက်နှာပြင်ပေါ်တွင်လည်း ပေါ်လွင်၍ လာမည်။ မိုးပေါ်တွင် နေ၊ လနှင့် ကြယ်များကဲ့သို့ပင် ဖြစ်သည်။ မိုးလေဝသ ကောင်းနေလျှင် နေမင်းကြီးသည် သာသာယာယာ ရှိမည်။ မိုးလေဝသ မကောင်းပါက မိုးရွာ၍ လေတိုက်မည်ပင် ဖြစ်၏။ ထို့ကြောင့် လူ၏ မျက်နှာပြင်ပေါ်တွင် အရေးကြီးဆုံးများသည် မျက်လုံး၊ မျက်ခုံး၊ နားထင်ထောင့်၊ နဖူး၊ နားရွက်၊ အပေါ်နှုတ်ခမ်း၊ အလယ်ချိုင့်ရာ၊ ပါးစပ်၊ မေးစေ့ စသည်တို့ အားလုံးကောင်းနေမှသာလျှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာရမည် ဖြစ်၏။

ထို့ကြောင့် လူ၏ကိုယ်ခန္ဓာပေါ်တွင် စိတ်ထားကောင်း မကောင်း၊ ဆင်းရဲချမ်းသာ စသည်တို့ကို မျက်နှာပြင်ကို ကြည့်လိုက်လျှင်ပင် ချက်ချင်း သိရှိနိုင်ပါသည်။

ထိုမျှမက အသံ၊ အသားအရေ စသည်တို့ကို ကြားရုံ၊ မြင်ရုံမျှနှင့်ပင် ချက်ချင်းသိရှိနိုင်သည်။

ထို့ကြောင့် မျက်နှာပြင်ပေါ်တွင် ကြည်လင်ပြောင်လက်ပြီး စိုပြည်နေလျှင် သာယာမှုရှိ၏။

မျက်နှာပြင်ပေါ်တွင် အရောင်ခြောက် မခြောက်၊ အသွားအလာ အနေအထိုင် စသည်တို့ကိုပါ စုံစေ့အောင် ကြည့်နိုင်မည်ဆိုလျှင် မွေးသက္ကရာဇ်ကိုပင် မေးစရာမလိုဘဲ သိရှိနိုင်၏။

❐

## အသံအကြောင်း

မိုးပေါ်မှာဆိုလျှင် မိုးခြိမ်းသံ၊ လှိုင်းပြင်တွင် လေသံ၊ တောတောင်ထဲမှာဆိုလျှင် စမ်းရေစီးကျသံ၊ ပင်လယ်ပြင်မှာ ဆိုလျှင် ဒီလှိုင်းသံ၊ လူမှာဆိုလျှင် အပေါ်အလယ်အောက် (မျက်နှာမှ အပိုင်းသုံးပိုင်း) မှ ထွက်သော အသံတို့ပင် ဖြစ်၏။

အပေါ်ပိုင်းမှအသံသည် အလယ်ပိုင်းသို့ ရောက်ရှိ၍ ထိုမှတစ်ဆင့် အသံသည် အောက်ဘက်သို့ ရောက်ရှိကာ ထွက်ပေါ်လာ၏။

စူးရှကျယ်လောင်သော အသံရှိသူသည် လိမ္မာယဉ်ကျေးသောသူ ဖြစ်၏။ သို့မဟုတ်ပါက လူများ၏ ကြည်ညိုလေးစားခြင်းခံရပြီး ချမ်းသာသူ ဖြစ်၏။

ထို့ကြောင့် လူတစ်ယောက် အသံပေါ်ထွက်လာသည်နှင့် ကောင်းမကောင်းကို အကဲခတ် ဝေဖန်ပြောကြားနိုင်၏။ အသံမကောင်းသူသည် ဆင်းရဲ၏။ အသံကောင်းသူသည် ချမ်းသာနိုင်၏။

အသံခြောက်သောသူသည် ဆင်းရဲ၏။ ကုသိုလ်ကံမကောင်းသောသူ သို့မဟုတ် ပင်ပန်းကြီးစွာ လုပ်ကိုင်စားသူ ဖြစ်၏။

စကားပြောဆိုရာတွင် အသံဖျစ်ညှစ်၍ ကျယ်ပြီး ရှည်လျားသော အသံရှိသူသည် ပစ္စည်းဥစ္စာ ပြည့်စုံသူပင် ဖြစ်၏။ ယောကျ်ားကောင်း လျှင်လည်း အသံ၊ မိန်းမကောင်းလျှင်လည်း ထိုအသံပင် ဖြစ်၏။

လူကိုယ်ခန္ဓာ သေးပြီး ကြေးစည်သံကဲ့သို့ သာယာ၍ ဟိန်းပြီး နေသော အသံကြီးနေလျှင် ထိုသူသည် ချမ်းသာကြွယ်ဝပြီး အသက် ရှည်၏။

စကားကို ဖျစ်ညှစ်ပြီးပြောသော အသံသည် မစူးရှဘဲ အသံကွဲ နေလျှင် စီးပွားရေး ဆုံးရှုံးမည့် သူပင် ဖြစ်၏။

ငိုမည့်အသံ ထွက်နေသူသည် စိတ်ဓာတ်ကျဆင်းနေသူ၏ အသံ ဖြစ်၏။

ကောင်းကင်မှ ရေဝမ်းဘဲသည် အဖော်နှင့် သွားသော အသံနှင့် အဖော်ကွဲနေသောအသံမှာ ကွာခြား၏။ ထို့အတူ ပျားသည်လည်း ပျံနေ သော အသံနှင့် ပန်းဝတ်ရည်စုပ်နေစဉ် ပေါ်ထွက်လာသော အသံတို့မှာ မတူညီကြပေ။ ၄င်းပြင် ခွေးဟောင်သောအသံသည်လည်း ကောင်းသော အသံနှင့် မကောင်းသော အသံတို့သည်လည်း တစ်သံနှင့် တစ်သံ မတူညီကြပါ။

အသံအလွန်တိုး၍ နားထောင်လို့ပင် မရသော သူသည် ကိုယ်ခန္ဓာ မပြည့်စုံသောသူ ဖြစ်၏။ ထို့ကြောင့် အောင်မြင်သော ကိုယ်ခန္ဓာရှိမှ သာလျှင် အသံသည်လည်း အောင်မြင်ပေလိမ့်မည်။

ယောကျ်ားဖြစ်သူ မိန်းမအသံထွက်နေလျှင် မကောင်းသလို မိန်းမ ဖြစ်သူလည်း ယောကျ်ားအသံထွက်နေလျှင် မကောင်းပါ။

ချိုသာယဉ်ကျေးစွာ စကားပြောတတ်သူသည် ဆင်းရဲနေသော်လည်း တစ်ချိန်တွင် ကြီးပွားလိမ့်မည်။

လူတစ်ဖက်သားအား ဂရုမစိုက်အလေးမထားဘဲနှင့် ပြောဆိုသော

အသံရှိသူသည် ချမ်းသာနေသော်လည်း တစ်ချိန်တွင် ဆင်းရဲဒုက္ခ ရောက်တတ်၏။ ထို့ကြောင့် အသံကို သေချာကျနစွာ လေ့လာနားထောင်ခြင်းအားဖြင့် လူတစ်ယောက်၏ အခြေအနေကို ပြောကြားနိုင်၏။

အသံဟိန်း၍ နေသော လူ၏ အသံကို ရွှေသံ ဟုခေါ်၏။

အသံ အလွန်ရှည်ပြီး ပုံသဘော အသံကို သစ်သားအသံဟု ခေါ်၏။

ကိုယ်ခန္ဓာ ပိန်၍ နေသော်လည်း အရိုးမပေါ်သူသည် စားဝတ်နေရေး ပြေလည်သူ ဖြစ်၏။

အသားအရေ နိမ့်ပါးသဖြင့် ပိန်ပြီး သစ်သားကဲ့သို့ မာကျောသူသည် ရိုးသားသူ ဖြစ်၏။

ကိုယ်ခန္ဓာ ကျစ်လျစ်နေသောသူသည် အစစအရာရာတွင် အောင်မြင်မှု ရှိနိုင်၏။

❒

## အဆင့်အတန်းငါးမျိုးကို ခွဲခြားထားသော ပြချက်များ

၁။ ကိုယ်ခန္ဓာ၏ အသားအရေသည် ရွှေရောင်ကဲ့သို့ တောက်ပ၍ မျက်နှာလေးထောင့်ရှိပြီး ကြည်လင်သော အသံနှင့် အသားအရေများ ပြည့်ဖြိုးသောသူသည် ညီညာ ပြည့်စုံသော သူဖြစ်၏။

၂။ ကိုယ်ခန္ဓာသည် သစ်ပင်မှအရောင်ကဲ့သို့ စိမ်းပုပ်ရောင်ရှိ၍ ပိန်နေပြီး ခြေလက်များအားလုံးမှာ အသားအရေ ပြည့်ဖြိုးကာ ခါး၊ ပခုံးမှာ ပြားပြီးနေသူသည် စီးပွားဥစ္စာ ပြည့်စုံမည် လူပင် ဖြစ်၏။

၃။ ရေ၏ အရောင်ကဲ့သို့ ကြည်လင်သန့်ရှင်းပြီးဝိုင်း၍ နေသော မျက်နှာနှင့် ထိုင်၍နေလိုက်လျှင် ကျောက်ခဲတစ်လုံး ချထားသကဲ့သို့ ထိုင်နေပြီး ထလိုက်လျှင်လည်း

လေကဲ့သို့ လျင်မြန်ကာ မျက်ခုံးမွေးကြမ်းပြီး မျက်လုံးကြီးကာ ခါးသည်လည်း ပြည့်ပြည့်ဝန်းဝန်း ရှိနေလျှင် ထိုသူသည်တစ်သက်လုံး စီးပွားရေး အဆင်ပြေကာ ကောင်းစားနိုင်၏။

၄။ မီးတောက်သကဲ့သို့ အပေါ်ချွန်၍ အောက်ပိုင်းကျယ်ကာ အပေါ်ပိုင်းသေး အောက်ဘက်ပြည့်နေသော မျက်နှာနှင့် အရိုးအသား မညီညာမှု ရှိသူသည် ဆင်းရဲ၏။ ထိုသူသည် အသားအရေပါ ခြောက်နေတတ်၏။ ထို လူမျိုးသည် စရိုက်ကြမ်း၍ စိတ်ထားပါ ညံ့ဖျင်းတတ်၏။

၅။ အသားအရေမှာ မြေကြီးကဲ့သို့ အရောင်အဆင်း ရှိပြီး ဝဖြိုးကာ အသားအရေ ထူနေ၏။ ပြည့်ဝန်းသောပခုံးနှင့် ကြီးသောခါးရှိကာ ကိုယ်ခန္ဓာမှာ လိပ်ကဲ့သို့ ပုံသဏ္ဌာန်တူ၏။ ၄င်းသည် ကျန်းမာရေး ကောင်းသော်လည်း စိတ်မတည်ငြိမ်သူ ဖြစ်၏။ သို့သော် ကတိသစ္စာ အလွန် တည်သူ ဖြစ်၏။

❒

## အပိုင်းရှစ်မျိုး ဝေဖန်ရမည့်အချက်

၁။ လူတစ်ယောက်သည် ယဉ်ကျေးသိမ်မွေ့၍ လိမ္မာသော၊ ဆိုးသော၊ မိုက်သော စသည်တို့ ရှိသကဲ့သို့ မျက်နှာနှင့် ခန္ဓာကိုယ်တို့တွင်လည်း မတူညီကြဘဲ ထူးခြားမှု ရှိနေကြ၏။

၂။ မျက်စိသည်လည်း အရေးကြီးဆုံး တစ်ချက်။

၃။ လူတကာထက် ထူးဆန်းစွာ ကိုယ်ခန္ဓာ မတူညီသော အချက်။

၄။ အသားအရေ စိုပြည်နေသည့် တစ်ချက်။

၅။ နဖူးပြင်ပေါ်တွင် အရေးအကြောင်းများ ထင်မြင်စွာ ပေါ်နေသော အချက်။

၆။ ကိုယ်ခန္ဓာ မယိမ်းမယိုင်ဘဲ သေသပ်စွာ ထိုင်၍နေသော အချက်။

၇။ အနီးကပ်ကြည့်လိုက်လျှင် ငှက်မျက်စိနှင့်တူ၍ နီရဲနေသော အသားအရေ အချက်နှင့်

၈။ မျက်နှာပြင် တည်ကြည်ခံ့ညားသော အချက်တို့ ဖြစ်ကြ၏။

ကိုယ်ခန္ဓာအားလုံးသည် ထင်မြင်တင့်တယ်စွာ ရှိရမည်ဖြစ်ပြီး ထိုအချက်များသည် တွဲဖက်၍ နှိုင်းယှဉ်ကြည့်ရမည့် အချက်များ ဖြစ်၏။

လူတစ်ဦး၏ ကိုယ်ခန္ဓာသည် တစ်ဦးနှင့်တစ်ဦး လုံးဝ မတူညီကြပေ။ ကိုယ်ခန္ဓာ အရောင်အသွေး၊ အသားအရေ စသည်တို့ကို သေချာကျနစွာ စစ်ဆေးရမည် ဖြစ်၏။ စကားပြောသည့် အသံကိုပါ စစ်ဆေးပါ။

အင်္ဂါရုပ်ဆိုသည်မှာ သေချာစေ့စပ်စွာ ကြည့်ရှုနိုင်မှသာ ပြောကြားနိုင်မည်ဖြစ်၏။ အလေ့အကျင့်များစွာ လုပ်ဆောင်ပေးခြင်းအားဖြင့် တိကျမှန်ကန်စွာ ဟောပြောနိုင်ပေလိမ့်မည်။

ရှေးလူကြီးများ၏ ဆုံးမစကားအရ ဆရာ့စကားကို တပည့်က နားထောင်ရမည်။ ပြောတာသိမှ သိတာကိုလုပ်နိုင်၏ ဟူသော စကားရှိ၏။ ကုန်သည်ကြီး တစ်ယောက်သည် ငွေကြေးပြည့်စုံနေမှသာလျှင် ဆိုင်ကြီး ဖွင့်နိုင်သလို ပညာရှိကြီးတစ်ယောက်သည် ပညာကို ထူးခြားစွာ တတ်သိနေမှသာ ၄င်းကို အသုံးချပေလိမ့်မည်။ ထို့ကြောင့် လူ တစ်ယောက်သည် နေ့စဉ်နေ့တိုင်း မပျက်မကွက် လေးလေးစားစားချင့်ချိန်ပြီးမှသာ ပြောဆိုလုပ်ကိုင်သင့်၏။ အင်္ဂါရုပ် ပညာဆိုသည်မှာလည်း လူတစ်ယောက်ကို ကြည့်ရှုဟောပြော ဝေဖန်မည်ဆိုလျှင် သေသေချာချာ စဉ်းစား၍ ပိုင်းပိုင်းပြတ်ပြတ် ကောင်းသည့်နေရာကို ပို၍ ဟောပြောကာ ညံ့နေသည့် အပိုင်းကို လျှော့၍ပြောရမည်ဖြစ်၏။

□

## ဆင်းရဲချမ်းသာ သစ္စာရှိကြပါ

လူအများ အပေါ်တွင် စိတ်ထားကောင်းမှသာ အများက ကိုယ့်အပေါ်တွင် ပြန်၍ကောင်းကြမည်။

ကိုယ်က မကောင်းနေလျှင်မူ တခြားလူက မသိသော်လည်း ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်တတ်၏။

လူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်း ခံရလျှင် ပို၍ တိုးတက်လိမ့်မည်။

သူများ အကျိုးဆောင်လျှင် ကိုယ့်အကျိုးအောင်၏။ သူများ မကောင်းပြောလျှင် ကိုယ့်အပြစ်ပင် ဖြစ်၏။ အများကောင်းအောင်၊ စိတ်ဓာတ်တက်ကြွအောင် ပြောဆိုလုပ်ကိုင်နိုင်မှသာ အများက ချီးကျူးလိမ့်မည်။

မကောင်းမှု ဒုစရိုက် မလုပ်မိမှသာ စိတ်ချမ်းသာ ကိုယ်ချမ်းသာမည်။

သူများမကြိုက်တာ မလုပ်မှ လူတော် လူကောင်း ဖြစ်လိမ့်မည်။

❒

## ချမ်းသာကြွယ်ဝမည့် ကိုယ်ခန္ဓာရှိသူ၏ ထူးကဲသော အချက်များမှာ

ခိုင်ညားသော ကိုယ်ခန္ဓာရှိ၍ အသားအရေ ပြည့်ဝစိုပြည်ပြီး လှပသော နားရွက်နှင့် ဝမ်းဗိုက်သည် အပေါ်ပိုင်းပူ၍ နေသော်လည်း အောက်ဘက်တွင် အနည်းငယ်ချပ်နေကာ ကြေးစည်ကဲ့သို့ သာယာ၍ ဟိန်းနေသော အသံရှိသူသည် ချမ်းသာသူပင် ဖြစ်၏။

ကောင်းမွန်သော အင်္ဂါရုပ်ရှိသူသည် ငန်းကဲ့သို့ ခြေလှမ်းလှမ်းကာ ပြည့်မောက်နေသော ကုပ်ပိုးနှင့် အရိုးအသား ပြည့်ဝနေပြီး ဘဝအကျိုးပေးကုသိုလ်ကံ အလွန်ထူး၏။ ထိုသူသည် တစ်သက်လုံး စား၍ မကုန်နိုင်အောင် ချမ်းသာ၏။

ထူးကဲသော မျက်နှာပြင်ရှိ၍ အချက်ငါးချက်ပြည့်စုံပြီး ဝိုင်းဝန်းပြည့်ဖြိုးသော အသားအရေရှိသော ခန္ဓာကိုယ်ရှိလျှင် တစ်သက်ချမ်းသာနိုင်၏။

လူများ၏ မျက်နှာပြင်ကို ကြည့်လိုက်လျှင် တစ်ဦးနှင့်တစ်ဦး မတူကြသလို စိတ်ထားချင်းလည်း ကွာခြားကြ၏။

ဆံပင်မှစ၍ မေးစေ့အထိ ဘယ်ညာ ခွဲခြား၍ ကြည့်ရှုပါ။ ထိုင်ထသွားလာ အစ အားလုံးကိုပါ သေချာစွာ ကြည့်ရ၏။ ကိုယ်ခန္ဓာကို

သေချာ စစ်ဆေးပြီးမှ ပြောသည့် အသံကို ထပ်မံစစ်ဆေးရပါမည်။

မျက်နှာအရောင်တောက်နေကာ ပြည့်ဖြိုးသော အရိုးနှင့် ချမ်းသာဆင်းရဲနှာခေါင်းကိုလည်း ကြည့်ပါ။ အရောင်တောက်၍ အသားအရေပြည့်ဝစိုပြည်နေသော နှာခေါင်းရှိသူသည် ချမ်းသာသူပင် ဖြစ်၏။ နှာတံသည် မြင့်၍ နှစ်ဖက်အသားအရေ ပြည့်ဝပြီး ဝိုင်းစက်နေသော မျက်စိရှိသူသည်လည်း ချမ်းသာသူပင် ဖြစ်၏။

အသားအရေ အရောင်တောက်ပြီး ချောမောလှပနနယ်ကာ မျက်နှာပြင် ညီညာပြီး ပြည့်နေသူသည် ရှေးဆန်သောသူဖြစ်၏။

ထိုအတွက်များကြောင့် လူတစ်ယောက်၏ မျက်နှာပြင်ကို သေချာစွာ ကြည့်ပြီးဟောမှသာ ထိုလူသည် ရိုးသားသော လူ၊ ကြွားဝါသောလူ၊ လူကြည်ညိုလေးစားခံရသော လူ စသည်တို့ကိုလည်း အသံကြားရုံနှင့်ပင် သိရှိနိုင်သည်။

တချို့လူများသည် ကြည့်လိုက်လျှင် ချမ်းသာပြီး လူမုန်းများသူလည်း ရှိ၏။ ထိုလူမျိုးများသည် ဘေးဒုက္ခ မရောက်ခဲ့လျှင် စောစီးစွာသေဆုံးတတ်၏။

ထိုင်လိုက်လျှင် အလေးဆွဲထားသကဲ့သို့၊ ထလိုက်လျှင်လည်း လေကဲ့သို့ မြန်ဆန်သောသူသည်လည်း သည်းခြေနှင့် တူသော နှာခေါင်းရှိကာ အပေါ်ပြည့်၍ အောက်ဘက်တွင် အနည်းငယ်ချပ်နေသောဝမ်းဗိုက်ရှိ၍ ထိုသူသည် မျက်နှာပြင်အရောင်မည်းကာ ကိုယ်ခန္ဓာ အသားအရေဖြူပြီး တည့်မတ်ခိုင်ခံ့၍ အသားထူသော ကျောရှိလျှင် အလွန်ချမ်းသာ၏။

ကျယ်ပြန့်၍ လုံးဝန်းသော ပခုံး၊ ညီညာသောရင်နှင့် ကြီးသောဝမ်းဗိုက်သည် အောက်ဘက်တွင် အနည်းငယ် ချပ်နေ၍၊ ဦးခေါင်းကြီးပြီး အသားအရေမှုတကာ (ငါးမျိုးစုံ) သေးသူသည် မျက်စိက အောက်

ဘက်သို့ အနည်းငယ် စွေကျနေပြီးလျှင် ထိုလူသည် ချမ်းသာသူ ဖြစ်၏။

မျက်နှာပြင် အပေါ်၊ အလယ်၊ အောက် ညီပြီး အချက် ငါးချက် ပြည့်စုံသူသည် ဟိန်း၍ သာယာသော အသံရှိနေလျှင် ချမ်းသာ၏။

သည်းခြေနှင့်တူသော နှာခေါင်းရှိနေလျှင် အလွန်ချမ်းသာနိုင်၏။

ဦးခေါင်းကြီးပြီး နဖူးမြင့်နေလျှင်လည်း ချမ်းသာ၏။ ဦးခေါင်းဝိုင်းပြီး ပြည့်နေလျှင်လည်း ကောင်းစား၏။ ကြီးပွားတိုးတက်နိုင်၏။

အသားအရေပြည့်ဝသော နှာခေါင်းရှိ၍ ပေါ်လွင်နေလျှင် အလွန် ချမ်းသာ၏။

နှာခေါင်းပေါ်တွင် အရောင်တောက်နေမှု အိုးအိမ်ပြည့်စုံသူ ဖြစ်၏။

ကြီးမားသော နားရွက်ရှိပြီး အရောင်တောက်နေလျှင် အိမ်ရာများစွာ ပိုင်ဆိုင်၏။

မျက်ဝန်းကျဉ်း၍ နားထင်နားထိစွေကျနေသော မျက်ခုံးရှိသူသည် လည်း ချမ်းသာ၏။

ငါးခုံးမမျက်စိနှင့် တူသော မျက်စိရှိသူသည်လည်း စီးပွား ဥစ္စာနှင့် ပြည့်စုံ၏။

နားကွင်းနေရာတွင် အသီးလေးရှိ၍ ၄င်းနေရာနှင့် ပါးစပ်မှာ တစ်ပြေးတညီတည်း ရှိနေကာ နှုတ်ခမ်းနှစ်ခုပါ နီရဲနေလျှင် ချမ်းသာ၏။

မျက်နှာပြင် အရောင်မည်းနေသော်လည်း ဖြူနေသော ခန္ဓာကိုယ် ရှိနေလျှင် များစွာ ချမ်းသာ၏။ အသားအရေ ပြည့်မောက်နေသော ကျောကုန်းရှိပြီး ညီညာနေသော ရင်ရှိသူသည် ချမ်းသာ၍ အသက်ပါ ရှည်နိုင်၏။

ဦးခေါင်းကြီးပြီး အသားအရေ ပြည့်ဖြိုးသော ပခုံးရှိနေသောသူသည် နှုတ်ခမ်းအပြာရောင်ရှိပြီး လျှာအနီရောင်ဖြစ်နေလျှင် ထိုသူမှာ အိုးအိမ် များစွာ ပိုင်ဆိုင်သူပင် ဖြစ်၏။

အလွှန်တရာမျှ လှပပြီး ညီညာ၍ ကြီးမားသော သွားပိုင်ရှင်မှာ အလွန် ချမ်းသာ ကြွယ်ဝနိုင်၏။

အခြားလူများထက်ပို၍ လည်ပင်းရှည်ပြီး ဝမ်းဗိုက်သည်အပေါ်ပိုင်း ပူနေ၍ အောက်ပိုင်းသည် အနည်းငယ် ချပ်ကပ်နေသူသည်လည်း ချမ်းသာကြွယ်ဝသူ ဖြစ်၏။

ဘဲကဲ့သို့သွား၍ ငန်းကဲ့သို့ လမ်းလျှောက်သော သူသည် စားဝတ်နေရေး အလွန် အဆင်ပြေ၏။

ဝမ်းဗိုက်အလွန်ကြီးပြီး အသားအရေအောက်ဘက်သို့ အိကျနေသူသည် သူများအခိုင်းအစေ ဖြစ်နေလျှင် ထိုသူ၏နဖူးပြင်ပေါ်တွင် အကွက်လေးများ ပေါ်နေရမည်။

နားရွက်သည် ရှည်ပြီး အသားပိုအသီးလေးပါရှိနေသော သူသည် စားဝတ်နေရေး ဖူလုံသူ ဖြစ်၏။ ထိုသူ၏ လျှာပေါ်တွင် အရစ်ပါရှိနေလျှင်မူ အလွန်ချမ်းသာကြွယ်ဝ၍ လိုအင်ဆန္ဒပြည့်စုံ ပေလိမ့်မည်။

အပေါ်၊ အလယ်၊ အောက် (အပေါ်ပိုင်းသည် နဖူးပြင်၊ အလယ်ပိုင်းသည် မျက်ခုံး၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ အောက်ပိုင်းသည် မေးစေ့) ညီညာပြီးနေလျှင် တစ်သက်လုံးချမ်းသာစွာ နေထိုင်ရလိမ့်မည်။

နဖူးပြင်ပေါ်တွင် အရေးအကြောင်းများသူသည် အစိုးရနှင့် ပတ်သက်၍ အမှုအခင်းများနိုင်၏။

နဖူးပြင်၊ နားထင်၊ နားထင်ရိုးနှင့် မေးစေ့တို့တွင် အသားအရေ စိုပြည်ပြီး ပြည့်ဝနေလျှင်လည်း တစ်သက်လုံး ပြည့်စုံချမ်းသာလိမ့်မည်။

နဖူးပြင်မှ အသားအရေ ကြည်လင်ပြီး စိုပြည်ကာ ပြောင်လက်နေသောသူသည် ငယ်ရွယ်စဉ် အချိန်မှအသက် ၁၅ နှစ်ထိ ကောင်းမွန်ချမ်းသာစွာ နေရတတ်၏။

အောက်ပိုင်းမေးစေ့ အသားအရေပြည့်နေလျှင် အသက်ရှည်၍

အသက် ၆၀ ကျော်လျှင် နောက်ပိုင်းတွင် စိတ်အေးချမ်းသာစွာဖြင့် နေထိုင်ရ၏။

ညီညာလှပ၍ အရောင်စိုပြည်သော နှုတ်ခမ်းရှိလျှင် ပြည့်စုံနိုင်၏။

မေးစေ့ လေးထောင့်ပုံသဏ္ဍာန်ရှိပြီး ပြည့်ဖြိုးနေလျှင်လည်း အသက်ရှည်၍ ချမ်းသာ၏။ နဖူးပြင်ထောင့်များ ကျယ်နေလျှင် ထိုသူသည် အသားအရေစိုပြည်၍ အရောင်တောက်နေမှု၊ ပညာရေး စီးပွားရေး ပြေလည်နေမည်ဖြစ်သော်လည်း အရောင်မည်း၍ ပြောင်းသွားလျှင်မူ အဆင်မပြေဖြစ်တတ်၏။ လက်သည်လည်း အသားအရေပျော့သော လက်၊ အသားအရေကြမ်းတမ်းသော လက်ရှိရာ ပျော့ပျောင်းသော လက်ရှိမှ ကောင်းစားနိုင်၏။

ကြီးပြီး အသားအရေပြည့်ဝနေသော နှာခေါင်းရှိသူသည် မုချ ချမ်းသာကြွယ်ဝလိမ့်မည်။

ညီညာလှပ၍ စီနေသော သွားများရှိပြီး နှာခေါင်းပါကြီးနေလျှင်လည်း လုပ်ကိုင်သမျှသော အကြံအစည်များ အောင်မြင်တတ်ပြီးချမ်းသာလိမ့်မည်။

လက်ချောင်းထိပ်လေးများ ချွန်ပြီး ညီညာလှပနေသော သူသည် အေးချမ်းသာယာစွာ နေထိုင်ရလိမ့်မည်။

လမ်းလျှောက်လျှင် နဂါးကဲ့သို့ ပြေး၍ လျှောက်သွားသူသည် သတ္တိအလွန်ရှိသူပင် ဖြစ်၏။

ကျားကဲ့သို့ ထိုင်နေတတ်သူသည် ချမ်းသာ ကြွယ်ဝ၏။

ကြည်လင်ပြီး ပြတ်သား၍ ရှင်းလင်းစွာ ထွက်ပေါ်လာသော အသံပိုင်ရှင်သည် လူအများကို အုပ်ချုပ်ရသော ပုဂ္ဂိုလ် ဖြစ်နိုင်၏။

အသားအရေ စိုပြည်ပြည့်ဖြိုးပြီး မြင့်၍ ကျယ်နေသော ပခုံးပိုင်ရှင်သည် သန်းကြွယ်သူဌေး ဖြစ်နိုင်၏။

အရောင်အဆင်း တောက်နေသော မျက်နှာပြင်သည် အသားအရေ ပြည်ဖြိုးနေလျှင်လည်း ချမ်းသာကြွယ်ဝသောလူ ဖြစ်၏။

ဥပမိရုပ် အလွန်ခံ့ညားသော သူသည် ခါးကျယ်၍ ဝမ်းဗိုက်သည် အောက်သို့ အိ၍ကျနေလျှင်လည်း ချမ်းသာ၏။

နှာခေါင်းမှ အသားအရေ ပြည့်ဖြိုးပြီး ညီညာစွာ ရှိနေလျှင် ကျန်းမာ၍ အသက်ရှည်နိုင်၏။

ကျန်းမာရေးနှင့် ပတ်သက်၍ ကြည့်ရှုလျှင် နှာခေါင်းကို ဦးစားပေး၍ ကြည့်ရှုရ၏။

အိမ်ထောင်ရေး သာယာမှု ရှိ မရှိကို ဦးစားပေး၍ ကြည့်လျှင် နားထင်ကို ကြည့်ပါ။

ပြည့်ဖြိုးနေသော ခြေချောင်းလေးများသည် အဖျားသို့ ရှူးသွားသကဲ့သို့ လက်ချောင်းလေးများ သည်လည်း ထိုနည်းတူစွာ ရှိနေခဲ့လျှင် စီးပွားရေး ကောင်းသူ၊ အကြံအစည် ကောင်းသူ ဖြစ်နိုင်၏။

ကြီးမားသော နားရွက်ပိုင်ရှင်သည် နားရွက်ထိပ်ဆုံးမှ အသားများ မာ၍ တောင့်တင်းနေမှု ငွေကြေးချမ်းသာနိုင်၏။

□

## အဆင့်အတန်းမြင့်မားစွာ နေထိုင်ရသော အရေးကြီးသည့်ပြချက်

လူတစ်ယောက်တွင် အဆင့်အတန်းမြင့်မားစွာ နေထိုင်ရပြီး ဩဇာအာဏာရှိ၍ ချမ်းသာနိုင်သော ပြချက်များမှာ

မျက်ခုံးနှစ်ဖက်သည် နဖူးထိပေါက်ရောက်ပြီး အသားအရေ စိုပြည်နေသော နဖူးပြင်မှာလည်း မဟာနဖူးကဲ့သို့ ကျယ်ပြန့်စွာရှိပြီး ရှည်လျားနေသော နားရွက်၊ အသားအရေ ပြည့်ဝ၍ တောင့်တင်းနေသော ပခုံးနှင့် နဂါးကဲ့သို့ လမ်းလျှောက်၍ သွားလာတတ်သူမျိုးသည် အလုပ်အကိုင် အကြံအစည် မှန်သမျှ အောင်မြင်၍ ရာထူးအဆင့်အတန်း အလွန်မြင့်မား၍ လူအများကို အုပ်ချုပ်ရသောလူ သို့မဟုတ်ပါက ချမ်းသာကြွယ်ဝသော သူဋ္ဌေးကြီး တစ်ဦးပင် ဖြစ်၏။

နဖူးပြင်သည် အလွန် မြင့်တက်နေပြီး မေးစေ့တွင် အသားအရေထူကာ စကားပြောသော အသံသည် သာယာကြည်နူးဖွယ်ကောင်းသော ကြေးစည်သံကဲ့သို့ ရှိပြီး မျက်နှာပြင်သည်လည်း လေးထောင့်ရှိကာ နှာခေါင်းမှာလည်း နဖူးပြင်နားထိ အပေါက်ရောက်နေသူသည် အလွန်ထက်မြက်ကောင်းမွန်သော အတွေးအခေါ် ရှိပြီး အသက်ရှည်မည့် လူမျိုး

များပင် ဖြစ်၏။

အပေါ်သို့မြင်တက်နေပြီး ဖြက်ထူကာ ညီညာလှပစွာ ရှိနေသော မျက်ခုံးနှင့် မျက်နှာပြင်ကျယ်ပြန့်စွာ ရှိနေသော လူမျိုးများသည် အလွန်တရာမှ ယဉ်ကျေးသိမ်မွေ့နူးညံ့ပြီး ဂုဏ်သိက္ခာနှင့် ပြည့်စုံကာ ပစ္စည်းဥစ္စာပေါများကြသည့် လူများပင် ဖြစ်၏။

နဂါးကဲ့သို့တူညီသော မျက်စိရှိပြီး ညီညာလှပ၍ အရောင်စိုပြည်နေသော မျက်ခုံးရှိသူသည်လည်း လူ့အသိုင်းအဝိုင်းတွင် အရေးပါ အရာရောက်သော လူမျိုးများပင် ဖြစ်၏။

ဂုဏ်သိက္ခာရှိသော လူမျိုးများသည် စားဝတ်နေရေး အဆင်ပြေပြီး အလုပ် လုပ်ရာတွင် မဖြစ်မနေ ကြိုးစားအားထုတ် လုပ်ကိုင်တတ်ပြီး သူတပါးအပေါ်တွင်လည်း ကြင်နာ စိတ်ရှိကြ၏။ မဟုတ်မခံ စိတ်ဓာတ်လည်း ရှိလျှင် ထိုလူမျိုးများကို ဂုဏ်ရှိသူဟု ခေါ်၏။

သို့သော်လည်း လူတချို့တို့တွင် အဆင့်အတန်း မြင့်မားစွာ နေထိုင်ကြရသော်လည်း အိမ်ထောင်ရေးတွင် အဆင်မပြေ ဖြစ်နေကြ၏။ ထိုလူမျိုးကိုမူ ဂုဏ်ရှိသော လူဟု မခေါ်နိုင်ပါ။

လူတချို့တွင် ဥပဓိရုပ် တည်ကြည်ခံ့ညား၍ ဂုဏ်သရေရှိနေသော်လည်း တည်တံ့ခိုင်မြဲမှုမရှိဘဲ အလုပ်အကိုင် ဆုတ်ယုတ်၍ ချက်ချင်းကျဆုံးသွားနိုင်သည်။

လူလူချင်း ချစ်ခင်ကြင်နာ သနားတတ်သော စိတ်ဓာတ် ထာဝစဉ်ရှိနေမှသာလျှင် မိမိကိုလည်း လူချစ် လူခင် ပေါများလိမ့်မည်။ (ဥစ္စာမရငရဲကျ) မဖြစ်ပါစေနှင့်။

အင်္ဂါရုပ်ဆိုသည်မှာ ကြည့်ရှုလေ့လာရန် အချက်များ မြောက်မြားစွာရှိရာ တစ်သောင်းမျှသော လူများကို ကြည့်ရှုလိုက်လျှင်လည်း တစ်ဦးနှင့်တစ်ဦး လုံးဝမတူကြပေ။ အဓိကကြည့်ရှုရန်မှာ မျက်နှာပြင်ကို သေချာစွာ

ကြည့်ရှုရန်သာ ဖြစ်သည်။

ဦးခေါင်းကောင်းမွန်နေသော်လည်း မျက်နှာပြင်ကို အရှုံးပေးရ၏။

မျက်နှာပြင်ကောင်းမွန်သော်လည်း ကိုယ်ခန္ဓာကို အရှုံးပေးရ၏။

မျက်နှာပြင်မှ အပေါ်၊ အလယ်၊ အောက် ကောင်းမွန်နေမှသာ အင်္ဂါရုပ်ကောင်းသည်ဟု ခေါ်ဆိုနိုင်၏။

ထို့ကြောင့် သင်သည် လူတစ်ဦးကို စစ်ဆေးကြည့်ရှုမည်ဆိုပါက စားဝတ်နေရေး အဆင်ပြေမပြေကို သွားကိုလည်း စစ်ဆေးကြည့်ရှုရပါမည်။

ဘုန်းကံရှိသော သူ၏ ကိုယ်ခန္ဓာသည် ဦးခေါင်းကြီး၊ နဖူးမြင့်၊ နားထင်အသားအရေပြည့်၊ နှာခေါင်းကောင်း၊ မေးစေ့ပါ အသားအရေပြည့်သူဖြစ်၏။

မျက်နှာလေးထောင့်ရှိပြီး နားရွက်ကြီးသူသည်လည်း အလုပ်အကိုင်အဆင်ပြေနေသောသူပင် ဖြစ်၏။

မျက်ခုံးမြင့်ပြီး မျက်လုံးရှည်လျားစွာ ရှိနေလျှင်လည်း ရာထူးအဆင့်အတန်းမြင့်သူပင် ဖြစ်၏။

မည်းနက်ထင်ရှားသော မျက်ခုံးရှိပြီး နားထင်နားထိ ရှည်လျားစွာပေါက်ရောက်နေသူသည်လည်း ရိုးသားဖြောင့်မတ်စွာ နေထိုင်မည့်သူဖြစ်၏။ ထိုလူမျိုးကိုမူ ဩဇာရှိသူဟု မခေါ်ဆိုနိုင်ပါ။ အလုပ်ကြိုးစားလုပ်ကိုင်သူ ဖြစ်၏။

နေနှင့် လဟု တင်စားခေါ်ဆိုထားသော မျက်စိသည် အရောင်အဆင်း တောက်ပနေလျှင် လူညံ့တစ်ယောက် မဟုတ်ပါ။

လက်သီးဆုပ်တစ်ဆုပ်စာမျှ ဝင်နိုင်အောင် ကျယ်ဝန်းသော ပါးစပ်ရှိသူသည် အာဏာရှိမည့် အကြီးအကဲတစ်ယောက် ဖြစ်နိုင်၏။ ထိုလူမျိုးများသည် မျက်နှာပြင်ကျယ်ပြန့်စွာ ရှိနေလျှင် လက်အောက်ငယ်သား

များကို စိမ်အုပ်ချုပ်နိုင်၏။

မြေခွေးကဲ့သို့ အသံထွက်နေသူသည် သေခါနီး၌ အသက်ငင်နေသူ ဖြစ်၏။

ခြေဖဝါးအောက်တွင် လိပ်ကျောက်ကုန်းမှ အကွက်ကဲ့သို့ အရေးအကြောင်းပါနေလျှင် ဌာနတစ်ခုကို အုပ်ချုပ်ရသော အရာရှိကြီးဖြစ်နိုင်၏။

❒

## အသက်ရှည်နိုင်သည့် အင်္ဂါရုပ်ပုံစံ

ကြည်လင်တောက်ပနေသော နဖူးပြင်သည် ညီညာကျယ်ပြန့်၍ ကြီးနေပြီး အရိုးများ ပေါ်နေသကဲ့သို့ထင်ရ၍ ရှည်သော မျက်ခုံးမွေး ရှိပြီး မျက်နှာပြင်အသားအရေ ထူနေ၏။ အသံသည်လည်း ဟိန်း၍ နေရ၏။ ကျောကုန်းကျယ်ပြန့်၍ အသားအရေထူနေကာ နောက်စေ့မှ အရစ်သည် ကန့်လန့်ရှိပြီး ညီညာသောသွား၊ ကြီးမားသော အောက်မျက်ရိုးရှိ၏။ လမ်းလျှောက်လျှင် တည့်မတ်စွာလျှောက်၍ ကြည်လင်သော မျက်စိရှိ၏။ အပင်ကျဲ၍ ရှည်လျားစွာပေါက်နေသော ဆံပင်ရှိပြီး တည့်မတ်သော နှာခေါင်း၊ အသားအရေထူနေသော မေးစေ့ စသည်တို့သည် အသက်ရှည်မည့် အင်္ဂါရုပ်များပင် ဖြစ်ကြ၏။

နားရွက်ရှည်လျှင်လည်း အသက်ရှည်၏။

နားရွက်အသားအရေ ထူနေလျှင်လည်း ဘုန်းကံရှိ၏။

လည်စလုတ်ကြီးနေသူသည်လည်း ကောင်းစားနိုင်၏။

နားရွက်အသားအရေထူပြီး မြင့်၍ရှည်နေသော သူသည်လည်း အသက်ရှည်၏။

နားရွက်မှ အရိုးရှည်နေလျှင်လည်း အသက်ရှည်၏။

လေးထောင့်ပါးစပ်သည် ညီညာလှပနေလျှင်လည်း အသက်ရှည်၏။

(အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ နိမ့်ပြီးရှည်နေလျှင်လည်း အသက်ရှည်၍ ညဏရှိ၏။) စိတ်စေတနာကောင်းမွန်၍ ကြင်နာသနားစိတ်ရှိ၏။

အိပ်နေလျှင် မောဟိုက်သလို မထင်ရဘဲ လမ်းလျှောက်လျှင် ဖြည်းညင်းသက်သာစွာ လျှောက်သူ၊ အိပ်နေလျှင် ကွေးကောက်နေသူ၊ ထိုင်နေလျှင်လည်း ခဲဆွဲထားသကဲ့သို့ မထချင်သူသည်လည်း အသက်ရှည်မည့် အင်္ဂါရုပ်များပင် ဖြစ်ကြ၏။

အိပ်လျှင် ဟောက်သံထွက်သူသည် အသက်မရှည်ပါ။

အစားစားလျှင် လျှင်မြန်စွာ စားသောက်တတ်သူသည် အသက်မရှည်ပါ။ ဖြည်းညင်းစွာ စားသောက်ပါမှ အသက်ရှည်၏။

❐

## အသက်တိုမည့် အင်္ဂါရုပ်ပုံစံများ

ထိုအင်္ဂါရုပ်ပုံစံရှိသူများကို ကြည့်လိုက်လျှင် တခြားပုံစံများနှင့် လုံးဝ မတူညီဘဲ ကွဲပြားခြားနားစွာ တွေ့ရှိရတတ်၏။

စကားပြောနေစဉ် မျက်နှာအရောင် ပြောင်းလဲသွားသူသည် အသက်တို၏။

မျက်နှာပြင်မှ အသားအရေ မစိုပြည်ဘဲ မည်းကွက်နေသူသည် မိန်းမလိုက်စားသူ ဖြစ်၏။ ထိုလူမျိုး၏ မျက်နှာပြင်တွင် အစိမ်းရောင်၊ အပြာရောင်များသည် စွဲမြဲစွာ ရှိနေ၏။ ထိုအကြောင်းများကြောင့် အသက်တို၏။

အသားအရေ ပျော့ပျောင်း၍ ခါးကျောရှည်ကာ ကိုယ်ခန္ဓာ သေးငယ်နေပြီး ပခုံးနှစ်ဖက်သည်လည်း ချိုင့်ကွက်နေ၏။

အပေါ်နှုတ်ခမ်းတိုပြီး သွားအတွင်းသို့ ပြန်၍ဝင်ကာ ကိုယ်ခန္ဓာနှင့် ခြေထောက်များ ကြီးမားပြီး ပျော့၍နေသော လည်ပင်းများရှိနေလျှင် အသက်တိုမည့် အင်္ဂါရုပ်ပုံစံများပင် ဖြစ်၏။

(ခါးကျောရှည်လျားသူသည် စိတ်ထားမမှန်သူ ဖြစ်၏။ ထိုလူမျိုးများသည် အလုပ်အကိုင်တည်ငြိမ်မှု မရှိပေ။)

ပက်လက်လှန်အိပ်တတ်သော အကျင့်ရှိပြီး ဒူးခေါင်းကွေးကာ မျက်စိဖွင့်၍ အိပ်ပျော်နေသူ၊ ပင်ပန်းနွမ်းလျသည့်ပုံစံရှိပြီး မျက်နှာပြင်တွင်

အမည်းကွက်များ ရှိနေလျှင်လည်း အသက်တိုမည့် အင်္ဂါရုပ်များပင် ဖြစ်၏။

ယောကျာ်းနှင့် ပုံစံတူသော မိန်းမသည်လည်း အသက်တို၏။

လမ်းလျှောက်လျှင် လက်ကိုးရိုးကားရားလျှောက်ပြီး ကိုယ်ခန္ဓာပါ ခါယမ်းနေ၍ ခြေထောက်ပါ ခါးယမ်းကာ အသားအရေ ပိန်ခြောက်၍ နေလျှင်လည်း အသက်တို၏။

ကိုယ်ခန္ဓာ ဝဖြိုးသောသူ၏ နဖူးပေါ်တွင် အရေးအကြောင်းများ ရှိလျှင် အသက်တို၏။

မျက်ခုံးသေးပြီး နဖူးပြင်မို့မောက်ကာ မျက်လုံးအဝါရောင် မျက်နှာပြင် အစိမ်းရောင်ရှိပြီး အပေါ်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းများပါ မည်းနေသော လူမျိုးများသည် သေမလိုလို ရှင်မလိုလိုနှင့် ပြန်၍ ကျန်းမာလာတတ်၏။

ငါးကဲ့သို့ မျက်စိဖြစ်ခဲ့ပြီး မျက်စိကြီးနေလျှင် လူအထင်ကြီးမည့်သူ ဖြစ်၏။ မျက်လုံးအရောင်ကောင်းသော်လည်း အခြားနေရာများ ချွတ်ယွင်း နေလျှင်လည်း အသက်တို၏။

နားရွက်၏ နောက်ဘက်တွင် အသားအရေပါးပြီး အကြောမပေါ် လျှင် ငယ်ရွယ်စဉ် သေဆုံးတတ်၏။

နဖူးပြင်ပေါ်တွင် အရိုးမပေါ်ဘဲ မျက်တောင်မွေးပါ မရှိလျှင်၊ နှာခေါင်းသည်လည်း အရိုးမပေါ်ဘဲနေလျှင်၊ ခြေဖနောင့်ကြောလည်း မပေါ်လွင်လျှင်၊ လက်ပြင်တွင် အသားအရေနည်းပါးလျှင် ဝမ်းဗိုက်တွင် လည်း အရေးအကြောင်းမရှိလျှင် ထိုလူမျိုးများသည် အသက်မရှည် ကြပါ။ ၂၄ နှစ် သို့မဟုတ် ၅၆ နှစ် အရွယ်ထိ အိမ်ထောင်မပြုနိုင်ကြပါ။

မျက်နှာပြင် အသားအရေ ပြည့်ဖြိုးပြီး ကြီးမားနေလျှင် စိတ်ပူပင် သောကရောက်မည့်လူပင် ဖြစ်၏။

မျက်နှာပြင် ရှုံ့တွနေပြီး ကြောက်လန့်နေသယောင်ထင်ရသော

မျက်နှာရှိလျှင် စိတ်တည်ငြိမ်မှု မရှိသည့်သူပင် ဖြစ်၏။

အသားအရေ ပြည့်ဝစွာ မထင်ရှိဘဲ မျက်စိပါ ရှည်ပြီး မျက်နှာတို နေလျှင်လည်း မကောင်းပါ။

ကြည့်လိုက်လျှင် ဌေးဝိုင်နေသော အမူအရာရှိပြီး မျက်လုံးအရောင် မတောက်ဘဲ အရိုးအကြောများ ပျော့နေသကဲ့သို့ရှိပြီး ကိုယ်ခန္ဓာရှည်ကာ မျက်နှာတိုနေသူသည် အသက်မရှည်ပါ။

ကိုယ်ခန္ဓာရှည်ပြီး ဦးခေါင်းသေးနေလျှင်လည်း အသက်တို၏။

နှာခေါင်းကောက်ပြီး အပေါ်နှုတ်ခမ်းအရောင်ခြောက်နေသူလည်း လူ့ပြည်တွင် ကြာကြာမနေရပါ။

အသံသေးငယ်လွန်းသော သူသည်လည်း အသက်တိုတတ်၏။

စက္ကူကဲ့သို့ နားရွက်ပါးသော သူသည်လည်း အသက်တို၏။

ကြွက်နားရွက်ရှိသူသည်လည်း ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရပြီး အသက်တို၏။

နားရွက်ပါးပြီး အကြောမမြင်ရသူလည်း မကြာခင်သေဆုံးတတ်၏။ (အသက်ရှည်မည့်အင်္ဂါရှပ်ရှိသူသည် နားရွက်မှ အရိုးများ ကြီးမားနေရမည်။)

နားရွက်မှ အရောင်မည်းနေလျှင် အသက် ၂၀ ထိသာ နေရ၏။

နားရွက်နှစ်ဖက် အတွင်းပိုင်းမှ အရောင်မည်းနေလျှင် လမ်းဘေးတွင် ထိခိုက်မိပြီး သေဆုံးရလိမ့်မည်။

နားရွက်အကြောများ မည်းနေလျှင် အသက်မရှည်ပါ။

မျက်ခုံးမွေးနှစ်ဖက် ဆက်နေလျှင်လည်း အသက်မရှည်ပါ။

မျက်လုံးအပြင်ထွက်နေသကဲ့သို့ နေသူသည်လည်း အသက် မရှည်ပါ။

ငါးမျက်စိရှိသူသည်လည်း အသက်တို၏။

လမ်းလျှောက်လျှင် မြွေကဲ့သို့သွားသူလည်း အသက်တို၏။

အသားအရေ ဖြူဆွတ်ပြီး အရောင်ခြောက်ကပ်၍နေလျှင်လည်း အသက်မရှည်ပါ။

ပါးပြင်ပေါ်တွင် ကြက်ခြေခတ်အရာ ပါခဲ့လျှင်လည်း အသက်တို၏။

မျက်နှာပြင်ကို ကြည့်လိုက်လျှင် နေကောင်းသလိုလို မကောင်းသလိုလို ထင်ရသူသည် ပင်ပန်းကြီးစွာ လုပ်ကိုင်ရပြီး ဆင်းရဲ၍ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးလိမ့်မည်။

အသားအရေ ပျော့အိနေသော နှာခေါင်းရှိလျှင် ဆင်းရဲဒုက္ခ ရောက်သူ ဖြစ်၏။ သို့မဟုတ်ပါက စောစီးစွာ သေဆုံးတတ်၏။

နှာခေါင်းမှ အသားအရေ များပြီး အရိုး မပေါ်သူသည်လည်း အသက်တို၏။

အရောင်ဝါပြီး ခြောက်သွေ့နေသော ဆံပင်ရှိလျှင်လည်း ဆင်းရဲဒုက္ခရောက်နေသူ သို့မဟုတ်လျှင် သေဆုံးခါနီးလူပင် ဖြစ်ရမည်။

ကိုယ်ခန္ဓာဝဖြိုးနေသူသည် လည်စလုတ်ကြီးနေလျှင် အသက်တို၏။

ကျောရိုးချိုင့်ခွက်ပြီး အရိုးများ အထစ်ထစ်ပေါ်နေပါကလည်း အသက်တို၏။

အပေါ်နှုတ်ခမ်းအလယ်ချိုင့်ရာတွင် အလွန်မြင့်မောက်နေလျှင် အသက်တို၏။

အပြင်ဘက်သို့ သွားခေါ၍ထွက်နေသူသည် ခရီးဝေးသွားလျှင် သတိနှင့်သွားပါ။ ခရီးထွက်ရင်း သေနိုင်သည်။

လည်စလုတ်ကြီးပြီး ခါးကျောရှည်၍ ခြေထောက်ပါရှည်နေသူသည် ခရီးသွားရင်းနှင့် တစ်နယ်တစ်ကျေးတွင် သေနိုင်၏။

ပခုံးနှစ်ဖက် နိမ့်လျှောကျနေလျှင် အသက်တိုတတ်၏။

ချက်အပြင်သို့ စူထွက်နေသော သူသည် ငယ်ရွယ်စဉ် သေဆုံးတတ်၏။

မျက်ခုံးနှစ်ဖက်သည် ကုပ်၍ နိမ့်ဆင်းစွာ ပေါက်နေလျှင် မကောင်းပါ။ အင်္ဂါရုပ်ပုံစံ ပျက်သည်ဟုခေါ်၏။ စားဝတ်နေရေး ဆင်းရဲဒုက္ခရောက်တတ်၏။

မျက်နှာပြင် အရောင်ပျော့ပြီး ကိုင်ကြည့်လိုက်၍ အေးစက်နေလျှင် ထိုသူသည် မလွယ်ကူတော့ပါ။

တစ်ကိုယ်လုံး အရိုးများပေါ်ပြီး အသားအရေလည်း မပွေ့နွေးဘဲ နေလျှင် အသက် ၄၀ ထိသာ နေရတတ်၏။

ဦးခေါင်းသေး၍ နဖူးကျဉ်းနေလျှင် ၃ နှစ်၊ ၆ နှစ် သို့မဟုတ် ၉ နှစ်၊ ၁၂ နှစ် ၁၆ နှစ် အထိသာ အသက်ရှည်၏။

အသက် ၈ နှစ်နှင့် ၉ နှစ်တွင် နဖူးပြင်မှ အကြော ပေါ်လွင်နေရမည်။

နောက်စေ့တွင် ပြားနေလျှင် အသက် ၆ နှစ် ၈ နှစ်ကို မကျော်ပါ။

မျက်နှာပြင်ပေါ်တွင် ပန်းရောင်ကဲ့သို့ နီရဲနေပြီး အသားအရေပါးနေလျှင် အသက် ၁၉ နှစ် မှ ၂၅ နှစ် ထိ သာ နေရလိမ့်မည်။

မျက်လုံးအဖြူရောင်နည်းပြီး အမည်းများနေကာ နားထင်ကြော မပေါ်လွင်ဘဲ နားရွက်အသားအရေ ထူနေလျှင်လည်း အသက် ၂၀ ထိသာ နေရလိမ့်မည်။

မျက်နှာပြင် သေးငယ်ပြီး မျက်ခုံးတိုနေလျှင် အသက် ၂၅ နှစ်ထိ နေရမည်။

မျက်ခုံးမွေးပါးပြီး အောက်နှုတ်ခမ်းအပေါ်သို့ တက်နေသူ၏ မျက်စိသည် အိပ်ငိုက်နေသကဲ့သို့ ထင်ရလျှင် ထိုလူမျိုးမှာ အပေါ်နှုတ်ခမ်းတို၍နေလျှင် အသက် ၂၇၊ ၂၈၊ ၂၉ နှစ်ထိသာ နေရတတ်၏။

မျက်ခုံးမွေးတိုပြီး ပါးနေကာ မေးစေ့ရှည်နေလျှင် အသက် ၃၁ မှ ၄၀ ထိသာ နေရလိမ့်မည်။ ထိုလူမျိုးသည် မျက်စိပါအရောင်အဆင်း မရှိပေ။ ၄င်းပြင် အပေါ်နှုတ်ခမ်းမှာ လန်၍ တက်နေ၏။ ယောကျ်ား ဖြစ်လျှင် တိုက်ခိုက်လုယက် စားသောက်ပြီး အသေဆိုးနှင့် သေတတ်၏ ။

အမျိုးသမီးဖြစ်လျှင် လွယ်ကူစွာ သားမဖွားနိုင်ဘဲ သေဆုံးတတ်၏။

မျက်စိသည် အပြင်သို့ မထွက်ဘဲ အတွင်းဝင်နေကာ မျက်ခုံးမွေးပါ ကြမ်းတမ်းစွာ ရှိနေသူသည် မေးစေ့ရှည်နေလျှင် အသက် ၃၃ မှ ၃၄ နှစ်ထိသာ နေရလိမ့်မည်။

မျက်နှာပြင်ပေါ်တွင် လေးထောင့်ကွက်နေရာပေါ်နေလျှင် အသက် ၃၅၊ ၃၉၊ ၄၁ နှစ်ထိသာ အများဆုံး နေထိုင်ရလိမ့်မည်။ နှာခေါင်း ရိုးမညီညာဘဲ နားထင်ကြောပါ မပေါ်လျှင် အသက် ၄၀ မကျော်ပေ။

မျက်လုံးသေးပြီး နားထင်ကြောထူ၍ မျက်ခုံးသေးနေလျှင် အလွန်ဆုံး နေရလျှင် အသက် ၄၀ နှစ်ထိ။

အင်အားမရှိသလို၊ အရိုးမရှိသလို ဖြစ်နေလျှင် အသက်တို၏။

စကားပြောလျှင် လေသံပျော့ပြီး မျက်နှာအရောင်ခြောက်နေလျှင် အသက်မကြီးပါ။ (ငယ်ရွယ်စဉ်တွင် အရောင်မရှိလျှင် သေနိုင်၏။)

ကိုယ်ခန္ဓာပေါ်တွင် အရောင်မတောက်ဘဲ ခြောက်သွေ့နေလျှင် ဆင်းရဲဒုက္ခရောက်၏။

မျက်နှာပြင်တွင် အရောင်အနည်းငယ်ပေါ်နေလျှင် အသက် ၃၉ နှစ်ထိသာ နေရလိမ့်မည်။

မျက်နှာအသားအရေ ပါးသူ အသက် ၃၀ ထိသာ နေရတတ်၏။

မျက်စိနှစ်ဖက် အရောင်မကြည်လင်ဘဲ နားထင်ရိုးပါ မြင့်တက်နေလျှင် အသက်မရှည်ပါ။

မျက်နှာပြင်တွင် အသားမရှိသကဲ့သို့ ထင်ရသူသည် အရုပ်ရှည်နေသော်လည်း အသက်မရှည်ပါ။

ကိုယ်ခန္ဓာအရှေ့ပိုင်းကောင်းပြီး နောက်ပိုင်း ပုံစံမကောင်းလျှင် အသက်တို၏။

ပါးစပ်ဖွင့်ဟပြီး အိပ်တတ်သော အကျင့်ပါရှိသူသည် ရေဘေး အန္တရာယ် တွေ့ကြုံရတတ်၏။

မျက်စိ နှစ်လုံးကြီးပြီး အရောင်မရှိလျှင် အသက်တို၏။

အိပ်ငိုက်လျှင် အိပ်မက် အမြဲတမ်း မက်လေ့ရှိသူ ၄၉ နှစ်သာ နေရ၏။

အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းများ ကျုံ့နေပြီး ငေးငိုင်နေသော အမူအရာရှိလျှင် အသက် ၃၁ ထိ မပိုပါ။

မျက်နှာပြင်ပေါ်တွင် ဖုန်မှုန့်ကပ်နေသကဲ့သို့ အရောင်မည်းနေသော သူ၏ မိသားစုများသည် တစ်ဆက်တည်း သေဆုံးတတ်၏။

ဘယ်ဘက်က မျက်စိနှင့် ညာဘက်က မျက်စိအရောင် မည်း၍ နေလျှင် နံနက် သို့မဟုတ် ညနေတွင် သေဆုံးလိမ့်မည်။

အသက် ၂၀ အရွယ်ရှိသော လူ၏ လည်ပင်းသည် အသားအရေ အလွန် ပြည့်ဝစွာ ရှိနေလျှင် အသက် ၃၀ ထိ မပိုပါ။

အသက် ၃၀ တွင် မျက်ခုံးမွေး တစ်ပင်ရှည်၍ ထွက်လာလျှင် အသက် ၄၀ မကျော်နိုင်ပါ။

စကားပြောလျှင် ထစ်ငေါ့နေပြီး ငေးငိုင်နေသော ပုံစံရှိနေလျှင် မကြာခင် သေဆုံးလိမ့်မည်။

❒

## ဆင်းရဲသည့် ပြချက်များ

မျက်နှာပြင်ပေါ်တွင် ဖုန်ကပ်နေသကဲ့သို့ အရောင်အဆင်းများ မည်းနေလျှင် ဆင်းရဲသူ ဖြစ်၏။ ပခုံးမှ အသားအရေ ပါးနေသူသည်လည်း ဆင်းရဲသူ ဖြစ်၏။

နှာခေါင်းအပေါက်ဝ ကျယ်နေလျှင်လက်ထဲတွင် ပိုက်ဆံမမြဲသူပင် ဖြစ်၏။

မျက်နှာပြင် အသားအရေ နည်းပါးသူသည်လည်း ဆင်းရဲသူ ဖြစ်၏။

ကျားမျက်ခုံးရှိသော သူများသည် ငွေရေး ကြေးရေးတွင် ကျပ်တည်း၏။

မျက်ခုံးနက်ပြီး ဖြက်ထူ၍ ထမင်းစားလျှင် အစာမျို၍ မဝင်သော အသံထွက်ပြီး အသားအရေ အရောင်ခြောက်နေသူသည် တစ်သက်လုံး မချမ်းသာနိုင်သောသူပင် ဖြစ်၏။

မျက်စိ အလုံးကြီးပြီး အရောင်မတောက်သော လူများသည် မိမိ လုပ်ကိုင်သမျှသော လုပ်ငန်းများကို စိတ်တိုင်းမကျ ဖြစ်တတ်၏။

ကိုယ်ခန္ဓာပိန်၍ နေပြီး အရိုးများ ပေါ်လွင်နေလျှင် ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရ၏။

လမ်းလျှောက်နေစဉ် ခါးရိုးပေါ်နေသူသည် ဆင်းရဲသော သူပင် ဖြစ်၏။

စကားပြောလျှင် အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းများမှ အတွင်းသားများပေါ်နေလျှင် စီးပွားရေးကျဆင်းနိုင်၏။

ကြက်အသည်းရောင်ကဲ့သို့ရှိသော နှုတ်ခမ်းပိုင်ရှင်များသည် ဆင်းရဲတတ်၏။

ရင်အုပ်သေးပြီး ကိုယ်ခန္ဓာမရှည်လျှင် နာမည်ကောင်းမရပါ။

ကြမ်းတမ်းသောဆံပင်သည် အပင်ကြီးနေလျှင် အိုဇာတာမကောင်း။

နှုတ်ခမ်းပေါ်တွင် အရေးအကြောင်းများပါရှိခဲ့လျှင် အလုပ်အကိုင်အဆင်မပြေ ဖြစ်တတ်၏။

ကျောကုန်းတွင် အသားအရေ ထူထပ်စွာရှိပြီး ရင်တွင် အသားအရေနည်းပါးနေလျှင် အိုဇာတာညံ့မည့်သူပင် ဖြစ်၏။

မျက်နှာသေးပြီး ကိုယ်ခန္ဓာ အသားအရေ ကြမ်းတမ်းစွာ ရှိနေလျှင် ဆင်းရဲ ပင်ပန်းကြီးစွာ လုပ်ကိုင်ရပြီး တစ်ကိုယ်တည်းသမားပင် ဖြစ်လိမ့်မည်။

ခါးသေးနေသောသူများကို မိသားစုနှင့် တကွဲတပြားစီ နေရမည့်လူ ဟုခေါ်သည်။

နှုတ်ခမ်းအလွန်ပါးချပ်နေသူသည်လည်း အိုဇာတာ ကောင်းမည့်လူ မဟုတ်ပေ။

မျက်စွန်းမှ ငါးအမြီးနှစ်ခွသည် အလွန်နက်စွာပေါ်နေလျှင် လိုအင်ဆန္ဒမပြည့်ဝသော သူပင် ဖြစ်၏။

နှုတ်ခမ်းနှစ်ဖက်၏ အစွန်းများသည် အောက်ဘက်သို့ ကုပ်၍ကျနေလျှင် စိတ်ထားညံ့ဖျင်းသောသူ ဖြစ်နိုင်၏။

ကျောရိုးတွင် အသားအရေမရှိသူသည် အသုံးအစွဲများ၍ စီးပွားရေးကျဆင်းမည့်သူပင် ဖြစ်နိုင်၏။

အင်္ဂါရုပ်ပညာသည် ကြည့်လိုက်လျှင် ကေန် မလွဲပါ။ သေချာစွာစစ်ဆေးကြည့်ရှုပါမှ တိကျကောင်းမွန်စွာ ဟောပြောနိုင်ပါမည်။

❐

## လုပ်ငန်းအကြံအစည်များ အောင်မြင်မည့် ပြချက်

လူ၏ ကိုယ်ခန္ဓာ၊ မျက်နှာပြင်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး လုံးဝ မတူညီကြပါ။ ကောင်းသော၊ ဆိုးသော ပြချက်များနှင့်အပေါ်၊ အလယ်၊ အောက်တစ်ကိုယ်လုံး စသည်တို့ကို သေချာစွာ စစ်ဆေးပါ။ မျက်နှာပြင် အသားအရေ ကြည်လင်ပြီး စိုပြည်နေသူသည် အလုပ်အကိုင် အဆင်ပြေသူ ဖြစ်၏။ အနီရောင်၊ အဝါရောင်များ မျက်နှာပြင်ပေါ်တွင် ပေါ်လွင်နေသူသည် ငွေကြေးအဆင်ပြေမည့်သူ ဖြစ်၏။

ကိုယ်ခန္ဓာဝဖြိုးနေသူလည်း စားဝတ်နေရေး ဖူလုံသူဖြစ်နိုင်၏။

စကားပြောသော အသံကြည်လင်ပြီး ဟိန်းနေသူလည်း အဆင့်အတန်းမြင့်စွာ နေထိုင်ရသူဖြစ်၏။

နားရွက်အရောင်ဖြူပြီး မျက်နှာပြင်ပေါ်သို့ပါ အဖြူရောင် ရောက်ရှိနေလျှင် ချမ်းသာနိုင်၏။

မျက်နှာလေးထောင့်ပုံစံရှိပြီး မျက်ကွင်းရှည်နေလျှင် အဆင့်အတန်းမြင့်စွာ နေထိုင်ရမည့်သူ ဖြစ်၏။

စည်းစနစ်ကျစွာ နေထိုင်တတ်သူသည် လိုအင်ဆန္ဒ ပြည့်ဝနိုင်၏။

လက်ဖဝါးနှင့် ခြေဖဝါး အသားအရေ နူးညံ့နေလျှင် အလုပ်ကြမ်းတစ်သက်လုံး မလုပ်ကိုင်ရဘဲ အေးဆေးသက်သာစွာ နေထိုင်စားသောက်

ရမည့်လူပင် ဖြစ်၏။

ရုပ်ရည်ချောမောပြီး အသားအရေ စိုပြည်ကြည်လင်နေလျှင်လည်း ချမ်းသာနိုင်၏။

မျက်ခုံးမွေးပါးပြီး လှပညီညာစွာ ရှိနေလျှင်လည်း ချမ်းသာသောသူ ဖြစ်လိမ့်မည်။

ကိုယ်ခန္ဓာတွင် အသားအရေ ပြည့်ဖြိုးပြီး အရိုးများ မပေါ်လွင်သူ သည် တစ်သက်လုံး ချမ်းသာနိုင်၏။

အင်္ဂါရုပ်ပုံစံကောင်းမွန်မှသာလျှင် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး အဆင်ပြေနိုင်၏။ သို့သော်လည်း လူတချို့သည် ချမ်းသာပြီးမှ ဆင်းရဲရ၏။ ဆင်းရဲပြီးမှ မည်သည့်အတွက်ကြောင့် ချမ်းသာကြသနည်း။ တချို့တွင်လည်း ဩဇာအာဏာရှိနေပြီး တချို့တွင် ကျဆင်းသွားရ၏။

မည်သည့်အတွက်ကြောင့် ထိုအကြောင်းအရာများ ဖြစ်ပေါ်လာရ သည်ကို အဖြေရှာရမည်ဆိုလျှင် ကိုယ်ခန္ဓာသည် ဇာတာပင်ဖြစ်၏။

အရပ် ၇ ပေ ရှိသောသူသည် မျက်နှာတစ်ပေမျှ မရှိခဲ့လျှင် ညံ့တတ် ၏။

နဖူးဇာတာတွင် ကျယ်ပြီး ကြည်လင်နေလျှင် အိုဇာတာကောင်း၏။ အောက်မေးရှူးနေပြီး နဖူးပြင်ကျဉ်းနေလျှင် အသက် (၃၀) အရွယ်တွင် ငွေကြေးအခက်အခဲနှင့် ကြုံတွေ့ရပြီး ပင်ပန်းကြီးစွာ လုပ်ကိုင် ရ၏။

နှာခေါင်းသေးပြီး နှာခေါင်းပေါ်တွင် အကွက်ပေါ်နေကာ အိပ်ငိုက် နေသကဲ့သို့ ပုံစံပေါ်လျှင် ကျန်းမာရေးညံ့တတ်၏။

နာမည်ကြီးမည့်သူ၏ အသံသည် ဟိန်းနေသော အသံဖြစ်ရမည်။

လမ်းလျှောက်လျှင် ဦးခေါင်းရှေ့သို့ ဦးစွာ မထွက်သူသည် အလုပ် အကိုင် အဆင်မပြေသူ ဖြစ်၏။

စကားပြောသော အသံမြင့်ပြီး ကျယ်လောင်စွာ ပြောဆိုတတ်

သူသည် ငွေကြေးမပြည့်စုံသောသူ ဖြစ်နေလျှင် မကြာခင်ပြန်လည်၍ အဆင်ပြေလာပါလိမ့်မည်။

အသက်ကြီးနေသော်လည်း မျက်နှာပြင် နုပျိုစိုပြည်နေသူသည် ထူးခြားသော အင်္ဂါရုပ်ပိုင်ရှင် ဖြစ်၏။ ထိုလူမျိုးများသည် များသော အားဖြင့် ချမ်းသာကြ၏။

နှာခေါင်းဘေးနှစ်ဖက်မှ အရေးကြောင်း ပါးစပ်တွင်းသို့ ဝိုက်ပြီး ဝင်သွားလျှင် ဆင်းရဲဒုက္ခရောက်တတ်၏။

စကားပြောသော အသံကွဲအက်နေလျှင် စီးပွားရေး မကြာခင် ကျဆုံး လိမ့်မည်။

ခြေဖဝါးအောက်တွင် မှဲ့များစွာရှိသူသည် အလွန်ကောင်းစားမည့် လူမျိုးများပင် ဖြစ်၏။ ငယ်ရွယ်စဉ်ကတည်းက ရာထူးအဆင့်အတန်း မြင့်မားစွာ နေထိုင်ရ၏။

ဦးခေါင်းသေးပြီး နားထင်သေးသူ၊ နားရွက် အသားအရေပါးသူ၊ ကိုယ်ခန္ဓာ အသားအရေ ကြမ်းသူ၊ နှုတ်ခမ်းသေးသူ၊ ကိုယ်ခန္ဓာတွင် သွေးသားအရောင်မရှိသကဲ့သို့ ထင်ရသူ၊ ကွဲအက်နေသော အသံရှိသူ ၊ ပခုံးနှစ်ဖက်နိမ့်လျောကျနေသူ၊ ခြေတံရှည်သူ၊ မျက်ခုံးနှစ်ဖက်ကျဉ်းပြီး ကျုံ့နေသူ၊ ကြွက်ကဲ့သို့ စားသောက်တတ်သူ၊ မြွေကဲ့သို့ လမ်းလျှောက် တတ်သူ၊ မျက်နှာပြင် ဝါသူ၊ ဆိတ်နှုတ်ခမ်းကဲ့သို့ နှုတ်ခမ်းချွန်နေသူ၊ အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ထိပ်နှစ်ဖက် အောက်ဘက်သို့ ကုပ်၍ ကျနေသူ၊ အသားအရေဖြူပြီး ပြာနေသူ၊ လည်းပင်းသေးသူ၊ ကျောကုန်းတွင် နိမ့်ချိုင့်နေသူ၊ ရင်ဘတ်သေးသူ၊ နဖူးမကောင်းသူ၊ ခြေဖဝါး လက်ဖဝါး အသားအရေ ပါးနေသူ၊ မျက်နှာအရောင် ခြောက် ကပ်နေသူများသည် အားလုံး ဆင်းရဲသည့် ပုံစံများပင် ဖြစ်၏။

ကိုယ်ခန္ဓာသေးပြီး အသားအရေကြမ်း၍ ရုပ်အလွန်ဆိုးသူ၊ နဖူးချွန်

နေသူ၊ ဝမ်းဗိုက်ကြီးပြီး ကျယ်၍ ခါးသေးနေသူ၊ ရင်ဘတ်ရိုးမြင့်တက်နေသူ၊ ကိုယ်ခန္ဓာ ရှည်ပြီး အသံအစ်ကာ လျှာအပြင်သို့ ထွက်သူ၊ ကိုယ်ခန္ဓာကြီးပြီး လက်သေး ခြေထောက်သေးသူ၊ လမ်းသွားလျှင် ခြေသံမကြားရသူများသည် အားလုံးဆင်းရဲ၏။

နှာခေါင်းကြီးပြီး ပြားကပ်၍ ဖွေစောင်းနေသူ၊ အောက်မျက်ခုံးအလွန်မြင့်တက်နေသူများသည်လည်း ဆင်းရဲဒုက္ခရောက်မည့်သူများပင်ဖြစ်၏။

မျက်နှာပြင်အသားအရေ ခြောက်ကပ်နေသော၊ ငိုမဲ့နေသည့် ပုံစံရှိပြီး ထိုင်နေလျှင် တည်ငြိမ်စွာမထိုင်ဘဲ ကိုယ်ခါယမ်းနေသူ၊ လမ်းလျှောက်လျှင် ဦးခေါင်းသည် ခြေလှမ်းထက် ကျော်သူ၊ အသားအရောင်မကောင်းသော သူ၊ နှုတ်ခမ်းမွေး ဝါပြီး အရောင်ခြောက်ကပ်နေသူ၊ မျက်ခုံးမွေးတိုသူများသည် ဆင်းရဲတတ်၏။

နားရွက်မာသူသည်လည်း ဆင်းရဲစွာ လုပ်ကိုင်ရ၏။

ဦးခေါင်း နိမ့်နေသူသည်လည်း ဆင်းရဲသူ ဖြစ်နိုင်၏။

လက်ဖဝါးပြင် အသားအရေ ကြမ်းတမ်းမာကျောနေသူသည်လည်း ဆင်းရဲရ၏။

လက္ခဏာအရေးအကြောင်း ကန့်လန့်စင်းများနေလျှင်လည်း စိတ်ထားမကောင်းသူ ဖြစ်ပြီး တစ်ကိုယ်တည်း နေထိုင်ရတတ်၏။

နှာခေါင်းအရောင်မည်းပြီး အသားအရေပါးနေလျှင်လည်း ဆင်းရဲဒုက္ခရောက်သောသူ ဖြစ်၏။

နှုတ်ခမ်းအရောင်ခြောက်နေလျှင် သူတစ်ပါး၏အိမ်တွင် အခိုင်းအစေ ဖြစ်နိုင်၏။

နှာခေါင်းကောက်ကွေးပြီး မျက်နှာပြင် အသားအရေ မပြည့်ဝဘဲ ဖွေစောင်း၍ ကြည့်တတ်သော အကျင့်ရှိသူသည်လည်း အခိုင်းအစေပင်

ဖြစ်လိမ့်မည်။

လျှာသေးပြီး တိုနေလျှင် သစ္စာ သမာဓိရှိ၏။

မျက်နှာသေးပြီး ကိုယ်ခန္ဓာ အသားအရေ ကြမ်းတမ်းစွာ ရှိနေလျှင် ဆင်းရဲသူ သို့မဟုတ် ဆင်းရဲစွာ မိသားစုနှင့် တကွဲတပြားစီ နေထိုင်ရမည့်သူပင် ဖြစ်၏။

လမ်းလျှောက်လျှင် ကိုယ်ခန္ဓာစွေစောင်း၍ သွားလာတတ်သူလည်း ဆင်းရဲတတ်၏။

ရင်ဘတ်အသားအရေများပြီး ကျောကုန်းအသားအရေပါးသူသည်လည်း ဆင်းရဲတတ်၏။

နို့အုံ (ကြေးပြားစေ့ခန့်) အလွန်သေးငယ်သော အမျိုးသမီးများတွင် ရွှေတစ်မတ်သားပင် ပြည့်အောင် မရှိပါ။

မျက်စိနှစ်လုံး အရောင်အဆင်း မှေးမှိန်နေသူသည်လည်း ဆင်းရဲသူပင် ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းများ ရှုံ့တွနေသူသည် စားစရာသာလျှင် ရှိပြီး ဝတ်စရာ အပို မရှိပါ။

မျက်နှာပြင်တွင် ဖုန်ကပ်နေသကဲ့သို့ အရောင်အဆင်းရှိသူများသည် ဘေးအန္တရာယ် အလွန်များ၏။

နဖူးပြင်ကို မပေါ်လွင်အောင် ဆံပင်များ နိမ့်ဆင်းစွာ ပေါက်နေသူသည် မတော်လောဘကြီးသူ တစ်ယောက်ပင်ဖြစ်၏။

နှုတ်ခမ်း ထိပ်ဖျားနှစ်ဖက် အောက်သို့ ကုပ်ကျနေလျှင် စားဝတ်နေရေး မလွယ်ကူပါ။

အဝါရောင်၊ အဖြူရောင်ရှိသော ဆံပင်များသည် လိပ်ပြီး ကောက်ကွေးနေပါက မိမိမွေးမြေတွင် မနေထိုင်ရဘဲ တစ်မြို့တစ်ရွာတွင် သွားရောက် နေထိုင်ရလိမ့်မည်။

နဖူးပြင်ပေါ်တွင် အရေးကြောင်းများ မညီမညာရှိသူသည်လည်း ဆင်းရဲရ၏။

ရင်ဘတ်ရိုး မြင့်ပြီး (ကြက်ရင်ဘတ်) စာကလေးကဲ့သို့ သေးငယ်သော ဝမ်းဗိုက်ရှိလျှင် ဆင်းရဲဒုက္ခ ရောက်ပြီး လမ်းဘေးတွင် နေထိုင်ရ၏။

ပခုံးနှင့် ခါးတို့တွင် အသားအရေ နည်းပါးပြီး ချိုင့်ကွက်နေသူသည် တစ်ကိုယ်တည်း ဆင်းရဲကျပ်တည်းစွာဖြင့် နေထိုင်ရလိမ့်မည်။

ဦးခေါင်းချွန်ပြီး အသားအရေ ပါးနေလျှင်လည်း တစ်သက်လုံး ဆင်းရဲစွာ နေထိုင်ရလိမ့်မည်။

လက်ဖမိုးနှင့် ပခုံးနှစ်ဖက်ပေါ်တွင်ပါ အကြောများပေါ်နေသူသည် လည်း တစ်သက်လုံး ဆင်းရဲတတ်၏။

ပခုံးနှစ်ဖက်နှင့် ခြေထောက်တို့တွင် အသားအရေ ပါးသူသည် အစားအသောက် မဝတဝ စားရမည့်လူပင် ဖြစ်၏။

ရင်ဘတ် အရိုးမြင့်မောက်နေလျှင် ဆင်းရဲ၏။

အပေါ်နှုတ်ခမ်း အဖြူရောင်ရှိပြီး သွား အဝါရောင် ရှိသူသည် ဆင်းရဲလွန်း၍ စားစရာပင် မရှိသူ ဖြစ်၏။

နို့သီးခေါင်း အသားအရေ မရှိဘဲ မျက်နှာပြင်ပေါ်မှ အပေါ်၊ အလယ်၊ အောက် မညီညွတ်လျှင် ဆင်းရဲ ကျပ်တည်းစွာ တစ်ဦးတည်း နေထိုင်ရပြီး ကျန်းမာရေး ချို့ယွင်းကာ အသက်တိုတတ်၏။

မျက်ခုံးမွေး မပေါက်သူသည် ချမ်းသာပျော်ရွှင်မှု မရှိနိုင်ပါ။

မျက်နှာပြင်တွင် အသားအရေ မရှိဘဲ ခြောက်ကပ်၍နေလျှင် မိမိ အိမ်ထောင်ကိုပင် စွန့်ခွာ ထွက်ပြေးရလိမ့်မည်။

ပါးစပ်သေးငယ်ပြီး အသံခြောက်နေသူသည် အမြဲတမ်း အဆင်မပြေသူ ဖြစ်၏။

မျက်ရည်ခံ နေရာတွင် နိမ့်ပြီး အရောင်မည်းနေသူသည် စီးပွားရေး ကျဆင်း ဆုတ်ယုတ်လိမ့်မည်။

နှာခေါင်းစောင်းသူ၊ နားရွက် ပြောင်းပြန် ဖြစ်နေသူသည် နေစရာ အိမ်မရှိပါ။

နှာခေါင်း ထိပ်ဝများသည် ဖိုခုံလောက်ဆိုင် သုံးခု သဏ္ဍာန်မျိုး ရှိလျှင် နေထိုင်စရာ အိမ်ရာ လုံးဝမရှိသူပင် ဖြစ်၏။

နှာခေါင်းကောက်နေလျှင် စီးပွားဥစ္စာဆုတ်ယုတ်တတ်ပြီး အသက် တို၏။

နှာခေါင်းသုံးဆင့်မှ ကောက်ကွေးနေလျှင် မိဘဆွေမျိုး၊ ညီအစ်ကို မောင်နှမများအား ခိုက်၏။ တစ်ကိုယ်တည်းလည်း နေထိုင်ရလိမ့်မည်။

နားရွက်တစ်ဖက် အသားအရေ ပါးပြီး ကားနေလျှင် မိမိ နေထိုင် သော အိမ်ရာ ဆုံးရှုံးလိမ့်မည်။

နားရွက်နှစ်ဖက်စလုံး အသားအရေပါးပြီး ကားနေပါက ရှိသမျှ စည်းစိမ်ကုန်ဆုံးလိမ့်မည်။

အသံကွဲအက်နေသော သူများသည် အိမ်ထောင်ရေးတွင် အဆင် မပြေကြပါ။

ကျီးကန်းအသံနှင့်တူသော အသံရှိနေလျှင် ရှိသမျှ စည်းစိမ်ကုန်ဆုံး တတ်ပြီး တစ်ဦးတည်း ဆင်းရဲစွာ နေထိုင်ရလိမ့်မည်။

နားထင်နှင့် နဖူးပြင်ပေါ်တွင် အရောင်မည်းနေလျှင် တစ်ကိုယ် တည်း သမားဖြစ်၏။

ပါးစပ်ပေါက် ကျဉ်းသူသည် တစ်ကိုယ်တည်းသမား ဖြစ်နိုင်၏။

နှာခေါင်းချွန်ပြီး အသားအရေ ပါးနေသူသည် သားသမီး မရှိ။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းများ တွန့်နေသူသည်လည်း တစ်ကိုယ်တည်းသမားပင် ဖြစ်၏။

စကားပြောသော အသံကျယ်ပြီး စာကလေးကဲ့သို့ ခုန်၍ လမ်းလျှောက်တတ်သူသည်လည်း တစ်ဦးတည်း နေထိုင်ရ၏။

ကိုယ်ခန္ဓာကြီးပြီး ငေးငိုင်နေတတ်လျှင် သားသမီးမရှိသူ၊ လူပိန်ပြီး မျက်နှာရှည်လျှင်လည်း သားမယား မရှိသူ ဖြစ်၏။ မျက်ခုံးမွေး ကြမ်းပြီး ဖြက်ကျယ်စွာ ပေါက်နေလျှင်လည်း အိုဇာတာညံ့သူ ဖြစ်၏။

မျက်ခုံးရိုး အပြင်သို့ မောက်ကြွနေပြီး မေးစေ့ကြီးနေလျှင်လည်း တစ်ကိုယ်တည်းသမားပင် ဖြစ်၏။

နဖူးပြင်ပေါ်မှ အရေးအကြောင်း တစ်ကြောင်းသည် အပ်တစ်ချောင်းကဲ့သို့ ဖြောင့်တန်းနေပြီး မျက်ခုံးမွေးများသည်လည်း ရှုပ်ထွေး၍ ကြမ်းတမ်းစွာပေါက်နေလျှင် တစ်ယောက်တည်းနေထိုင်ရသူပင် ဖြစ်လိမ့်မည်။

နိမ့်ချိုင့်ရာ များစွာရှိပြီး ကြီးမားသော နှာခေါင်းနှင့် နိမ့်နေသယောင်ထင်ရသော မျက်နှာပြင်၊ ကျောပြင်နှင့် အသားအရေပါးပြီး ချိုင့်ခွက်ကာ ခါးသေး၊ ဝမ်းဗိုက်သေး၊ လက်ဖမိုး အကြောပေါ်နေသူသည် တစ်ကိုယ်တည်း သမား (သို့မဟုတ်) ရဟန်းသံဃာများပင် ဖြစ်၏။

မျက်စိအရောင် မှေးမှိန်၍ မျက်လုံးသေးငယ်သူသည် တစ်သက်လုံး အားကိုးအားထား မရှိသူပင် ဖြစ်၏။

မျက်ရည်ခံ နိမ့်ပြီး ချိုင့်နေလျှင် မကြာခဏ မျက်ရည်ကျရလိမ့်မည်။

ဦးခေါင်းထိပ်ချွန်ပြီး မေးစေ့ချွန်နေသူ အိုဇာတာညံ့၏။

❐

## လူဆိုး သူခိုးများကို ကြည့်ရန် ပြချက်များ

ထိုသူများ၏ အင်္ဂါရုပ်ကို သေချာစွာ စစ်ဆေးကြည့်ပါ။ အကယ်၍ အင်္ဂါရုပ်ပုံစံဆိုးနေလျှင် စိတ်ဓာတ်ပါဆိုး၏။ တချို့သည် ကြည့်လိုက်လျှင် စိတ်သဘောထား အလွန်ကောင်းမည့်ပုံစံ ရှိနေကြသော်လည်း လက်တွေ့တွင်မူ စိတ်ထား အလွန်ညံ့ဖျင်းတတ်၏။ သင်သည် ထိုအချက်များကို လက်တွေ့ကျကျ သိရှိနားလည်လိုသော် မျက်စိအရောင်ကို ဦးစွာခွဲခြားနိုင်လျှင် သိရှိပါလိမ့်မည်။

မျက်စိကို ကြည့်လိုက်လျှင် အရက်မူးသမားကဲ့သို့ ပုံစံမျိုးထင်ရလျှင် လူဆိုးလူမိုက်ဖြစ်၏။

အက်ကွဲနေသော ကြေးစည်သံကဲ့သို့ အသံရှိပြီး ခန္ဓာကိုယ်ခါယမ်း၍ လမ်းလျှောက်တတ်သူ သည်လည်း လူဆိုး လူမိုက်များပင် ဖြစ်၏။

သုံးထောင့်မျက်စိ ပိုင်ရှင်သည်လည်း စရိုက်ကြမ်းတမ်း၏။

ကြက်မျက်စိ ရှိသူသည်လည်း စိတ်သဘောထားမြန်ဆန်၏။

မျက်နှာပြင်ပေါ်မှ အသားအရေ ကန့်လန့် ရှိနေလျှင်လည်း လူဆိုး

ဖြစ်၏။ သို့သော်လည်း တချို့သည် မဟုတ်မခံစိတ်ခတ်ရှိပြီး ရိုးသား ဖြောင့်မတ်ကြ၏။

ခေါ်ပုံစံနှင့် တူသော မျက်ခုံးမွေး ရှိသူများသည် လူ့ခွစာများပင် ဖြစ်သည်။ ၎င်းတို့သည် မျက်နှာထားပါ တည်ကြည်တတ်၏။

သွေးကြောများ ရဲရဲတောက်နေသော မျက်စိ ရှိသူများသည် လူဆိုး လူမိုက် မျက်နှာများနှင့် တူနေသော်လည်း ၎င်းတို့မှာ စိတ်သဘောထား ရိုးဖြောင့်ကြ၏။

ရင်အရိုး အပြင်သို့ ထွက်နေသော လူမျိုးများသည် မိဘဖြစ်သူကိုပင် ရိုသေလေးစားလိမ့်မည် မဟုတ်ပါ။

ရင်အရိုးအတွင်းသို့ ချိုင့်ဝင်နေပြီး အကွက်ရာရှိနေလျှင် ဆင်းရဲ ရပြီး စိတ်ထားညံ့သူ ဖြစ်၏။

ရင်အရိုး မြင့်တက်နေသော လူမျိုးများသည် သူခိုးဓားပြများပင် ဖြစ်လိမ့်မည်။ သို့သော်လည်း နှာခေါင်းပေါ်တွင် ဓားတစ်ချောင်း၏ ပုံစံကဲ့သို့ အရေးကြောင်းပေါ်လွင်နေလျှင်မူ စိတ်သဘောထားကောင်းမွန် သောသူပင် ဖြစ်၏။

သွားပေါ်နေပြီး အပေါ်နှုတ်ခမ်းတို၍ နေလျှင် စိတ်သဘောထား ညံ့ဖျင်းတတ်၍ ထိုလူမျိုးများနှင့် ခင်မင်ရင်းနှီးစွာ မနေပါနှင့်။

နှာခေါင်းချွန်ပြီး နားထင်ရိုးမောက်နေသူသည် အလွန်ဆိုးသွမ်း သူပင် ဖြစ်၏။

ပျားကဲ့သို့မျက်စိရှိပြီး မြေခွေးကဲ့သို့ အသံရှိသူသည်လည်း လိမ် ကောက်ပြီး စိတ်ကြမ်းတမ်းသူပင် ဖြစ်၏။

လူဝံကဲ့သို့ လမ်းလျှောက်ပြီး မြေခွေးကဲ့သို့ ကြည့်တတ်သူသည် လူသတ်သမားပင် ဖြစ်၏။

မျက်စိပုံစံ အလွန်ရုပ်ဆိုးပြီး နှာခေါင်းပါကောက်နေသူသည် စိတ်

ထားညှံ့သူပင် ဖြစ်၏။

မြေခွေးကဲ့သို့ သွားပြီး ကျားကဲ့သို့ စားသောက်တတ်သူသည် သူလုပ်သမျှကို မည်သူမျှ မသိရပါ။ ၎င်းမှာ လူဆိုး လူမိုက်ကြီးပင် ဖြစ်၏။

ကြက်မျက်စိရှိသူသည် စိတ်သဘောထား မြန်ဆန်တတ်ပြီး အပြိုင်အဆိုင်လုပ်ရသော လုပ်ငန်းများကို နှစ်သက်တတ်၏။

မြွေကဲ့သို့ လမ်းလျှောက်တတ်သူသည် ကြောက်စရာအလွန်ကောင်း၏။ ထိုလူမျိုးများနှင့် အပေါင်းအသင်း မပြုလုပ်ပါနှင့်။

ဆံပင် ရှုပ်ယှက်ခပ်နေသော လူမျိုးများသည် ကတိသစ္စာ မတည်ပါ။

လူဆိုးလူမိုက်များသည် ပျားကဲ့သို့ မျက်စိရှိပြီး အစားအသောက်ကို ကျားကဲ့သို့ စားတတ်၏။

မြွေကဲ့သို့ မျက်စိရှိပြီး ကိုယ်ခန္ဓာ အသားအရေ ကြမ်းတမ်းလျှင်လည်း လူဆိုးလူမိုက်ပင် ဖြစ်၏။

မျက်နှာကြီးပြီး နှာခေါင်း လုံးဝ မပေါ်သူလည်း သူခိုးဖြစ်နိုင်၏။

ကိုယ်ခန္ဓာတွင် အရိုးများ ကြမ်းတမ်းစွာ ပေါ်လွင်နေပြီးအသားအရေ မပြည့်ဝသူလည်း လူဆိုး လူမိုက်ပင် ဖြစ်နိုင်၏။

ပါးစပ်ကျယ်ပြီး နှုတ်ခမ်းသား မပါရှိဘဲ အစားစားရာတွင်လည်း လျင်မြန်စွာ စားသောက်တတ်သူသည်လည်း မကောင်းသော လူပင် ဖြစ်၏။

ရင်ဘတ်အရိုး အလွန်မာနေပြီး အသံသည်လည်း မိန်းမသံကဲ့သို့လည်းကောင်း၊ ယောကျ်ားသံကဲ့သို့ လည်းကောင်း၊ အက်နေသော အသံကဲ့သို့ လည်းကောင်း၊ အရေးကြီးနေသောအသံကဲ့သို့လည်းကောင်း လေသံမထွက် တထွက်နှင့် ပြောသော အသံကဲ့သို့ပါ ပြောဆိုတတ်သူများသည်လည်း လူဆိုးလူမိုက်များပင် ဖြစ်နိုင်၏။

သို့သော်လည်း စိတ်သဘောထားမကောင်းသူများသည် များသော

အားဖြင့် ဦးခေါင်းရှူးပြီး နားထင်ချိုင့်ခြင်း၊ နှာခေါင်းမပေါ်လွင်ဘဲ ပါးစပ်သည်လည်း ကျုံ့နေကြပါသည်။

စာကလေးကဲ့သို့ ဝမ်းဗိုက်ရှိပြီး ကြွက်ကဲ့သို့ မျက်စိနှင့် လူဝံကဲ့သို့ သွားတတ်သူ၊ ကြွက်မျက်စိ၊ ပုစွန်မျက်စိရှိသူတို့သည် ကြည့်လိုက်လျှင် ခွေးကဲ့သို့ လည်းကောင်း၊ ဝက်ကဲ့သို့လည်းကောင်း ကြည့်တတ်သူ၊ အဖြူများ အမည်းနည်းသော မျက်စိရှိသူ လူမျိုးများသည် စောင်းကြည့်သူ၊ ခိုး၍ ကြည့်တတ်သူ၊ အောက်ငုံ့ကြည့်သူနှင့်လျှောက်ပြီး ကြည့်တတ်သော သူများသည် မရှိဆင်းရဲသားများပင် ဖြစ်၏။

သုံးထောင့်မျက်စိရှိလျှင် လူဆိုးဖြစ်နိုင်၏။

အသားအရေ ကြမ်းသူစိတ်ထားပါ ညံ့တတ်၏။

အသားအရေကြမ်းပြီး အသံပါ ဟိန်းနေလျှင်လည်း လူဆိုးပင် ဖြစ်နိုင်၏။

လက်မှ အသားအရေ ကြမ်းတမ်းပြီး လက်သည်း မပါရှိသူသည်လည်း သူတော်ကောင်း မဟုတ်ပါ။

ဆံပင်အမျှင်စိပ်ပြီး များပြားစွာ ပေါက်နေသူသည် မသမာသော သူပင် ဖြစ်၏။

❒

## ကျန်းမာရေးချို့ယွင်းပြီး သေဆုံးမည့်ပြချက်များ

သင်သည် လူတစ်ယောက်၏ ကျန်းမာရေးကို ကြည့်ရှုလိုလျှင် ဦးစွာ ပထမနားထင်ကို အဓိကထား၍ ကြည့်ရှုရပေမည်။

နားထင်ပေါ်တွင် အစိမ်းရောင် မည်းမှုပေါ်လွင်နေသည်ကို သေချာ ကျနစွာ ခွဲခြားကြည့်ရှုပါ။

နဖူးပေါ်တွင် အသားအရေခြောက်ပြီး ဝါနေသူများသည် အဖျား အနာရှိ၏။ သို့မဟုတ်ပါက စကားများ ရန်ဖြစ်တတ်၏။

နဖူးပြင်ပေါ်တွင် အစိမ်းရောင် ပေါ်လွင်နေလျှင် ဖျားနာတတ်၏။

မျက်ခုံးမွေးနှစ်ဖက်သည် ခြောက်ပြီး အဝါရောင် ဖြစ်နေလျှင် သေဆုံး နိုင်၏။

မျက်ခုံးမွေး၏ အပေါ်နားတွင် အစိမ်းရောင်ပေါ်နေလျှင် ဇနီးသည် ကျန်းမာရေးညံ့၏။

အပေါ်မျက်ခွံပေါ်တွင် အစိမ်း၊ အမည်းရောင်များရှိပြီး အသားအရေ ခြောက်ကပ်နေလျှင် သားသမီးများ၏။ အသက်အန္တရာယ် စိုးရိမ်ရ၏။

နားထင်ထိပ်တွင် အပြာရောင်၊ အမည်းရောင် ပေါ်နေလျှင် ဖျားနာ တတ်၏။

အမည်းရောင် တစ်မျိုးတည်း ပေါ်လွင်နေလျှင် ဝမ်းဗိုက်နာမည့် ပြချက်ပင် ဖြစ်၏။

ထိုကဲ့သို့ အမျိုးသမီးများ ဖြစ်ပေါ်နေလျှင် ရာသီမကောင်းသည့် ပြချက်ပင် ဖြစ်၏။

နားထင်ထိပ်တွင် မဲ့ပါရှိနေလျှင် လိပ်ခေါင်းရောဂါ ရှိနိုင်၏။

နားထင်ထိပ်တွင် အရေးအကြောင်းအနည်းငယ် တန်းမတ်၍ ပေါ်နေလျှင် မကြာခင် သေဆုံးနိုင်၏။

နားထင်ထိပ်နားတွင် အရောင်ခြောက်ကပ်နေလျှင် မကြာခင် ဖျားနာလိမ့်မည်။

နားထင်ထိပ်နားတွင် အဝါရောင်၊ အမည်းရောင်ကဲ့သို့ အရောင်ပေါ်နေသူသည်လည်း သေဆုံးနိုင်၏။

ပါးစပ်ထောင့်တွင် အဝါရောင် ပေါ်လွင်နေသူသည်လည်း သေဆုံးလိမ့်မည်။

ကျန်းမာရေးမကောင်းသည့် လူသည် ကျန်းမာရေးကောင်းနေသည့် ပုံစံမျိုး ဖြစ်ပေါ်နေလျှင် မျက်စိအရောင်တောက်နေပါက ပြန်လည်၍ ကျန်းမာလာနိုင်သော်လည်း မျက်စိအရောင် မှေးမှိန်နေလျှင် သေဆုံးလိမ့်မည်။

□

## လက္ခဏာ၏ ပြချက်များ

လက်ညှိုးအပေါ်တွင် လေးထောင့်ကွက် ပါရှိနေလျှင် ထူးကဲ၍ ဩဇာအာဏာရှိသည့်ပုဂ္ဂိုလ် ဖြစ်၏။

လက်ချောင်းအဆစ်များပေါ်တွင် သခွားစေ့ကဲ့သို့ ကျွန်းသဏ္ဍာန် ပါရှိနေလျှင်လည်း ဌာနကြီးတစ်ခုကို အုပ်ချုပ်ရသော အရာရှိကြီး ဖြစ်နိုင်၏။

လက်သည်းပေါ်တွင် အနီရောင်လွန်စွာ ပေါ်နေလျှင် စီးပွားရေး အဆင်ပြေလိမ့်မည်။

လက်သည်း မရှိသူဖြစ်လျှင် ဆင်းရဲဒုက္ခရောက်၏။

လက်သည်းပါးနေသူများသည် အသက်တို၏။

လက်သည်းချွန်ပြီး ရှည်သော လူမျိုးများမှာ ဉာဏ်ကောင်းသူဖြစ်ပြီး တစ်သက်လုံး စားဝတ်နေရေး ပြေလည်လိမ့်မည်။

လက်ချောင်း၏ပထမ အဆစ်ပိုင်းပေါ်တွင် ကြက်ဥပုံသဏ္ဍာန် အရေးအကြောင်း ပါရှိနေသူများသည် ထိထိုးလျှင် ထိပေါက်လိမ့်မည်။

လက်သန်းမှ အသားအရေ နည်းပါးနေသူသည် ရိုးသားပြီး ဆင်းရဲ ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရသူပင် ဖြစ်၏။

## လက်ဝါးပြင်ပေါ်မှအမှတ်အသားများ




လက်ချောင်း ၁၀ ချောင်းစလုံးသည် တို၍နေပြီး အသားအရေ ထူကာ အရောင်အသွေးပါ ကြည်လင်နေလျှင် ချမ်းသာကြွယ်ဝသူပင် ဖြစ်၏။

သန့်ရှင်းကြည်လင်၍ အရောင်အဆင်း ကောင်းမွန်သော လက် မရှိသူ အသက်ရှည်၏။

လက်ခလယ်ဖြောင့်တန်းပြီး အသားအရေ ပြည့်ဝ စိုပြည်ကြည်လင်နေလျှင် စားဝတ်နေရေး အဆင်ပြေ၏။

လက်ခလယ်သည် အဆစ်ကြီးနေပြီး အရောင်အဆင်းမည်းနေလျှင် ဆင်းရဲတတ်၏။

လက်ချောင်းများ တိုပြီး ကြောင်လက်သည်းကဲ့သို့ ရှိနေလျှင်မူ အလွန်ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာရှိသည့် လူမျိုးပင် ဖြစ်၏။

အသားအရေစိုပြည်ပြီး အရောင်အသွေး ကောင်းမွန်သော လက်ချောင်းများရှိနေလျှင် အကြံဉာဏ်ကောင်းမွန်သော်လည်း စီးပွားရေးတွင်မူ အဆင်မပြေသောသူပင် ဖြစ်၏။

လက်ချောင်းများ၏ အဆစ်များပေါ်တွင် သေးငယ်သော အရေးကြောင်း များစွာ ပါရှိနေသူသည် စာပေပညာတွင် ထူးချွန်ပြီး နာမည်ကြီးမည့်သူပင် ဖြစ်၏။

လက်ချောင်းများ သေးငယ်နေပြီး မညီညာလျှင် တစ်ကိုယ်တည်းသမား ဖြစ်နိုင်၏။

လက်ချောင်းများသည် စေ့၍ နေပြီး အသားအရေ ပြည့်ဝနေကာ လက်ဖမိုးပေါ်တွင်လည်း အကြောမပေါ်သော လူမျိုးများသည် အလွန်ချမ်းသာသောသူ ဖြစ်၏။

လက်ချောင်း အဆစ်များပေါ်မှ အရေးအကြောင်းများ ပြတ်တောင်းစွာ ဖြစ်ပေါ်နေသောသူ၏ ဆွေမျိုးများသည် ဘေးဒုက္ခနှင့် တွေ့ကြုံရတတ်သည်။

ဦးခေါင်းသေးပြီး လက်ချောင်းများ မညီညာဘဲ ကောက်ကွေးနေလျှင် ခရီးဝေးသွားလျှင် အသက်အန္တရာယ် စိုးရိမ်ရတတ်၏။

လက်ချောင်းများ တို၍နေပြီး ကောက်ကွေးနေကာ အသားအရေမပြည့်ဝလျှင် ဆင်းရဲဒုက္ခ ရောက်တတ်၏။

လက်သန်းသေးပြီး ဇွဲစောင်းနေသူမျိုးများသည် ဆင်းရဲဒုက္ခရောက်ပြီး အသက်တို၏။

လက်သန်းတိုနေသူမျိုးများသည် စားဝတ်နေရေး အဆင်မပြေကာ ဘေးရန် များ၏။

ဆင်းရဲစွာ အလုပ် လုပ်ကိုင်ရပြီး မိဘထံမှ အမွေရသူဖြစ်လျှင်လည်း ကုန်ဆုံးတတ်သည်။

တစ်ကိုယ်တည်း စိတ်ဆင်းရဲစွာဖြင့် နေထိုင်ရပြီး ဆွေမျိုးများကပင် မကြည်ဖြူကြပေ။

လက်ချောင်းများစေ့၍ အပေါက်မမြင်ရလျှင် ငွေကြေးစုဆောင်းမိပြီး လက်ချောင်းများကြားတွင် အပေါက်မြင်နေရလျှင် ငွေကြေး စုဆောင်း၍ မရပေ။

လက်ချောင်းမှ အသားအရေများ မာကျောစွာရှိနေလျှင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရ၏။

လက်ချောင်းအဆစ်များပေါ်မှ အရေးအကြောင်း နှစ်ကြောင်းပါရှိသူသည် စီးပွားရေးလုပ်ငန်းတွင် အဆင်ပြေ၏။

လက်ခလယ်ချောင်းရှည်နေလျှင် စားဝတ်နေရေး အဆင်ပြေပြီး တို၍ နေလျှင်မူ အဆင်မပြေ ဖြစ်တတ်သည်။

လက်ခလယ်ချောင်းသည် တခြား လက်ချောင်းများထက် အဆမတန် ရှည်နေလျှင် ဉာဏ်ပညာ အလွန်ကောင်းသူ ဖြစ်၏။

တို၍ နေလျှင်မူ စိတ်သဘောထား ညံ့ဖျင်းတတ်၏။

လက်သန်းသည် လက်မထက် ပို၍ ကြီးနေလျှင် သူတစ်ပါး အပေါ်တွင် စိတ်သဘောထားကောင်းမွန်သူ ဖြစ်ပြီး ထိုသူ၏ မိဘများသည် စားဝတ်နေရေး အဆင်ပြေရုံသာ ရှိလိမ့်မည်။

လက်သန်းကြီးပြီး လက်ညှိုးသေးနေလျှင် ငယ်စဉ်ကတည်းက

ဆင်းရဲတတ်၍ အသက် ၄၀ အရွယ်ရောက်မှ သားသမီး ရရှိနိုင်၏။

လက်သန်းသည် လက်ခလယ်ထက် ပို၍ကြီးနေလျှင် စားရေးသောက်ရေး အဆင်ပြေ၏။

လက်သည်းထူသော သူသည်လည်း အလုပ်အကိုင် အဆင်ပြေ၏။

လက်ချောင်းထိပ်များ မညီညာဘဲ ဖွေစောင်းနေကာ အမည်းရောင်၊ အဝါရောင်များ ဖြစ်ပေါ်နေလျှင် စီးပွားရေး ဆုတ်ယုတ်၏။ ထိုကဲ့သို့ လက်ချောင်းငါးချောင်းစလုံးတွင် ဖြစ်ပေါ်နေလျှင် ဆင်းရဲဒုက္ခ ရောက်တတ်၏။

လက်ချောင်းများသည် စေ့၍မနေဘဲ လက်ဖမိုးပေါ်တွင်လည်း အဖုအထစ်များ ဖောင်းကြွနေသူမျိုးများသည် အိမ်ထောင်ဖက် မရှိသောသူများပင် ဖြစ်၏။

လက်ဖဝါးပြင် အလယ်တည့်တည့်တွင် နိမ့်ချိုင့်၍နေလျှင် အမှုအခင်းဖြစ်သော်လည်း အောင်မြင်နိုင်၍ အလုပ်အကိုင်များပါ အဆင်ပြေနိုင်၏။

လက်မဖွေစောင်းနေသူမျိုးများသည် အလုပ်ကြမ်း လုပ်ကိုင်ရပြီး ဆင်းရဲဒုက္ခ ရောက်တတ်၏။

လက်ခလယ် စောင်းနေသူသည် လူ့ခွစာများပင် ဖြစ်၏။

လက်ညှိုး စောင်းနေသူများမှာ သားသမီး ဖြစ်သူများနှင့် အတူတကွ မနေထိုင်ရဘဲ တကွဲတပြားစီ နေထိုင်ရလိမ့်မည်။

လက်မ အလွန်ကြီးသူများသည် အသက်ရှည်ပြီး မိဘအမွေများစွာ ရရှိနိုင်၏။

လက်မ တိုနေသူများမှာ မယားကြောက်သူပင် ဖြစ်၏။

လက်ခလယ်သည် လက်ညှိုးထက် ပိုမို၍ တိုပြီး နေသူမျိုးများသည် အဆင့်အတန်း နိမ့်ကျစွာ နေထိုင်ရတတ်၏။ အမျိုးသမီးများဆိုလျှင်

မိန်းမပျက်များ ဖြစ်နိုင်၏။

လက်သန်း အဆမတန် ရှည်နေသူများသည် လူလိမ် လူကောက်များပင် ဖြစ်၏။

လက်သန်းတို့၌ နေပြီး အောက်ခြေတွင် စေ့၍ မနေဘဲအပေါက်မြင်နေရလျှင် ငွေကြေး စုဆောင်း၍ မရပါ။

အပေါ်ဆစ်မှ အပေါက်မြင်နေရလျှင် ဆွေမျိုး ညီအစ်ကိုမောင်နှမများကို အားကိုး၍ မရ။

လက်ချောင်းများသည် ကြီးပြီး သွယ်တန်း၍ အသားအရေ ချောမွေ့နေလျှင် ငွေကြေးချမ်းသာသူ ဖြစ်၏။

လက်ချောင်းများ ပထမအဆစ်၏ အပေါ်တွင် အရေးကြောင်းတစ်ကြောင်းပါနေလျှင် စာပေ ပညာနှင့် ထူးချွန်နိုင်၏။

လက်ညှိုး အဆမတန်ရှည်၍နေလျှင် မင်းစိုးရာဇာများ၏ လက်အောက်တွင် အမှုထမ်းရမည်။

လက်ချောင်းလေးချောင်းစလုံး အလွန်ရှည်၍ နေသူမျိုးများသည် မတော်လောဘစိတ် အလွန်များ၏။

လက်ခလယ် တိုနေသူသည်လည်း မိန်းမ ကြောက်ရလိမ့်မည်။

လက်ချောင်းများ ရှည်ပြီး ကန့်လန့်အရေးအကြောင်းများ ပါရှိနေသူမျိုးများသည် အလွန် စီးပွားရေး ဖြစ်ထွန်းနိုင်၍ သူတစ်ပါး၏ မနာလိုခြင်းကိုပင် ခံရတတ်၏။

ပုံစံပျက်၍နေသော လက်မရှိသူများမှာ စီးပွားရေး ကျဆင်းနိုင်၏။

လက်မ ပထမအဆစ်သည် ဖခင်ဖြစ်သူနှင့်သက်ဆိုင်၍ ဒုတိယအဆစ်သည် မိခင်ဖြစ်သူနှင့် သက်ဆိုင်၏။

ပထမအဆစ်မှ အရေးအကြောင်းသည် ဝိုက်၍နေလျှင် ဖခင်ဖြစ်သူအရင် သေဆုံးပြီး

ဒုတိယအဆစ်အောက်ဘက်တွင် အရေးကြောင်း ဝိုက်၍နေလျှင် မိခင်ဖြစ်သူ အရင်သေဆုံးနိုင်၏။

စာပေအတတ်ပညာနှင့်ပတ်သက်၍ လက်မ၏ဒုတိယ အဆစ် အလယ်တွင် အရေးကြောင်းရှိနေလျှင် စာပေအတတ်ပညာတတ် မြောက်သူ ဖြစ်၏။

လက်ညှိုးညီညာ၍ သွယ်တန်းနေမှသာ ကောင်း၏။ ကွေးကောင်း၍ ချိုင့်နေလျှင် မကောင်းပါ။ ကွေးကောင်းပြီး အပြင်ဘက်သို့ ယိမ်းယိုင်နေလျှင် မိမိမွေးရပ်မြေတွင် မနေထိုင်ရဘဲ ဆင်းရဲစွာဖြင့် တစ်နယ်တစ်ကျေးတွင် သွားရောက် နေထိုင်ရလိမ့်မည်။

လက်ခလယ် ကွေးကောင်း၍နေလျှင်မူ စားဝတ်နေရေး အဆင်ပြေနိုင်၏။

ထိပ်ပိုင်းချွန်၍ နေလျှင်မူ စီးပွားရေးတွင် ညံ့၏။ တို၍ နေလျှင် မိန်းမခိုက်၏။ ထို့ပြင် မိန်းမကြောက်ရပြီး စားဝတ်နေရေး အဆင်မပြေဖြစ်နိုင်၏။

လက်ခလယ် ကောက်၍နေလျှင် တစ်မြို့တစ်ရွာသို့ သွားရောက်ပြီး ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရ၏။

လယ်ခလယ် တိုပြီး ဒုတိယ အဆစ်တွင် အရေးကြောင်းများသုံး၊ လေးရစ်မျှ ရှိနေလျှင် ဆင်းရဲတတ်၏။

လက်ခလယ် အောက်ခြေမှစေ့၍ မနေဘဲ အပေါက်မြင်နေရလျှင် အိုဇာတာ ညံ့၏။

လက်သန်း၏ အရေးကြီးဆုံးအချက်မှာ အသားအရေ လှပပြီး ချောမွေ့နေရပေမည်။

ရှည်နေသော လက်သန်းဖြစ်လျှင် ကွေးကောင်း၍ မနေရပါ။ တို၍ နေလျှင်လည်း လှပစွာ ရှိနေရမည်။

ထိုသို့သော ပြချက်များ ရှိနေလျှင် အကောင်းဆုံး ပြချက်ပင် ဖြစ်၏။

လက်သန်းပေါ်တွင် အရေးကြောင်း တစ်ကြောင်းပါနေလျှင် အသက်ရှည်၏။

လက်ချောင်းလေးများသည် အသားအရေ ပြည့်ဝပြီး အရိုးမမြင်ရလျှင် စီးပွားရေး အဆင်ပြေမည့်သူပင် ဖြစ်၏။

အရိုးမြင်နေရလျှင်မူ စားဝတ်နေရေး အဆင်ပြေရုံသာ ရှိနိုင်၏။

လက်ချောင်းလေးချောင်းစလုံး အသားအရေ ပြည့်ဝပြီး တစ်ချောင်းတည်းသာ အရိုးမြင်နေရလျှင် အိုဇာတာညံ့၏။

လက်မ၏ ပထမဆစ် အရေးအကြောင်း အောက်တွင် အရေးအကြောင်းတစ်ကြောင်း တည့်မတ်စွာ ရှိနေလျှင် အလွန် ဩဇာရှိသူဖြစ်၏။

လက်ချောင်းများ အရိုးမပေါ်လွင်မှသာ ကောင်းမွန်၏။ အရိုးပေါ်လွင်နေလျှင် ဆင်းရဲဒုက္ခ ရောက်၏။

လက်ဖမိုးပေါ်တွင် အရိုးတစ်ချောင်းပေါ်လွင်နေလျှင် အိုဇာတာညံ့ပြီး အရိုးမမြင်ရဘဲ အရေကျဲကာ အသားထူနေလျှင် အရာရှိကြီးမဖြစ်ခဲ့သော် အလွန်ချမ်းသာလိမ့်မည်။

လက်ဖမိုးမာ၍ အသားအရေခြောက်ပြီး အကြောလေးများ ပေါ်နေသူမျိုးများသည် ဆင်းရဲသောသူ မဖြစ်လျှင် မကြာခင် သေဆုံးမည့်သူပင် ဖြစ်သည်။

လက်ဖဝါးပြင်ကြီးပြီး လက်သန်းသေးငယ်နေသူမျိုးများမှာ ပထမအရွယ်တွင် ငွေကြေးစုဆောင်း၍မရဘဲ ဒုတိယအရွယ်ရောက်မှ ငွေကြေးစုဆောင်း၍ ရနိုင်သည်။

လက်ဖဝါးပြင် အသားအရေနည်းပါးပြီး ချိုင့်ကွက်နေလျှင် မကောင်းပါ။

လက်ဖမိုး အသားအရေထူပြီး အရေးကြောင်းမပေါ်လျှင် ပထမ အရွယ်တွင် ငွေကြေး ကုန်ကျ များလိမ့်မည်။ အရေးကြောင်း ရှိပြီး အသားအရေပြည့်နေလျှင် အသက်ကြီးမှ စီးပွားရေး အဆင်ပြေနိုင်၏။

သေးငယ်သော လက်ရှိနေသော်လည်း လက်ဖမိုး ကျယ်ပြန့်နေလျှင် စားဝတ်နေရေး အဆင်မပြေ ဖြစ်တတ်၏။

လက်ဖဝါးပြင်ပေါ်တွင် အမည်းကွက်ပေါ်နေလျှင် မိမိလုပ်ကိုင်သော လုပ်ငန်းမှန်သမျှ အဆင်ပြေပြီး ချမ်းသာကြွယ်ဝလိမ့်မည်။

လက်ဖဝါးပြင်ပေါ်တွင် ကန့်လန့်စင်း တစ်ကြောင်းပါနေလျှင် မိန်းမ များလိမ့်မည်။

လက်ဖမိုးပေါ်တွင် ပေါ်တွင် ကန့်လန့်စင်းတစ်ကြောင်းပါရှိနေလျှင် ငွေကြေး ပြည့်စုံ၍ စိတ်ချမ်းသာမှု ရလိမ့်မည်။

လက်ဖမိုး၏ အရိုးအဆစ်များပေါ်တွင် အသားအရေ အလွန် ပြည့်မောက်နေလျှင် ဖျင်းရိသောသူ ဖြစ်သော်လည်း အကြံအစည် အလွန် ကောင်း၏။

လက်ဖမိုးပေါ်တွင် အဝါရစ်ရှိနေလျှင် အသက်ကြီးလျှင် ကျန်းမာ ရေး ကောင်း၏။

စနေဂြိုဟ်ခုံပေါ်တွင် ကြက်ခြေခတ်ပါနေလျှင် သူများမွေးစားခြင်းကို ခံရလိမ့်မည်။

လက်ဖဝါးပြင်အလယ်တွင် လေးထောင့်ပုံ ပါရှိနေလျှင် ပထမ အရွယ်တွင် အောင်မြင်မှု ရလိမ့်မည်။

၎င်းလေးထောင့် ပတ်လည်တွင် အရောင်များ ဖြာထွက်တောက်ပ နေလျှင် မကြာခင် သေဆုံးတတ်၏။

လေးထောင့်ကွက်၏ ညာဘက်မှ အရောင်မှိန်နေလျှင် ဆွေမျိုးများ ဒုက္ခရောက်တတ်၏။

လက်ဖဝါးပြင် အလယ်တွင် ကြက်ခြေခတ် ၆ ခု ပါရှိနေလျှင် တစ်သက်လုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ရပြီး မိန်းမ ပေါများလိမ့်မည်။

လက်ဖဝါးပြင် အလယ်တွင် ခက်ရင်းခွ ၄ ခု စီတန်းစွာ ပါရှိနေလျှင် မိမိကိုယ်ကို သတ်သေလိမ့်မည်။

လက်ချောင်းနှစ်ချောင်းကြား၏ အောက်ဘက်တွင် ကြက်ခြေခတ် ၃ ခု ဖိုခုံလောက်ဆိုင်ပေါ်နေလျှင် ဌာနကြီးတစ်ခုကို အုပ်ချုပ်ရသော အရာရှိကြီး ဖြစ်လိမ့်မည်။

လက်ဖဝါးပြင် အလယ်တွင် ကြက်ခြေခတ် ၄ ခု ကပ်၍ပေါ်နေလျှင် ညီအစ်ကိုမောင်နှမများ ချစ်ခင်စည်းရုံးမှုရှိပြီး ဩဇာအာဏာပါရှိတတ်၏။

အင်္ဂါဂြိုဟ်ခုံ (အဖို) ပေါ်တွင် စတုရန်း လေးထောင့်ကွက် ပါရှိနေလျှင် ရွှေတိုင်ဟုခေါ်သည်။ အလွန်ကောင်းစားသူပင် ဖြစ်၏။

လက်ဖဝါးပြင်အလယ်တွင် လေးထောင့်နှစ်ကွက်၊ သုံးကွက်မျှပါရှိသူမျိုးများသည် ချမ်းသာကြွယ်ဝကြ၏။ တစ်ကွက်ပါရှိနေလျှင်မူ လယ်ကေ တစ်သောင်းမျှ ရှိနိုင်၏။

လက်ဖဝါးပြင်အလယ်တွင် သံဆန်ခါကွက်ပါရှိနေလျှင် စိတ်မတည်ငြိမ်သူပင် ဖြစ်၏။

လက်ဖဝါးပြင်ပေါ်တွင် အပေါက်ရှိသော ကြေးပြားဝိုင်း ပုံသဏ္ဌာန် သုံးခုဖြစ်ပေါ်နေလျှင် အလွန်ချမ်းသာလိမ့်မည်။

လက်ဖဝါးပြင်အလယ်တွင် သုံးထောင့်ပုံ ဖြစ်ပေါ်နေလျှင် တစ်သက်လုံး ကျန်းမာရေးကောင်းသူပင် ဖြစ်၏။

လက်ဖဝါးပြင် အလယ်တွင် အပ်တစ်ချောင်းကဲ့သို့ အရေးကြောင်းပေါ်နေလျှင် ချမ်းသာပြီး အသက်ရှည်၏။

သောကြာဂြိုဟ်ခုံပေါ်တွင် အပ်တစ်ချောင်းကဲ့သို့ အရေးကြောင်း

တန်းမတ်စွာ ဖြစ်ပေါ်နေသော လူမျိုးများသည် မည်သည့်လုပ်ငန်းတွင် မဆို အများထက် ပိုမို၍ထူးချွန်စွာ လုပ်ဆောင်နိုင်စွမ်း ရှိ၏။

လက်ဖဝါးပြင်အလယ်တွင် အဝိုင်းသဏ္ဍာန်ပါရှိလျှင် ကူညီ စောင့် ရှောက်မည့်သူ ပေါများလိမ့်မည်။

ကိုယ်ခန္ဓာ ပိန်၍နေသော်လည်း လက်ဖဝါးပြင်၏ အသားအရေ ပြည့်ဖြိုးနေရမည်။

ကိုယ်ခန္ဓာ အသားအရေ ပြည့်ဖြိုးနေလျှင်လည်း လက်ဖဝါးပြင် ကြီးနေရ၏။

ကိုယ်ခန္ဓာငယ်နေလျှင် လက်ဖဝါးပြင်ပါ သေးငယ်နေရမည်။

လက်ဖဝါးပြင် ကြည်လင်စိုပြည်နေလျှင် စိတ်ချမ်းသာမှု ရှိလိမ့်မည်။

လက်ဖဝါးပြင် ကြမ်းတမ်းစွာ ရှိနေလျှင် ကြမ်းတမ်းသော အလုပ်ကို လုပ်ကိုင်ရလိမ့်မည်။

လက်ဖဝါးပြင်ပျော့ပျောင်း၍ အသားအရေထူပြီး အရောင်အသွေး နီရဲကာ စိုပြည်ကြည်လင်နေလျှင် ချမ်းသာသောသူ ဖြစ်လိမ့်မည်။

လက်ဖဝါးပြင်ကြီးပြီး လက်လည်းတို၍ နေသူမျိုးဆိုလျှင် အလုပ် အကိုင် အဆင်မပြေပါ။

လက်ဖမိုးပေါ်မှ အရိုးများ ကြမ်းတမ်းစွာ ရှိနေပြီး အကြောများပါ ပေါ်၍နေလျှင် မကြာခဏ စိတ်ဆင်းရဲရလိမ့်မည်။

ပခုံးရိုး မြင့်တက်နေသူမျိုးများသည် အိုဇာတာ အလွန် ညံ့၏။

လက်နှင့် ပခုံးမှ အသားအရေ ကြမ်းတမ်းနေလျှင် ဆင်းရဲဒုက္ခ ရောက်ပြီး တစ်ကိုယ်တည်း နေထိုင်ရလိမ့်မည်။

မျက်နှာပြင် အရောင်တောက်ပြီး ဆံပင်ထိပ်တွင် အရောင်မည်း နေကာ လက်ဖဝါးပြင် အရောင်ခြောက်ကပ်၍ နေလျှင် ပျော်ရွှင်ပြီးမှ ဝမ်းနည်းကြေကွဲရတတ်သည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ လက်ဖဝါးပြင်ပေါ်တွင် အစိမ်းရောင်၊ အနီရောင်ပေါ်လာလျှင် သားယောကျ်ားလေး မွေးဖွားလိမ့်မည်။

အမည်းရောင်၊ အဖြူရောင်ပေါ်လာလျှင် သမီးမိန်းကလေး မွေးဖွားလိမ့်မည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးသည် လမ်းလျှောက်လျှင် ခြေထောက်ဘယ်ဘက်က အရင်လှမ်းလျှင် သားယောကျ်ားလေး မွေးဖွားပြီး ညာဘက်က အရင်လှမ်းလျှင် မိန်းကလေး မွေးဖွားလိမ့်မည်။

ကျန်းမာရေး အလွန်ချို့ယွင်းပြီး ကိုယ်ခန္ဓာ ပိန်၍နေသော်လည်း လက်ချောင်းကလေးများ အရောင်အဆင်း နီရဲပြီးစိုပြည်နေကာ နားထင်နှစ်ဖက်ပါ အရောင်အဆင်း ကြည်လင်နေလျှင် သေခါနီးလူပင် ဖြစ်သော်လည်း ပြန်၍ ကျန်းမာလာနိုင်၏။


❐

# ပုံ (ည)

**ယောကျ်ားမျက်နှာပြင်ပေါ်မှ မှဲ့များ**

၁။ ဖခင်ဖြစ်သူအား ခိုက်တတ်၏။
၂။ ငွေကြေး အဆင်ပြေနိုင်၏။
၃။ စိတ်သဘောထား အလွန်ညံ့တတ်၏။
၄။ ဩဇာအာဏာရှိပြီး ကြည်ညိုလေးစားခံရလိမ့်မည်။
၅။ ဖခင်ဖြစ်သူအား ခိုက်တတ်၏။
၆။ စားဝတ်နေရေး ပြေလည်၏။
၇။ မိခင် ဖြစ်သူအား ခိုက်တတ်၏။
၈။ အလွန် ချမ်းသာကြွယ်ဝသောသူ ဖြစ်လိမ့်မည်။
၉။ ပထမအရွယ်တွင် သေဆုံးတတ်၏။
၁၀။ အလွန်ချမ်းသာကြွယ်ဝသောသူတစ်ယောက် ဖြစ်လိမ့်မည်။
၁၁။ အိုးအိမ် ပိုင်ဆိုင်သူ ဖြစ်လိမ့်မည်။
၁၂။ လူကြည်ညိုလေးစား ခံရသူဖြစ်၏။ အဆင့်အတန်းမြင့်မားစွာ နေထိုင်ရလိမ့်မည်။
၁၃။ စိတ်အေးချမ်းသာစွာ နေထိုင်ရလိမ့်မည်။

(ည)



ပုံ (ည)

၁၄။ စိတ်အေးချမ်းသာစွာ နေထိုင်ရလိမ့်မည်။
၁၅။ အိုးအိမ်ပိုင်ဆိုင်သူ ဖြစ်လိမ့်မည်။
၁၆။ အဆင့်အတန်းမြင့်သော ရာထူးကြီး ရလိမ့်မည်။
၁၇။ ချမ်းသာကြွယ်ဝနိုင်၏။
၁၈။ ခရီးဝေးသွားရင်းနှင့် သေဆုံးတတ်၏။
၁၉။ စီးပွားရေး ကျဆုံးလိမ့်မည်။
၂၀။ အသက်တိုတတ်၏။
၂၁။ အသက်တိုသောသူပင် ဖြစ်၏။
၂၂။ မီးလောင်ခြင်းကို ခံရပြီး သေဆုံးတတ်၏။
၂၃။ အဆင့်အတန်းမြင့်စွာ နေထိုင်ရလိမ့်မည်။
၂၄။ ချမ်းသာစွာ နေထိုင်ရလိမ့်မည်။
၂၅။ အသက် တိုတတ်၏။
၂၆။ ဇနီးသည် ဖြစ်သူကို ခိုက်တတ်၏။
၂၇။ ရာထူးကြီး ရလိမ့်မည်။
၂၈။ ရာထူးကြီး ရလိမ့်မည်။
၂၉။ စီးပွားရေး အလွန်ကျပ်တည်းတတ်၏။
၃၀။ အသက်တိုတတ်၏။
၃၁။ ဆင်းရဲဒုက္ခရောက်တတ်၏။
၃၂။ ငွေကြေး အဆင်ပြေလိမ့်၏။
၃၃။ မီးဘေးနှင့် ရေဘေးသင့်လိမ့်မည်။ ထို့အပြင် သားဖြစ်သူအားလည်း ခိုက်တတ်သည်။
၃၄။ အိမ်ထောင်ကွဲလိမ့်မည်။
၃၅။ မိခင်ဖြစ်သူနှင့် သားသမီးများအား ခိုက်တတ်၏။
၃၆။ ဇနီးသည်အား ခိုက်တတ်၏။

၃၇။ ဖခင်ဖြစ်သူအား ခိုက်တတ်၏။
၃၈။ လူ့သက်တမ်းကုန်အောင် မနေထိုင်ရပါ။
၃၉။ ဇနီးဖြစ်သူ ကျန်းမာရေး ညံ့လိမ့်မည်။
၄၀။ အသက် တိုတတ်၏။
၄၁။ သားသမီးများအား ခိုက်တတ်၏။
၄၂။ ဇနီးဖြစ်သူအား ခိုက်တတ်၏။
၄၃။ သားသမီးနည်းပြီး ငွေကြေး ကျပ်တည်းနိုင်၏။
၄၄။ စီးပွားရေး အဆင်ပြေလိမ့်မည်။
၄၅။ စိတ်သဘောထား လိမ္မာယဉ်ကျေးသောသူ ဖြစ်လိမ့်မည်။
၄၆။ ဌာနဆိုင်ရာ အရာရှိတစ်ယောက် ဖြစ်လိမ့်မည်။
၄၇။ စီးပွားရေး တိုးတက်လိမ့်မည်။
၄၈။ စိတ်ထား ဖြူစင်သန့်ရှင်းသောသူ ဖြစ်လိမ့်မည်။
၄၉။ အသက်ရှည်မည့်သူပင် ဖြစ်၏။
၅၀။ ထိခိုက်မိပြီး သေဆုံးတတ်၏။
၅၁။ စီးပွားရေး ကျဆုံးပြီး အိမ်ထောင်ရေးပါ ပြိုကွဲလိမ့်မည်။
၅၂။ အသက်ရှည်မည့်သူပင် ဖြစ်၏။
၅၃။ ရေဘေးအန္တရာယ်နှင့် သေဆုံးတတ်၏။
၅၄။ စားဝတ်နေရေး ပြေလည်ရုံသာ နေထိုင်ရမည်။
၅၅။ စိတ်သဘောထားကောင်းပြီး အသက်ရှည်၏။
၅၆။ စားသောက်ရေး အဆင်ပြေလိမ့်မည်။
၅၇။ လိုချင်တပ်မက်စိတ်များတတ်၏။
၅၈။ အသက်ရှည်သူ ဖြစ်လိမ့်မည်။
၅၉။ အသက်ရှည်တတ်၏။
၆၀။ အဖျားအနာ များတတ်၏။

၆၁။ မကြာခဏ စကားများပြီး ရန်ဖြစ်တတ်၏။
၆၂။ စိတ်သဘောထားကောင်းမွန်သော အစိုးရအရာရှိတစ်ယောက် ဖြစ်လိမ့်မည်။
၆၃။ ဘေးရန် များတတ်၏။
၆၄။ လောဘကြီးသူ ဖြစ်၏။
၆၅။ သူတစ်ပါး၏ သားသမီးကို မွေးစားလိမ့်မည်။
၆၆။ စားသောက်ရေး ပြေလည်သူဖြစ်၏။
၆၇။ အရက် အလွန်အကျွံသောက်ပြီး ဒုက္ခရောက်တတ်၏။
၆၈။ ကောင်းမွန်သော အစားအသောက်များကိုသာ စားသောက်ရ၏။
၆၉။ စိတ်ထား မြင့်မြတ်သောသူ ဖြစ်၏။
၇၀။ ငွေကြေး ပြည့်စုံလိမ့်မည်။
၇၁။ ဩဇာအာဏာ ရှိသူ ဖြစ်၏။
၇၂။ ဩဇာအာဏာ ရှိသူ ဖြစ်၏။
၇၃။ ကျက်သရေမင်္ဂလာ ရှိသူ ဖြစ်၏။
၇၄။ ချမ်းသာ ကြွယ်ဝသူ ဖြစ်၏။


❒

## ပုံ (၄)

**မိန်းမ မျက်နှာပြင်ပေါ်မှ မှဲ့များ**

၁။ ယောကျ်ားကိုးယောက်ခန့်ကို တစ်ယောက်ပြီး တစ်ယောက် ပေါင်းသင်းရလိမ့်မည်။
၂။ မိဘခိုက်တတ်ပြီး ယောက္ခမပါခိုက်တတ်၏။
၃။ သားသမီး အနည်းငယ်သာ မွေးဖွားလိမ့်မည်။
၄။ အသက်အရွယ်ကြီးကာမှ အိမ်ထောင်ကျလိမ့်မည်။
၅။ လင်ယောကျ်ားဖြစ်သူအား ခိုက်တတ်၏။
၆။ လင်ယောကျ်ားဖြစ်သူအား ခိုက်တတ်၏။
၇။ တဏှာရာဂ ကြီးလိမ့်မည်။
၈။ ခရီးသွားရင်း သေဆုံးတတ်၏။
၉။ ခရီးသွားရင်း သေဆုံးတတ်၏။
၁၀။ အရာရှိကတော် ဖြစ်လိမ့်မည်။
၁၁။ သူတစ်ပါး၏ အိမ်တွင် မှီခို နေထိုင်ရလိမ့်မည်။
၁၂။ အဆင့်အတန်း မြင့်မားစွာ နေထိုင်ရလိမ့်မည်။

(ဌ)



ပုံ (ဌ)

၁၃။ စား၀တ်နေရေး အဆင်ပြေလည်ပြီး အလုပ်အကိုင်ပါ အဆင်ပြေနိုင်၏။
၁၄။ စား၀တ်နေရေး အဆင်ပြေလိမ့်မည်။
၁၅။ အရာရှိကတော် ဖြစ်လိမ့်မည်။
၁၆။ ဩဇာအာဏာရှိသော လူ၏ ဇနီးသည် ဖြစ်လိမ့်မည်။
၁၇။ စိတ်ထားလိမ္မာယဉ်ကျေးသောသူ ဖြစ်၏။
၁၈။ အသက်ရှည်လိမ့်မည်။
၁၉။ တဏှာရာဂကြီးတတ်၏။
၂၀။ မိဘဆွေမျိုးများအား ခိုက်တတ်၏။
၂၁။ လင်ကောင်း သားကောင်း ရရှိလိမ့်မည်။
၂၂။ ကျန်းမာရေး အလွန်ကောင်းနိုင်၏။
၂၃။ အလွန် ချမ်းသာလိမ့်မည်။
၂၄။ အိမ်ထောင်ရေး သာယာလိမ့်မည်။
၂၅။ ငွေကြေးအဆင်ပြေ၍ စိတ်ချမ်းသာလိမ့်မည်။
၂၆။ ရေနစ်သေဆုံးတတ်၏။ (သို့မဟုတ်) ယောကျ်ားဖြစ်သူ သေဆုံးလိမ့်မည်။
၂၇။ အိမ်ထောင်ရေး သာယာလိမ့်မည်။
၂၈။ သားကောင်းရတနာ မွေးဖွားလိမ့်မည်။
၂၉။ ကြည်ညိုလေးစား ခံရလိမ့်မည်။
၃၀။ အရာရှိကတော် ဖြစ်လိမ့်မည်။
၃၁။ လင်ယောကျ်ားဖြစ်သူအား ခိုက်တတ်၏။
၃၂။ အသက်ရှည်လိမ့်မည်။
၃၃။ စိတ်သဘောထားကောင်းမွန်သူ ဖြစ်၏။
၃၄။ အသက်ရှည်နိုင်၏။

၃၅။ အသက်ရှည်နိုင်၏။
၃၆။ မိန်းမကောင်း မဖြစ်နိုင်ပါ။
၃၇။ သားသမီး နည်းလိမ့်မည်။
၃၈။ အသေဆိုးနှင့် သေဆုံးလိမ့်မည်။
၃၉။ မိသားစု အားလုံးကို ခိုက်တတ်၏။
၄၀။ သားသမီးအား ခိုက်တတ်၏။
၄၁။ လင်ယောကျ်ား သေဆုံးမည့်မှဲ့ပင် ဖြစ်၏။
၄၂။ ယောကျ်ားများလိမ့်မည်။
၄၃။ လင်ယောကျ်ားဖြစ်သူ အပျော်အပါး လိုက်စားလိမ့်မည်။
၄၄။ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်၏။
၄၅။ အသက်ရှည်၏။
၄၆။ မိမိကိုယ်ကို သတ်သေတတ်၏။
၄၇။ တစ်ကိုယ်တည်း နေထိုင်ရလိမ့်မည်။
၄၈။ မိဘများက မုန်းတီးစွန့်ပစ်ခြင်းကို ခံရလိမ့်မည်။
၄၉။ ရေဘေးအန္တရာယ်နှင့် သေဆုံးနိုင်၏။
၅၀။ အဆင့်အတန်းနိမ့်စွာ နေထိုင်ရလိမ့်မည်။
၅၁။ အသက်ရှည်နိုင်၏။
၅၂။ သူတစ်ပါး၏ နေအိမ်တွင် ဆင်းရဲစွာ လုပ်ကိုင်စားသောက် ရလိမ့်မည်။
၅၃။ သူတစ်ပါး၏ နေအိမ်တွင် ဆင်းရဲစွာ လုပ်ကိုင်စားသောက် ရလိမ့်မည်။
၅၄။ စရိုက်ကြမ်းတမ်းသူ ဖြစ်လိမ့်မည်။
၅၅။ စကားအလွန်များသူ ဖြစ်၏။
၅၆။ အသက်ရှည်လိမ့်မည်။

၅၇။ အသေဆိုးနှင့် သေဆုံးနိုင်၏။
၅၈။ သူများသားသမီးကို မွေးစားလိမ့်မည်။
၅၉။ မတော်လောဘကြီးသူဖြစ်နိုင်၏။
၆၀။ သားကောင်း သမီးကောင်း ရနိုင်၏။
၆၁။ ရုပ်ရည်ချောမောသူ ဖြစ်လိမ့်မည်။
၆၂။ လူတစ်ဖက်သားကို အကူအညီ အမြဲတမ်းပေးလိမ့်မည်။
၆၃။ သူများသားသမီးအား မွေးစားမည့်သူပင် ဖြစ်၏။
၆၄။ အလုပ်အကိုင် အကြံအစည် အောင်မြင်လိမ့်မည်။
၆၅။ ရည်းစားများသူပင် ဖြစ်၏။
၆၆။ အလွန်ချမ်းသာလိမ့်မည်။
၆၇။ စားဝတ်နေရေး ပြေလည်နိုင်၏။
၆၈။ လိမ္မာယဉ်ကျေးသူပင် ဖြစ်၏။
၆၉။ စီးပွားရေး အနည်းငယ်သာ အဆင်ပြေနိုင်၏။
၇၀။ လောဘကြီးသူ ဖြစ်နိုင်၏။
၇၁။ မိမိနေအိမ်မှ အိမ်ဖော်ဖြစ်သူအား ခိုက်တတ်၏။
၇၂။ လင်ယောကျ်ားဖြစ်သူကိုပင် လုပ်ကြံတတ်၏။
၇၃။ ရေဘေးအန္တရာယ်နှင့် တွေ့ကြုံနိုင်၏။
၇၄။ ရေဘေးအန္တရာယ်နှင့် တွေ့ကြုံနိုင်၏။
၇၅။ အကြံအစည်များ အောင်မြင်ပြီး ချမ်းသာလိမ့်မည်။
၇၆။ ချမ်းသာလိမ့်မည်။


❐

## ပုံ (၄)

**ယောက်ျား မိန်းမ ရှေ့ပိုင်းပုံမှ မှဲ့များ**

၁။ အလွန်ဆင်းရဲဒုက္ခ ရောက်တတ်၏။
၂။ အလွန်ဆင်းရဲဒုက္ခ ရောက်တတ်၏။
၃။ အလွန်ချမ်းသာ ကြွယ်ဝနိုင်၏။
၄။ အလွန်ချမ်းသာ ကြွယ်ဝနိုင်၏။
၅။ စာပေပညာ တတ်မြောက်လိမ့်မည်။
၆။ ချမ်းသာနိုင်၏။
၇။ ချမ်းသာနိုင်၏။
၈။ စာပေပညာ တတ်မြောက်လိမ့်မည်။
၉။ ချမ်းသာသောသူ ဖြစ်လိမ့်မည်။
၁၀။ အဆုတ်။
၁၁။ ကျောက်ကပ်။
၁၂။ ချမ်းသာသောသူ ဖြစ်လိမ့်မည်။
၁၃။ ချမ်းသာပြီး အရာရာတွင် ပြည့်စုံလိမ့်မည်။
၁၄။ ဩဇာအာဏာရှိနိုင်၏။
၁၅။ အရာရာတွင် အောင်မြင်နိုင်၏။

ယောက်ျား မိန်းမ - ရှေ့ပိုင်းပုံ - ။ (၄)



ပုံ (၄)

၁၆။ ချမ်းသာလိမ့်မည်။
၁၇။ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နိုင်၏။
၁၈။ စားဝတ်နေရေး ပြေလည်လိမ့်မည်။
၁၉။ ချမ်းသာလိမ့်မည်။
၂၀။ စိတ်သဘောထားကောင်းသူပင် ဖြစ်၏။
၂၁။ ချမ်းသာသောသူ ဖြစ်နိုင်၏။
၂၂။ စိတ်သဘောထား ကောင်းသူပင် ဖြစ်၏။
၂၃။ ချမ်းသာသောသူ ဖြစ်နိုင်၏။
၂၄။ ချမ်းသာပြီး ဘုန်းကံ ရှိနိုင်၏။
၂၅။ ချမ်းသာသောသူ ဖြစ်နိုင်၏။
၂၆။ စိတ်အားငယ်တတ်သူပင် ဖြစ်၏။
၂၇။ စိတ်အားငယ်တတ်သူပင် ဖြစ်၏။
၂၈။ သားကောင်းရတနာ မွေးဖွားလိမ့်မည်။
၂၉။ ချမ်းသာပြီး လူကြည်ညို လေးစားခံရလိမ့်မည်။
၃၀။ မော်တော်ကား ပိုင်ဆိုင်သူ ဖြစ်နိုင်၏။
၃၁။ အလွန်ချမ်းသာလိမ့်မည်။
၃၂။ အလွန်ချမ်းသာလိမ့်မည်။
၃၃။ ချမ်းသာသော မိသားစုမှ မွေးဖွားပြီး ပညာရေးညံ့သူ ဖြစ်နိုင်၏။
၃၄။ ချမ်းသာသော မိသားစုမှ မွေးဖွားပြီး ပညာရေး ညံ့သူ ဖြစ်နိုင်၏။
၃၅။ ပစ္စည်းဥစ္စာ ပေါများလိမ့်မည်။
၃၆။ ပစ္စည်းဥစ္စာ ပေါများလိမ့်မည်။


□

## ပုံ (၃)

**ယောက်ျား မိန်းမ နောက်ကျောပုံမှ မှဲ့များ**

၁။ အရာရှိတစ်ယောက် ဖြစ်နိုင်၏။
၂။ ဉာဏ်ပညာထူးချွန်လိမ့်မည်။
၃။ အရာရှိတစ်ယောက် ဖြစ်နိုင်၏။
၄။ မိမိနေထိုင်ရာရပ်ကွက်တွင် အုပ်ချုပ်ရသောသူ ဖြစ်လိမ့်မည်။
၅။ မိမိနေထိုင်ရာရပ်ကွက်တွင် အုပ်ချုပ်ရသောသူ ဖြစ်လိမ့်မည်။
၆။ ချမ်းသာနိုင်၏။
၇။ ချမ်းသာကြွယ်ဝနိုင်၏။
၈။ ပစ္စည်းဥစ္စာ ပေါများလိမ့်မည်။
၉။ သြဇာအာဏာ ရှိနိုင်၏။
၁၀။ ပစ္စည်း ဥစ္စာပေါများလိမ့်မည်။
၁၁။ ပစ္စည်း ဥစ္စာပေါများလိမ့်မည်။
၁၂။ အသက်တိုတတ်၏။
၁၃။ အသက်ရှည်၏။

## ယောက်ျား မိန်းမ နောက်ပိုင်းပုံ-။ (၃)



ပုံ (၃)

၁၄။ ဆင်းရဲဒုက္ခရောက်တတ်၏။
၁၅။ ပစ္စည်းဉစ္စာပေါများနိုင်၏။
၁၆။ လူတကာထက် ပိုမို၍ စာပေပညာ ထူးချွန်နိုင်၏။
၁၇။ ချမ်းသာနိုင်၏။
၁၈။ ချမ်းသာနိုင်၏။
၁၉။ သြဇာအာဏာ ရှိနိုင်၏။
၂၀။ သြဇာအာဏာ ရှိနိုင်၏။
၂၁။ စားဝတ်နေရေး အဆင်ပြေလိမ့်မည်။
၂၂။ စားဝတ်နေရေး အဆင်ပြေလိမ့်မည်။
၂၃။ ပျော်ရွှင်ချမ်းမြေ့မှု ရရှိလိမ့်မည်။
၂၄။ ပျော်ရွှင်ချမ်းမြေ့မှု ရရှိလိမ့်မည်။
၂၅။ ငွေကြေးအဆင်ပြေနိုင်၏။
၂၆။ ငွေကြေးအဆင်ပြေနိုင်၏။


❑

## ပုံ (ပ)

**ယောကျ်ား - မိန်းမ ဘေးစောင်းပုံမှ မွဲများ**

၁။ စားဝတ်နေရေး အဆင်ပြေလိမ့်မည်။
၂။ ချမ်းသာကြွယ်ဝပြီး စိတ်ချမ်းသာမှု ရှိလိမ့်မည်။
၃။ ချမ်းသာပြီး အသက်ရှည်သူ ဖြစ်လိမ့်မည်။
၄။ ချမ်းသာသောသူ ဖြစ်လိမ့်မည်။
၅။ မကြာခဏ ဖျားနာတတ်၏။
၆။ စားဝတ်နေရေး ပြေလည်ပြီး အသက်ရှည်လိမ့်မည်။
၇။ ရွှေငွေရတနာပေါ များသူ ဖြစ်နိုင်၏။
၈။ ချမ်းသာသောသူ ဖြစ်နိုင်၏။
၉။ မိန်းမဖြစ်လျှင် ယောကျ်ားသုံးဆက်မျှ အိမ်ထောင်ကျနိုင်ပြီး ယောကျ်ားဖြစ်လျှင် မိန်းမသုံးဆက်မျှ အိမ်ထောင်ပြုရလိမ့်မည်။
၁၀။ မိတ်ဆွေ အပေါင်းအသင်းများ ခင်မင်မှုပျက်တတ်ပြီး မိသားစုကိုပါ ထိခိုက်တတ်၏။
၁၁။ အလွန်နက်သော ချောက်ထဲသို့ လိမ့်ကျတတ်၏။

❐




ယောက်ျားမိန်းမဘေးစောင်းပုံမှမဲ့များ

ပုံ (ဗ)

## မှဲ့အကြောင်း

ကိုယ်ခန္ဓာပေါ်တွင် ပေါက်သော မှဲ့များသည် ကောင်းမွန်သော အချက်များမှာ များပြား၏။

မျက်နှာပြင်ပေါ်တွင် ပေါက်သော မှဲ့များမှာ မကောင်းသော၊ ညံ့သော အချက်က ပိုမို၍ များပြားလာလေသည်။ သို့သော် မှဲ့သည် အနီရောင်များ ဖြစ်နေလျှင်မူ ကောင်းသော ပြချက်များပင် ဖြစ်၏။

ပြောင်လက်သော အသားအရေများပေါ်တွင် ပေါက်နေလျှင် မကောင်းသော မှဲ့က များပြီး ကောင်းသော မှဲ့မှာမူ နည်းပါး၏။

မှဲ့ခြောက် ပေါက်နေသောသူများမှာ မကြာခဏ စကားများ ရန်ဖြစ်တတ်၏။

မျက်နှာပြင်ပေါ်တွင် မှဲ့ဖြူပေါက်နေလျှင် ကြောက်လန့်စိုးရိမ်ရ၏။

မှဲ့ဝါပေါက်နေသောသူများမှာ ပြေးလွှားရှာဖွေစားသောက်နေရ၏။

မှဲ့နက် ဆံပင်ထဲတွင် ပေါက်နေသူမျိုးများသည် ချမ်းသာလိမ့်မည်။ ထိုမှဲ့သည် ကြီးသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေရှိနေပါက ရာထူး အဆင့်အတန်းမြင့်စွာဖြင့် နေထိုင်ရ၏။

နဖူးဆံစထိပ်အလယ်၏ ဘေးမှမှဲ့သည် ဖခင်ဖြစ်သူ အားခိုက်တတ်ပြီး နောက်တစ်လုံးသည် မိခင်ဖြစ်သူအား ခိုက်တတ်၏။

အလယ်တည့်တည့်တွင် ပေါက်သောမှဲ့သည် ဘုန်းကံရှိ၏။

နားရွက်ပေါ်တွင် မှဲ့ပေါက်နေလျှင် အသက်ရှည်ပြီး လူတော် လူ

ကောင်း ဖြစ်လိမ့်မည်။

နားကွင်းပေါ်တွင် မှဲ့ရှိလျှင်လည်း ချမ်းသာ၏။

အပေါ်မျက်ခွံပေါ်တွင် မှဲ့ပါရှိနေလျှင် စာပေပညာတွင် ထူးချွန်လိမ့်မည်။

အောက်မျက်ခွံပေါ်တွင် မှဲ့ပေါက်နေသူမျိုးများမှာ ဝမ်းနည်းပူဆွေးမှုနှင့် တွေ့ကြုံရပြီး ငိုကြွေးရလိမ့်မည်။

နားရွက်အကြောပေါ်တွင် မှဲ့ပေါက်နေလျှင် ခရီးသွားရင်း သေဆုံးတတ်၏။

နားရွက်အောက်ဆုံးတွင် မှဲ့ပေါက်နေလျှင် သားကောင်းရတနာ ရနိုင်၏။

နားထင်ပေါ်တွင် မှဲ့ပေါက်နေသူသည် လမ်းခရီးသွားရင်းနှင့် သေဆုံးတတ်၏။

မျက်ခုံးပေါ်နှင့် နားသယ်စတို့တွင် မှဲ့ပါရှိနေသူကို သားကောင်းရတနာဟု ခေါ်၏။

နားထင်ရိုးပေါ်တွင် အမည်းရစ်ပေါ်နေလျှင် ရာထူးအဆင့်အတန်းကျဆုံးနိုင်၏။

နားထင်ပေါ်တွင် မှဲ့ရှိလျှင်မူ အလုပ်အကိုင် အဆင်မပြေဘဲ စီးပွားရေး ကျဆုံးလိမ့်မည်။

နှာခေါင်းဘေးတွင် မှဲ့ပေါက်နေလျှင် မကျန်းမမာဖြစ်ကာ သေဆုံးတတ်၏။

မျက်ခုံးမွေးအလယ်တည့်တည့်တွင် မှဲ့ပေါက်နေလျှင် ချမ်းသာလိမ့်မည်။

မျက်ခုံးမွေး၏ အပေါ်နားတွင် မှဲ့ပေါက်နေလျှင် စီးပွားရေး အဆင်မပြေ ဖြစ်နိုင်၏။

အပေါ်နှုတ်ခမ်း အပေါ်နား်တွင် မှဲ့ပေါက်နေသူသည် စားဝတ်နေရေး အဆင်ပြေ၏။

နှာခေါင်းထိပ်တည့်တည့်ပေါ်တွင် မှဲ့ပေါက်နေသူများမှာ မိမိကိုယ်ကို သတ်သေမည်ကို စိုးရိမ်ရ၏။

အောက်နှုတ်ခမ်းအနီးတွင် မှဲ့ပါရှိလျှင် လုပ်ငန်းအကြံအစည်များ ပျက်ပြားတတ်၏။

ကိုယ်ခန္ဓာ၏ ကွယ်နေသောနေရာတွင် မှဲ့ပေါက်နေလျှင်မူ ကောင်း၏။

လက်မောင်းနှစ်ဖက် အပြင်ဘက်တွင် မှဲ့ပေါက်နေလျှင် အခက်အခဲများ ရင်ဆိုင် ကြုံတွေ့ရတတ်၏။

ရင်ဘတ်ရှေ့တွင် ပေါက်သော မှဲ့မှာ ချမ်းသာ၏။

ခြေတံ ကောက်ကွေးနေရာတွင် မှဲ့ပေါက်နေလျှင်လည်း အလုပ်အကိုင် အဆင်ပြေ၏။

ပေါင်ပေါ်တွင် မှဲ့ပေါက်နေလျှင်လည်း စားဝတ်နေရေး အဆင်ပြေ၏။

ခြေဖဝါးအောက်တွင် မှဲ့ပေါက်နေလျှင် ချမ်းသာသောသူ ဖြစ်နိုင်၏။

နို့အုံပေါ်တွင် မှဲ့ပေါက်နေလျှင် သားသမီး ပေါများလိမ့်မည်။

နို့အုံအောက်ဘက်တွင် မှဲ့ရှိနေလျှင် ပစ္စည်းဥစ္စာရတနာ ပေါများလိမ့်မည်။

နို့အုံနှစ်ခုကြား အလယ်တည့်တည့်တွင် မှဲ့ပါရှိနေလျှင် ချမ်းသာကြွယ်ဝပြီး အကြံအစည်များပါ အောင်မြင်၏။

ချက်အောက်တွင် မှဲ့ပါရှိသောသူမျိုးများသည် လူချစ် လူခင် ပေါများတတ်၏။

လက်ပြင်ပေါ်တွင် မှဲ့ပေါက်နေလျှင် ရွှေငွေရတနာ ပေါများလိမ့်မည်။

❐

## ပုံ (ဏ)

**မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများ**

လူတစ်ယောက်၏ မျက်နှာပြင်ပေါ်မှ အရေးအကြောင်းများသည် အသက် (၃၀) အရွယ်တွင်မှ စတင်၍ ပေါ်လာပါသည်။

ထို အရေးကြောင်းများတွင် ကောင်းကျိုးပြုသော အရေးအကြောင်းနှင့် ဆိုးကျိုးပြုစေတတ်သော အရေးအကြောင်းများသည် ကွဲပြားခြားနားစွာ ရှိနေခြင်း အားဖြင့် ကောင်းကျိုး၊ ဆိုးကျိုးများကို ခွဲခြား၍ တိကျစွာ ဟောပြောနိုင်ပါသည်။

နဖူးပြင်ပေါ်မှ အရေးကြောင်းများသည် ကျယ်ပြန့်ပြီး ရှည်နေကာ သဘာဝကျစွာ ရှိနေရပါမည်။

နဖူးပြင်ပေါ်တွင် လခြမ်းသဏ္ဌာန်အရေးအကြောင်း ဖြစ်ပေါ်နေလျှင် ရာထူး အဆင့်အတန်း မြင့်သောသူ ဖြစ်နိုင်၏။


နဖူးပြင်ပေါ်တွင် အရစ်သုံးရစ် တန်းမတ်စွာ ရှိ၍ ထိုသုံးရစ်၏ အလယ်တည့်တည့်တွင် ဒေါင်လိုက်အရစ်ကြောင်း ပါရှိနေလျှင် ဩဇာ အာဏာရှိသော လူတစ်ယောက်ပင် ဖြစ်၏။

အလုပ်အကိုင် မို၍ အဆင်ပြေသူပုံ



အလုပ်အကိုင်အဆင်ပြေသူပုံ




မျက်နှာပြင်ပေါ်မှ·ပြုချက်-၁၃-ချက်
နားထင်ဆောင့်စွန်း
ပညာ ရှုပ်ရှက်သူ
ဝိရိယရှိသူ
မိန်းမ
ယောက်ျား
နဖူးအစွန်ဆုံးနေရာ
ငါးအမြီးစွ
သားရေးသမီးရေး
အရာရှိ-ဖြစ်မဖြစ်
ပညာရှိ-မရှိ
ညီအစ်ကို
လက်အောက်ငယ်သား
အရေအတွက်
ရက်ကျက်သရေ
သေရေးရှင်ရေး
နိုင်ငံခြားသွား
မသွား
ကားပိုင်ရှိမရှိ
အိုးအိမ်



အပေါ်ရှူး-အောက်ရှူးပုံ



အပေါ်ကြီး -အောက်သေးပုံ




လေးဘက်ရှပုံ



အစားအသောက်ကျူးပုံ


၁
ရာထူး ငယ်သူ
၂
အာဏာရှိသူ
၃
ငွေကြေးရှိပြီးကုသိုလ်
ကံကောင်းသူ
၄
အလွန်ချမ်းသာသူ
၅
ချမ်းသာကြွယ်ဝပြီး
ပညာရှိသူ
၆
အလွန့်အလွန်
ချမ်းသာသူ
၇
ဘုန်းကြီး
၈
သိပ်သည်းလျှို့ဝှက်
စွာနေသူ


မာန ကြီးသူ၏ပုံ ၁
ဇွဲမျိုးမရှိ-တကောင် ကြွက် သနားစရာ ပုံ ၂
အလွန်ရှေးဆန်သူ၏ပုံ ၃
စိတ်ချမ်းသာသူ၏ပုံ ၄
အေးဆေးစွာနေထိုင် ရသူ၏ ပုံ ၅
ဆင်းရဲသား၏ပုံ ၆
ရိုးသားသူ၏ပုံ ၇
အဆင့်အတန်းနိမ့် ကျသူ၏ပုံ ၈


၁
ကျောရိုးပေါ်၍ခါးဆင့်
အတန်းနိမ့်သူ
၂
ချက်သေးပြီး အပြင်
ထွက်၍ ဆင်းရဲသူ
၃
ချက်နှုတ်ခမ်းဝကျယ်၍
အတွင်းဝင်ပြီး -ချမ်း
သာသူ
၄
ဝမ်းဗိုက်သားပြည့်
မောက်နေ၍ အထွန်
ချမ်းသာသူ

နဖူးပြင်ပေါ်တွင် –

ပုံ (၁) မှ အမှတ်အသားပါ အရေးကြောင်း နဖူးထိပ်ဆုံးထိ တက်နေပါမူ အလွန် ချမ်းသာကြွယ်ဝသော သန်းကြွယ်သူဌေးကြီးပင် ဖြစ်၏။

ပုံ (၂) မှ အမှတ်အသားပါ အရေးကြောင်းသည် နှာခေါင်းမှ နဖူးထိဒေါင်လိုက် တက်နေသူမျိုးများသည် အသက်ရှည်ပြီး ဇနီးသည်ဖြစ်သူအား ခိုက်တတ်၏။ မိန်းမများတွင် ဖြစ်ပေါ်နေလျှင် ယောကျ်ားဖြစ်သူအား ခိုက်တတ်၏။

ပုံ (၃) တွင် ပါသော အမှတ်အသားသည် နဖူးပြင်ပေါ်တွင် ပါရှိနေလျှင် ချမ်းသာပြီး အေးချမ်းစွာ နေထိုင်ရတတ်၏။

ပုံ (၄) တွင်ပါရှိသော အမှတ်အသားသည် နဖူးပြင်ပေါ်တွင် ပါရှိလျှင်လည်း ချမ်းသာလိမ့်မည်။

ပုံ (၅) တွင် ပါရှိသော အမှတ်အသားသည် နဖူးပြင်ပေါ်တွင် တောင်ကဲ့သို့ အတက်အဆင်း ပုံသဏ္ဌာန် ရှိလျှင် ချမ်းသာပြီး ဘုန်းကံရှိ၏။

ပုံ (၆) တွင် ပါရှိသော အရေးကြောင်းမျိုး ရှိသူများမှာ ချမ်းသာပြီး မိန်းမပေါများသူများပင် ဖြစ်၏။ ဇနီးသည် ဖြစ်သူတွင် ထိုအရေးကြောင်း ပါရှိနေလျှင် ယောကျ်ားဖြစ်သူ ချမ်းသာနိုင်၏။

ပုံ (၇) တွင်ပါရှိသော အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင်ရှိနေလျှင် ဆင်းရဲဒုက္ခရောက်လိမ့်မည်။

ပုံ (၈) တွင်ပါရှိသော အရေးအကြောင်းရှိသူ အမျိုးသမီးများ

သည် လင်ယောကျ်ားဖြစ်သူအား ခိုက်တတ်ပြီး သားသမီးမွေးလျှင် သေဆုံးတတ်၏။ ယောကျ်ားဖြစ်သူထိုအရေးအကြောင်း ပါရှိနေလျှင် ဇနီးသည်အား ခိုက်တတ်၏။

ပုံ (၉) မှ အရေးအကြောင်းသည် နဖူးထိပ်မှ အောက်သို့ ဝိုက်ပြီး ဆင်းနေလျှင် အလွန်ညံ့၏။ အမှုအခင်းများပြီး ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ရလိမ့်မည်။ နဖူးပြင်အလယ်တည့်တည့်ပေါ်တွင် အလျားလိုက်သေးငယ်သော အရေးအကြောင်းတစ်ကြောင်းနှင့် ရှည်လျားသော အရေးအကြောင်းတစ်ကြောင်း ပေါင်းနှစ်ကြောင်းတို့သည် အစွန်းနှစ်ဖက်မှ ကုပ်၍နေလျှင် မိမိတစ်သက်တာတွင် အလုပ်အကိုင်နှင့် ပတ်သက်၍ သုံးခါမျှ အပြောင်းအလဲ ရှိရလိမ့်မည်။ ဒေါင်လိုက်အရေးအကြောင်းတစ်ကြောင်းရှိလျှင်မူ တစ်ခါသာ ပြောင်းလဲရလိမ့်မည်။

ပုံ (၁၀) မှ အရေးအကြောင်းသည် နဖူးပြင်အလယ်တွင် ဖြစ်ပေါ်နေလျှင် မကြာခဏ အပြောင်းအရွှေ့ ပြုလုပ်ရလိမ့်မည်။ အပေါ်သို့ ထောင်၍ တက်သွားလျှင်မူ ကောင်းစားလိမ့်မည်။

ပုံ (၁၁) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် စောင်း၍ တက်သွားလျှင် ဆင်းရဲတတ်၏။

နဖူးပြင် အလယ်တည့်တည့်ပေါ်တွင် ကြက်ခြေခတ်သဏ္ဍာန်အရေးအကြောင်းသည် တစ်ကြောင်းတိုပြီး တစ်ကြောင်းရှည်နေလျှင် အသေဆိုးနှင့် သေဆုံး

တတ်၏။

ပုံ (၁၂) မှ အရေးအကြောင်းသည် နဖူးပြင်အလယ်တည့်တည့်တွင် ဓားမြှောင် တစ်ချောင်း စိုက်ကျနေသကဲ့သို့ ဖြစ်ပေါ်နေလျှင်လည်း အသေဆိုးနှင့်ပင် သေဆုံးတတ်၏။

ပုံ (၁၃) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ဖြစ်ပေါ်နေလျှင် ဆင်းရဲဒုက္ခရောက်ပြီး ထိခိုက်သေဆုံးတတ်၏။

နဖူးပြင်အလည်တည့်တည့်ပေါ်တွင် သံဆန်ခါကွက်သဏ္ဍာန်အရေးအကြောင်း ပါရှိနေလျှင်မူ ဩဇာအာဏာရှိပြီး သူတစ်ပါး၏ လုပ်ကြံခြင်းကို ခံရလိမ့်မည်။

လျှာပေါ်တွင် အရေးအကြောင်းများ ပါရှိသူများမှာမူ အလွန်ထူးကဲသူများဖြစ်ပြီး ဘုန်းကံရှိလိမ့်မည်။

နဖူးပြင်ပေါ်တွင် မှဲ့ပေါက်နေပြီး အရေးအကြောင်းပါရှိနေလျှင် အပြောင်းအရွှေ့များလိမ့်မည်။

ပုံ (၁၄) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိနေလျှင် အလွန်ချမ်းသာလိမ့်မည်။

ပုံ (၁၅) မှ အရေးကြောင်းသည် နှာခေါင်းအလယ်တွင် ပါရှိသော လူမျိုးများမှာ ဆင်းရဲပြီး အိုဇာတာ ညံ့တတ်၏။

ပုံ (၁၆) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိနေလျှင် စီးပွားရေးအဆင်ပြေနိုင်၏။ မျက်စိအောက်ဘက်တွင် ပါရှိနေလျှင်လည်း ကောင်းစား၏။

ပုံ (၁၇) မှ အရေးအကြောင်းသည် နှုတ်ခမ်းဘေးတွင် ပါရှိနေလျှင်မူ အိုဇာတာ အလွန်ညံ့တတ်ပြီး စားဝတ်နေရေး အလွန်ဒုက္ခရောက်ကာ သေဆုံးလိမ့်မည်။

ပုံ (၁၈) မှ အရေးအကြောင်းသည် နှုတ်ခမ်းဘေးတွင် ပါရှိနေလျှင် အေးဆေးစွာဖြင့် လူသတ်မှု ကျူးလွန်မည့်သူပင်ဖြစ်၏။ ကြေးစားလူသတ်သမားလည်း ဖြစ်နိုင်၏။

ပုံ (၁၉) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိနေလျှင် ခရီးသွားလာရာတွင် ချောမောအဆင်ပြေလိမ့်မည်။

ပုံ (၂၀) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင်ပါရှိသောသူမှာ ဩဇာအာဏာ အလွန်ကြီးမားသောသူများတွင် ဖြစ်ပေါ်တတ်၏။

ပုံ (၂၁) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိနေသူနှင့် မျက်ခုံးအလယ်တည့်တည့်အပေါ်တွင် ပါရှိနေသူမျိုးများမှာ မကြာခဏ ထောင်ကျတတ်ပြီး သားမယားဖြစ်သူများအား ခိုက်တတ်၏။

ပုံ (၂၂) မှ အရေးအကြောင်းမှာ နဖူးပြင်ပေါ်တွင် ပါရှိနေလျှင် မိမိပြောဆို ကြံစည်သမျှများ အောင်မြင်မှုမရှိဘဲ စီးပွားရေး ကျပ်တည်းလိမ့်မည်။

ပုံ (၂၃) မှ အရေးအကြောင်းသည် အောက်ဘက်မျက်ခွံပေါ်တွင် ပါရှိသော လူမျိုးများမှာ မကောင်းမှုဒုစရိုက်ကျူးလွန်သူများပင်ဖြစ်၏။

ပုံ (၂၄) မှ အရေးအကြောင်းသည် မျက်စွန်း၏ အောက်ဘက်

တွင် ပါရှိနေလျှင် စားဝတ်နေရေး အလွန်အဆင်ပြေ၏။

ပုံ (၂၅) မှ အရေးအကြောင်းသည်လည်း မျက်ခွံ၏ အောက်ဘက်တွင် ပါရှိနေလျှင်လည်း ကောင်းစားလိမ့်မည်။

ပုံ (၂၆) မှ အရေးအကြောင်းသည် မျက်ခွံ၏ အောက်ဘက်တွင် ပါရှိနေလျှင် အလုပ်အကိုင် အဆင်ပြေနိုင်၏။

ပုံ (၂၇) မှ အရေးအကြောင်းသည် အောက်မျက်ခွံ၏ အောက်ဘက်တွင် စောင်း၍ နေပါမူ မကြာခဏ အမှုအခင်းဖြစ်လိမ့်မည်။

ပုံ (၂၈) မှ အရေးအကြောင်းသည် အောက်မျက်ခွံ၏ အောက်ဘက်တွင် ပါရှိသော လူမျိုးများမှာ ဘဝ အကျိုးပေးကုသိုလ်ကံ အလွန်ကောင်းသူပင် ဖြစ်၏။

ပုံ (၂၉) မှ အရေးအကြောင်းသည် နဖူးထိပ်ပေါ်တွင် ပါရှိနေလျှင် ထောင်ကျလိမ့်မည်။

ပုံ (၃၀) မှ အရေးအကြောင်းသည် နဖူးထိပ်ပေါ်တွင် ပါရှိနေသော လူမျိုးများကို သားသမီးဖြစ်သူများကပင် ရိုသေလေးစားမှုမရှိကြပါ။

ပုံ (၃၁) မှ အရေးအကြောင်းသည် နဖူးထိပ်တွင်ပါရှိနေလျှင် ပြစ်မှုကျူးလွန်မိ၍ သေဒဏ်ပေးခြင်းကို ခံရလိမ့်မည်။

ပုံ (၃၂) မှ အရေးအကြောင်းသည် နားထင်နှစ်ဖက်ပေါ်တွင် ပါရှိနေပါက ဩဇာအာဏာရှိပြီး အကြောင်းတစ်စုံတစ်ရာကြောင့် မိမိကိုယ်ကို သတ်သေလိမ့်မည်။

ပုံ (၃၃) မှ အရေးအကြောင်းသည် နားထင်နှစ်ဖက်ပေါ်တွင်

ပါရှိနေလျှင် သားမယားကိုထိခိုက်လိမ့်မည်။

ပုံ (၃၄) မှ အရေးအကြောင်းသည် မျက်စိအောက်တွင် တစ်ရစ်ပေါ်ပေါက်နေပါက အိုးအိမ်အပြောင်းအရွှေ့ ရှိလိမ့်မည်။

ပုံ (၃၅) မှ အရေးအကြောင်းသည် နားသီးနေရာတွင် ပါရှိနေသောသူများမှာ အလွန်ညံ့တတ်၏။

ပုံ (၃၆) မှ အရေးအကြောင်းသည် နားသီးနေရာတွင် ပါရှိနေသောသူသည် ဆင်းရဲဒုက္ခရောက်ပြီး သေဆုံးလိမ့်မည်။

ပုံ (၃၇) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိနေသော လူမျိုးများသည် ဘဝတစ်သက်တာတွင် သားနှစ်ယောက်ကိုသာ မွေးဖွားလိမ့်မည်။

ပုံ (၃၈) မှ အရေးအကြောင်း နှစ်ကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိသော လူမျိုးများသည် ဘဝတစ်သက်တာတွင် အပေါ်မှ အရေးအကြောင်းသည် တစ်သက်လုံးပေါ်လွင်နေပြီး အောက်ဘက်မှ အရေးအကြောင်းသည် မကြာခင် သေဆုံးတော့မည့် အရိပ်အယောင်ကိုပြသော အချက်ပင်ဖြစ်ပါသည်။

ပုံ (၃၉) မှ အရေးအကြောင်းသည် နှုတ်ခမ်းဘေးတွင် နှစ်ကြောင်းပါရှိနေလျှင်မူ သမီးနှစ်ယောက်ကိုသာ မွေးဖွားလိမ့်မည်။

ပုံ (၄၀) မှ အရေးအကြောင်းသည် နှုတ်ခမ်းအဖျားတွင် သေးသွယ်စွာ ပါရှိနေလျှင် ဘဝအကျိုးပေးကုသိုလ်ကံ အလွန်ကောင်းသူပင်ဖြစ်၏။

ပုံ (၄၁) မှ အရေးအကြောင်းသည် နားထင်ထိပ်တွင် ပါရှိနေသော လူမျိုးများမှာ အသက်ရှည်၏။

နှာခေါင်းပေါ်တွင် ကန့်လန့်အရေးအကြောင်းများ ရှုပ်ထွေးစွာ ပါရှိနေသော သူသည် ဘိုးဘွားများထံမှ ရရှိသော အမွေများပင် ကုန်ဆုံးလိမ့်မည်။

ပုံ (၄၂) မှ အရေးအကြောင်းသည် နှာခေါင်းပေါ်တွင် ကန့်လန့်စင်း ထင်ရှိနေလျှင် သားဖြစ်သူ ခိုက်တတ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့တွင် အရေးအကြောင်းများ ရှုပ်ထွေးနေလျှင်မူ တစ်ကိုယ်တည်းသမား ဖြစ်လိမ့်မည်။

နားထင်ပေါ်တွင် အရေးအကြောင်းပါရှိသော လူမျိုးများမှာ ရှိသမျှစည်းစိမ် ကုန်ဆုံးလိမ့်မည်။

အောက်မျက်ခွံပေါ်တွင် အဘွားအိုကြီးတစ်ဦးကဲ့သို့ အရေးအကြောင်းများ ရှိနေလျှင် မိမိ၏ဆွေမျိုးများကပင် ဂရုမစိုက်ပဲ ပစ်ပယ်၍ ထားလိမ့်မည်။

နဖူးမှ အရေးအကြောင်းသည် နားထင်ပေါ်သို့ရောက်ရှိနေလျှင် အလုပ်အကိုင် အဆင်မပြေ ဖြစ်တတ်သည်။

ရှုပ်ယှက်ခတ်နေသော အရေးအကြောင်းများ နဖူးပြင်ပေါ်တွင် ပါရှိမူ နေ့စဉ်နေ့တိုင်း စိတ်ဆင်းရဲမှုနှင့် တွေ့ကြုံရလိမ့်မည်။

မျက်ခွံမှ အရေးအကြောင်းသည် နားထင်ပေါ်သို့တက်သွားလျှင် အသေဆိုးနှင့် သေဆုံးတတ်၏။

လျှာပေါ်တွင် အနီရောင် အရေးအကြောင်းနှစ်ကြောင်း ရှိနေလျှင် စားဝတ်နေရေး အလွန်အဆင်ပြေလိမ့်မည်။

ပုံ (၄၃) မှ အရေးအကြောင်း သုံးကြောင်းသည် မျက်ခုံးအပေါ် နှစ်ဖက်စလုံးတွင် အလျားလိုက် ပါရှိနေလျှင် ဘေးဒုက္ခတွေ့လိမ့်မည်။

ပုံ (၄၄) မှ ငါးပုံသဏ္ဍာန်အရေးအကြောင်းသည် အမျိုးသမီးဖြစ်သူ၏ ခြေဖဝါးပေါ်တွင် ပါရှိနေလျှင် စားဝတ်နေရေး အဆင်ပြေပြီး အသက်ရှည်လိမ့်မည်။

ပုံ (၄၅) မှ မျှားပုံသဏ္ဍာန်အရေးအကြောင်းသည် အမျိုးသမီးဖြစ်သူ၏ ခြေဖဝါးပြင်ပေါ်တွင် ပါရှိနေလျှင်လည်း စီးပွားရေး အဆင်ပြေပြီး အသက်ရှည်၏။

ပုံ (၄၆) မှ အရေးအကြောင်း ခြေဖဝါးပြင်ပေါ်တွင် ပါရှိနေသော အမျိုးသမီးသည်လည်း အလုပ်အကိုင်အဆင်ပြေပြီး အသက်ရှည်၏။

ပုံ (၄၇) မှ ဓါးပုံသဏ္ဍာန်အရေးအကြောင်း ပါရှိနေသော အမျိုးသမီးသည်လည်း စားဝတ်နေရေး အဆင်ပြေပြီး အသက်ရှည်လိမ့်မည်။

ပုံ (၄၈) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် ပါရှိနေလျှင် မိမိလုပ်ကိုင် ကြံစည်သမျှ အောင်မြင်ပြီး အသက်ပါရှည်၏။

ပုံ (၄၉) မှ အရေးအကြောင်းသည် ခြေဖဝါးပြင်ပေါ်တွင် ပါရှိနေသော လူမျိုးများသည် စစ်ဘက်ဆိုင်ရာ အကြီးအကဲများပင် ဖြစ်လိမ့်မည်။

နှာခေါင်းသေးနှစ်ဖက်မှ အရေးအကြောင်း နှစ်ကြောင်းသည် မေးစေ့အောက်ဆုံးထိ ရောက်ရှိနေလျှင် အိုဇာတာအလွန်ညံ့တတ်၏။

ပါးပြင်ပေါ်တွင် အရေးအကြောင်းများ ရှုပ်ထွေးစွာ ရှိနေသော လူမျိုးများမှာ မွေးစားထားသော သားသမီးများ ရှိလိမ့်မည်။

နဖူးပြင်ပေါ်တွင် အရေးအကြောင်းများ ရုတ်တရက်ပေါ်လာလျှင် ဒုက္ခရောက်တတ်၏။

နဖူးပြင်၏ အကောင်းဆုံးသော အချက်မှာ ကြည်လင်ပြီး အရေးအကြောင်းများ မပါရှိမှသာ လျှင် ကောင်း၏။

အရေးအကြောင်း ပေါ်နေသော မျက်နှာပြင်ကို ကောင်းသော အရေးအကြောင်း၊ ညံ့သော အရေးအကြောင်း စသည်များကို သေချာစွာ ကြည့်ရှုပါ။

ပုံ (၅၀) မှ အရေးအကြောင်းသည် နဖူးပြင်ပေါ်တွင် သေးငယ်သော အရေးအကြောင်းဖြစ်လျှင် ထိုလူမျိုးများသည် မိမိ၏ သက်တမ်းတစ်ဝက် ချမ်းသာပြီး တစ်ဝက် ဆင်းရဲတတ်၏။

ပုံ (၅၁)နှင့် (၅၂) မှ အရေးအကြောင်းများသည် မျက်ခွန်းနားတွင် ပါရှိသော ယောကျာ်းများသည် မိန်းမဖြစ်သူကို ခိုက်တတ်၏။

ပုံ (၅၂) မှ အရေးအကြောင်းသည် မိန်းမဖြစ်သူ၏ မျက်ခွန်းတွင် ပါရှိနေလျှင် ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချပြီး

သတ်သေလိမ့်မည်။

ပုံ (၅၃) မှ လက်ကဲ့သို့ အရေးအကြောင်းသည် ခြေဖဝါးပြင်ပေါ်တွင် ပါရှိနေလျှင်မူ ရာထူးကြီးသူ တစ်ယောက်ပင် ဖြစ်၏။

ပုံ (၅၄) မှ အရေးအကြောင်းသည် နှာခေါင်းထိပ်ပေါ်တွင် ပေါ်ပေါက်ပါက စိတ်ဆင်းရဲမှုနှင့် ကြုံရလိမ့်မည်။

❐

## မျက်စွန်းမှ ငါးအမြီးခွနေရာ၏ ရှင်းလင်းချက်များ

မျက်စွန်းမှ ငါးအမြီးခွနေရာသည် မယားကြီး၊ မယားငယ်များကို ကြည့်ရှုရန် ပြချက်ပင် ဖြစ်ပါသည်။ထိုနေရာတွင် ပြည့်ဝ ကြည်လင်၍ နေလျှင် အိမ်ထောင်ရေးသာယာ စိုပြည်ပြီး အသက်ထက်ဆုံး အတူတကွ ပေါင်းသင်း နေထိုင်ရပေလိမ့်မည်။

အရောင်အသွေးများ ခြောက်သွေ့နေလျှင် ဘေးအန္တရာယ်များ ရှိတတ်၏။

မယားငယ်ရှိသူသည် ထိုနေရာတွင် အရောင်ပိုပြီးတောက်နေတတ်၏။

နားထင်ရိုးမြင့်နေသော သူများသည် မယားကြီးကိုခိုက်တတ်၏။ ထိုလူမျိုးများမှာ မယားသုံးဆက်မျှ ခိုက်တတ်၏။

နားထင်ရိုးပေါ်တွင် အဝါရောင်ရှိနေသူမျိုးများသည်လည်း မိန်းမဖြစ်သူကို ခိုက်တတ်၏။

မျက်နှာပြင် အသားအရေ ကြမ်းတမ်းစွာ ရှိနေလျှင်လည်း မိန်းမဖြစ်သူအားခိုက်တတ်၏။

နားထင်ပေါ်တွင် အရေးအကြောင်းတစ်ကြောင်း ပါရှိနေလျှင် လည်း မိန်းမဖြစ်သူကို ခိုက်တတ်၏။

ယောကျ်ားဖြစ်သူ၏ အောက်မျက်ခွံပေါ်တွင် အရေးအကြောင်းများထပ်၍ နေလျှင်လည်း မိန်းမဖြစ်သူကို ခိုက်တတ်၏။

မျက်စိအဖြူရောင်၏ နှုတ်ခမ်းစပ်တွင် အဝါရောင်ပါရှိသော ယောကျ်ားဖြစ်လျှင် မိန်းမဖြစ်သူအား ခိုက်တတ်ပြီး မိန်းမဖြစ်သူတွင် မြီးညောင်းရိုး ချွန်ထွက်နေလျှင် ယောကျ်ားဖြစ်သူအား ခိုက်တတ်၏။

နှာတံသေးငယ်နေသော လူမျိုးများသည်လည်း မိန်းမဖြစ်သူအား ခိုက်တတ်၏။

နှာခေါင်းမှ အရောင်ခြောက်ကပ်ပြီး အရိုးပေါ်နေခဲ့လျှင်လည်း မိန်းမဖြစ်သူကို ခိုက်တတ်၏။

ငါးအမြီးခွနေရာမှ အသားအရေသည် အရောင်ခြောက်ကပ်နေ လျှင် သေဆုံးတတ်၏။

နားထင်ပေါ်မှ အရေးအကြောင်းများ ပြတ်တောင်းစွာ ပေါ်လွင်နေလျှင် မိန်းမဖြစ်သူ သေဆုံးနိုင်ပြီး မိန်းမဖြစ်သူ၏ နားထင်ပေါ်တွင် အရေးအကြောင်းများ ပြတ်တောင်းစွာ ပေါ်လွင်နေလျှင် ယောကျ်ားဖြစ်သူ သေဆုံးလိမ့်မည်။

ငါးအမြီးခွနေရာ အသားအရေပေါ်တွင် အစိမ်းရောင် ပေါ်လွင် ပြီး မှိန်၍နေသူ၏ဇနီးသည်လည်း ကျန်းမာရေး မကောင်းနိုင်ပါ။

ငါးအမြီးခွနေရာတွင် အရောင်မှေးမှိန်နေလျှင်လည်း မိမိ၏ အိမ်ထောင်ဖက်နှင့် တစ်နယ်တခြားစီ ခွဲခွာပြီး နေထိုင်ရလိမ့်မည်။

ငါးအမြီးခွနေရာတွင် ခြောက်ကပ်၍နေလျှင်လည်း မုဆိုးမ ဖြစ်ရမည်။

ယောကျ်ားဖြစ်သူ၏ နဖူးပေါ်တွင် မှဲ့ပါရှိလျှင် မိန်းမဖြစ်သူနှင့် တကွဲတပြားစီ နေထိုင်ရလိမ့်မည်။

❒

## မျက်ရည်ခံအကြောင်း

ယောကျ်ား၊ မိန်းမများသည် မျက်ရည်ခံနေရာတွင် အသားအရေ ပြည့်ဝပြီး စိုပြည်နေမှသာလျှင် ကောင်း၏။

နားထင်ပေါ်မှ အသားအရေပျော့အိနေပြီး နဖူးရိုးသည် ထောင်၍ တက်နေသယောင်ထင်ရကာ မီးပြောင်းမှုတ်နေသော သဏ္ဍာန်နှင့် တူသော နှုတ်ခမ်းရှိသူ။

နောက်ကျောပြင်သည် အသားအရေနည်းပါး၍ ချိုင့်ခွက်နေကာ ခါးပါသေးငယ်နေသူ။

မျက်ရည်ခံနေရာသည်လည်း တိမ်ပြီး ကျဆင်းနေသူ။

မျက်နှာပြင်၏ အသားအရောင်သည်လည်း အနီရောင်၊ အဝါရောင် ဖြစ်ပေါ်ကာ၊ နှုတ်ခမ်းအရောင်မှာ ခြောက်သွေ့နေသူ။

စကားပြောသောအခါတွင် လျှင်မြန်စွာ ပြောဆိုတတ်ပြီး အသံကွဲအက်နေသော မိန်းမများသည်လည်း ယောကျ်ားဖြစ်သူကို ခိုက်တတ်၏ ။

နဖူးပြင်ပေါ်တွင် အပ်တစ်ချောင်း တင်ထားသကဲ့သို့ အရေးအကြောင်းဖြစ်ပေါ်ပြီး မျက်နှာသည်လည်း ငိုမဲ့သယောင် ပုံစံရှိနေသော မိန်းမများသည် သားရှိလျှင် အမုအခင်းဖြစ်၍ ထောင်ကျနိုင်၏။

သို့မဟုတ်ပါက သေဆုံးချိန်ထိ သားဖြစ်သူနှင့် တကွဲတပြားစီ နေရလိမ့်မည်။

အပေါ်နှုတ်ခမ်းအလယ်ချိုင့်ရာ ဈွေစောင်း၍နေပြီး နှာအုံပါ ပုံစံမကောင်းဘဲ နှာထင်ကြောများသည်လည်း ပြတ်တောင်းနေသကဲ့သို့ ဖြစ်ပေါ်နေလျှင် သားသမီးဖြစ်သူများအား ခိုက်တတ်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာတွင် မှဲ့ရှိနေလျှင် သူများမွေးစားခြင်းကို ခံရလိမ့်မည်။

မျက်ရည်ခံနေရာမှ အရေးအကြောင်းတည့်မတ်စွာ ရှိနေလျှင် သားသမီးဖြစ်သူ အမှုအခင်းဖြစ်နိုင်၏။ သားသမီးများကိုပါ ခိုက်တတ်၏။

အပေါ်မျက်ခွံကြီး၍ အောက်မျက်ခွံသေးငယ်နေသော မိန်းမများသည်လည်း သားသမီး မမွေးဖွားနိုင်ပါ။

မျက်ရည်ခံနေရာတွင် ချိုင့်ခွက်၍နေလျှင် သားသမီးများရှိသော်လည်း တစ်မြို့တစ်ရွာ သွားရောက်၍ တကွဲတပြားစီ နေထိုင်ရလိမ့်မည်။

မျက်ရည်ခံနေရာတွင် မြွေတစ်ကောင် အောက်ဘက်သို့ လျောကျနေသကဲ့သို့ အရေးအကြောင်းများ ပေါ်လွင်နေသူများသည် သားသမီးဖြစ်သူများကို သေခါနီးအချိန်ရောက်မှ တွေ့ရလိမ့်မည်။

နှာခေါင်းပေါ်တွင် ဓားတစ်ချောင်းတင်ထားသကဲ့သို့ အရေးအကြောင်းသည် အပေါ်သို့တက်သွားလျှင် ဥပဒေချိုးဖောက် ကျူးလွန်သူ ဖြစ်၏။

ဦးခေါင်းပေါ်သို့ ရှူးသွားသော သူများသည် သားသမီးဖြစ်သူများကိုပင် ချစ်ခင်ကြင်နာမှုမရှိပေ။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ နို့သီးခေါင်းထောင်၍ နေလျှင် သားသမီးဖြစ်သူများအား စိန်ကဲ့သို့ သဘောထားလိမ့်မည်။

❒

## သားသမီးမရနိုင်သော နားထင်ရိုးအကြောင်း

မျက်နှာပြင် မည်းမှုပင် ချောမောစေကာမူ အပေါ်မျက်ခုံးရိုးနှင့် အောက်မျက်ရိုးများသည် မြင့်၍နေပြီး မျက်စိပါအတွင်းသို့ ဝင်နေသယောင် ထင်ရလျှင် သားသမီးမရှိသူပင် ဖြစ်၏။

မျက်နှာပြင်ကြီးပြီး ပခုံးနှစ်ဖက်သေးငယ်၍ နေလျှင်လည်း သားသမီးမရရှိသူပင် ဖြစ်၏။

မျက်စိ အဖြူရောင်များပြီး အမည်းနည်းသော သူသည်လည်း သားသမီးမရှိသူ ဖြစ်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ မချိုင့်ဘဲ ပြည့်မို့နေလျှင်လည်း သားသမီးမရှိ။

မျက်ရည်ခံနေရာတွင် မျက်ရည်ကျနေဘိသကဲ့သို့ ဖြစ်ပေါ်နေလျှင်လည်း သားသမီးမရှိ။

အပေါ်နှုတ်ခမ်းထူ၍နေပြီး မျက်စိသေးငယ်သူသည်လည်း သားသမီး မရရှိသူဖြစ်၏။

သားသမီးမရှိသူ၏ နှုတ်ခမ်းသည်လည်း မီးပြောင်းမှုတ်နေသည့် ပုံသဏ္ဍာန်နှင့် တူညီနေ၏။

နောက်စိတွင် ဆံပင်မပေါက်သူနှင့် လမ်းမပေါ်တွင် မတ်တတ်ရပ်ပြီး ဟိုကြည့်သည်ကြည့်နှင့် လျှောက်ကြည့်တတ်သူများသည် သူများသားသမီးကို မွေးစားမည့် လူများပင်ဖြစ်၏။

နဖူးပြင်အလွန်ပေါ်လွင်နေသူများသည် ၎င်းတို့ထံတွင် မွေးစားသားသမီး ရှိလိမ့်မည်။

ပန်းနီရောင်ကဲ့သို့သော အရောင်ရှိသော မျက်နှာပိုင်ရှင်သည် တစ်ကိုယ်တည်းနေထိုင်လျှင် ဘုန်းကံရှိ၏။

ဆိတ်မျက်စိကဲ့သို့ အဖြူများပြီး အမည်းနည်းသူသည်လည်း တစ်ကိုယ်တည်းသမားပင် ဖြစ်၏။

အောက်မျက်ခွံ အရောင်ခြောက်ကပ်၍ နေလျှင်လည်း တစ်ကိုယ်တည်းသမားပင် ဖြစ်၏။

နှာခေါင်းအပေါက်ဝ နှစ်ဖက် အပေါ်သို့ လန်တတ်နေသူသည်လည်း တစ်ကိုယ်တည်းသမားဖြစ်၏။

အသက်ရှူသံ အလွန်ပြင်းသူသည်လည်း တစ်ကိုယ်တည်းသမားဖြစ်၏။

အပေါ်နှုတ်ခမ်းသားပေါ်တွင် အရေးအကြောင်းမပါရှိသူသည်လည်း တစ်ကိုယ်တည်းသမားဖြစ်၏။

နှုတ်ခမ်းမွေးနေရာတွင် အဝါရောင် ဖြစ်ပေါ်နေလျှင်လည်း တစ်ဦးတည်း နေထိုင်ရလိမ့်မည်။

မုတ်ဆိတ်မွေးမပေါက်သူသည်လည်းတစ်ကိုယ်တည်းသမားဖြစ်၏။

ငိုမဲ့နေသယောင် မျက်နှာပုံစံရှိပြီး ခါးသေးငယ်နေသူသည်လည်း တစ်ကိုယ်တည်းသမားများပင် ဖြစ်၏။

❐

## ညီအစ်ကို မောင်နှမများကို ခိုက်တက်သည့်ပြချက်များ

ထိုပြချက်သည် မျက်စွန်း၏ ဘေးမှ ငါးအမြီးခွနေရာတွင် ပြသထားသော ပြချက်ပင် ဖြစ်ပါသည်။

ထိုနေရာတွင် အသားအရေ ပြည့်စုံနေပြီး ချိုင့်ခွက်၍ မနေမှသာလျှင် ကောင်း၏။

ချိုင့်ခွက်ပြီး အရေးအကြောင်း အနည်းငယ်ပေါ်နေလျှင် အစ်ကိုညီများနှင့် တကွဲတပြားစီ နေထိုင်ရလိမ့်မည်။

မျက်ခုံးမွေးဝိုက်၍နေလျှင် ညီအစ်ကို မောင်နှမများသော်လည်း စိတ်သဘောထားချင်း မတူညီကြပါ။

လူတကာထက် ထူးခြားစွာ ပေါက်နေသော မျက်ခုံးမွေးသည် ပြတ်တောင်း၍နေမူ ညီအစ်ကိုများ တစ်မြို့တစ်ရွာတွင် ခွဲခြားပြီး နေထိုင်ရလိမ့်မည်။

မျက်ခုံးမွေး ရှုပ်ယှက်ခတ်နေလျှင် ညီအစ်ကိုချင်းရန်သူကဲ့သို့ သဘောထားလိမ့်မည်။

မျက်ခုံးမွေး ဝိုက်ပြီးကောက်၍နေလျှင် ညီအစ်ကိုများ တသီးတခြားစီ နေထိုင်ရလိမ့်မည်။

ထိုကဲ့သို့ ဝိုက်ပြီးကောက်၍နေသော မျက်ခုံးမွေးများသည် မလှပဘဲ ရှုပ်၍နေလျှင် ညီဖြစ်သူက အစ်ကိုဖြစ်သူကို သတ်တတ်ပြီး အစ်ကို

ဖြစ်သူက ညီဖြစ်သူကို သတ်တတ်၏။

ဆံပင်များသည် နဖူးပေါ်သို့ ပေါက်ရောက်နေလျှင် ငယ်ရွယ်စဉ်တွင် ဖခင်ဖြစ်သူ သေဆုံးတတ်၏။

နားထင်ရိုး ငေါ၍ထွက်နေပြီး နှုတ်ခမ်းပါ ချွန်၍နေလျှင် မိခင်ဖြစ်သူ စောစီးစွာ သေဆုံးလိမ့်မည်။

နားထင်ရိုး တစ်ဖက်နိမ့်၍ စောင်းနေပြီး မျက်ခုံးမွေးပါ ဝိုက်၍နေလျှင် အရွယ်မရောက်မီ မိဘနှစ်ပါး သေဆုံးတတ်၏။

ငါးအမြီးခွ နေရာတွင် အသားအရေ ခြောက်ကပ်၍နေလျှင် ဇနီးသည်ဖြစ်သူ သေဆုံးလိမ့်မည်။

နားထင်ရိုးပေါ်တွင် အရေးအကြောင်းများ ပြတ်တောင်းစွာ ပေါ်လွင်နေလျှင် ဇနီးသည်ဖြစ်သူ သေဆုံးတတ်၏။

မျက်နှာကြီးပြီး နှာခေါင်း သေးငယ်နေသူသည်လည်း မိန်းမ ခိုက်တတ်၏။

အလယ်ချိုင့်ရာ သေးငယ်နေလျှင် သားသမီးနည်းလိမ့်မည်။

အလယ်ချိုင့်ရာတွင် အရေးအကြောင်းတစ်ကြောင်း တန်းမတ်ပြီး ပေါ်လွင်နေလျှင် သူများသားသမီးကို မွေးစားမည့်သူ ဖြစ်လိမ့်မည်။

အောက်မျက်ခွံပေါ်တွင် မှဲ့နှင့် အရေးအကြောင်းများ ပါရှိနေလျှင် သားသမီးမရှိသူ ဖြစ်လိမ့်မည်။

❒

## နှဖူးပြင်ကို သေချာစွာ ခွဲခြားကြည့်ပါ

နားထင်ထောင့်မှအရိုးသည် အလွန်မြင့်မောက်၍နေလျှင် ပထမ အရွယ်တွင်ပင် မိဘဖြစ်သူအား ခိုက်တတ်၏။

မျက်ခွံးမှ ငါးမြီးခွ နှစ်ခွ အပြင်သို့တန်း၍ ထွက်နေပြီး ထိုနေ ရာတွင် မချိုင့်ခွက်ဘဲနှင့် မျက်ခုံးမွေးသည်လည်း အလွန်ကောင်းမွန် နေကာ မျက်ရည်ခံ နေရာတွင် ချိုင့်ခွက်နေပြီး နားထင်ရိုးပါ မကောင်း သော လူမျိုးများသည် ဇနီးသည်ဖြစ်သူအား ခိုက်တတ်၏။

နားထင်ပေါ်တွင် အသားကန့်လန့်ရှိနေလျှင်လည်း သားသမီး ဖြစ်သူကို ခိုက်တတ်၏။

မျက်ရည်ခံနေရာတွင် မျက်ရည်ကျနေသကဲ့သို့ ပေါ်လွင်နေသူမျိုး များသည် အသက်အရွယ်ကြီးမှ သားသမီးရလိမ့်မည်။

ယောက်ျားဖြစ်သူစကားပြောသောအသံသည် ရေထဲသို့ ကျောက်ခဲ ပစ်ချသကဲ့သို့ အသံမျိုး ထွက်ပေါ်လာရမည်။

အဆင့်အတန်းကောင်းမွန်ပြီး သိက္ခာရှိသောမိန်းမဖြစ်သူများသည် နားထင်အသားအရေထူ၍ နေရပေမည်။ ယောက်ျားများကို ကြည့် လိုက်လျှင်လည်း တန်းမတ်၍ကြည့်တတ်ပြီး မျက်စိမှိန်းကာ ကြည့် တတ်သော အမျိုးသမီးများသည် အရာရှိကတော်ဖြစ်နိုင်၏။

နားထင်ရိုးသည်လည်း မပေါ်လွင်ဘဲ နှုတ်ခမ်းသည် အနီရောင်ဖြစ်ကာ ဖြူဖွေးသောသွားရှိပြီး အသားအရေစိုပြည်ကောင်းမွန်ကာ လက်ချောင်းကလေးများသည် အရင်းတုတ်ပြီး အဖျားတွင် ရှူးသွားနေသော မိန်းမများသည် အဆင့်အတန်း အမြင့်ဆုံး မိန်းမများပင် ဖြစ်၏။

နားရွက်နှစ်ဖက်သည် အလွန်ကပ်၍နေပြီး အပေါ်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းတို့၏အသားအရေမှာ ထူ၍နေကာ လက်ဖဝါးပြင်လည်း အနီရောင်ရှိနေရပေမည်။ ၎င်းပြင် မျက်ကွင်းသည်လည်း အနီရောင်သမ်း၍နေကာ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာပါ ရှည်၍ နေရပါမည်။ ပါးပြင်နှစ်ဖက်ပါပြည့်၍နေကာ ကျောကုန်းမှ အသားအရေပါ ထူ၍နေလျှင် ချမ်းသာကြွယ်ဝသော အမျိုးသမီးပင် ဖြစ်လိမ့်မည်။

ယောကျ်ားဖြစ်သူသည် မေးစေ့ရှူး၍ နေရပေမည်။

မိန်းမဖြစ်သူဆိုလျှင် ပြည့်ပြီးဝိုင်း၍နေမှသာ ကောင်း၏။

မျက်စိကို အဖြူအမည်း သေချာစွာ ခွဲခြားကြည့်ရှုပါ။ မျက်စိသည် စွေစောင်းမနေဘဲ လုပသော မျက်ခုံးမွေးရှိကာလမ်းလျှောက်လျှင် ကိုယ်လုံးမတ်ပြီး တစ်လှမ်းချင်း ဖြည်းညင်းစွာ လျှောက်တတ်သူဖြစ်လျှင် စိတ်ထားကောင်းမွန်သော အမျိုးသမီးပင်ဖြစ်၏။

နားရွက်မှ အသားအရေထူနေပြီး နဖူးပြင်ဝိုင်းကာ နှာခေါင်း သည် တန်းပြီး ပေါ်လွင်နေရမည်။ ဆံပင်သည် ပါး၍နေကာ အသံပါ ကြည်လင်ကောင်းမွန်နေသော မိန်းမများသည် အသန့်ရှင်းဆုံး အမျိုးသမီးများပင် ဖြစ်၏။

နားရွက်ရှည်နေသော မိန်းမများသည်လည်း အသက်ရှည်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာနိမ့်ပြီး ကျယ်နေသောမိန်းမများဆိုလျှင် အသံသေးပြီး လည်ပင်းတွင် အရေးအကြောင်း နှစ်ကြောင်းပါရှိရပါမည်။ထိုမိန်းမသည် လမ်းလျှောက်လျှင် စာကလေးကဲ့သို့ ခုန်၍

သွားတတ်လျှင်လည်း မကောင်းပါ။

ရယ်မောရှ်၍ စကားပြောဆိုတတ်ပြီး မျက်ကွင်းသည်လည်း ပန်းရောင်ဖြစ်နေကာ အသံသည်လည်း ပေါ့ပျက်၍နေလျှင် မကောင်းသော မိန်းမပျက်များပင် ဖြစ်၏။

အပေါ်နှုတ်ခမ်းတို၍နေပြီး စကားပြောသောအသံ ပျံ့နေကာ ဆံပင် အဝါရောင်ရှိသော မိန်းမများ။

နှာခေါင်းကောက်၊ နှာပေါက်ကျယ်ကျယ်၊ မျက်စိအတွင်းသို့ ချိုင့်ဝင်နေသောမိန်းမများ။

နှာခေါင်းမှ အရိုးအဆစ်များ တွေ့မြင်ရသော မိန်းမများ။

မျက်နှာပြင် အရောင်မည်း၊ ကိုယ်လုံးအသားအရေ ကြမ်းသော မိန်းမများ။

ပင်ကိုယ် အသံကွဲအက်နေသော မိန်းမ။

လည်ပင်းတိုသော မိန်းမ။

မျက်နှာသေးငယ်နေသော မိန်းမများသည် အဆိုးဆုံး အညံ့ဆုံးသော မိန်းမမျိုးများပင် ဖြစ်၏။

မျက်ခုံးမွေးထူပြီး အရိုးမာကာ မျက်နှာမော့၍ ကြည့်လိုက်လျှင် ဆံပင်မျက်နှာပြင်ပေါ်သို့ ကျနေကာ ငိုမဲ့နေသယောင် ပုံစံမျိုးရှိပြီး နဖူးပြင်ပေါ်တွင်လည်း ကြက်ဥတစ်လုံး တင်ထားသကဲ့သို့ မို့မောက်၍နေသူ မိန်းမများနှင့်။

မျက်နှာပြင် အရောင်မည်း၍နေကာ နှာခေါင်းသည် ဖွဲစောင်း နေပြီး နားထင်သည်လည်း ချပ်ကပ်နေကာ မျက်ရည်ခံနေရာသည်လည်း အရောင်ခြောက်သွေ့၍နေသူမျိုးများမှာ တစ်ကိုယ်တည်း နေထိုင်ရလိမ့်မည့် မိန်းမအမျိုးအစားများပင်ဖြစ်၏။

ကိုယ်လုံးပျော့ပျောင်းပြီး စကားပြောသော အသံသေးငယ်ကာ

အသားအရေများပြီး အရိုးမပေါ်လွင်ဘဲ မျက်ခုံးမွေး နှစ်ဖက်သည် အောက်သို့ ဝိုက်ကျနေ၍ အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာ တိုနေသူ။

ထိုင်နေစဉ် အိပ်နေစဉ်အခါများတွင်လည်း အလွန် စဉ်းစား တတ်ပြီး အပေါ် နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း လန်၍နေကာ သွားပါ ပေါ်နေပြီး ခါးပါ ဗွေစောင်းနေသူ မိန်းမမျိုးများမှာ အသက်မရှည်ကြပါ။

❑

## မိန်းမများတွင် ကိုးမျိုး လှပနေရမည်

၁။ ဦးခေါင်းဝိုင်းပြီး နဖူးပြင် ညီညာသော မိန်းမများ။
၂။ အရိုးသေး၊ အသားအရေ နူးညံ့၍နေသော မိန်းမများ။
၃။ နှုတ်ခမ်းနီ၊ သွားအရောင်ဖြူဖွေးနေသော မိန်းမများ။
၄။ မျက်ခုံးမွေး ရှည်ပြီး မျက်လုံးပါ အရောင် ကောင်းမွန်သော မိန်းမများ။
၅။ လက်ချောင်းကလေးများသည် အရင်းတုတ်ပြီး အဖျားတွင် ချွန်၍ နေကာ လက်ဖဝါးပြင် အသားအရေသည် ပြည့်ဖြိုး၍ နေပြီး အရေးကြောင်းများပါ ထင်ရှားစွာ ပေါ်လွင်နေသူ မိန်းမများ။
၆။ စကားပြောလျှင် အသံကြည်လင်သော မိန်းမများ။
၇။ ရယ်ပြုံးသောအခါ နှုတ်ခမ်းမတွန့်သော မိန်းမများ။
၈။ သွားလာထိုင်ထလျှင် ဖြည်းညင်းစွာဖြင့် လှုပ်ရှားသွားလာသော မိန်းမများနှင့်။
၉။ ကြည့်လိုက်လျှင် စိတ်အေးချမ်းသာ တည်ငြိမ်စွာရှိသော မိန်းမများသည် (ကိုး) မျိုး လှပနေသူမိန်းမများပင် ဖြစ်၏။

❒

## မိန်းမများတွင် (ကိုး) မျိုး မကောင်းသော ပြချက်များ

၁။ နားထင်ရိုးကြီးပြီး မြင့်မောက်နေသည့် မိန်းမများသည် အညံ့ဆုံး။
၂။ လည်စလုတ်ကြီးသည့် မိန်းမသည် လင်ယောကျ်ားကို ခိုက်၏။
၃။ ဆံပင် ရှုပ်ယှက်ခတ်နေသော မိန်းမသည်လည်း လင်ယောကျ်ားကို ခိုက်တတ်၏။
၄။ လမ်းသွားလျှင် စာကလေးကဲ့သို့ ခုန်၍ သွားသူလည်း မကောင်းပါ။
၅။ မျက်ခုံးမွေးနှစ်ဖက်ဝိုင်းပြီး ဆက်နေသော မိန်းမသည်လည်း ယောကျ်ားကို ခိုက်၏။
၆။ နှာခေါင်းပေါ်တွင် ကန့်လန့်အရေးကြောင်း ပါရှိနေလည်း မကောင်းပါ။
၇။ မျက်စိအလွန် ပြူးကျယ်သော မိန်းမများသည်လည်း မကောင်းပါ။
၈။ ခွဲပျစ်စွာ စကားပြောဆိုတတ်သော သူသည်လည်း မကောင်းပါ။

၉။ မျက်ခုံးပေါ်မှ အရေးကြောင်းဘေးသို့ဝိုက်ပြီး ကျနေလျှင် လင်ယောကျ်ားသေဆုံးပြီး နောက်အိမ်ထောင် ထပ်ပြုရသော မိန်းမများပင် ဖြစ်ကြ၏။

အဆင့်အတန်းမြင့်သော မိန်းမများသည် နားထင်ရိုး အနည်းငယ်သာ မြင်တွေ့ရ၏။

နားထင်ရိုးသည် ဆံပင်နားအထိ ရောက်ရှိနေလျှင် အလွန်ဩဇာအာဏာရှိသော သူ၏ ဇနီးသည် ဖြစ်နိုင်၏။

နဖူးပြင်မှ အရိုးသည်လည်း အနည်းငယ်ပေါ်နေသယောင် ထင်ရလျှင် အရာရှိကတော် ဖြစ်နိုင်၏။

နားထင်နှစ်ဖက်စလုံး အသားအရေ ပြည့်ဖြိုးကြည်လင်နေလျှင် အရာရှိကြီး၏ ညီမဖြစ်နိုင်၏။

မျက်ခုံးမွေးရှည်ပြီး လှပစွာရှိနေလျှင်လည်း လိမ္မာယဉ်ကျေးသော မိန်းမများပင် ဖြစ်၏။

နှာခေါင်းမှ အသားအရေပြည့်ဝပြီး ဝိုင်းနေလျှင် ချမ်းသာနိုင်၏။

နှုတ်ခမ်းနီပြီး ဘေးနှစ်ဖက်မှ အပေါ်သို့ ကော့၍ တက်နေလျှင်လည်း အလွန်ချမ်းသာသော မိန်းမမျိုးပင် ဖြစ်၏။

အပေါ်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းပါ နီရဲနေသူသည် လင်ယောကျ်ားဖြစ်သူပါ ကောင်းစားနိုင်၏။

သွားများဖြူဖွေးပြီး စေ့၍နေကာ ညီညာလှပစွာ ရှိနေလျှင်လည်း ကောင်းမွန်သော အင်္ဂါရုပ်ရှိသော အမျိုးသမီးပင် ဖြစ်၏။

မျက်ရည်ခံနေရာ တစ်လျှောက်တွင် ကြည်လင်နေလျှင်လည်း သားသမီးများ၏။

အပေါ် နှုတ်ခမ်းသားပေါ်တွင် အရစ်များနေလျှင် သားသမီးများ၏။

နား‌ထင်ရိုး၏ အောက်ဘက်တွင် အသားပြည့်ပြီး အနည်းငယ် ဖွေကျနေသူ မိန်းမများသည် ဩဇာရှိပြီး ချမ်းသာနိုင်၏။

ဘယ်ဘက်က နားရွက် အသားအရေ ထူနေလျှင် သားယောကျ်ား လေး အရင်မွေးဖွားနိုင်၏။ ညာဘက်က နားရွက် အသားအရေ ထူနေ လျှင် သမီး မိန်းကလေး အရင်ဆုံးမွေးဖွားလိမ့်မည်။

ဆံပင်အရောင်သည် စိမ်းမည်း၍နေပြီး အမျှင်သေးငယ်၍ နေလျှင် ဩဇာရှိသော မိန်းမမျိုးပင် ဖြစ်၏။

လက်ဖဝါးပြင် အသားအရေပျော့ပြီး အနီရောင် ဖြစ်ပေါ်နေလျှင် ချမ်းသာပြီး အသက်ရှည်နိုင်၏။

ကိုယ်ခန္ဓာအရိုးသေးပြီး အသားအရေ နူးညံ့ချောမွေ့နေလျှင် ဩဇာ ရှိသော မိန်းမမျိုးပင် ဖြစ်၏။

ကိုယ်ခန္ဓာ အနံ့အသက် မွှေးကြိုင်နေလျှင်လည်း အဆင့်အတန်း မြင့်စွာ နေထိုင်ရတတ်၏။ ထို့ပြင် စိတ်သဘောထားပါ ယဉ်ကျေးသိမ် မွေ့သူ ဖြစ်ရမည်။

နဖူးပြင်ပေါ်တွင် အနည်းငယ် အရောင်မည်းကွက်နေခဲ့လျှင်လည်း မိန်းမဖြစ်လျှင် ယောကျ်ားကို ကောင်းကျိုးပေးလိမ့်မည်။

နို့အုံဘေးတွင် အမွေးများဝိုက်ပြီး ပေါက်နေလျှင် ကောင်းသော ပြချက်ပင် ဖြစ်၏။

## မကောင်းသော ပြချက်

ဆင်းရဲပြီး မကောင်းသော ဦးခေါင်းဖြစ်လျှင် ချွန်၍ နေ၏။

နားထင်တွင် ဝိုက်၍နေသော အမွေးထွက်ပေါ်လာသော မိန်းမများသည် အိမ်ထောင်ကျပြီးသည်နှင့် ကျန်းမာရေး ချို့ယွင်းကာ သေဆုံးလိမ့်မည်။

နဖူးပြင် ကျဉ်းနေပြီး ဆံပင်များသည် နဖူးပြင်ပေါ်သို့ ဖွေ၍ကျနေလျှင် ဆင်းရဲသူပင် ဖြစ်၏။

ဆံပင် အဝါရောင်ကဲ့သို့လည်းကောင်း၊ အနီရောင်ကဲ့သို့လည်းကောင်း ဖြစ်ပေါ်နေလျှင် ဆင်းရဲသူပင်ဖြစ်သည်။

မျက်ခုံးမွေးပါးပြီး ပြန့်၍ ဝိုက်ကျနေသူ မိန်းမများသည် ယောကျ်ားယူပြီး နောက်ထပ်တစ်ယောက် ထပ်ယူရလိမ့်မည်။ ထို့ပြင် သားသမီးကိုပါ ခိုက်တတ်၏။

မျက်စိအပြင်သို့ ထွက်နေသယောင် ထင်ရပြီး မျက်ရိုးသည် ချိုင့်ကွက်နေကာ မျက်စိ၏ အမည်းရောင်ပေါ်တွင် နီရဲပြီးနေလျှင် လင်ယောကျ်ား ဖြစ်သူအား ခိုက်တတ်၏။

နှာခေါင်းချွန်ပြီး ဖွေစောင်း၍ ကောက်နေလျှင်လည်း စိတ်သဘောထား မကောင်းသူပင် ဖြစ်၏။

မီးပြောင်း မှုတ်နေသယောင် ထင်ရသော နှုတ်ခမ်းရှိသူ မိန်းမများသည်လည်း တစ်ကိုယ်တည်းနေထိုင်ရလိမ့်မည်။

ငွေကြေး မပြည့်စုံသော မိန်းမများသည် ပါးစပ်ကြီး၍ ဆင်းရဲပြီး ယောကျ်ားသုံးယောက်မျှ ခိုက်တတ်၏။

အပေါ်နှုတ်ခမ်း သေးငယ်ပြီး သွားပေါ်နေလျှင်လည်း လင်ယောကျ်ားဖြစ်သူအား ခိုက်တတ်၏။

အပေါ်နှုတ်ခမ်း အစိမ်းရောင်ရှိပြီး လျှာအရောင်မည်းနေလျှင် မကောင်းသော မိန်းမပျက်ပင် ဖြစ်၏။

နားရွက်အရောင်မည်းသူ အသက်တို၏။

ဆင်းရဲသော မိန်းမများသည် မျက်နှာအရောင်ဝါပြီး နားထင်ရိုး မြင့်မောက်နေလျှင် မကောင်းပါ။

မျက်နှာပြင်ပေါ်တွင် မှဲ့ခြောက်များစွာပေါ်နေလျှင် တစ်ကိုယ်တည်း နေရလိမ့်မည်။

မျက်နှာ ချိုင့်ကွက်ပြီး နဖူးသေးငယ်သူသည်လည်း ဆင်းရဲ၏။

နားထင်ရိုး ချွန်၍ ထွက်နေပြီး နှာခေါင်းရှုံ့တတ်သူ သည်လည်း ဆင်းရဲသူပင် ဖြစ်၏။

ကိုယ်ခန္ဓာ တစ်ကိုယ်လုံး အမွေးကြမ်းစွာ ပေါက်နေလျှင် စိတ်သဘောထား ညံ့ဖျင်းတတ်ပြီး တစ်ကိုယ်တည်းလည်း နေထိုင်ရ လိမ့်မည်။

ချိုင်းမွေးကြမ်းသော သူသည်လည်း ဆင်းရဲသော သူပင်ဖြစ်၏။

အပေါ်နှုတ်ခမ်းထူပြီး ပါးစပ်မှ အနံ့ပုပ်ထွက်သူသည် စကားပြောရင်း မကြာခဏ ရန်ဖြစ်တတ်ပြီး စရိုက်ကြမ်းသော သူပင် ဖြစ်၏။

စကားပြောသောအသံ ကွဲအက်၍နေပြီး သေးငယ်နေလျှင် ငွေကြေး မပြည့်စုံဘဲ အဖျားအနာ များ၏။

ပါးစပ်ပိတ်ပြီး ရယ်တတ်သူ ဖောက်ပြားနေလိမ့်မည်။

ထိုင်ပြီး ဒူးခေါင်းလှုပ်တတ်သူသည် နေရာတိုင်းတွင် အပျော်အပါး

လိုက်စားလိမ့်မည်။

နို့သီးခေါင်း ငယ်နေလျှင် သားသမီး မရှိ၊ ထို့ပြင် စီးပွားရေးပါ အဆင်မပြေ ဖြစ်နိုင်၏။

နို့သီးခေါင်းသေးပြီး အရောင်ဖြူနေလျှင် သားသမီး တစ်ယောက်မျှ မမွေးဖွားနိုင်ပါ။

ရင်အရိုးမြင့်ပြီး နောက်ကျောမှ အသားအရေ နည်းပါးကာ ချိုင့်ကွက်နေလျှင် တစ်သက်လုံး သူများ အခိုင်းအစေ ဖြစ်လိမ့်မည်။

ခါးကျိုးနေသကဲ့သို့ ထင်ရပြီး လည်ပင်းပါ စောင်း၍နေလျှင်လည်း တစ်ကိုယ်တည်း ဆင်းရဲသောသူ ဖြစ်လိမ့်မည်။

လမ်းလျှောက်လျှင် စာကလေးကဲ့သို့ ခုန်၍သွားတတ်သူသည် မိန်းမ ဖြစ်လျှင် ယောကျ်ားကို ခိုက်တတ်၏။

မျက်နှာပြင် အရောင်ဖြူနေပြီး အသားအရေ ပါးနေလျှင် ငယ်စဉ်ကတည်းက အိမ်ထောင်ကွဲလိမ့်မည်။

ယောကျ်ားဆိုလျှင် မျက်ခုံးမွေး ချိတ်ပုံသဏ္ဌာန်ရှိနေလျှင် မိန်းမလိုက်စားမည့်သူ (သို့မဟုတ်) သူခိုး ဓားပြဖြစ်နိုင်၏။

အပေါ်နှုတ်ခမ်း အလယ်ချိုင့်ရာတွင် ကန့်လန့်စင်းပါရှိနေလျှင် လင်ယောကျ်ား ၁၀ ယောက်ခန့် သေလိမ့်မည်။

မိန်းမဖြစ်သူသည် လမ်းလျှောက်လျှင် ခေါင်း မခါရပါ။ ထို့ပြင် ခြေထောက်ပါ မခါယမ်းလျှင် ကောင်း၏။

ဦးခေါင်းညိတ်ပြီး မျက်နှာမော့တတ်သူသည် မိန်းမလိုက်စားမည်သူပင် ဖြစ်၏။ စကားပြောသော အသံကျယ်ပြီး နှာခေါင်းပေါက်ပါကျယ်နေသူသည်လည်း တစ်ကိုယ်တည်းသမားပင် ဖြစ်၏။

ဒူးခေါင်း အမြဲတမ်း လှုပ်တတ်သူသည်လည်း မိန်းမလိုက်စားမည့်သူပင် ဖြစ်၏။

အပေါ်နှုတ်ခမ်းလန်ပြီး သွားပေါ်နေလျှင် မိန်းမဆိုလျှင် ယောကျ်ား နိုက်ပြီး သားသမီးပါ နိုက်တတ်၏။

မေးစေ့သေးငယ်နေပြီး မျက်လုံးအိမ် ချိုင့်ဝင်နေလျှင် ယောကျ်ား သုံးဆက်မျှ သေဆုံးနိုင်၏။

နဖူးပြင်ပေါ်တွင် အဝါရောင် အဖြူရောင်သမ်းပြီး နားသယ်သို့ တက် သွားလျှင် မိမိကို အကျိုးပေးမည့် သားယောကျ်ားလေး မွေးဖွားလိမ့် မည်။

အဆင့်အတန်းမြင့်သော မိန်းမများသည် အပေါ်အလယ်အောက် ကိုယ်ခန္ဓာနှင့်ဝမ်းဗိုက်ပါ ညီညာစွာ ရှိနေရမည်။

လက်ချောင်းလေးများသည် အရင်းတုတ်ပြီး အဖျားတွင် ချွန်၍ နေကာ နားထင်မှ အသားအရေပြည့်ပြီး ကြည်လင်စိုပြည်နေရမည်။

ပခုံးနှင့် ခါးပါ အသားအရေ ပြည့်ဖြိုးနေရမည်။

ထိုင်၍နေလျှင် အလေးဆွဲထားသကဲ့သို့ မလှုပ်မယှက်ဘဲ ထိုင်နေ ရမည်။

နို့အုံနှစ်ဖက်သည် အောက်သို့ အနည်းငယ်ဖွေ၍ ကျနေရမည်။ ထို့ပြင် ချက်အပေါက်ကျယ်ပြီး နက်နေရမည်ဆိုလျှင် အလွန်မြင့်မြတ် သော မိန်းမမျိုးပင် ဖြစ်၏။

ငါးနေရာ မညီညွတ်လျှင် (အပေါ်–အလယ်–အောက်–ဝမ်းဗိုက်နှင့် ခါး) မြွေလိုလျှောက်ပြီး ပါးစပ်ပေါက်ကျယ်ကာ မျက်စိနှစ်ဖက်အပြင်သို့ ပြူး၍ ထွက်နေပြီး အသားအရေနည်းပါးသော နားထင်နှစ်ဖက်နှင့် ပြုံးရယ်လိုက်လျှင် သွားပေါ်ကာ ခါးတုတ်ပြီး ချက်အပြင်သို့ စူထွက်၍ လက်မှ အသားအရေ နည်းပါးနေလျှင် အလယ်အလတ်တန်းစား မိန်းမ များပင်ဖြစ်၏။

မိန်းမများ၏ အင်္ဂါရုပ်သည် ယောကျ်ားများထက်ပို၍ ထူးကဲကာ

အရိုးအဆက် လှပသော ကိုယ်ခန္ဓာရှိပြီး ရုပ်ရည်ချောမော၍ ချစ်ခင်ကြင်နာစရာ ဖြစ်နေရမည်။

စိတ်သဘောထားပါ ကောင်းမွန်ရပြီး မိဘနှစ်ပါးကိုလည်း ရိုသေလေးစား၍ ဆက်ဆံရေးပါကောင်းမွန်သော မိန်းမများသည်လည်း လူအများ၏ ချီးကျူးဝေဖန်ခြင်းကို ခံရပေမည်။

ထို့ကြောင့် ကိုယ်ခန္ဓာလှပ၍နေလျှင် ကျော်ရိုးထူရပေမည်။

ထို့ပြင် နားထင်နှစ်ဖက်ပါ အသားအရေ ပြည့်ဝနေပြီး လမ်းလျှောက်လျှင် တစ်လှမ်းချင်းလျှောက်ရမည်။

ရယ်ပြုံးသောအခါတွင်လည်း သွားမပေါ်ရပါ။

ထိုအချက်များဖြင့် ပြည့်စုံသော မိန်းမသည် မိန်းမကောင်း၊ မိန်းမမြတ်ပင် ဖြစ်၏။

ဦးခေါင်းတည့်မတ်နေပြီး မျက်နှာဝိုင်း၍နေသော မိန်းမများသည် တိကျမှန်ကန်သော မိန်းမများပင် ဖြစ်၏။

နဖူးပြင်ပေါ်မှ အသားအရောင် မှေးမှိန်နေသော မိန်းမသည် ယောကျ်ားများသူပင် ဖြစ်၏။

မိန်းမများသည် အသားအရေ ထူနေပြီး ညီညာလှပကာ မျက်နှာပြင်သည် အိပ်ရေးဝနေသကဲ့သို့ ပြည့်တင်း၍ နေလျှင် စိတ်သဘောထားဖြူစင်၍ အသက်ရှည်မည့် မိန်းမများပင် ဖြစ်၏။

ခါးတုတ်နေသော မိန်းမများသည် လက်နှစ်ဖက်နှင့် အိမ်ထောင်ပြုရလိမ့်မည်။

မျက်နှာပြင်သည် ညီညာ၍ ဝိုင်းနေပြီး အသံကြည်လင် ကောင်းမွန်ကာ နားထင်နှစ်ဖက်မှ အသားအရေ ပြည့်ဝနေလျှင် အဆင့်အတန်းမြင့်သော အိမ်ထောင်ဖက်နှင့် အိမ်ထောင်ပြုရလိမ့်မည်။ ထို့ပြင် သားသမီးများစွာ မွေးဖွားလိမ့်မည်။

အဆင့်အတန်း နိမ့်ကျသော မိန်းမများသည် ရင်အပြင်သို့ မောက်၍ နေကာ စကားပြောသော အသံအလွန်ကျယ်နေလျှင် တစ်ကိုယ်တည်း နေထိုင်ရပြီး ဆင်းရဲပင်ပန်းလိမ့်မည်။

မိန်းမပျက်များသည် ကိုယ်ခန္ဓာ အသားအရေ ကြမ်းတမ်းပြီး မျက်နှာပြင် သေးငယ်ကာ တခြားပြချက်များသည်လည်း သဘောမကျ ချင်စရာကောင်းနေလျှင် မိန်းမပျက်ပင် ဖြစ်၏။

မိန်းမကောင်းများဆိုလျှင် နေထိုင်သွားလာပုံ ကောင်း၏။

နဖူးပြင် ပြည့်ဝနေလျှင် အိမ်ထောင်ရေး သာယာ၏။

အောက်မျက်ခွံပေါ်တွင် အရေးကြောင်းရှိလျှင် စားဝတ်နေရေး အဆင်ပြေ၏။ ထို့ပြင် သားကောင်းရတနာပါ မွေးဖွားလိမ့်မည်။

လက်ချောင်းလေးများသည် ကြီးပြီး အဖျားချွန်၍ နေလျှင် စိတ် သဘောထားပါ ကောင်းမွန်လိမ့်မည်။

သို့သော် ဦးခေါင်းရှူးပြီး မြင့်တက်နေကာ နားထင်ရိုး ပြည့်မောက် နေလျှင်မူ သားသမီး မမွေးဖွားသူ ဖြစ်နိုင်၏။ ယောကျ်ားဖြစ်သူကိုပါ ခိုက်တတ်၏။

ထိုင်၍နေလျှင် ညီညာစွာ ရှိပြီး အရာဝတ္ထုတစ်ခုကို ကြည့်လိုက်လျှင် စွေစောင်း၍ မကြည့်ရှုဘဲ တန်းမတ်စွာ ကြည့်တတ်သူသည် ချမ်းသာ သော သူပင် ဖြစ်၏။

အပေါ်နှုတ်ခမ်း အသားအရေပါးပြီး စကားပြောလျှင် စရိုက်ကြမ်း တတ်ပြီး ခြေတံရှည်၍ ခါးကြီးကာ သွားလာလျှင်လည်း မညီညာသူ သည် စိတ်ထား မတည်ငြိမ်ဘဲ ကြည့်ရှုလိုက်လျှင် အပြင်ပုံသဏ္ဍာန် ကောင်းမွန်သော်လည်း စိတ်ထား အလွန်ညံ့ဖျင်းတတ်၏။ ထိုမိန်းမများ သည် နောက်အိမ်ထောင် ထပ်ပြုရလိမ့်မည်။

❒

## ကလေးအင်္ဂါရုပ်

ကလေးသူငယ်များ၏ အင်္ဂါရုပ်ကို ကြည့်ရှုလိုလျှင် ဦးစွာ ပထမ နောက်စေ့နှင့် နားထင်နှစ်ဖက်ကို ကြည့်ပါ။

ထို့ပြင် အသံနှင့် မျက်နှာထား ရွှင်ပြုံးနေ မနေ စသည်တို့ကိုပါ လေ့လာကြည့်ရှုပါ။

နောက်စေ့ကောင်းသော ကလေးသည် အသက်ရှည်၏။ နောက်စေ့ မကောင်းလျှင် စိုးရိမ်ရ၏။ နားထင်နှစ်ဖက်ပါ ပြည့်စုံ ကောင်းမွန်မှသာ အသက်ရှည်နိုင်၏။

နားထင်မှ အစိမ်းရောင်ရှိလျှင် ဖျားနာတတ်၏။

မျက်စိနှစ်ဖက် အရောင်တောက်ပ ကြည်လင်နေလျှင် ကျန်းမာရေး ကောင်း၏။

ကြည့်လိုက်လျှင် အိပ်ရေးမဝ၍ အိပ်ငိုက်နေသည့်ပုံစံနှင့် အမြဲတမ်း တအီအီ အသံထွက်နေလျှင်လည်း ဖျားနာရှိ၏။

နဖူးပြင်ပေါ်တွင် အမွေးနုလေးများ ကောက်နေသော ကလေး များသည် ပထမအရွယ်တွင်ပင် ဘုန်းကံရှိ၏။

မျက်စိကြီးပြီး အရောင်တောက်နေသော ကလေးသည် ငွေကြေးချမ်းသာသူ၏ သားသမီးပင် ဖြစ်၏။

အောက်မျက်ရိုးနှင့် နားထင်အရိုး ပေါ်နေသော ကလေးဆိုလျှင် ၈–နှစ်အရွယ်တွင် စိုးရိမ်ရ၏။

နောက်စေ့ ပြားကပ်နေသော ကလေးသည် စကားပြောတတ်သော အရွယ်ရောက်လျှင် သေဆုံးနိုင်၏။

၄–နှစ်၊ ၅–နှစ်၊ ၆–နှစ်၊ ၇–နှစ်အရွယ်ထိ စကား မပြောတတ်သေးဘဲ ကျန်းမာရေးကောင်းနေလျှင် အသက်ကြီးလာလျှင် အရာရာတွင် အောင်မြင်လိမ့်မည်။

ဆံပင် အလွန်ပါးသော ကလေးဖြစ်လျှင် အသက်မရှည်ပါ။

ချွေး အလွန် အကျွံ ထွက်သော ကလေးများသည်လည်း မကောင်းပါ။

ကိုယ်အလေးချိန် ပေါ့လွန်းသော ကလေးသည် မကောင်းပါ။

ချက်သေးပြီး သေးပေါက်လျှင် တန်းမတ်ပြီး ပေါက်တတ်သော ကလေးသည်လည်း အသက်မရှည်ပါ။

လမ်းလျှောက်တတ်သော အရွယ်အထိ စကားမပြောတတ်သော ကလေးသည် နောက်ပိုင်းတွင် ချမ်းသာ၏။

အသက် ၈ နှစ် အရွယ်တွင် လူကြီးဆန်စွာ ဝတ်စားဆင်ယင်တတ်ပြီး သွားရည်ကျနေသော ကလေးသည် အစေခံ ဖြစ်နိုင်၏။

## ၁ နှစ်မှ ၃ နှစ်

ကလေးတစ်ယောက်မွေးဖွားပြီး ၁ နှစ် အချိန်အထိ ကျန်းမာရေးကောင်းနေလျှင် ၃ နှစ်ထိ ဆက်၍ ကျန်းမာရေးကောင်းတတ်၏။

၁ နှစ်မှ ၅ နှစ်ထိ ကျန်းမာနေသော ကလေးသည် အသက် ၆၄ နှစ်ထိ ကောင်း၏။

၁ နှစ်မှ ၈ နှစ်ထိ ကျန်းမာရေး ကောင်းနေလျှင် အသက် ၃၃ နှစ် အထိ ကျန်းမာ၏။

၁ နှစ်မှ ၁၃ နှစ်ထိ ကျန်းမာရေးကောင်းနေလျှင် ၆၄ နှစ်ထိ ကောင်း၏။

၁ နှစ်မှ ၁၆ နှစ်ထိ ကျန်းမာရေးကောင်းမွန်နေလျှင်လည်း ၆၄ နှစ်ထိကောင်း၏။

မျက်စိကြီးပြီး အရောင်တောက်သော ကလေးများသည် ချမ်းသာ၏။ အလွန်လှပနေသော မျက်စိနှစ်လုံး ရှိနေလျှင်လည်း ချမ်းသာလိမ့်မည်။

အသံဟိန်းသော ကလေးသည် ချမ်းသာပြီး ဘုန်းကံရှိ၏။

နောက်စေ့ရှိးကောင်းသော မိန်းကလေးသည် လည်ပင်းပါ ဝိုင်း၍ အသားအရေ ပြည့်စုံနေလျှင် ကျန်းမာရေး ကောင်း၏။

အရွယ်ရောက်ရှိလာချိန်တွင် တိကျမှန်ကန်စွာ လုပ်ဆောင်နိုင်သော မိန်းမသား ဖြစ်လိမ့်မည်။

မျက်နှာလေးထောင့်နှင့် မေးစေ့ရှည်နေသော ကလေးသည် အရွယ်ရောက်ရှိလာချိန်တွင် လူကြည်ညိုလေးစားခံရသောသူ ဖြစ်လိမ့်မည်။

အင်္ဂါရုပ်ကောင်းမွန်သော ကလေးသည် မျက်နှာပြင်ရှည်၍ နေရမည်။

နှာခေါင်းသေးငယ်နေသော ကလေးသည် မကြာခဏ ဖျားနာတတ်၏။

နဖူးပြင်ပေါ်ထိ ဆံပင်ပေါက်ရောက်နေသော ကလေးသည် ဖျားနာများပြီး ခိုက်တတ်၏။

အသံကြီးပြီး မျက်စိအိပ်ငိုက်နေသော သဏ္ဌာန်နှင့် ငေးငိုင်နေသော ကလေးသည် အဆင့်အတန်းနိမ့်သော မိဘများမှ မွေးဖွားလာသော ကလေးပင်ဖြစ်၏။

❐

## ရှစ်မျိုးကြီးသော ပြချက်

မျက်နှာပြင်ပေါ်တွင် ရှစ်မျိုးကြီးသော သူများသည် မျက်စိကြီး၊ နှခေါင်းကြီး၊ နှုတ်ခမ်းကြီး၊ နားရွက်ကြီး၊ ဦးခေါင်းကြီး၊ အသံကြီး၊ မျက်နှာကြီးပြီး ကိုယ်ခန္ဓာပါ ကြီးနေလျှင် ရှစ်မျိုးကြီးသူဟု ခေါ်၏။

နှခေါင်းသည် လှပ၍ မြင့်ပြီး ပြည့်ဖြိုးနေရမည်။ နှုတ်ခမ်းသည် ကြီးပြီး ကျယ်၍နေရပေမည်။ နားရွက်အုံအတွင်းပါ ကြီး၍ နေရပေမည်။ အသံသည် ကျယ်ပြီးဟိန်း၍နေကာ မျက်နှာပြင်သည်လည်း ကြည့်လိုက်လျှင် ကိုယ်ခန္ဓာနှင့်ပါ အပေါ် အလယ်အောက်ကြီးနေသူသည် အလွန်ဩဇာအာဏာရှိ၍ ချမ်းသာကြွယ်ဝမည့်သူ ဖြစ်၏။

မျက်စိကြီးနေသော်လည်း အရောင်မှေးမှိန်နေလျှင်၊

နှခေါင်းကြီးနေသော်လည်း အရိုး ပျော့နေလျှင်၊

နှုတ်ခမ်းကြီးနေသော်လည်း ဘေးစွန်းနှစ်ဖက်မှ အောက်သို့ ကုပ်ကျနေလျှင်၊

နားရွက်ကြီးနေသော်လည်း အသားအရေပါးနေလျှင်၊

ဦးခေါင်းကြီးနေသော်လည်း အပေါ်သို့ ရှူး၍နေလျှင်၊

အသံကြီးနေသော်လည်း အသံမဟိန်းဘဲ ကွဲအက်နေလျှင်၊

မျက်နှာပြင် ကြီးနေသော်လည်း ဖုန်မှုန့်များကပ်နေသကဲ့သို့ အရောင်

ဖြစ်ပေါ်နေလျှင်၊

ထိုသူများကို ကိုယ်ခန္ဓာကြီးသူများဟု ပြောဆိုနိုင်သော်လည်း ဒုက္ခရောက်သူ ဖြစ်လိမ့်မည်။

ငင်းသည် ရှစ်မျိုးညံ့သည့်အတွက် ဆင်းရဲ၏။

❐

## ရှစ်မျိုးသေးသော ပြချက်

ဦးခေါင်းသေး၊ မျက်စိသေး၊ နှာခေါင်းသေး၊ နှုတ်ခမ်းသေး၊ နားရွက်သေး၊ အသံသေး၊ ကိုယ်ခန္ဓာသေးပြီး မျက်နှာပြင်ပါ သေးငယ်နေလျှင် ရှစ်မျိုးသေးသူဟု ခေါ်သည်။

မျက်စိသေးငယ်ပြီး ရှည်နေရမည်။

နှာခေါင်းသေးပြီး အသားအရေပြည့်နေရမည်။

နှုတ်ခမ်းသေးပြီး ဘေးနှစ်ဖက်မှ အပေါ်သို့ ကော့တက်နေရမည်။

အသံသေးပြီး စူး၍ နေရမည်။

မျက်နှာပြင်သေးနေသော်လည်း ခံ့ညားနေရမည်။

ကိုယ်ခန္ဓာသေးနေသော်လည်း ကြည့်၍ ကောင်းရမည်။

နားရွက် သေးနေသော်လည်း အသားအရေထူနေရမည်။

ဦးခေါင်းသေးနေသော်လည်း ညီညာဝိုင်းဝန်းလုပနေမည်ဆိုလျှင် ထိုလူမျိုးများသည် ချမ်းသာကြွယ်ဝပြီး ဩဇာရှိလိမ့်မည်။

ရာထူးမရှိသောသူ ဖြစ်နေလျှင်လည်း သန်းကြွယ်သူဌေးဖြစ်နိုင်၏။

❒

## ကိုယ်ခန္ဓာငါးမျိုးပြည့်စုံနေရမည်

အရိုးဖြောင့်တန်းသော ယောကျ်ား၊ မိန်းမများသည် ညီညာစွာ ဖြောင့်တန်းနေလျှင် ကောင်းစား၏။ အသံကြည်လင်၍ ကိုယ်ခန္ဓာ ကောင်းမွန်နေလျှင် ကျန်းမာရေးကောင်း၏။

ဖြည်းညင်းစွာ လမ်းလျှောက်တတ်သူသည် အင်္ဂါရုပ်ကောင်းသူပင် ဖြစ်၏။

နဖူးပြင်ပေါ်သည်လည်း အသားအရေ စိုပြည်နေရပေမည်။

□

# ငါးမျိုးထက် အဆင့်အတန်းသာ သူ

ဦးခေါင်းကြီး၊ မျက်နှာကြီး၊ ကိုယ်ခန္ဓာကြီး၊ လက်ကြီး၊ ခြေထောက်ကြီး၍ ငါးမျိုးကြီးကာ အသားအရေ ပြည့်စုံစိုပြည်နေလျှင် လူတော်လူကောင်းတစ်ယောက်ဖြစ်၏။

အသားအရေ ခြောက်ကပ်နေပြီး အကြောပါ ပေါ်လွင်နေသူများသည် ဆင်းရဲဒုက္ခရောက်ပြီး လူဆိုးလူမိုက်များပင် ဖြစ်၏။

ခြေထောက်ရှည်ပြီး လက်တံတိုနေသူသည်လည်း ဆင်းရဲဒုက္ခရောက်သူပင်ဖြစ်၏။

ခြေထောက်ရှည်ပြီး လက်တံရှည်နေလျှင် စားဝတ်နေရေး အဆင်ပြေသူပင် ဖြစ်၏။

❒

## အရေးကြီးသော ပြချက်

ငါးမျိုးစလုံး ကြီးသောသူဖြစ်လျှင် အရာရှိကြီး ဖြစ်နိုင်၏။

ခြေထောက်တို၊ လက်တံရှည်လျှင် ငွေကြေးအဆင်ပြေ၏။

ငါးမျိုးကြီးသောသူသည် အရိုးများ ကြမ်းတမ်းပြီး အကြောအရိုးပေါ်နေလျှင် အသားအရေ စိုပြည်ကြည်လင်မှသာ ဩဇာရှိ၏။

သို့မဟုတ်ပါက သူတစ်ပါးလက်အောက်တွင် နေထိုင်စားသောက်ရလိမ့်မည်။

□

## ငါးမျိုးတိုသော ပြချက်

ဦးခေါင်းတို၊ မျက်နှာတို၊ ကိုယ်ခန္ဓာတို၊ လက်တို၊ ခြေထောက်တို ပြီး အသားအရေ နူးညံ့ချောမွေ့နေကာ နားထင်ကြီးပြီးကျယ်နေ၍ နဖူးပြင်ပါ မြင့်နေသူသည် ရာထူးကြီးရရှိသူပင် ဖြစ်၏။

သို့သော်လည်း ငါးမျိုးတိုနေသူမျိုးများသည် အရိုးနှင့်အသားအရေ ကြမ်းတမ်းနေသူဖြစ်လျှင်၊ ကိုယ်ခန္ဓာ ဇွေစောင်းပြီး အသားအရေများ ချိုင့်ကွက်နေသူများ ဖြစ်ခဲ့လျှင် ဆင်းရဲသောသူဖြစ်၏။

ကိုယ်ခန္ဓာအပေါ်ပိုင်းရှည်ပြီး အောက်ပိုင်းတိုနေသူမျိုးများသည် ချမ်းသာနိုင်၏။

အပေါ်ပိုင်းတိုပြီး အောက်ပိုင်းရှည်နေသူမျိုးသည် ဆင်းရဲတတ်၏။

ငါးမျိုးတိုသော သူသည် ငယ်ရွယ်သော ကလေးဖြစ်နေလျှင် အကောင်းဆုံးမှာ အရိုးမပေါ်လွင်ခြင်းပင် ဖြစ်၏။

နဖူးပြင်အသားအရေ ပြည့်နေရမည်။

ခြေထောက်နှင့် ကိုယ်ခန္ဓာပါ ညီညာစွာ ရှိနေလျှင် တစ်သက်လုံး စားသောက်၍ မကုန်ခန်းနိုင်အောင်ပင် ပေါများနိုင်၏။

❑

## ငါးမျိုးအပြင်သို့ ပေါ်နေသောပြချက်

မျက်စိအပြင်ရောက်၊ နားရွက်ကား၊ နှာခေါင်းထောင်၊ အပေါ်နှုတ်ခမ်းလန်၊ လည်စလုတ် အပြင်ထွက် စသည်တို့ဖြစ်၏။

မျက်စိအပြင်ထွက်နေသူသည် အသက်မရှည်ပါ။

နားရွက်ကားသူ အကြံဉာဏ်မရှိ။

နှာခေါင်းလန်သူ လမ်းပေါ်မှာ သေတတ်၏။

အပေါ်နှုတ်ခမ်းလန်သူ အသေဆိုး သေတတ်၏။

လည်စလုတ်ထွက်သူ ဆင်းရဲပြီး လူများ အထင်သေးခြင်းခံရ၏။

ငါးမျိုးတည်းမှ တစ်မျိုး၊ နှစ်မျိုး အပြင်ထွက်နေလျှင် ဝတ်စရာ စားစရာ မရှိ။

ငါးမျိုးစလုံး အပြင်ထွက်နေသူမျိုးဆိုလျှင် ချမ်းသာကြွယ်ဝ၏။

ငါးမျိုးထွက်နေလျှင် အရာရာတွင် အောင်မြင်နိုင်၏။

နှစ်မျိုး သုံးမျိုးတည်းသာ အပြင်ထွက်နေသူဆိုလျှင် ဒုက္ခရောက်တတ်၏။

ရင်မောက်ပြီး ခါးကြီးနေလျှင် အရာရာတွင် အောင်မြင်ကျော်ကြားပြီးချမ်းသာလိမ့်မည်။

❒

## ငါးမျိုး သေးသည့်ပြချက်

ဦးခေါင်းသေး၊ မျက်စိသေး၊ ဝမ်းဗိုက်သေး၊ နားရွက်သေး၊ နှုတ်ခမ်းသေးနေလျှင် ငါးမျိုးသေးသော ပြချက်ပင် ဖြစ်၏။

ငါးမျိုးသေးနေလျှင် ညီညာစွာ ရှိနေရမည်။ ချိုင့်ခွက်မပါရှိခဲ့လျှင် အင်္ဂါရုပ်ပုံစံ ကောင်းသူဖြစ်၏။

သုံးမျိုး၊ လေးမျိုးတည်းသာ သေးပြီး တစ်မျိုး၊ နှစ်မျိုးကြီးနေလျှင် ဆင်းရဲတတ်၏။

ဦးခေါင်းသေးပြီး ချွန်၍ အရောင်စိုပြည်နေကာ ဝမ်းဗိုက်သေးပြီး ဝိုင်း၍နေပြီး နားရွက်သေး၊ နှုတ်ခမ်းသေးကာ သွားပါ ညီညာစွာ ရှိနေခဲ့လျှင် အောင်မြင်ကျော်ကြားနိုင်သူပင်ဖြစ်၏။

ငါးမျိုးသေးသော အဓိကအချက်

သေးငယ်သော်လည်း အသားအရေကြည်လင်စိုပြည်နေကာ အသံ ပါ ဟိန်း၍ နေရပေမည်။

❒

## ခြောက်မျိုးညံ့သော ပြချက်

ခြောက်မျိုးညံ့သော ပြချက်များမှာ –

၁။ ဆိတ်မျက်စိရှိသော သူသည် တန်းမတ်ပြီး ကြည့်တတ်လျှင် စိတ်ထား အလွန်ညံ့၏။

၂။ အပေါ်နှုတ်ခမ်းလန်ပြီး သွားပေါ်သူ လူတကာနှင့် မသင့်မြတ်သူ။

၃။ လည်စလုတ်ကြီးသူ သားသမီးများပြီး ကျန်းမာရေး ချို့ယွင်းကာ ဒုက္ခရောက်တတ်၏။

၄။ ဦးခေါင်းသေးသူ ဆင်းရဲဒုက္ခရောက်ပြီး စားဝတ်နေရေး အဆင်မပြေ ဖြစ်နိုင်၏။

၅။ အပေါ်၊ အလယ်၊ အောက် မညီညွတ်လျှင် ငွေကြေး အဆင်မပြေသူ ဖြစ်၏။

၆။ မြွေကဲ့သို့ သွားပြီး စာကလေးကဲ့သို့ခုန်၍ လမ်းလျှောက်တတ်သူသည် ပြေးလွှားပြီးပင်ပန်းကြီးစွာလုပ်ကိုင်ရှာဖွေစားသောက်ရ၏။

❐

## ခြောက်မျိုးစလုံး မကောင်းသူ အကြောင်း

၁။ အရှက်အကြောက် မရှိသူ၊ စိတ်ထားအလွန်ညံ့ဖျင်းသူ။
၂။ သူများ မလုပ်ကိုင်လိုသော လုပ်ငန်းကို လုပ်ကိုင်ရသူ။
၃။ မရည်ရွယ်ဘဲနှင့် သူများနှင့် ဆန့်ကျင်စွာ လုပ်ကိုင်ရသူ။
၄။ ရယ်မောနေလျှင် ကိုယ်ခန္ဓာကျုံ့ပြီး ရယ်မောသူ။
၅။ မိမိကိုယ်ကို ကြွားဝါသောသူ။
၆။ လူတစ်ဖက်သားကို မြှောက်ပင့်ပြောဆိုတတ်သူများသည် ခြောက်မျိုးမကောင်းသော သူများပင်ဖြစ်၏။ ထိုလူမျိုးများမှာ မည်မျှပင် ချမ်းသာကြစေကာမူ တစ်ချိန်တွင် ဆင်းရဲဒုက္ခ ရောက်တတ်၏။

❒

## ဆယ်မျိုးခိုက်တတ်သော ပြချက်

၁။ ဆယ်မျိုးခိုက်တတ်သည် ဆိုရာတွင် မျက်နှာပြင်ပေါ်တွင် အရက်မူးသမားကဲ့သို့ ပုံစံထင်နေရသောသူ။

၂။ လူများကို အထင်သေးတတ်ပြီး မိမိကိုယ်ကို အထင်ကြီး တတ်သူ။

၃။ တံတွေး မပါရှိဘဲ ချောင်းတဟင့်ဟင့်နှင့် အမြဲတမ်း လုပ် တတ်သူ။

၄။ သူများ စားသောက်နေသည်ကို မနာလိုတတ်သူ။

၅။ တစ်ကိုယ်လုံး ခါယမ်းယိမ်းယိုင်နေသော ကိုယ်အင်္ဂါရှိသူ။

၆။ စကားပြောသော အသံ နားမခံသာအောင် ကျယ်လောင်ပြီး စရိုက်ကြမ်းသူ။

၇။ အပေါ်နှုတ်ခမ်းမွေးပေါက်ပြီး မုတ်ဆိတ်မွေး မပေါက်သူ။

၈။ သူများ ကျွေးမွေးသည်ကို တဝတပြဲ စားသောက်တတ်သူ။

၉။ တင်ကျီးငှက်ကဲ့သို့ နှာခေါင်း အလွန်ထောင်နေသူ။

၁၀။ ကိုယ်ခန္ဓာအောက်ပိုင်းမှ အနံ့အသက် မကောင်းသောသူများ ပင် ဖြစ်၏။ ထိုသူမျိုးများမှာ ဆင်းရဲဒုက္ခရောက်တတ်ပြီး တစ်ကိုယ်တည်း နေထိုင်ရလိမ့်မည်။

□

## မျက်နှာပြင်ပေါ်တွင် ဆယ်မျိုး
## ကောင်း မကောင်း အင်္ဂါရပ်

၁။ နားထင်နှစ်ဖက် အပေါ်သို့ ရှုး၍ တက်နေသူသည် ရာထူးကြီးသော သူပင် ဖြစ်၏။
သို့သော်လည်း ငယ်ရွယ်စဉ်တွင် မိဘ ဖြစ်သူများအား ခိုက်တတ်ပြီး တစ်ကိုယ်တည်း နေထိုင်ရလိမ့်မည်။

၂။ နားထင်ရိုး အလွန်ပေါ်သူသည် အသက်အရွယ်ကြီးလျှင် အိမ်ထောင်ရေး အဆင်မပြေဖြစ်ကာ ဆင်းရဲဒုက္ခ ရောက်တတ်၏။
ဆွေမျိုးညီအစ်ကို မောင်နှမများ၏ ပစ်ပယ်ခြင်းကိုပါ ခံရတတ်၏။

၃။ နှာခေါင်းလန်နေသူသည် လူပေါ်လူဇော် လုပ်ချင်သူပင် ဖြစ်၏။
အသက် ၃၀ အရွယ်တွင် စီးပွားရေးပျက်စီးတတ်ပြီး အိုဇာတာမကောင်းဘဲ သားသမီးဖြစ်သူများကိုပင် အားကိုး၍ မရပါ။
ထို့ပြင် မိမိ ကြံစည်လုပ်ကိုင်ထားသော လုပ်ငန်းများလည်း မအောင်မြင်တတ်ပါ။

၄။ နားထင်နှစ်ဖက် ချိုင့်ကွက်နေသူမျိုးများမှာ ဆွေမျိုး ညီအစ်ကို မောင်နှမနှင့် မိတ်ဆွေ အပေါင်းအသင်းများကပါ ဝိုင်းပြီး ပစ်ပယ်တတ်ကြ၏။ အိမ်ထောင်ရေးပါ အဆင်မပြေဖြစ်တတ်၏။

၅။ နှုတ်ခမ်းမွေးပေါက်ပြီး မုတ်ဆိတ်မွေး မပေါက်သူသည် ပင်ပန်းကြီးစွာ လုပ်ကိုင်ရ၏။ မိတ်ဆွေအပေါင်းအသင်း နည်းပါးပြီး အိမ်ထောင်ရှိသော်လည်း သားသမီး မရရှိတတ်ပေ။

၆။ မျက်နှာပြင်ပေါ်တွင် အသားအရေ ပြည့်တင်းပြောင်လက်နေလျှင် မိမိ လုပ်ကိုင်သော လုပ်ငန်းများ အောင်မြင်မှုမရရှိဘဲ အသက်တိုတတ်၏။ အမွေမည်မျှပင် ရရှိစေကာမူ ချက်ချင်း ကုန်ဆုံးနိုင်၏။

၇။ ဆံပင် လက်သီးဆုပ်ခန့် တိုနေသူမျိုးများမှာ စိတ်သဘောထား ကြမ်းတမ်းသူပင် ဖြစ်၏။ သားသမီး ခိုက်တတ်၏။

၈။ မျက်ရည်ခံနေရာ နိမ့်ပြီး ချိုင့်နေလျှင် မိန်းမနှင့် သားသမီးများအား ခိုက်တတ်၏။ တစ်သက်လုံး ပင်ပန်းကြီးစွာ လုပ်ကိုင်ရပြီး စိတ်သဘောထားပါ ညံ့ဖျင်းတတ်၏။

၉။ ငေးငိုင်နေသော မျက်စိပုံစံရှိသူသည် အသက်တို၏။ အလုပ်လုပ်ကိုင်ရာတွင်လည်း သေသပ်မှုမရှိဘဲ သားသမီးများကိုပင် ချစ်ခင်စိတ် မရှိသူပင် ဖြစ်၏။

၁၀။ မျက်ခုံးမွေး မရှိသူသည် ညီအစ်ကို မောင်နှမ မရှိသူပင် ဖြစ်၏။ ကျန်းမာရေး ကောင်းမွန်သော်လည်း အိုဇာတာ ညံ့၏။

ဤကဲ့သို့ ဆယ်မျိုး ရှိသူများမှာ အင်္ဂါရုပ်အလွန် ညံ့သူများပင် ဖြစ်၏။

❐

## မျက်နှာပြင်ပေါ်မှ ဆယ်မျိုးပြချက်

၁။ မျက်နှာပြင်ပေါ်တွင် အမည်းရောင် ပေါ်နေလျှင် သေဆုံးမည့် ပြချက်။

၂။ မျက်နှာပြင်ပေါ်တွင် အဖြူရောင်ပေါ်နေလျှင် ဝမ်းနည်းရမည့် ပြချက်။

၃။ မျက်နှာပြင်ပေါ်တွင် အသားအရေ အရောင်ခြောက်ကပ် နေလျှင် စိတ်သောက များမည့် ပြချက်။

၄။ မျက်နှာပြင်ပေါ်တွင် အဝါအရစ်ပေါ်နေလျှင် ကျန်းမာရေး မကောင်းသည့် ပြချက်။

၅။ မျက်နှာပြင်ပေါ်တွင် အသားအရေ နီရဲနေလျှင် စိတ်ထင်တိုင်း ပြုမူတတ်သူ၏ ပြချက်။

၆။ မျက်စိ မတည်ငြိမ်ဘဲ ဟိုကြည့် သည်ကြည့်နှင့် လူသည် သူများ သားမယားကို စော်ကားမည့် ပြချက်။

၇။ မျက်နှာပြင်ပေါ်တွင် အရောင်အသွေး မရှိသူသည် အမှု အခင်း ဖြစ်နိုင်သည့် ပြချက်။

၈။ မိန်းမအသံကဲ့သို့ စကားပြောသံရှိပြီး ကိုယ်ဟန်အမူအရာ မိန်းမပုံစံပေါက်နေလျှင် တစ်ကိုယ်တည်းသမား၏ ပြချက်။

၉။ မျက်နှာပြင်သည် အရက်မူးသမား ပုံသဏ္ဍာန်ဖြစ်ပေါ်နေလျှင် ထောင်ထဲမှ လွတ်မြောက်လာသူ၏ ပြချက်။

၁၀။ နှာခေါင်းပေါ်တွင် အမည်းကွက် အစက်ကလေးများ ရှိသူသည် စီးပွားရေးကျဆင်းတော့မည့် ပြချက်များပင် ဖြစ်၏။

သင်သည် လူတစ်ယောက်ကို အင်္ဂါရုပ်ကြည့်ရှု ဟောပြောလျှင် အရေးကြီးသော ပြချက်များကိုသာ အဓိကထားပြီးမှ ဆုံးဖြတ်၍ ဟောကြားပါ။

နှုတ်မှ ဟောကြားသမျှကိုလည်း မိမိစိတ်တွင်းမှ လိုက်လံပြီး မှတ်သားထားပါ။ လာရောက်မေးမြန်းကြသူများမှာ များသောအားဖြင့် အခက်အခဲနှင့် ရင်ဆိုင်နေရသူများ ဖြစ်ပါသည်။

ထို့ကြောင့် သေချာကျနစွာ စစ်ဆေးကြည့်ရှုပြီးမှသာ မိမိ ဟောပြောသမျှ မှန်ကန်ပေလိမ့်မည်။

ဥပမာ – မျက်နှာပြင်ပေါ်တွင် အမှိုက်တင်ထားသကဲ့သို့ အရောင်ဖြစ်ပေါ်နေသော လူသည် ဟောပြောရန်အချက် ပို၍ များပါသည်။ မျက်နှာပြင်ပေါ်တွင် အမှတ်အသား မပါရှိလျှင်မူ နဖူး၊ မျက်ခုံး၊ မျက်စိ၊ နှာခေါင်း၊ နားရွက်နှင့် အခြားသော ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို သေချာစွာ စစ်ဆေးကြည့်ရှုပြီးမှ ပျက်ကွက်နေသော နေရာများကိုသာ အဓိကထားပြီး ဟောကြားလျှင် တိကျမှန်ကန်သော အဖြေကို မုချမလွဲ ကေန် ရရှိလိမ့်မည်။

ကျော်ခိုင်

□

Kce 3293



ကျော်ခိုင်

# အင်္ဂါရုပ်ပညာ

kkh0001

3,000.00 KS